www.burmeseclassic.com

# နှလင်သမီး

## မျဉ်းပြိုင်ရဲ့တစ်ဖက်မှာ

BURMESE CLASSIC

GRAPHIC DESIGN
THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဖျူးစာပေ)

အမှတ် - ၅၂၀(က)၊ အင်းဝ (၄)လမ်း၊

(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျင်ရင် (မြ-၀၀၃၂၆) (ရွှေခြေသုံ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

သိန်းရွှေကြည်

**အတွင်းဖလင်**

ကိုဇင်ဦးနှင့်ညီများ

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

**ဖြန့်ချိရေး**

ဖျူးစာပေ

၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၂၅၄၁၁၂၀၈၈၈၊ ၀၁ ၈၅၀၀၆၉၃၆

၈၉၅ . ၈၃

နတ်သမီး

မျှော်မြိုင်ရဲ့တစ်ဖက်မှာ

ဖျူးစာပေ၊ ၂၀၁၅။

၂၆၄ - စာ၊ ၁၂ x ၁၈ စင်တီ။

(၁) မျှော်မြိုင်ရဲ့တစ်ဖက်မှာ

## အခန်း (၁)

"ဘွမ်း"

"အမယ်လေး"

"ဝရော ကွီ"

"နင် ကားကို ဘယ်လိုမောင်းတာလဲ၊ ရေဗွက်တွေနဲ့ ကားကို ဖြည်းဖြည်းမောင်းရမယ်ဆိုတာ မသိဘူးလား"

"လမ်းတစ်လျှောက်လုံး ရေဗွက်တွေ ရေအိုင်တွေရှိနေတာ လမ်းဘေးကလူတွေကိုငဲ့ညှာပြီး ဖြည်းဖြည်းပဲ မောင်းရမယ်ဆိုရင် အိမ်ရောက်တာ မိုးချုပ်သွားမယ်၊ အဲဒါကို ငါက ဂရုစိုက်နေရမှာလား"

"နင် ကားပေါ်ကလည်းနေသေးတယ်၊ နင့် မိုက်ရိုင်းလှချည် ကားစီးနိုင်လို့ ဘဝင်မြင့်နေတာထင်တယ်"

"ကားက အခုမှတက်မောင်းလို့ ဒီလိုဖြစ်တာမဟုတ်ဘူး၊ ရန်ကုန်မြို့ တိုက မိုးတွင်းဆို နေရာတကာတိုင်း ရေတင်နေတာ၊ ရေစိုမခံနိုင်တဲ့သူက ရှောင်၊ မရှောင်နိုင်ရင်တော့ ရေစိုမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခု မင်္ဂလာဆောင်သွားမယ့်အဝတ်အစားတွေ ရေစိုကုန်ပြီ ဘယ်လိုလုပ်မှာလဲ၊ နင်တာ အလွယ်ပြောနေပေမယ့် ဒီမှာသွားရဖို့က ခက်နေ ပြီ"

"ပျော့ကြောလိုချင်လို့ အသံကောင်းဟစ်နေတာဆိုလည်း မှ သွား၊ နင် ဝတ်လာတဲ့ဟာမျိုး ငါးစုံစာမကဘူး၊ ပါးစပ်ကိုပိတ် နောက်တစ် ခါဆိုရင် တားနဲ့တိုက်သတ်ပစ်မယ်"

"တောက် လူပါးဝလိုက်တာ၊ လူကမွေးထားတာမှ ဟုတ်ရဲ့လား ဓိုက်ရှိုင်းတာ ကမ်းကုန်ပဲ၊ အေး ငါနဲ့လည်း နောက်တစ်ခါမဆုံစေနဲ့၊ ဆုံလို့က တော့ နင်ရော နင့်ကားရော အုတ်ခဲကျိုးစာမိပြီး အကုန်ကွဲကုန်မယ်မှတ်"

အပေါ်နှင့်အောက် မိန်းမလှနှစ်ယောက်ရဲ့ ပေါက်ကွဲခန်း။

မြင်နေကြားနေရတာ မျက်စိရှေ့မှာတည့်တည့်။

သူငယ်ချင်းသုံးယောက် မျက်လုံးချင်းဆုံကာ ပခုံးတွန့်လိုက်မိကြ သည်။ မင်းသားနှင့်မင်းသမီးဆိုရင်တော့ ဒီပွဲက ကြည့်ကောင်းမှာ။ ရိုမန့်ကစ ခရမ်မာ ချိုးသွားနိုင်သည်။

ပွဲအစက အဖုအထစ်အချိုးအကွေ့များဖြင့် ဇာတ်ပေါင်းခန်းမှာ အဆင်ပြေသွားတာမျိုးလည်း ဖြစ်နိုင်၏။

အခုက မိန်းမချင်းကိစ္စ။ တစ်ယောက်ကမာသလို တစ်ယောက် က စွာသည်။ တစ်ယောက်ကအမြင့်မှာနေပြီး မြေနိမ့်ရာလှံစိုက်ဖို့ ပေ မလေးသလို တစ်ယောက်က အနိမ့်မှာဆိုပေမယ့် အမြင့်ကိုမျှော်ကြည့် တတ်ပုံမရပေ။ တစ်ထောင်တန့်တစ်အုပ် လက်မှာကိုင်ထားရင်း အံကြိတ် တက်ခေါက် ခြေဆောင့်နေတာက အနီးမှာရှိနေသေးလျှင် ကိုင်ဆောင့်ပစ်ချင် စိတ်ပေါက်နေပုံရသည်။





"မုတ်သုံ မင်း မရှေ့ဘဲ ဘာလုပ်နေတာလဲ"

"ဟိုကောင်မလေးကိုင်ထားတဲ့ ပိုက်ဆံသွားလုမလို့လား"

"အခုနေ သွားလုရင် ပေါက်ကွဲသံစဉ်တွေ ငါ့ဆီလွှင့်လာမှာပေါ့"

"ဒါဆို ဘာရပ်လုပ်နေတာလဲ"

"စိတ်ဝင်စားလို့"

"ဘယ်သူ့ကိုလဲ"

"နှစ်ယောက်လုံးကို"

"ဘာ"

"ကားပေါ်ကတစ်ယောက်ကိုရော ကားအောက်ကတစ်ယောက် ကိုရော"

"တစ်ပြိုင်နက်တည်း နှစ်ယောက်ဆိုတော့ မလွန်ဘူးလား"

"ငါ ဘယ်ချိန်တုန်းက တစ်ယောက်ဖြတ်ပြီးမှ တစ်ယောက်ကို တွဲတာရှိလို့လဲ၊ တစ်ယောက်ကိုပျင်းခါနီးရင် နောက်တစ်ယောက်ကို ရံပြီးသား ပဲ၊ မိန်းကလေးတွေအတွက် အချိန်ပေးရတာ ငါ့အတွက် ပျော်စရာကောင်း တယ်"

"မင်းက ဒါကြောင့် အပျင်းပြေအပျော်ရှည်းစားတွေ လျှောက် ထားနေတာ၊ ဒီနှစ်ယောက်လုံးကတော့ စွာတယ်နော်၊ မင်းချည်းကပ်ဖို့လွယ်မှာ မဟုတ်ဘူး"

"မိန်းကလေးတစ်ယောက်ကို လိုက်တာ ကျူတာ ငါ့အတွက် ဘယ်ချိန်တုန်းက ခက်ခဲတယ်ဆိုတာရှိလို့လဲ၊ ငှက်ပျောသီးအခွံနွှာစားတာ ကမှ ခက်ရင်ခက်နေဦးမယ်၊ မုတ်သုံလိုကောင်အတွက် မိန်းကလေး တစ် ယောက်ကို တွဲရဖို့ဆိုတာ ပါးပါးလေးပါ၊ လည်ချောင်းထဲ ဘီယာလောင်း



www.burmeseclassic.com

www.burmeseclassic.com



ထည့်သလို လျှော့ခနဲ့"

"အေး ဒါဆိုလုပ်၊ ပွဲအစအတွက် တစ်ပိုင်း"

"ချန်ထားခဲ့လို့ ကျန်ခဲ့တော့မယ့် မိန်းကလေးတွေအတွက် အထိမ်းအမှတ်အနေနဲ့ တစ်ပိုင်း"

"ဘာအထိမ်းအမှတ်မှမရှိလည်း ပိုင်းပြီးသားပါ၊ အခုတော့ မင်းတို့ချန်နေခဲ့၊ ငါတစ်ယောက်တည်းရွေ့မယ်"

"ဘယ်လိုလဲ"

"ဟိုမှာလေ၊ ငေါင်နေတဲ့ပုံစံလေးက ရင်ခုန်သံတွေတောင် မြန်နေပြီ"

"ဟိုတစ်ယောက်ကိုရော"

"ကားနံပါတ် မှတ်ထားလိုက်တယ်၊ အချိုးအဆစ်နဲ့အလှအပကို မျက်လုံးထဲထည့်ထားတယ်၊ ဟန်လေးကိုခိုက်တာကွ၊ အရွေ့တိုင်းက ချစ်စရာကောင်းတယ်၊ ငါ့သွေးတွေ ဆူနေတယ် လစ်ပြီ"

လွင်ဦးနှင့်ဖိုးသဲကို ထားခဲ့လိုက်၏။ ရှုံ့ဖွက်စင်ထားသော အနေအထားအတိုင်း နေရာမရွေ့သေးသော ကောင်မလေးအနား သူ ရောက်လာခဲ့သည်။

"ဒီက ညီမ ဘာဖြစ်သွားလို့လဲ၊ ဘာအခက်အခဲရှိလို့လဲ"

"ဟင်"

အသံက ကြည်ရှရှဝါညက်ညက်လေး။ အဝတ်အစားက အပေအတေမဟုတ်။ ပုံစံဒီဇိုင်းက ခေတ်မီသည်ဆိုသော်လည်း ဟော့ရမ်းတတ်သည့်အမျိုးအစားထဲကတော့ မဟုတ်လောက်ပေ။

ထက်အောက်စုန်ချည်အကဲခတ်ပြီးမှ





"ဒီမှာအဝတ်အစားတွေ ဖွက်စင်သွားလို့ ဆိုင်တစ်ဆိုင်သွားဝယ်ဝတ်ပြီးမှ မင်္ဂလာဆောင်သွားရင်လည်း နောက်ကျတော့မှာ၊ အိမ်ပြန်ရင်လည်း ဒီအတိုင်းကြီးက မြင်မကောင်းဘူးလားလို့ စဉ်းစားနေတာ"

"ကိုယ် အကြံပေးလို့ရမလား"

"ရှင်"

"ဩော် ဒီအတိုင်းရပ်နေတာကြာပြီ၊ ကိုယ်တောင် သတိထားမိလို့ ဘာအခက်အခဲဖြစ်နေလဲဆိုပြီး လာမေးမိတာမဟုတ်လား၊ ဒီထက်ကြာရင် လူထူးလူဆန်းဆိုပြီး မင်းကိုဝိုင်းကြည့်ကြလိမ့်မယ်၊ တက္ကစီနဲ့ကုန်တိုက်တစ်ခုကိုသွားလိုက်လေ၊ အဲဒီမှာ အဝတ်အစားတစ်စုံလောက်ဝယ်ဝတ်ပြီးမှ အိမ်ကိုပြန်လိုက်ပေါ့၊ အဲဒါက အဆင်ပြေလိမ့်မယ် ထင်တယ်"

"ကျေးဇူးပဲ အခုလို ပြောပေးတာ၊ ဩော် တက္ကစီတားပေးပါလား"

"ကုန်တိုက်အထိလိုက်ပို့ဖို့လိုအပ်ရင်လည်း လိုက်ပေးပါ့မယ်၊ မင်းတစ်ယောက်တည်း ကြောင်တောင်တောင် မဖြစ်တော့ဘူးပေါ့"

"အဲဒီလိုဆိုရင်လည်း ထပ်ဆင့်ကျေးဇူးပဲ"

"ကျေးဇူးက အလကားတော့ မရဘူး၊ ကော်ဖီဖြစ်ဖြစ်တိုက်ရမယ်"

"ကော်ဖီတင်မဟုတ်ဘူး၊ မုန့်ပါကျွေးမယ်"

"အဟင်း"

သူ ဟွန်းခနဲ ရယ်မိသွား၏။ သူမလက်ထဲမှာ ငွေရှိနေတာကို သူမ ပြောအားကောင်းနေခဲ့တာ ဖြစ်မည်။ ဘာဖြစ်ဖြစ် သူ့အတွက်တော့သည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေ၏။ သူမနှင့်နီးကပ်စွာ အတူရှိနေရဦးမည်မဟုတ်လား။

လမ်းကြောင်းက တည့်တည့်မှန်မှန်ပင်။ သူ့ဥပဓိရုပ်ကိုက မိန်းကလေးတွေ ယုံကြည်လွယ်သည့် အတည်အခန့်မဟုတ်ပါလား။

လွင်ဦးနှင့်ဖိုးသဲ သူ့ကိုတစ်နေရာက စောင့်ကြည့်ကာ အားကျနေကြပေလိမ့်မည်။ ဒါပေမဲ့ မထူးဆန်းပါဘူးဟူသည့် အတွေးမျိုးလည်း ရှိချင်ရှိနေပေလိမ့်မည်။

မှတ်သုံအတွက် ထမင်းစားရေသောက်ကိစ္စမျိုးလောက်ပဲ မဟုတ်ပါလား။ မှတ်သုံဆိုတာ အဲဒီလိုမျိုးကောင်။

■ ■ ■



## အခန်း (၂)

"နာမည်တောင် မိတ်မဆက်ရသေးဘူး။ နာမည် ဘယ်လိုခေါ်လဲ"

"မှတ်သုံ"

"မုန်တိုင်းမဟုတ်လို့ တော်သေးတာပေါ့၊ မုန်တိုင်းဆိုရင်တော့ ပိုပြီးကြောက်စရာကောင်းမှာပဲ"

"လိမ္မော်ရောင် အဝါရောင် အနီရောင်အဆင့်တွေကိုတော့ ဖန်တီးနိုင်တယ်ခနော်၊ ပတ်ဝန်းကျင်ရဲ့သက်ရောက်မှုအတိုင်းပေါ့၊ ကိုယ်က ကြောက်စရာကောင်းတဲ့လူတော့ မဟုတ်ပါဘူး"

"လဝန်းကလည်း မကြောက်တတ်ပါဘူး"

"နာမည်က လဝန်းတဲ့လား"

"ရွှေလဝန်း"

"နာမည်လေးက လှလိုက်တာ၊ လှူနဲ့အရမ်းလိုက်ဖက်တာပဲ၊ ဒီဘတွေ နာမည်ရွှေးတာ တော်တယ်ပြောရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မိဘနှစ်ပါးလုံးတော့ မရှိကြတော့ဘူး"

"ဗျာ ဟာ စိတ်မကောင်းလိုက်တာ၊ အခု လဝန်းက ဘယ်သူနဲ့ နေတာလဲ"

"အဒေါ်မိသားစုနဲ့နေတာ၊ သူတို့နဲ့နေတာဆိုပေမယ့် သူတို့ အိမ်မှာ လိုက်နေတာ မဟုတ်ပါဘူး။ သူတို့က လဝန်းအိမ်မှာ လာနေကြတာ၊ အိမ်လခပေးစရာမလိုရဘဲ ကျေးဇူးတင်မခံရဘဲ သူ့သားသမီးတွေနဲ့စာရင် ခွဲခြားဆက်ဆံရတဲ့ အမိုက်သာသာပေါ့၊ သူတို့ကပဲ လဝန်းကိုစောင့်ရှောက်ရတယ်ဆိုပြီး ကျေးဇူးတင်ခံချင်နေကြတာ"

"ဩော်"

ရုပ်ကလေးက လှပသလောက် ဘဝကမလှပါလားလို့ စိတ်မကောင်းဖြစ်မိ၏။ ကိုယ်က ပစ္စည်းဥစ္စာပြည့်စုံလှပါပြီမဟုတ်သော်လည်း အမိနှင့်အဖနှင့်။

"အခု လဝန်းက ကျောင်းပြီးပြီလား"

"ဘွဲ့တစ်ဘွဲ့ယူပြီး သင်တန်းတွေတက်လိုက်တယ်၊ အခု နာမည်ကြီးဘဏ်တစ်ခုမှာ ဝန်ထမ်းလုပ်နေတယ်၊ ရတဲ့လစာထဲက အဒေါ်ကို ထမင်းလစာပေးစားတယ်၊ အမေသေတုန်းက သူတို့အိမ်ကိုရောင်းပြီး ဆေးရုံစရိတ်စိုက်ရတယ်၊ လဝန်းပညာသင်ဖို့ထောက်ပံ့ရတယ်ဆိုပြီး အဲဒီအကြွေးတွေ ပြန်ဆပ်နေရတယ်"

"အဲဒီအချိန်တည်းက သူတို့အိမ်ကိုရောင်းပြီး လဝန်းအိမ်မှာ လာနေတာလား"

"အမေ့ဆေးရုံစရိတ်အတွက် သူတို့အိမ်ကို ရောင်းရတယ်ဆိုတာ သူတို့ပြောစကားလေ၊ သူ့ယောကျ်ားအလုပ်လက်ကြောမတင်း လောင်း





ကစားလုပ်လို့ အိမ်ကိုပေါင်ထားရတာကြာပြီ၊ အပေါင်ခံတဲ့သူက အတိုးတွေပေါင်းပြီး အိမ်သိမ်းတော့မယ့်အချိန်မှာ အမေက ဒီလိုဖြစ်တော့ ကျန်တဲ့ငွေနည်းနည်းယူပြီး အိမ်ကဆင်းပေးလိုက်ရတယ်၊ နေစရာမရှိလို့ အိမ်မှာလာနေရင်းက ပါလာတဲ့ငွေနည်းနည်းနဲ့ အမေဆေးရုံစရိတ် ထောက်ပံ့ရုံပါပဲ"

"ဩော်"

"အဖေက အရင်သေတာဆိုတော့ အဖေ့တုန်းက လဝန်းတို့စုဆောင်းခဲ့သမျှတွေက ကုန်သလောက်ဖြစ်သွားပြီး လဝန်းက ရှစ်တန်းအရွယ်ပဲရှိသေးတော့ အဒေါ်ကို အမေက စောင့်ရှောက်ပေးဖို့ အပ်ခဲ့တယ်ထင်ပါတယ်၊ အဲဒီကျေးဇူးတွေက အခုထိဆပ်လို့မကုန်ဖြစ်နေတာ"

ရင်းနှီးပြီးသားမိတ်ဆွေတွေလို သူမ ရင်ဖွင့်ပြောပြနေသမျှ နားထောင်ပေးနေရသည်။ အရွယ်နှင့်ဒုက္ခတွေကတော့ မမျှဟုထင်မိ၏။ ရွှေလဝန်းက သူ့ကိုမျက်ခုံးပင့်ကြည့်လာပြီး

"ဘာမှမဆိုင်တဲ့လူကို လဝန်းက အပူတွေလက်ဆင့်ကမ်းမိပြီထင်တယ်၊ ကော်ဖီသောက်ပါ မုန့်လည်းစားပါ၊ အခုလို ကူညီတဲ့အတွက် ကျေးဇူးပဲ"

"ကျေးဇူးစကား မပြောပါနဲ့ဗျာ၊ ကျွန်တော်က လဝန်း ကျေးဇူးတင်လောက်အောင် ဘာမှလုပ်မပေးရသေးပါဘူး"

"ဩော် တကူးတကစိုင်းပြီး လိုက်ပို့တယ်၊ ကုန်တိုက်တစ်ခုလုံး မွှေတာ စိတ်ရှည်ရှည်နဲ့စောင့်ပေးတယ်၊ ဒုက္ခအမွှေဇယားတွေလည်း နား ထောင်ပေးတယ်လေ၊ ပြောရရင် လဝန်းမှာ သူငယ်ချင်းမိတ်ဆွေ သိပ်မရှိဘူး၊ ရှိတဲ့ သူငယ်ချင်းကလည်း ဒီနေ့မင်္ဂလာဆောင်တယ်၊ သေချာတယ် သူ့အိမ်ထောင်နဲ့သူဖြစ်သွားပြီဆိုတော့ လဝန်းအတွက် အချိန်ပေးနိုင်တော့မှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"သူငယ်ချင်းလိုအပ်တယ်ဆိုရင်တော့ ကျွန်တော် လုပ်ပေးနိုင်ပါတယ်"

"တင် အင်း"

ရွှေလဝန်း မျက်ခုံးလေးနှစ်ဖက် မြင့်တက်သွား၏။ သူငယ်ချင်းအဖြစ် လက်ခံဖို့မခံဖို့ စဉ်းစားနေခြင်း ဖြစ်မည်ထင်သည်။

သူက နှုတ်ခမ်းလှုပ်ခတ်ရုံ ပြုံးလိုက်ပြီး

"သူငယ်ချင်း မဖြစ်ချင်ဘူးဆိုရင်လည်း ရပါတယ်၊ ကျွန်တော်က လဝန်းရင်ဖွင့်စကားတွေ နားထောင်ပေးဖို့လိုအပ်မယ်ထင်လို့ပါ"

"အင်း ရှင်အပြောတော့ကောင်းသားပဲ၊ လဝန်းက လူတိုင်းကိုတော့ သိပ်မခင်တတ်ဘူး၊ ဒါပေမဲ့ ရှင်ကူညီလိုက်တာလေးကတော့ အမှတ်တရဖြစ်သွားပါတယ်၊ ဘယ်လိုပြောရမလဲ၊ လဝန်းအတွက် ယောကျ်ားလေးတစ်ယောက်နဲ့ ပထမဆုံးပတ်သက်မိခြင်းပဲ၊ ကျောင်းမှာတောင် ယောကျ်ားလေးသူငယ်ချင်း ရှိခဲ့တာမဟုတ်ဘူး၊ အဒေါ်က မကြိုက်လို့လေ"

"အဒေါ်က လဝန်းကိုယ်ရေးကိုယ်တာကိုပါ ဝင်စွက်ဖက်တတ်တဲ့သူမျိုးလား"

"မပြောတတ်ပါဘူး၊ အိမ်ထောင်ကျသွားမှာစိုးရိမ်နေတာမျိုးလို့ထင်တာပဲ၊ လဝန်းအိမ်ထောင်ကျရင် သူတို့မဖြစ်မနေ အိမ်ပေါ်က ဆင်းပေးရတော့မှာလေ၊ လဝန်းမှာ စောင့်ရှောက်အားကိုးရမယ့်သူ ရှိသွားပြီ မဟုတ်လား။ အခုက သူတို့ကစောင့်ရှောက်ပေးရမယ့်တာဝန်ရှိတယ်ဆိုပြီး အိမ်မှာနေနေလို့ရတာ"

"လဝန်းလည်း မလွယ်ပါလား၊ အချုပ်အနှောင်ကြီးနဲ့"





"မိဘမဲ့ဖြစ်သွားရတဲ့အကျိုးကျေးဇူးလေ၊ အခုမှ မိဘတွေ ကျေးဇူးကို ပိုပြီးအောက်မေ့မိတယ်၊ မိဘတွေသာရှိရင် ဒီလို အားငယ် သိမ်ငယ်ရတဲ့အဖြစ်မျိုး ဖြစ်မှာမဟုတ်ဘူး။ အဲဒါကြောင့် လဝန်းက ကိုယ့်ကိုကိုယ် မာနတင်းတယ်၊ မိဘတွေမရှိလို့ဆိုပြီး အနိုင်ခံရတာမျိုး မဖြစ်ချင်ဘူး၊ အဒေါ်ကိုသာ မဖြစ်သာလို့ သည်းခံရပေမယ့် ကျန်တဲ့လူတွေကို သည်းမခံမိအောင် အတတ်နိုင်ဆုံး ကြိုးစားတယ်"

တစ်မျိုးကြီးပါလားလို့ အတွေးဝင်သွားမိသည်။ ဒါပေမဲ့လည်း ဖြစ်သင့်တာပဲလို့ ထောက်ခံချင်မိ၏။

လူတိုင်းကို အကောင်းမြင် သည်းခံဖို့တွေးလိုက်တာနှင့် နှိမ့်ချဆက်ဆံချင်ကြတာ မဟုတ်ပါလား။ မာနဆိုတာလည်း ရှိဦးပါမှ။

"ဒါဆို ကျွန်တော့်ကိုရော"

"သည်းခံပြီး ဆက်ဆံဖြစ်မယ် မဖြစ်ဘူးဆိုတာတော့ မသိသေးဘူး။ ဒါပေမဲ့ လဝန်းရှင့်ကို ခင်တော့ခင်ပါတယ်"

"တော်သေးတာပေါ့၊ လုံးဝပဲ တစ်ခါတည်း ငြင်းလိုက်တော့မယ်ထင်တာ၊ တကယ်လို့ ကျွန်တော်တို့ချင်း လမ်းမှာတွေ့ရင် ခေါ်လို့ရတယ်မဟုတ်လား"

"အဟင်း ရပါတယ်၊ ဒီထက်မပိုရင်ပေါ့"

သူ ရှေ့ဆက်တိုးမှာကြောက်လို့ ချုပ်လိုက်သည့်စကား။ ဒီအထာဆောက်ကတော့ သူက ညက်ပြီးသားပေါ့။

တိုးလို့လည်းရနိုင်ကြောင်း နိမိတ်ပေးခြင်းပင်။ ဒါပေမဲ့ ရွှေလဝန်းအပေါ် သူ မရိုးမသားတော့ မလုပ်ချင်၊ ဒုက္ခတွေ အပူတွေနှင့် မိန်းကလေးကိုချောင်းကာစားပြီး အသည်းခွဲလို့ ဖြစ်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာတွေထပ်ဆောင်းရမသွားစေချင်ပေ။ ဒါဟာ မိန်းကလေး တစ်ယောက်အပေါ် သူ ပထမဆုံးကရုဏာသက်မိခြင်းပါ။

ရွှေလဝန်းအပေါ် တခြားမိန်းကလေးတွေထက် ခံစားမှု အလေး အနက်ဖြစ်မိတာတော့ အမှန်။ အခြေအနေဆုံဆည်းရခြင်းမှ မတူဘဲ။

ကားပေါ်ကမိန်းကလေးရဲ့ မောက်မာစွာဆက်ဆံခံရသည့်သူ။

ဟား မင်းနာမည်လေးကရော ဘယ်သူတဲ့လဲ။ တစ်ပြိုင်တည်း တစ်နေ့တည်း သူ့ရင်ထဲ ဝင်ရောက်လာသော မိန်းကလေးနှစ်ယောက်။ အနိမ့်အမြင့်က မတူညီ။

ဘယ်နှလုံးသားက သူ့ရင်ကို အထိမှန်ဆုံး ဖြစ်မလဲ။

■ ■ ■



## အခန်း (၃)

"ကျွီ"

"ဒုန်း"

"အ"

သူ ကားရှေ့မှာ ခွေခနဲ ပြုတ်ကျသွား၏။ သူ ကားပေါ်က မိန်း ကလေးကို ဂရုမစိုက်။ မော်မကြည့်။

ကိုယ့်ခြေထောက်ကိုယ် လက်နှစ်ဖက်ဖြင့် စုံကိုင်၍ မတ်မတ် ထောက်ရပ်နိုင်ဖို့ ကြိုးစားကြည့်၏။ မရ။

မျက်နှာကို အစွမ်းကုန်ရှုံ့မဲ့ကာ နောက်တစ်ခါ ကြိုးစားကြည့် သည်။

"ဟော့လူ ကားနဲ့အတိုက်ခံရတာ မဟုတ်လား၊ ဘာဖြစ်သွားလဲ၊ ထော်တပ်တောင် မရပ်နိုင်တော့ဘူး"

"ကားပေါ်က မိန်းကလေးက ဘာလုပ်တာလဲ၊ ကိုယ့်ကားနဲ့ ဖြစ်တာ ဘာလို့ဆင်းမကြည့်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တာဝန်မယူချင်တာလား။ ရှုပ်တယ်ကွာ ရဲစခန်းတိုင်လိုက်၊ ဒီလူကို ဆေးရုံပို့ရမယ်ထင်တယ် ဆေးရုံကားခေါ်"

လူတွေဝိုင်းအုံလာကာ တစ်ယောက်တစ်ပေါက်ပြောဆိုနေသံတွေကြောင့် ကားပေါ်က အမျိုးသမီး ကားပေါ်က ဆင်းလာသည်။ မျက်နှာတစ်ခုလုံး အုပ်လုနီးပါး မျက်မှန်အမည်းကြီးကိုနဖူးပေါ် လှန်တင်၍

"ဒါ ကျွန်မအပြစ်မဟုတ်ဘူး၊ ကိုယ့်ကားကိုယ် လမ်းကြောင်းအမှန်မောင်းလာတာ၊ သူက ရှေ့နောက်မကြည့်ဘဲ လမ်းဖြတ်ကူးတာ"

"ဒါ လူကူးမျဉ်းကြားလေ၊ ကားကိုအရှိန်လျှော့မောင်းရမယ် လမ်းဖြတ်ကူးတဲ့သူရှိရင် ကားရပ်ပေးရမယ်ဆိုတာ နားမလည်ဘူးလား"

"နားမလည်လို့ ဖြစ်လိမ့်မယ်၊ ယာဉ်ထိန်းရဲရောက်မှရှင်း"

"ဟိုဘက်မီးပွိုင့်မှာ ရဲရှိတယ် ခေါ်လိုက်"

"ဟာ နေ နေပါစေဗျား သူမှားတာမဟုတ်ပါဘူး၊ ကျွန်တော်က အမှတ်တမဲ့ ဘယ်လိုမှမကြည့်ဘဲကူးလိုက်မိလို့ပါ၊ ကျွန်တော့်မှာ အပြစ်ရှိပါတယ် နေပါစေ"

"ဟာ ဟော့လူ၊ ထူ ထူကြပါဦးဟ၊ ဒီလူမတ်တပ်တောင် မရပ်နိုင်ဘူး။ ဟော့မိန်းကလေး ဒီကောင်လေးပြောတိုင်း မင်းကိုခွင့်လွှတ်ပေးမှာ နားလည်ပေးမှာမဟုတ်ဘူး။ ဆွမ်းကြီးလောင်းခံချင်လား။ ရဲနဲ့ရှင်းမလား အဲဒါပြော"

"အေးလေ သူမှားမှား ကိုယ်မှားမှား တာဝန်မဲ့စကားပြောလို့တော့ဖြစ်မလား၊ ကားစီးနိုင်တိုင်း ဘဝင်မြင့်စကားမပြောနဲ့၊ ဒီနေရာမှာ အဓိပ္ပါယ်တခြား ဖြစ်သွားမယ်"

"ဟို ကျ ကျွန်မ"





တစ်ယောက်တစ်ပေါက် ကြိမ်းမောင်းသံနှင့် အနားတိုးလာတော့ မိန်းကလေး ကြောက်အားလန့်အား မျက်လုံးလေး ပြူးနေသည်။ မှတ်သုံအားယူထကာ မိန်းကလေးရှေ့က ကာကွယ်လိုက်၏။

"မ မလုပ်ကြပါနဲ့ အစ်ကိုတို့ရယ်၊ သူ့အမှားမဟုတ်ပါဘူး၊ ကျွန်တော့်အမှားပါ၊ သူ့ကို ဒီနေရာက သွားခိုင်းလိုက်ပါဗျာ၊ ကျွန်တော့် ဒဏ်ရာက ဆေးခန်းသွားလိုက်ရင် ပျောက်မှာပါ"

"ဟာ ဒီအတိုင်း မျက်နှာလွှဲခဲပစ် သွားခိုင်းလို့ဖြစ်မလားကွ၊ မင်းခြေထောက်ကလည်း မထောက်နိုင်ဘူး။ မင်းနဖူးမှာလည်း ဘန်ပါနဲ့ ဆောင့်မိလို့လားမသိဘူး။ သွေးဆို့နေတယ်၊ ဒီမိန်းကလေးမှာ ဆေးခန်းပို့ပေးတာဖြစ်ဖြစ် တာဝန်ရှိတယ်"

"ဟုတ်ပဲ့ ဒီလောက်တောင် ကိုယ့်ဘက်က ကာကွယ်ပေးနေတာကို ကျေးဇူးတင်ရမှန်း မသိဘူး။ ချကွာ ဆွဲ"

"မ မလုပ်ကြပါနဲ့ရှင်၊ ကျွန်မ သူ့ကိုဆေးခန်းလိုက်ပို့ပေးလိုက်ပါမယ်၊ မပျောက်မချင်း ကုန်ကျစရိတ် တာဝန်ယူပါ့မယ်၊ နစ်နာကြေးကရုဏာကြေးလည်း ပေးလိုက်ပါမယ်၊ ရှင် ရှင် ကားပေါ်တက်လေ"

"ဘယ်လိုလုပ်တက်နိုင်မှာလဲ၊ တွဲတင်လိုက်"

"ရုတ်ရုတ်သဲသဲ မြင်လို့ထင်တယ်၊ ရဲတောင်ပြေးလာနေပြီ ပြဿနာမတက်ချင်ရင် မောင်းတော့"

"အဲဒါ ကောင်လေးကတောင်းပန်လို့ ငဲ့ညှာပေးလိုက်တာနော်၊ မဟုတ်ရင် မလွယ်ဘူး။ လုပ်တဲ့သူက အပြစ်ရှောင်နေတယ်၊ ခံရတဲ့သူက တောင်းပန်လို့"

"ကားနံပါတ်မှတ်ထားကွာ၊ အချိုးမပြေရင် နောက်တစ်ခါ ဒီလမ်း



www.burmeseclassic.com

www.burmeseclassic.com



ထမြွတ်တောင်းတာနဲ့ ဆွဲဝှန်းမယ်”

ကြိမ်စောင်းသံတွေနှင့်ဝေးရာ ကားလေးကို လျှောခနဲ မောင်းပြေးသွားခဲ့ရသည်။ တကယ့်ကို မလွယ်သည့်လူတွေ။

သူတို့ ဆွဲရုန်းဖြင်းဖို့ စဉ်းစားနေကြတာ။ ကားနှင့်အတိုက်ခံရသည့်လူက ပြဿနာမရှာရဘဲ သူတို့က ကြက်တူရွေးကတော်တော် မယ်ဆောက်တဲ့ တဲကဲ ဖြစ်နေကြတာ အံ့သြစရာ။

“အား ကျွတ် ကျွတ်”

“ရှင် ဖြစ်ရဲ့လား ရရဲ့လား”

“ခြေထောက်က တော်တော်နာနေတယ်၊ ခေါင်းလည်းမူးတယ်ဗျ၊ ဒါပေမဲ့ ရပါတယ်၊ ဟိုလူတွေနဲ့လည်း ဝေးပြီဆိုတော့ ကျွန်တော့်ကို တစ်နေရာချပေးခဲ့ပါ။ ဆေးခန်းသွားရင် မေးမြန်းစစ်ဆေးနေတာနဲ့ ခင်ဗျားပြဿနာတက်နေလိမ့်မယ်၊ ကားနဲ့တိုက်တာဆိုရင် ဆရာဝန်တွေက သူတို့အမှုပတ်မှာစိုးလို့ ကုပေးချင်ကြတာ မဟုတ်ဘူး”

“ဪ ရပါတယ်၊ အဆင်ပြေတဲ့ဆေးခန်းတွေ ရှိပါတယ်၊ ရှင့်ကို ဆေးခန်းရောက်အောင်လိုက်ပို့ပါမယ်၊ စန္ဒီကို ပြဿနာမဖြစ်အောင် အဲဒီလို တွေးပေးတဲ့အတွက် ကျေးဇူးတင်တယ်”

“စန္ဒီ တဲ့လား”

“ဟုတ်ကဲ့ မိုးစန္ဒီပါ”

နာမည်သိလိုက်ရပြီမို့ သူ ကျေနပ်စွာ ပြုံးလိုက်မိသည်။ ရွှေလဝန်းနှင့် ရှုံ့ဖွက်စင်သည့်ကိစ္စမှာ ရွှေလဝန်းကလည်း ဆတ်ဆတ်ကြဲ သည်းမခံတာကြောင့် ပြဿနာအတိမ်အနက်ကို ခန့်မှန်းမိပြီး သူ အောက်လျှို့လေးဖြင့် ဝင်လိုက်ခြင်းပင်။





အမြင့်ကလူကို အပေါ်စီးကဝင်လို့ ဘယ်ဖြစ်ပါ့မလဲ။ ဒီလို မိန်းမ လေးမျိုးက ဘယ်လိုအထာကြိုက်သည်ဆိုတာ မလေ့လာထားလို့မဖြစ်။ ဘယ်လိုစမ်းစမ်း မှတ်သုံ့တို့က ကျမ်းကျေပြီးသားပါ။

“ဆေးခန်းရောက်ပြီ၊ ရှင် ဆင်းနိုင်လား”

“ဟုတ်ကဲ့ ကျွန်တော် ကြိုးစားကြည့်ပါ့မယ်”

လိုအပ်တာထက် မျက်နှာကို ပိုရှုံ့မဲ့ကာ မတန်တဆ နာကျင်နေရင်းက ကြိုးစားအားတင်းထားရသည့်ပုံစံမျိုး ဟန်ဆောင်လိုက်သည်။ သူ ကားပေါ်ကအဆင်း လဲပြိုလုလုအချိန်မှာ မိုးစန္ဒီ အပြေးလေး လာကူတွဲ၏။ ရင်ထဲမှာ ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားခဲ့သည်။

ဒါပေမဲ့ အခွင့်အရေးသမားပါလို့ သိမသွားစေချင်။

“ရပါတယ်ဗျာ၊ အားနာလို့ပါ၊ ကျွန်တော့်ဘာသာ ကြိုးစား လျှောက်ပါမယ်”

“ဘယ်ဟုတ်မလဲ၊ အားနာနေရင် ရှင်ပိုပြီးနာသွားမှာပေါ့၊ လာပါ ကျွန်မကို နည်းနည်းအားပြုပြီးလျှောက်”

ဆေးခန်းထဲထိ သူ့မကိုတွဲ၍ ဝင်လာခဲ့သည်။ ကောင်တာထိုင်နေသော အနီဝတ်နှင့် သူနာပြုအမျိုးသမီးက လူနာတစ်ယောက်ပြီးမှ ဝင်စေ၏။

“ဘာဖြစ်လာတာလဲ”

“ကျွန်တော်ချော်လဲလာလို့ပါ ဆရာ၊ ခြေခေါက်သွားတာဆိုတော့ နည်းနည်းနာနေလို့”

မိုးစန္ဒီကို ကာကွယ်ပေးသည့်အနေဖြင့် သူ လိမ်ညာ၍ အမှတ်တွေယူပစ်လိုက်သည်။ မိုးစန္ဒီက သူ့ကိုကျေးဇူးတင်သော မျက်လုံးများနှင့်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုသေချာကြည့်ပေးပါ ဆရာ၊ အရိုးတွေ ကျိုးသွားလား အက်သွားလား လိုအပ်တာ သေချာလုပ်ပေးပါ၊ ဆေးရုံတွေ ဘာတွေ တက်ဖို့များလိုအပ်သေးလား"

"အင်း ဆရာကြည့်ပေးပါမယ်၊ လူနာခုတင်ပေါ် ဖြည်းဖြည်း လှဲလိုက်ပါ"

"ကျွန်မ ကူပေးမယ်"

မိုးစန္ဒီ သဒ္ဒါတွေပိုကာ ကူတွဲ၍ သူ့ကိုခုတင်ပေါ်လှဲစေသည်။ သူ သေချာပြင်ဆင်ခဲ့တာဖြစ်၍ အပြင်းအထန် မဟုတ်တောင် အနာတရတော့ ပေါ်မှဖြစ်မှာပါ။

ဆရာဝန်က သေချာစမ်းသပ်ကြည့်ပြီး

"ခြေထောက်က ကျိုးတာအက်တာတော့ မရှိပါဘူး၊ ခြေခေါက်ပြီး ပစ်လဲတာဆိုတော့ အကြောထပ်သွားတာ တင်းသွားတာမျိုးပေါ့၊ လွှတ်ထားရင် ခြေထောက်ထောက်ရင် ပိုနာမယ်၊ အဲဒီတော့ နည်းနည်းငြိမ်အောင် ကျောက်ပတ်တီးပုံစံမျိုး ဆရာစည်းပေးလိုက်ပါမယ်၊ ဆေးထိုးပေးမယ် သောက်ဆေးပေးမယ်၊ နှစ်ရက်လောက်ရှိရင် တစ်ခါလာပြပါ၊ ဒဏ်ပုံစံမျိုး မဖြစ်အောင် နည်းနည်းဂရုစိုက်ရမယ်"

"ဟုတ်ကဲ့ ဆရာ"

"နဖူးကလည်း တော်တော်ပွန်းသွားတာပဲ၊ ပတ်တီးစည်းစရာတော့ မလိုပါဘူး၊ ဆေးထည့်ပြီး ပလာစတာကပ်ပေးလိုက်မယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ ဆေးထိုးမယ်ဆိုရင် စန္ဒီအပြင်ထွက်နေပါနော်၊ ကျွန်တော် အားနာလို့"

"အင်း"



သူ အမှတ်ယူလိုက်တာ မိုးစန္ဒီ သဘောပေါက်မှာမဟုတ်။ မျက်နှာလေး နီလျက် ဆရာဝန်အခန်းထဲက ထွက်သွားသည်။ ပတ်တီးစည်းတာ ဆေးထိုးတာနှင့် အချိန်တော်တော်ကုန်သွား၏။

အားလုံးပြီးသွားတော့ မိုးစန္ဒီက ကောင်တာမှာ ငွေရှင်းပေးပြီး သူ့ကိုလာတွဲသည်။

"ရှင်တစ်ခုခုစားပါလား၊ ဗိုက်ဆာနေမှာပဲ"

"အင်း ဆာတာတော့ တော်တော်ဆာတယ်ဗျ၊ မနက်ကတည်းက အိမ်ကနေ ကျွန်တော် ဘာမှစားမလာရသေးတာ၊ အလုပ်တစ်ခုရဖို့က ကျွန်တော့်အတွက် အရေးကြီးနေလို့ အိမ်ကစောထွက်လာလို့လေ"

"ဟင် အလုပ်ရှာဖို့ ရှင်က ဘာအလုပ်လျှောက်ထားလို့လဲ"

"ဒီလိုပါပဲ အလုပ်ခေါ်တဲ့နေရာတော်တော်များများမှာတော့ လျှောက်ထားတယ်၊ အလုပ်ရှင်တွေကလည်း သူ့အကပ်နဲ့သူ ခေါ်တာများတော့ အဆက်အသွယ်မရှိတဲ့သူတွေအတွက် အလုပ်တစ်ခုရဖို့ တော်တော်ခဲယဉ်းတယ်၊ ရတဲ့အလုပ်ကျတော့လည်း ကိုယ်နဲ့အဆင်မပြေပြန်ဘူး"

"ကဲ ဒီမှာ စကားပြောနေတာထက် ဆိုင်တစ်ဆိုင်မှာ ပြောကြတာကောင်းမယ်ထင်ပါတယ် သွားရအောင်"

ကားပေါ်အထိ သူ့ကိုတွဲတင်ပြီးမှ မိုးစန္ဒီ ကားလေးကို မောင်းသည်။ သူတစ်ခါမှ မရောက်ဘူးသောဆိုင်ရှေ့ကို အရောက်မှာတော့ ကားကိုရပ်လိုက်သည်။ ခြံဝင်းကျယ်ကြီးထဲမှာ တခမ်းတနားမို့ ငွေကြေးချမ်းသာသည့်လူကုံထံအသိုက်အဝန်းတွေသာ သွားလာစားသောက်နိုင်သည့် နေရာမျိုး ဖြစ်သည်။

"ခုနက သူနာပြုဆရာမလေးကို နာမည်စာရင်းပေးလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဘာဆိုလား ကြားလိုက်တယ်"

"ဒီးလို့ခေါ်ပါ"

"ဩော် အင်း၊ ဒီး ထိုင်လေ၊ စားချင်တာမှာ"

ကိုယ်တိုင်မည့်နေရာကခုံကို ကိုယ့်ဘာသာတောင် ဆွဲမထိုင်ရ စိတ်တာလေးတွေက ဝန်ဆောင်မှုကောင်းသည်။ ပိုက်ဆံချမ်းသာသည့်သူ တွေက ဒီလိုမျိုးတွေဖိမ်ခံချင်လို့ မတန်မရာ ငွေကြေးကုန်ကျခံကြတာ ဖြစ် မည်။

မီနူးကဒ်ထဲက စားစရာတချို့ကို မှာလိုက်ပြီး

"စန္ဒီ မမှာတော့ဘူးလား"

"ကျွန်မက အပြင်က အစားအစာတွေ သိပ်မစားဘူး၊ အိမ်မှာ အိမ်အကူတွေ ချက်ပြုတ်ကြော်လှော်ပေးတာကို အိမ်တော်ထိန်းတွေက အရသာကောင်းလား အန္တရာယ်ကင်းလား မြည်းကြည့်ပေးမှ စားတာ၊ ဒီဆိုင် ကိုလာရင် ဖျော်ရည်တစ်ခွက်လောက်တော့ သောက်ပါတယ်၊ ဒါတောင် ညှိသည်ပါမှ အားနာလို့မှာတဲ့ သဘောလောက်ပဲ၊ သိပ်မသောက်ဖြစ်ဘူး"

"ဩော်"

ကြီးကျယ်မှုက တခမ်းတနားပါလားလို့ စိတ်ထဲမှာ အောက်မေ့ မိ၏။ ဒါကြောင့် သူမစီးသည့်ကားရဲ့တန်ဖိုးက မှန်းဆလို့မရတာ။

"ဒါနဲ့ ရှင့်မိဘတွေက ဘာလုပ်လဲ"

"အဖေက တက္ကစီမောင်းတယ်၊ အမေက ဈေးထဲမှာ ငါးခြောက် ဆိုင်ဖွင့်ထားတယ်၊ ကျွန်တော့်ကိုကျွေးပြီး ပညာသင်ပေးနိုင်တဲ့ အမေ အထားပါ၊ ဘွဲ့ထပ်ယူ ပညာဆက်သင်ပြီးမှ နေရာကောင်းရမှ အလုပ်လုပ် စေချင်တာ၊ ဒါပေမဲ့ မိဘတွေက အသက်ကြီးပြီဆိုတော့ ကျွန်တော် ငှဲညှာ





ရမယ်လေ၊ ဒီအရွယ်ထိ ထိုင်စားမယ်ဆိုရင်လည်း ရှက်စရာကောင်းတယ်၊ အဲဒါကြောင့်မို့ အလုပ်ပဲရရ ကျွန်တော်လုပ်ဖို့ စဉ်းစားတာ"

"အခုဒဏ်ရာရထားတော့ အလုပ်ဘယ်လိုလျှောက်မလဲ"

"အခုတော့ ဒဏ်ရာပျောက်မှပဲ လျှောက်ရတော့မှာပေါ့ဗျာ၊ ဘယ် တတ်နိုင်ပါ့မလဲ၊ ကျွန်တော်လည်း ဖြစ်ချင်လို့ဖြစ်တာမဟုတ်ဘူး၊ ခင်ဗျားလည်း ဖြစ်ချင်လို့ဖြစ်တာမှ မဟုတ်တာ၊ ကံကြမ္မာဆိုတာ မမြင်နိုင်တဲ့နေရာက ချောင်းရိုက်တတ်တဲ့ ဂြိုဟ်ဆိုးတစ်ကောင်ပဲ"

သူ့လေသံက သနားစဖွယ်ဖြစ်နေတာကြောင့် မိုးစန္ဒီ ခပ်တွေ တွေလေး ဖြစ်သွား၏။ ခဏနေမှ

"ကျွန်မအဖေမှာတော့ လုပ်ငန်းတွေအများကြီး ရှိပါတယ်၊ ဆောက် လုပ်ရေးလုပ်ငန်းတွေ၊ ဆေးဝါးစက်ရုံတွေ၊ တခြားစက်ရုံခွဲတွေလည်း အများ ကြီးပဲ၊ ရှင်လုပ်ချင်တယ်ဆိုရင် ဘာမှသိပ်မပင်ပန်းတဲ့ ရုံးပိုင်းဆိုင်ရာမှာ နေရာ တစ်နေရာရဖို့ ကျွန်မပြောပေးနိုင်ပါတယ်"

"ဗျာ ဟာ ရမယ်ဆို ကျွန်တော် လုပ်ချင်ပါတယ်၊ ဘယ်နေရာ ပဲရရ ဘယ်လောက်ပဲ ပင်ပန်းပင်ပန်းပါ၊ မိဘကိုအလုပ်အကျွေးပြုခွင့်ရရင် ကျွန်တော် ကျေနပ်ပါပြီ၊ သူတို့က ကျွန်တော့်အပေါ် ဒီအရွယ်ထိ တာဝန် ကျေခဲ့ပြီးပြီလေ"

"မိဘအပေါ် သိတတ်တဲ့ ရှင့်ရဲ့စိတ်က မဆိုးပါဘူး၊ ကူညီပေး ခွင့်ရတာ ကျွန်မလည်း ကုသိုလ်ရတာပေါ့"

"ဟာ ဟုတ်တာပေါ့ဗျာ၊ စန္ဒီ အရမ်းကို ကုသိုလ်ရသွားတာပါ"

"ဒီကိစ္စက ရှင့်ခြေထောက်ကောင်းသွားမှ လုပ်လို့ရမှာ၊ ဆေး ခန်းကိုသွားရဦးမှာနော်၊ မေ့မနေနဲ့ဦး၊ ကျွန်မပဲလိုက်ပို့ပါ့မယ်၊ ရှင့်ဖုန်းနံပါတ်



www.burmeseclassic.com

www.burmeseclassic.com



လေး''

''ကျွန်တော့်ဖုန်းကို ခေါ်လိုက်လေ၊ စန္ဒီဖုန်းနံပါတ်လည်း သိရတာပေါ့''

သူ့ဖုန်းနံပါတ်ကို ရွတ်ပြလိုက်သည်နှင့် မိုးစန္ဒီက ဖုန်းခေါ်လိုက်၍ သူမ ဖုန်းနံပါတ်ကိုပါ သိလိုက်ရ၏။ သူလိုချင်သည့် အခွင့်အလမ်း ကလည်း ဒါပါပဲ။

''ဆေးခန်းသွားဖို့ စန္ဒီအားတဲ့အချိန် ဖုန်းဆက်လိုက်ပါ၊ ကျွန်တော်က အလုပ်မရှိသေးတဲ့အတွက် အချိန်မရွေး အားပါတယ်''

''စန္ဒီကတော့ ရုံးပိုင်းဆိုင်ရာမှာ အုပ်ချုပ်ရေးတာဝန်ယူထားတဲ့အတွက် အစည်းအဝေးကတ္တာတွေ ဧည့်သည်တွေ့ရတာတွေရှိတဲ့အတွက် အချိန်ကို မပြောနိုင်သေးဘူး။ အဆင်ပြေတဲ့အချိန် စန္ဒီဖုန်းဆက်လိုက်ပါ့မယ်''

''ဟုတ်ကဲ့ ဟုတ်ကဲ့ပါ၊ ကျွန်တော် စန္ဒီဖုန်းကို မျှော်နေပါ့မယ်''

သူ ဟန်မဆောင်နိုင်လောက်အောင် ပျော်သွားမိသည်။ မိုးစန္ဒီနှင့် ရင်းနှီးဖို့ ဒီလောက်အထိ လွယ်ကူမည်ဟု မထင်မိပါ။ ရွှေလဝန်းနှင့် ငြိသွားကတည်းက ကိန်းခမ်းကြီးမည့်သူလို့ သူ တွေးဆထားပြီးသား။ ဒါကြောင့်လည်း အောက်ကျို့မှုတွေဖြင့် ကိုယ့်ကိုယ်ကိုယ် ဒဏ်ရာအရခံလိုက်တာ။

သူ အနာခံရကျိုး နပ်သွားသည်။

ကျေးဇူးပါ မိုးစန္ဒီ။

■ ■ ■



## အခန်း (၄)

''ဟား ဟား ဒါမှ မုတ်သုံ၊ ငါကွ မုတ်သုံ''

မုတ်သုံက လက်သီးကို လေထဲမှာ ပစ်ထိုးလိုက်၊ ကော်လံတထောင်ထောင် မလိုက်ဖြင့် သူ့ကိုယ်သူ ဘာတွေဂုဏ်ယူဝံ့ကြွားနေမှန်း မသိပေ။ လွင်ဦးနှင့်ဖိုးသဲက အမြင်ကတ်နေပေမယ့် ဘာဖြစ်လာတာလဲ မမေးသေးဘဲ ဘီယာကိုသာ ဖိမ်ခံသောက်နေကြသည်။

ပြောချင်လွန်းလို့ သူတို့ကို ဘီယာခေါ်တိုက်ထားတာ မဟုတ်ပါလား။ မမေးလည်း ပြောမည့်ကောင်မို့ အမောခံ ဖိမ်ပျက်ခံပြီး မမေးတော့တာ။

''ဟိတ်ကောင်တွေ မင်းတို့ကကွာ ငါတိုက်တဲ့ဘီယာသောက်ပြီး ငါဘာလို့ အူမြူးတာလဲ၊ ဘာအတွက် အောင်ပွဲခံပြီး မင်းတို့ကို ဘီယာတိုက်တာလဲလို့ မမေးတော့ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"မမေးလည်း မင်းပြောမှာပဲ ဉစ္စာ၊ ငါတို့ဒီမှာအရှိန်မရသေးဘူး။ အမေးခံချင်ရင် ခဏစောင့်"

"အေးလေ နားအကုသိုလ်များတော့မယ်ဆိုတာ သိတယ်၊ မသောက်ဘဲ မနေနိုင်လို့သာ လာတာ၊ မင်းရဲ့ပလက်ဖောင်းပေါ်က စကားတွေ ပြီးမှ နားထောင်မယ်"

လမ်းဘေးက စကားဆိုလျှင် အထိုးခံရမှာစိုး၍ ပလက်ဖောင်းပေါ်ကစကားလို့ နည်းနည်းမြှောက်ပြောလိုက်ရခြင်းပင် ဖြစ်သည်။

"ချိုးယားစ်"

"ချိုးယားစ်ကွာ"

မုတ်သုံက ဖွတ်၊ ချိုးယားစ်လုပ်ပြီး တစ်ကျိုက်စီ မော့ကြသည်။ မိန်းကလေးတစ်ယောက်နှင့် ဓာတ်လမ်းဆင်လို့ အဆင်ပြေတိုင်း ဒီကောင်ချိုးယားစ်လုပ်နေကျ။

ဒီကောင်ဝွင်မှာမိကြသည့် မိန်းကလေးတွေလည်း မနည်းတော့ပါ။ ရုပ်ချောအပြောကောင်း စတိုင်မိတော့ မိန်းကလေးတွေက ကြွေကြသည်။

ဒါကို မုတ်သုံတို့က ဂုဏ်ယူလို့ မဆုံး။ သူလိုက်သည့်မိန်းကလေး မရမရှိစေရဟု မာန်တက်ကာ ကြွေးကြော်သည်။

"ဆိုစမ်းပါဦး၊ မင်းကျူခဲ့တဲ့ကိစ္စတွေ"

"ကားအောက်က မိန်းကလေးက ရွှေလဝန်းတဲ့"

"ရွှေလဝန်း"

"အေး နာမည်နဲ့လူကတော့ လိုက်ဖက်တယ်၊ ဘဝကတော့ နည်းနည်းကြမ်းတယ်ကွ၊ ကားပေါ်က မိန်းကလေးက မိုးစန္ဒီ၊ ဘဝက





အမြင့် မှာ၊ အလှကတော့ နည်းနည်းပုလောင်တယ်"

"မာနကတော့ ရွှေလဝန်းလည်း မနည်းဘူးနော်"

"မိဘမဲ့တစ်ကောင်ကြွက် အဒေါ်မိသားစုနဲ့နေပြီ၊ ပတ်ဝန်းကျင်အနှိမ်မခံရအောင် မာန်တင်းနေတဲ့သဘောပဲ၊ ဘဏ်မှာဝန်ထမ်း၊ မိုးစန္ဒီက လုပ်ငန်းတွေအများကြီးပိုင်တဲ့ အသိုက်အဝန်းကပဲ"

"မဲက ဘယ်သူ့အသာလဲ ခန့်မှန်းလို့ရနေပြီ"

"မိုးစန္ဒီဆီမှာခွေဖို့များတယ်၊ သူတို့ပိုင်တဲ့ကုမ္ပဏီမှာ အလုပ်လုပ်ဖို့ ပြောခဲ့တယ်"

"မင်းက အလုပ်လုပ်မယ်၊ ဟား ကြားသားမိုးကြိုး အလုပ်သမားကြီးလုပ်မယ့်ကောင်တဲ့လား"

"မိုးစန္ဒီအမြင်မှာ ငါက ဂျလေဘီဂျပိုးအမှိုက်မဖြစ်ဖို့ အရေးကြီးတယ်၊ မိဘအပေါ် အရမ်းသိတတ်ပြီး အရမ်းအလုပ်ကြိုးစားချင်နေတဲ့ တက်ကြွနေတဲ့ လူငယ်အလန်းလေးပေါ့"

"ကြီးပွားဦးမယ်"

"မထင်နဲ့နော်၊ ဒီကောင် ရည်ရွယ်ချက် ငါသိတယ်၊ ဒီကောင် ဘာမှမလုပ်ဘဲ ချမ်းသာချင်နေတာ၊ ငါတော့ အားပေးတယ် မုတ်သုံ၊ ချမ်းသာတဲ့မိန်းမကိုရရင် ငါတို့ကိုတော့ မမေ့မထားနဲ့"

ဖိုးသဲစကား လွင်ဦးက လက်မလေးထောင်ကာ ထောက်ခံ၏။

"ဟုတ်တယ် ဟိတ်ကောင်၊ တခြား မင်း ဘာမှမတွေးနဲ့၊ ဒီကြားထဲ ဘယ်မိန်းကလေးကိုမှလည်း မကြောင်နဲ့၊ မိုးစန္ဒီက မင်းအတွက် ချီအကြီးကြီးနော်၊ သူ့ကိုရအောင် ချဉ်းကပ်နိုင်ရင် ကျန်တာအားလုံး အေးသွားပိုင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း စဉ်းစားမိပါတယ်၊ ငါ့မိဘတွေကို ချမ်းချမ်းသာသာ ထားနိုင်ဖို့ ဒီဖြတ်လမ်းနည်းက အကောင်းဆုံးပဲလို့ ငါတွေးတယ်၊ ဒါမှလည်း ဖေဖေနဲ့မေမေက ငါ့ကိုအထင်ကြီးရမှန်းသိလာမှာ"

"သြော် မိဘအထင်ကြီးတာပဲ ခံချင်သေးတယ်၊ မင်းမိဘတွေက မင်းအပေါ် တာဝန်ကျေပါတယ်ကွာ၊ သူတို့တတ်နိုင်သလောက်လုပ်ပြီး မင်းဒီအချိန်ထိ အလုပ်မလုပ်တာတောင် မငြိုငြင်ပါဘူး"

"ငြိုငြင်တဲ့နေ့က ပိသာလေးနဲ့ဘေးပစ်သလို လုံးဝမခံနိုင်အောင် ပြောတတ်တာလည်း မင်းအသိပဲ၊ ဖေဖေနဲ့မေမေ ငါ့ကိုမခေါ်မပြော ဥပေက္ခာပြုတဲ့နေ့က ရှိသေးတယ်"

"ဒါကတော့ မင်းလွန်တာလေကွာ၊ ဘွဲ့ရအောင်လည်း ထားခဲ့တယ်၊ သင်တန်းတွေလည်း တက်ခိုင်းခဲ့တယ်၊ မင်းက ဘာအလုပ်မှမလုပ်ဘဲ အပေအတေလို နေနေတာ"

"ရှေ့လျှောက် ကြည့်ထားလိုက်စမ်းပါကွာ၊ မှတ်သုံဆိုတဲ့ကောင် ဘယ်လိုဇာတာတွေ တက်လာမလဲလို့"

"အေးပါ မင်းပျော်နေတဲ့ပုံကြည့်ပြီး မင်း ဘယ်လောက်ထိ မျှော်လင့်ချက်ပြည့်အောင် ကြိုးစားတော့မယ်ဆိုတာ ငါတို့ခန့်မှန်းမိနေပါတယ်ကွာ"

မှတ်သုံ ဘဝင်မြင့်သွားကာ ဘီယာခွက်ကိုကိုင်၍ ချီးယားစ် လုပ်ပြန်၏။ လွင်ဦးက မှတ်သုံပခုံးကိုလှမ်းပုတ်ပြီး

"မင်း မိုးစန္ဒီကိုချစ်လား၊ ရွှေလဝန်းကိုချစ်လား မှတ်သုံ"

"အချစ်အတိုလေး ရှိသေးတယ်၊ ငါ့ရင်ထဲ အချစ်ဆိုတာ ဝင်လာပါဦးမလား။ မြင်မြင်ချင်း ချစ်တယ်ဆိုတဲ့အထဲမှာ နှစ်ယောက်လုံးမပါသေးတာတော့ သေချာတယ်"





"အေးပါ အချစ်နဲ့စခဲ့ရင် မင်း ရှုံးမှာပဲ၊ အရင်ကလည်း အချစ်နဲ့ မစခဲ့လို့ မင်းနိုင်ခဲ့တာ၊ တစ်ခုတော့ ရှိတယ်၊ မင်းမှာအရှုံးဆိုတာမျိုး ရှိလာရင်လည်း ခံနိုင်ရည်ရှိအောင် ကြိုးစားထား"

"ပါးစပ်ပုတ်ကြီးနဲ့ကွာ၊ ဒီမှာ မှတ်သုံရာဇဝင်မှာ အရှုံးဆိုတာ မရှိဘူး။ ငါကျန်ခဲ့ရတယ်ဆိုတာမျိုးရော မင်းတို့မြင်ဖူးခဲ့လို့လား၊ ဒါပေမဲ့ ဘယ်မိန်းကလေးကိုမှ ငါ နစ်နာအောင် မလုပ်ခဲ့ဘူး၊ အနမ်းလေးတစ်ချက်တောင် မငြိစွန်းဖူးဘူး။ ချိန်းတွေ့တာမျိုးနဲ့လည်း ငါ့ကို စွဲလမ်း အောင် မလုပ်ဘူး၊ လူမြင်ကွင်းမှာ တွဲသွားတွဲလာ လုပ်တယ်၊ ငါ့လက်မောင်းကို တွဲချိတ်ရလို့ သူတို့စိတ်မှာ သာယာတယ်ဆိုရင် ငါ နားလည်ပေးလိုက်တယ်၊ ဒီလောက်ပဲ"

"အေးပါ ဟုတ်ပါတယ်၊ အဲဒီစိတ်ကိုတော့ ငါတို့ လေးစားပါတယ်၊ ယောကျ်ားကောင်းဆိုတာ မိန်းကလေးတစ်ယောက် ပျော့ကွက် အားနည်းချက်ကို နင်းပြီး အခွင့်အရေးမယူဘူး။ အခုရော မိုးစန္ဒီနဲ့ ရွှေလဝန်းကို"

"ရွှေလဝန်းကတော့ ထားပါ၊ ငါ့ရဲ့ဦးတည်ချက်က မိုးစန္ဒီပဲ၊ ငါ့ အတွက် ပြည့်စုံမှုတွေ ဖန်တီးပေးနိုင်မယ်လို့ ထင်တယ်"

"မင်းရွေးချယ်မှု မှန်တယ်၊ ဘဝကိုသာသာယာယာ လျှောက်လှမ်းဖို့အတွက် ဖန်တီးမှုဆိုတာတော့ ရှိရမှာပဲ၊ အမိုသဟဲပြုဖို့တော့ အမြင့်ကို တက်ဖို့ လှေကားထစ်ဆိုတာလည်း လိုသေးတာပဲ"

"လိမ့်မကျဖို့အတွက် ကိုယ်ဂရုစိုက်ရမှာ ထိန်းသိမ်းရမှာတွေလည်း ရှိတယ်နော်၊ လွယ်လွယ်တော့ မတွေးနဲ့၊ အခက်အခဲမရှိဘဲ ဘယ်အရာမှ အလကားမရဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ စိုးရိမ်မှုရှိတာကို သူ နားလည်သည်။ သူက တော့ နောက်ဆုတ်ဖို့ မစဉ်းစားတော့ပါ။ ရှေ့တိုးဖို့ခြေလှမ်းပဲ ပြင်နေမိ သည်။

ပတ်တီးစည်းထားသော ခြေထောက်နှင့် ပလာစတာကပ်ထား သောနဖူးကို လက်ညှိုးထိုးပြလိုက်၏။

“ဒဏ်ရာတွေနဲ့ ရင်းထားတာကွ၊ နောက်ဆုတ်ရင် အခုတည်း က ငါ ရှုံးသွားလိမ့်မယ်၊ အရာအားလုံးက မှတ်သုံအတွက် ဖြောင့်ဖြူး သာယာပေးမှာပါ”

“သိပါတယ် ရုပ်အခံနဲ့ လုပ်စားနေတာ”

ရယ်သံတွေနှင့် အောင်ပွဲခံနေကြ၏။ ဖန်ခွက်တိုက်သံများက ဆူညံနေသည်။ ဒီလိုကိစ္စမျိုးက အကြိမ်ကြိမ်အခါခါ။

■ ■ ■



## အခန်း (၅)

“ရှင့်သား ဒီလိုမျိုး အမြဲအိမ်ပြန်နောက်ကျနေတာ ကြည့်ပြော ဦး ဆုံးမဦး ကိုခင်အောင်၊ သူ့ကိုပျက်စီးနေတယ် လေလွင့်နေတယ်ပြောရင် ည်း မကြိုက်ဘူး။ လုပ်နေတဲ့ပုံစံကလည်း မဟုတ်ဘူး”

“မင့်သားကို မင်းကောပြောလို့ရလို့လား စောရယ်၊ ပြောလိုက် နီ သူမသိတာ မတတ်တာမရှိဘူး၊ သူ မိန်းမယူမချင်း မိဘတွေမှာ ဝန်ရှိတယ်ဆိုတဲ့ စကားနဲ့ပစ်ပေါက်နေတယ်၊ ငါတို့က ပညာကုန်သင် ခဲ့တာပဲ တာဝန်မကျေသေးဘူးလား”

“တာဝန်ကျေတာ မကျေတာကို နောက်ထား၊ သူ ပျက်စီးနေ တာကို ဒီအတိုင်း ကြည့်နေတော့မှာလား”

“ဟ မင့်သားက သူ့ကိုယ်သူ ပျက်စီးနေတယ်လို့မှ မထင်တာ၊ င်လိုလုပ် ဆုံးမရမှာလဲ၊ လူငယ်ဆိုတာ ဒီလောက်တော့ ရှိမှာပေါ့တဲ့၊ ပြန်ပြောတတ်တာ မင်း မသိဘူးလား၊ အဲဒါကြောင့် တစ်ခါတလေ မှမပြောချင်ဘဲ ရေငုံနှုတ်ပိတ်နေလိုက်တာ”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုနေလို့ မိဘပီသပါ့မလားတော်၊ သားသမီးမပျက်စီးအောင် မဖြစ်သင့်တာမဖြစ်အောင် ပြောဆိုဆုံးမ သွန်သင်ရမှာပေါ့၊ ထိုးသင့်ရိုက်သင့်ရင်လည်း လုပ်ရမှာပဲ"

ဦးခင်အောင် ကျွတ်ခနဲ စိတ်မရှည်သလို အသံထွက်သွားသည်။ သားတစ်ယောက်တည်း မွေးထားလို့သာ တော်သေး၏။

တစ်ချက်လေးမှ ပုံမလာပါ။ မိဘကပဲ သူ့ကိုမနေနိုင်မထိုင်နိုင်တာဝန်ယူရပါ့မယ် အာမခံပြီး မွေးထားသလိုမျိုး။

"မေမေ ဖေဖေ"

"ဟင် တော့်သား ပြန်လာပြီ၊ မူးလာတဲ့အသံပဲ၊ ထွက်ကြည့်လိုက်ဦး"

"ကျွတ် မင့်သားကတော့ကွာ ဖအေက မသောက်တတ်ဘူး သူက ဘယ်သူသင်ပေးထားလို့ အရက်ကလေးတမြမြ ဖြစ်နေလဲမသိဘူး"

"ဟယ် သား"

"ဟာ ဒီကောင်"

ဒဏ်ရာတွေနှင့် မြင်လိုက်ရတာကြောင့် မိဘနှစ်ပါး ပျာပျာသလဲ အိမ်ပေါ်တွဲတင်လိုက်ကြသည်။ ထောင်းခနဲ အရက်နံ့နံ့လိုက်တာတော့ ဂရုမစိုက်နိုင်တော့ပါ။

"သား သား မင်းဘာဖြစ်လာတာလဲ၊ ရန်ဖြစ်ပြီး ဒဏ်ရာရလာတာလား"

"မဟုတ်ပါဘူး ဖေဖေရာ၊ ကားနဲ့တိုက်မိတာပါ"

"ဟင် ကားနဲ့တိုက်မိတာ၊ ခြေထောက်က ကျိုးသွားတာလား ဘာဖြစ်တာလဲ"





"မကျိုးပါဘူး၊ နည်းနည်းဒဏ်ဖြစ်သွားတာ"

"မသေကောင်းမပျောက်ကောင်း သားရယ်၊ မင်းအရက်မူးနေလို့ ကားကဝင်တိုက်သွားတာ မဟုတ်လား"

"မဟုတ်ပါဘူး ကားတိုက်တာက နေ့လယ်က၊ ဘီယာသောက်တာက သူငယ်ချင်းတွေနဲ့တွေ့လို့ အခုမှ သောက်လာတာ"

"ဘာ နေ့လယ်ကတည်းက ကားတိုက်ခံရတာကို အခုမှ အိမ်ပြန်လာရသလား၊ ဖြစ်ဖြစ်ချင်း မိဘတွေကိုဘာလို့အကြောင်းမကြားတာလဲ၊ ဒီထက်ဆိုးရင် ဘယ်လိုလုပ်မလဲ၊ သေသွားရင်တောင် မိဘတွေ သိလိုက်ရမှာမဟုတ်ဘူး"

"အဲဒီလောက် အခြေအနေဆိုးရင်တော့ အကြောင်းကြားမှာပေါ့ ဖေဖေရာ၊ ဘာမှမဖြစ်စလောက်လေးမို့ ဖေဖေတို့ စိတ်မဆင်းရဲအောင် သားက သိတတ်လိုက်တာပါ၊ ဖေဖေနဲ့မေမေကို သားကြောင့် လုံးဝ စိတ်မဆင်းရဲစေချင်ဘူး"

"အပြောကတော့ ကောင်းပါ့ မုတ်သုံရာ၊ တစ်ခုခုဖြစ်တယ်ဆိုရင် အိမ်ကိုတန်းပြန်လာရမှာပေါ့၊ မိဘတွေစိုးရိမ်နေမယ်ဆိုတာ မင်း မသိဘူးလား"

"သား ပြန်လာတော့ရော ဖေဖေနဲ့မေမေက အိမ်မှာရှိနေမှာမို့လား၊ ဖေဖေက တက္ကစီဆွဲပြီး ညမိုးချုပ်မှ အိမ်ပြန်ရောက်တယ်၊ မေမေက ဈေးရောင်းကအပြန် အကြွေးလည်တောင်းနေတာနဲ့ မိုးချုပ်မှပဲ ပြန်ရောက်တယ်၊ သားက အိမ်မှာတစ်ယောက်တည်း ဘာလုပ်နေရမှာလဲ"

ဦးခင်အောင် မျက်နှာ တင်းမာခက်ထန်သွားသည်။ ဆင်ခြေပြီ ထိုင်ခုံမှာထိုင်ရင်းနှင့် ရှေ့က စားပွဲခုံကို ခြေထောက်ဖြင့် ဆောင့်ကန်ပစ်

www.burmeseclassic.com



လိုက်ရင်း

"မိဘတွေက အဲဒီလို မနားမနေ စီးပွားရှာနေတယ် ငွေရှာနေတယ်ဆိုတာသိရင် မင်းက အိမ်အလုပ်တွေလုပ်ဖို့ အိမ်မှာရှိမနေသင့်ဘူးလား။ မိဘတွေ ပြန်လာရင် အမောပြေစားဖို့သောက်ဖို့ ချက်ပြုတ် မထားသင့်ဘူးလား။ အိမ်မှာ ဘာလုပ်နေရမှာလဲဟုတ်လား။ ဒီအရွယ်ထိ ကျွေးမွေးစောင့်ရှောက် ပညာတွေသင်ပေးလာတဲ့မိဘကျေးဇူးကို မင်း မသိတတ်သင့်ဘူးလား ဟိတ်ကောင်"

"မင်းအဖေပြောတာ ဟုတ်တယ် သား၊ မေမေတို့က မောမောနဲ့ ပြန်လာပြီး မင်းပြန်လာတဲ့အချိန် အဆင်သင့်စားရသောက်ရအောင် ချက်ရ ပြုတ်ရသေးတယ်၊ အလုပ်မသွားခင် လင်မယားနှစ်ယောက် မင်းအဝတ်တွေပါ ဖွပ်ရလျှော်ရသေးတယ်၊ အိမ်သန့်ရှင်းရေးလုပ်ခဲ့ရသေးတယ်၊ ဘုရားဆွမ်းတော်တင်တာတောင် ညမိုးချုပ်ပြန်လာမှ စွန့်ရတယ်ဆိုတော့ မိသားစုနဲ့ ပတ်သက်ပြီး သား တာဝန်ယူတာဘာရှိလဲ သား"

"အဲဒီအလုပ်တွေလုပ်ဖို့ သား အိမ်အကူတစ်ယောက် ငှားပေးမယ်"

"ဘာ မင်းက ဘာအလုပ်လုပ်ပြီး ဘာဝင်ငွေရှိလို့ ဒီစကားပြောတာလဲ၊ မူးလာပြီး ငါ့စကားနွားရ ပေါ့ပေါ့တန်တန် မပြောနဲ့"

"သား တကယ်ပြောနေတာ ဖေဖေ၊ သားအလုပ်လုပ်တော့မှာ နေရာကောင်းရလို့ လစာကောင်းကောင်းရမှာ၊ ဖေဖေနဲ့မေမေ ဘာအလုပ်မှ လုပ်စရာမလိုဘဲ အိမ်ဦးခန်းမှာ ဖိမ်နဲ့ထိုင်စားနေလို့ရတယ်"

အတည်ပေါက်ပြောနေတာမို့ လင်မယားနှစ်ယောက် အကြည့်ဆုံသွားကြ၏။ အလေးအနက်မရှိ ပေါ့ပေါ့တန်တန် နေခဲ့သည့်သားမို့ ပြောသမျှ





စကားကလည်း ယုံချင်စရာမရှိ။

"မင်းပေါက်ပန်းလေးဆယ် တွေ့ကရာစကားပြောမနေနဲ့၊ မင်းက လေအလကားရတိုင်း ပြောနေတာ၊ မင်းလို အလုပ်လုပ်မယ်ပြောလို့ သင်တန်းကြေးတွေ ဘယ်လောက်တောင် ကုန်ခဲ့ရပြီလဲ၊ ပြီးတော့ ဘာမှလည်း မဟုတ်တာမဟုတ်ဘူး"

"ဖေဖေ မယုံဘူးလား၊ သား တကယ်ပြောနေတာ၊ ပေါ့သေးသေးတော့ မဟုတ်ဘူးနော်၊ ဒီဒဏ်ရာတွေနဲ့ရင်းပြီးမှ ရလာတဲ့အလုပ်"

"ဘာပြောတယ် သား၊ မင်းဘာတွေလျှောက်လုပ်လာပြန်တာလဲ သားရယ်၊ ဒီဒဏ်ရာတွေဆိုတာ"

"မသိချင်ပါနဲ့ မေမေရာ၊ သား တကယ်အလုပ်လုပ်တော့မယ်ဆိုတာပဲ ယုံကြည်ပေးပါ၊ ဖေဖေနဲ့မေမေ ဘာအလုပ်မှ လုပ်စရာမလိုဘူးဆင်တယ်"

"ကိုခင်အောင် ရှင့်သား ဘာတွေပြောနေတာလဲ၊ ဘာလိုချင်လို့ ဒီလိုတွေပြောနေတာလဲ သေချာမေးဦး"

"ဟိတ်ကောင် မင်းကို တစ်ပတ်နှစ်သောင်း မုန့်ဖိုးပေးထားတယ်နော်၊ လိုလည်း ထပ်မပေးနိုင်ဘူးလို့ တစ်ခါတည်းပြောထားပြီးသား၊ ဘာသင်တန်းမှလည်း တက်စရာမလိုတော့ဘူး"

"ဖေဖေတို့ကဗျာ သားကိုမယုံကြည်ကြဘူးကိုး"

"မင်းကရော ယုံကြည်အောင် ဘာတွေဘယ်လိုလုပ်ပြခဲ့ဖူးလို့လဲ"

"သားအခု တကယ်ပြောတာပါ၊ ဒီဒဏ်ရာတွေပျောက်တာနဲ့ သား တကယ်အလုပ်ဝင်ရမှာ၊ အခု ဖေဖေတို့ဆီက ပိုက်ဆံတောင်းဖို့ ငွေးဝ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကူးဘူး။ အဲ ဒါပေမဲ့ သားအလုပ်သွား အလုပ်ပြန်အတွက် လမ်းစရိတ်တော့ စိုက်ပေးထားပါဦး၊ သား လခထုတ်ရင် ပြန်ပေးပါမယ်''

''ကြည့်ပါလား မင့်သား''

ဦးခင်အောင် မျက်မှောင်ကြုတ်ကြည့်ကာ ထိုင်နေရာက ထထွက်သွားသည်။ ဆက်စကားပြောချင်စိတ်မရှိလို့ဆိုတာ သေချာ၏။ ဒေါ်ခင်စောကတော့ သားကိုကြည့်ကာ သက်ပြင်းချသည်။

မွေးထုတ်ထားခဲ့မိသည်ဆိုတော့လည်း အပြစ်တင်နေရုံနှင့် ဖြစ်ပါတော့မလား။ ပြောနေတော့လည်း အနာအကျင်မရှိ သူလုပ်ချင်ရာလုပ်တာ။

''သားရယ် သားအဖေလည်း သားကိုတော်တော်စိတ်ပျက်နေပြီ၊ သား ဒီအရွယ်ရောက်နေပြီ၊ မိဘအပေါ်မသိတတ်ရင်နေပါ စိတ်ဆင်းရဲအောင်တော့ မလုပ်ပါနဲ့''

''သားက ဘာလုပ်နေလို့လဲ မေမေရယ်''

''ကျောင်းလည်းပြီးပြီ သင်တန်းတွေလည်း တက်သင့်သလောက်တက်ပြီးပြီ အပြင်မှာ ဘာအလုပ်ရှိလို့လဲ၊ အချိန်နဲ့အိပ် အချိန်နဲ့ စားတာမရှိဘူး မိဘမျက်နှာလွှဲရတဲ့အိမ်မှုကိစ္စလည်း သားဆီက ဘာအကူအညီမှ မရဘူး အဲဒါကြောင့် သမီးမိန်းကလေးကမှ မိဘအတွက် အားကိုးရတာလို့ ပြောကြတာ၊ အစတည်းက သမီးမိန်းကလေး မွေးခဲ့ရမှာ''

''သားကို မွေးခဲ့တာ မေမေတို့နောင်တရနေတာလား''

''နောင်တရတာထက် သား မသိတတ်လို့ ရင်နာတာ၊ မေမေတို့ဘက်က ဘာတာဝန်မကျေတာရှိလဲ သား၊ ကျွေးမွေးပြုစုစောင့်ရှောက်တယ်၊ ပညာတွေသင်ပေးတယ်၊ တတ်သိနားလည်အောင် ဆိုဆုံးမတယ်





သားကတော့''

''ခေတ်ကို မေမေတို့နားမလည်တာပဲ၊ ဒီဘက်ခေတ်မှာ သားသမီးကို ဗိုင်းကောင်းကျောက်ဖိ အိမ်တွင်းအောင်းနိုင်းလို့ မရတော့ဘူး။ ခေတ်ကိုက ပွင့်လင်းလွတ်လပ်လာပြီ၊ အပြိုင်အဆိုင်ခေတ်မှာ အိမ်မြင်ထွက်မှုဖြစ်မှာပေါ့ မေမေ၊ ဘယ်သူတွေ ဘာလုပ်တယ်ဆိုတာ သိထားမှကိုယ်လည်း ဘာလုပ်သင့်တယ် ဘာလုပ်ရမယ်၊ ဘယ်လိုကြိုးစားရမယ်ဆိုတာ သိမှာ မေမေ''

''သား အခုသိပြီလား၊ အသက်အရွယ် ဒီအတောအတွင်းမှာ သား ဘယ်လိုကြိုးစားရမယ်ဆိုတာ စဉ်းစားပြီးပြီလား''

''ဟား ခဏပဲစောင့်ပါ မေမေ၊ သားက ရှေ့ကသွားနေတဲ့သူတွေ အားလုံးရဲ့ ရှေ့ကိုရောက်အောင် စီမံကိန်းတွေ ဆွဲထားတာ၊ အဲဒီအချိန်ကျရင် ဖေဖေနဲ့မေမေက အိမ်ဦးခန်းမှာ လုံးဝထိမ်နဲ့နေလို့ရပြီ ဟုတ်ပြီနော် သားကိုယုံကြည်ပါ၊ ခဏပဲစောင့်ပါ အိုကေနော် အိုကေ''

မအေပါးကို ရွှတ်ခနဲ နမ်းပြီး မုတ်သုံက အခန်းထဲ ဝင်သွားသည်။ ဒီသားကိုတော့ ပြောပင်မပြောချင်တော့။

သူပြောချင်ရာပြော သူနေချင်သလိုနေတာ။ သားသမီး ဘာပဲဖြစ်နေနေ မိဘကတော့ တာဝန်ဝတ္တရားကျေရမှာပဲ မဟုတ်လား။

တစ်ဦးတည်းသော သားလေးမို့ အကောင်းဆုံးတွေဖြစ်စေချင်ပေမယ့် သူက ဒီလိုနေနေတော့လည်း ဘယ်တတ်နိုင်ပါတော့မလဲ။

စိတ်တွေကို လျှော့ချလိုက်ရင်း။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဆေးခန်းသွားဖို့အတွက် ချိန်းသည့်နေရာကို သူ ကြိုရောက်နေလိုက်သည်။ မိုးစန္ဒီလို မိန်းကလေးက သူမအပြစ်ရှိသွားသည်ဆိုလည်း အိမ်ကိုလာခေါ်မည့် မိန်းကလေးမဟုတ်ပါ။

နာရီဝက်ကျော်ကြာသည်အထိ ခြေသလုံးတောင့်အောင် စောင့်လိုက်ရသည်။ အတော်ကိုကြာမှ မိုးစန္ဒီ ကားလေးက သူ့ရှေ့ကိုလျှောခနဲထိုးရပ်လာ၏။

"ကားပေါ် မြန်မြန်တက်၊ လမ်းတွေက ပိတ်တာနဲ့ နောက်ကျနေတာ၊ ကုမ္ပဏီမှာလည်း မီတင်ရှိတယ်၊ ဧည့်သည်တွေနဲ့လည်း တွေ့ရမယ်၊ နင့်အတွက်အချိန်တွေ အကြာကြီးမပေးနိုင်ဘူး ဆောရီး"

မိုးစန္ဒီက အခေါ်အဝေါ်တွေပါ ပြောင်းလျက် သူမ ပြောချင်ရာပြောပြီး ကားလေးကို ရှောခနဲ မောင်းထွက်၏။ ဆေးခန်းရောက်တော့လည်း ခပ်သွက်သွက်ပင်။ ကျသင့်ငွေကို ရှင်းပေးပြီး ကားပေါ်က ထိုင်စောင့်၏။





အကြင်နာတရားမရှိခြင်းနှင့် အပြောင်းအလဲမြန်ခြင်းကို သတိထားမိသွားသည်။ စိတ်မြန်လက်မြန်နှင့် စိတ်မရှည်ခြင်းကလည်း သိသာ၏။

"စန္ဒီ အရမ်းမအားမလပ်ဖြစ်နေတယ်ဆိုလည်း ကုမ္ပဏီကို သွားလိုက်တော့လေ၊ ကျွန်တော် တက္ကစီစီးပြီး ပြန်လိုက်ပါမယ်"

"အချိန်က အဲလောက်အရေးကြီးတဲ့အချိန်လည်း မရောက်သေးပါဘူး၊ အိမ်ကကောင်မလေးတွေ ဒီနေ့ဝတ်မယ့်အဝတ်အစားကို သေချာပြင်ဆင်ပေးမထားလို့ ပေါက်လာတာ၊ သုံးလစာပေးပြီး အလုပ်ထုတ်ပစ်ခဲ့တယ်"

"ဗျာ"

"သူတို့ကတော့ အကြိုက်ပဲ ရှိလိမ့်မယ်၊ ဒီက သုံးလစာရတာဆိုတော့ သုံးလလောက်တော့ ဘာအလုပ်မှမလုပ်ဘဲ ထိုင်စားလို့ရနေပြီမဟုတ်လား။ ငွေလိုမှ သူတို့တခြားနေရာမှာ အလုပ်ပြန်လုပ်လိမ့်မယ်။ ဒါကြောင့်လည်း ခင်းတို့တွေ မကြီးပွားတာ၊ ဒီနေရာမှာ စည်းနဲ့ကမ်းနဲ့ ကိုယ်ထုပ်ရမယ့်အလုပ် သေချာလုပ်ရင် လစာတိုးမယ် နေရာရမယ်၊ ဒါမျိုးတွေ သူတို့စိတ်မဝင်စားဘူး။ စည်းစနစ်မရှိ ပေါ့ပျက်ပျက်၊ အလုပ်ကို သေချာမလုပ်၊ ရူးမိုက် အလေးအနက်မရှိ၊ အလုပ်ရှင်က အလုပ်ဖြုတ်ရင် သုံးလစာတော့ရရှာပဲလို့ မျှော်တွေးပြီး ဒီဘဝထဲမှာပဲ ယောင်လည်လည်နေချင်တဲ့ဟာတွေ"

လေသံက ပြင်းသလို မျက်နှာကလည်း တင်းနေသည်။ သူပင် ဘာပြောရမှန်းမသိဘဲ မနေတတ်မထိုင်တတ် ဖြစ်လာ၏။

ဒေါသတွေ မာန်တွေနှင့်ဖြစ်နေသော မိုးစန္ဒီမျက်နှာက ကြောက်ရှာပါ၏။ ကားမောင်းတာကလည်း ဘာကိုမှဂရုမစိုက်ဘဲ တိုက်မိလည်း ငေးလျှာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည်ဟု သဘောထားကာ မိုက်တိမိုက်ကန်းပုံစံ ဖြစ်နေသည်။

"နင် ကားမောင်းတတ်လား"

"ဗျာ"

"ကားမောင်းတတ်လားလို့ မေးနေတာ"

"ဟုတ်ကဲ့ မောင်းတတ်ပါတယ် လိုင်စင်လည်းရှိတယ်"

"နင် အလုပ်ဝင်တဲ့အခါ ရာထူးသတ်မှတ်မပေးဘူး။ ငါ လိုအပ်တဲ့အခါ ကားမောင်းခိုင်းချင်ခိုင်းမယ်၊ ခရီးထွက်ခိုင်းချင်လည်း ခိုင်းမယ်၊ ညွှန်သည့်ကြိုရတာ၊ ငါခိုင်းတာအကုန်လုပ်ရမယ်၊ လစာကတော့ နှစ်ဆရမယ်၊ ကုမ္ပဏီက ထုတ်ပေးတာရယ်၊ ငါကဘောက်ဆူးပေးတာရယ်ပေါ့"

"ဟို ဒါက"

"ဒယ်ဒီ့ကိုပြောကြည့်တော့ ကုမ္ပဏီမှာ ဝန်ထမ်းလစ်လပ်တဲ့ နေရာမရှိဘူး။ အဲဒီဝန်ထမ်းနေရာလစ်လပ်သွားအောင် ငါ အလုပ်ထုတ်ပစ်လိုက်လို့ရပေမယ့် ငါ့အတွက်ကလည်း လိုအပ်နေတာ၊ အခု ငါ ကားမောင်းနေတာမြင်လား"

"ဗျာ"

ပရမ်းပတာနှင့် ဟိုတိုက်မိတော့မလို ဒီတိုက်မိတော့မလို ဖြစ်နေတာကို သူ သတိထားမိသည်။ သူမဘေးမှာ ထိုင်စီးနေရတာ အသည်းတယားယား တအေးအေးနှင့်ပါ။

ထိုင်ခုံနောက်မှီမှာ ကျောကိုကပ်ထားပြီး ဆုပ်မိဆုပ်ရာ တင်းနေအောင် လွတ်မသွားအောင် ဆုပ်ကိုင်ထားရင်း အသက်ရှူပင် မှားနေခဲ့သည်။

"ဟာ ဟာ စန္ဒီ ရှေ့မှာ ကား ကား"





သူ သတိပေးမှ မိုးစန္ဒီ စတီယာရင်ကို လှည့်ပစ်လိုက်၏။ သူ မျက်လုံးအစုံပိတ်ပစ်မိတာ တော်တော်နှင့်မဖွင့်ရဲသေး။

"အေး ငါ ဒေါသဖြစ်စရာရှိရင် အဲဒီလိုပဲ စိတ်ကလွှတ်ထတ်တယ်၊ တိုက်ချင်ရင်လည်း တိုက်ပစ်လိုက်တာပဲ၊ ပြီးမှ လျော်ရတာလည်း အကြိမ်ပေါင်းမနည်းဘူး။ ဒါပေမဲ့ နင့်ကိုတိုက်မိတဲ့နေ့က ငါအိမ်ကထွက်လာတာ အေးဆေးပဲ၊ ဘာပြဿနာမှကို မရှိတာ၊ အဲဒါကို အဒီလိုဖြစ်သွားတာတော့ ထူးဆန်းတယ်၊ ငါစိတ်ကောင်းရှိတဲ့နေ့ဆို ကားကို အေးအေးဆေးဆေးပဲ မောင်းတတ်တာ၊ အဲဒီလိုနေ့ ဘယ်တော့မှ အက်ဆီးဒင့်မဖြစ်တတ်ဘူး"

"ဟင်"

သူ မလုံမလဲ ဖြစ်သွားမိ၏။ သူ အရဲကိုးကာ ဝင်အတိုက်ခံလိုက်ပေမယ့် ဒါကြောင့်မို့ အနာတရကြီးကြီးမားမား မဖြစ်ခဲ့တာ ဖြစ်မည်။

"ဒိုး"

"ဟင် ဗျာ"

သူ့နာမည်မဟုတ်ဘဲ သူမကို နာမည်ပြောင်းပြောထားတာမို့ အမှတ်တမဲ့ ဖြစ်သွားမိ၏။ သူမဘက်ကို လှည့်လိုက်ရပြီး

"ပြောပါ စန္ဒီ"

"တို့ပြောတာ ဘယ်လိုလဲ လုပ်ချင်တဲ့ဆန္ဒရှိလား လက်ခံလား"

"လက် လက်ခံပါတယ်၊ ဘာမလုပ်နိုင်စရာရှိလဲ"

"တို့နဲ့ပတ်သက်ပြီး သည်းညည်းခံတတ်မှလည်း ဖြစ်မှာနော်၊ စိတ်ဆိုးမကျရင် တို့က နည်းနည်းဆိုးချင်တယ်"

"ကျွန်တော်ကတော့ ဆိုးတယ်လို့ သဘောမထားပါဘူးဗျာ လူမှာ



www.burmeseclassic.com

www.burmeseclassic.com



အကျင့်စရိုက်ဆိုတာ ရှိတာပဲ၊ ကျွန်တော့်မှာလည်း မကောင်းတဲ့အကျင့်လေးတွေ ရှိတယ်၊ စန္ဒီကို ကျွန်တော် နားလည်ပါတယ်''

''ဒါဆို ဒီအလုပ်ကို နင်လက်ခံလိုက်ပြီနော်၊ ဒဏ်ရာသက်သာတဲ့နေ့မှာ အလုပ်ဆင်းတော့၊ အခုရော ဒဏ်ရာက ဘယ်လိုနေလဲ''

''သက်သာပါပြီ၊ ခြေထောက်လည်း ထောက်လို့ရပြီ၊ ဆရာဝန်က သက်သာရင် လာစရာမလိုတော့ဘူးလို့ ပြောတယ်၊ ပတ်တီးက ကိုယ့်ဘာသာ ဖြည့်လိုက်လည်းရတယ်''

''အင်း နင်အဆင်ပြေတဲ့နေ့ အလုပ်စဆင်းပေါ့''

''ဟုတ်ကဲ့''

မိုးစန္ဒီ စကားဖြတ်လိုက်တာ တုံးတိ။ တစ်လမ်းလုံး စကားဆက်မပြောတော့ဘဲ အဆင်ပြေသော လမ်းဘေးတစ်နေရာမှာ ကားကို ထိုးရပ်လိုက်သည်။

''ဒီကနေ နင့်အိမ်ကို ပြန်လို့အဆင်ပြေတယ်မဟုတ်လား''

''ပြော် ပြေပါတယ် ရတယ်''

''တက္ကစီငှားဖို့လမ်းစရိတ် ယူသွားလိုက်၊ ပိုတာ နင်သုံးပေါ့''

တစ်ထောင်းတန်နှစ်ရွက် သူ့လက်ထဲ ဆောင့်ခနဲ ထည့်ပေးသွားတော့ သူ အောင့်သက်သက်ဖြင့် ကားပေါ်က ဆင်းပေးလိုက်ရသည်။ သူ့ကိုလက်မပြပါ။ နှုတ်မဆက်ပါ။

ကားကို ဝူးခနဲ မောင်းထွက်သွားသည်။ သူ ပခုံးကို တွန့်ကာ ဆလံသည၍ ကျန်ခဲ့ရ၏။ ငွေကြေးချမ်းသာသည့် မိန်းကလေးရဲ့ ဆက်ဆံရေးက ဒါမျိုးလား။

''မှတ်သုံ''





''ဟင်''

လမ်းလျှောက်လာနေဆဲမှာ နောက်ကခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ ရွှေလဝန်း ဖြစ်နေခဲ့သည်။ ခြေလှမ်းတွေ ရပ်တန့်ပစ်လိုက်ရင်း

''လဝန်း''

''အင်း မှတ်သုံနဲ့တူပါတယ်လို့ ကြည့်နေရင်းက ခေါ်ကြည့်လိုက်တာ၊ မှတ်သုံ ဘယ်သွားမလို့လဲ''

''သူငယ်ချင်းတစ်ယောက်နဲ့တွေ့ပြီး စကားပြောနေတာပါ၊ တက္ကစီငှားမလို့ကို လိုင်းကားပဲစီးရမလားလို့ လျှောက်လာခဲ့တာ၊ လဝန်းက ကားမှတ်တိုင်နားမှာ ဘာလုပ်တာလဲ၊ ကားစီးမလို့စောင့်နေတာလား''

''မဟုတ်ဘူး၊ အခုမှ မင်္ဂလာဈေးက ဆေးဝယ်ပြီး ပြန်လာတာ''

''ဘာဏ်ပိတ်ရက်လည်း မဟုတ်ဘဲ အပြင်မှာ''

''ဒေါ်လေးလေ ညက အရေးပေါ်ဆေးခန်းပြေးလိုက်ရတယ်၊ ညဘက်ကြီး ဗိုက်အောင့်တာ ယောကျ်ားလည်းမရှိဘူး၊ သားနဲ့သမီးကိုလည်း မနှိုးဘူး၊ မနက်အလုပ်ဆင်းရမယ့် ကျွန်မကိုနှိုးပြီး ဆေးခန်းလိုက်ပို့ခိုင်းတယ်၊ ညဘက်ကြီး တက္ကစီထွက်ငှားရတယ်၊ ဆေးခန်းလိုက်ပို့ရတယ်၊ အိမ်ရောက်တော့ ပြုစုရတယ်၊ အဲဒါနဲ့ မိုးလင်းသွားရော၊ မနက်ကျတော့လည်း ဆရာဝန်ညွှန်တဲ့ဆေးကို မင်္ဂလာဈေးကို သွားဝယ်ရမယ်ဆိုတော့ သူ့ယောကျ်ားက ဝယ်တတ်ဘူးတဲ့လေ၊ အဲဒါနဲ့ ဘဏ်မှာ အရေးပေါ်ခွင့်တိုင်လိုက်ရတာ''

''လဝန်းဒေါ်လေးကလည်း ဆိုးလိုက်တာဗျာ၊ ဆေးဝယ်တာ ထားတော့ သူ့ယောကျ်ားလုပ်နိုင်ရမှာပေါ့၊ ညဘက်ဖြစ်တာလည်း သူ့ယောကျ်ားပဲ ပြုစုသင့်တာ၊ မိန်းကလေးဖြစ်တဲ့ လဝန်းက ညဘက်ကြီး တက္ကစီငှားတာတွေ ဘာတွေပါ ထွက်လုပ်ပေးရလား၊ အဲဒါ မတရားတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"မတရားဘူးဆိုပြီးတော့လည်း အပြစ်တင်ပြန်ပြောနေလို့မှ မရတာ။ ငါ့သားနဲ့သမီးက ငယ်သေးလို့ပါ၊ ယောက်ျားကလည်း ဘာမှ အသုံးမကျလို့ ညည်းကိုပဲ အားကိုးပါတယ်ဆိုတော့ ဘယ်လိုပြောမလဲ"

ရွှေလဝန်းဘက်က အတွေးကလည်း ဟုတ်ပေလိမ့်မည်။ သူ့အနေနှင့်တော့ ပညာရှိနည်းနှင့်နှိပ်စက်နေသည်ဟု မြင်မိ၏။ သူနှင့်မဆိုင်မှန်းသိပေမယ့် သူမအတွက်တွေးပြီး နှုတ်ကမနေနိုင်စွာ၊

"လူဆိုတာ သည်းခံသင့်တဲ့အရာ သည်းမခံသင့်တဲ့အရာဆိုတာ ရှိတယ်။ အနစ်နာခံတိုင်း ပေးဆပ်ရတယ်ဆိုတိုင်းလည်း ကောင်းတာမဟုတ်ဘူး။ သည်းခံရပါများလာရင် အဲဒီလူက လူညံ့လူဖျင်းဖြစ်သွားရော"

"လဝန်းကရော မသိလို့လား၊ သိလို့လည်း အဒေါ် ခွေးချီးရင်းချာအဒေါ်ဆိုတော့ ဘာမှလုပ်လို့မရဘူး ဖြစ်နေတာ၊ အဲဒီအတွက် လဝန်းက အိမ်အပြင်မှာဆိုရင် လူဆိုးတစ်ယောက်ဖြစ်နေလိမ့်မယ် ထင်တယ်"

"ဘာဖြစ်လို့လဲ"

"အိမ်မှာသည်းခံပြီး မျိုသိပ်ပြီးနေရတဲ့အတွက် အပြင်မှာကျတော့ ပေါက်ကွဲပြီပေါ့။ မိဘမရှိတာကို မိသားစုသာ သည်းခံချင်သည်းခံမယ်၊ ပတ်ဝန်းကျင်ကိုတော့ သည်းမခံဘူးဆိုတဲ့အတွေးမျိုး ဝင်လာတယ်လေ၊ ရှင့်ကိုတော့ လဝန်းကို ကူညီတဲ့သူအဖြစ်နဲ့ အကောင်းမြင်သွားမိခဲ့တာ"

"ကိုယ် ကံကောင်းတာပေါ့"

"အဟင်း အဲဒီလိုပဲ မှတ်ယူလိုက်ပါ"

"လဝန်း ကိုယ့်ကို ကော်ဖီမတိုက်ချင်ဘူးလား"

အိမ်ကို မပြန်ချင်သေးတာမို့ သွေးတိုးစမ်းကာ မေးလိုက်သည်။ ရွှေလဝန်းက အပြုံးမျက်နှာလေးမော့လာခဲ့ပြီး





"လဝန်းလည်း ကော်ဖီသောက်ချင်နေတာနဲ့အတော်ပဲ၊ အလုပ်မဆင်းရတဲ့နေ့ဆိုရင် အိမ်မှာနေရတဲ့အချိန်တွေများလို့ ပိုပြီးမွန်းကျပ်တယ်၊ အိမ်မှုကိစ္စတွေကူလုပ်၊ အဒေါ့်သားနဲ့သမီးရဲ့အဝတ်အစားတွေလျှော်၊ သူတို့စားဖို့သောက်ဖို့ ချက်ပြုတ်နဲ့ အားလပ်ချိန် နားချိန်သိပ်မရှိဘူး။ အဲဒီကြားထဲ သူ့ယောက်ျားနဲ့သားသမီးတွေကို ဆူပူနေတဲ့ မကြားဝံ့ မနာသာတွေလည်း ကြားရတာပဲ"

"ကဲပါ ကော်ဖီဆိုင်ရောက်မှ ဆက်ပြောကြတာပေါ့"

သူမ ရင်ဖွင့်စရာတွေရှိနေဦးမည်ဆိုတာ သိနေတာမို့ သူ စာနာမိစွာ ပြောလိုက်ခြင်း ဖြစ်သည်။ သူမမှာ ရင်ဖွင့်စရာသူငယ်ချင်းအပေါင်းအသင်းမရှိဘူးလို့ ပြောထားသည်မဟုတ်လား။

နီးစပ်ရာ ကော်ဖီဆိုင်လေးမှာပဲ ထိုင်ဖြစ်ကြသည်။ ကော်ဖီကိုခါးခါးမဟုတ်ဘဲ နှစ်ယောက်လုံး စိတ်တူကိုယ်တူ ချိုစိမ့်စိမ့်လေးသာ မှာဖြစ်ကြ၏။

"လဝန်း သောက်နော်၊ ကိုယ်တိုက်မှာ"

"မလုပ်ပါနဲ့၊ လဝန်းတိုက်ပါမယ်၊ ကော်ဖီဖိုး ပိုက်ဆံတော့ ပါပါသေးတယ်"

"မဟုတ်ဘူး။ ကိုယ်အလုပ်ရတော့မယ့်အထိမ်းအမှတ်နဲ့ တိုက်တာပါ"

"ဩော် အလုပ်ရတော့မယ်၊ နေပါဦး ခြေထောက်က ထော့နင်းထော့နင်းဖြစ်နေသလားလို့"

ရှူးဖိနပ်စီးပြီး ဘောင်းဘီအရှည်နှင့်အုပ်နေတာမို့ ပတ်တီးစည်းထားတာကို မမြင်ဘဲ ရွှေလဝန်း ပြောလိုက်တာဖြစ်သည်။ သူက ဘောင်းဘီအောက်နားစလေးကို အနည်းငယ်ဆွဲမ၍



www.burmeseclassic.com

www.burmeseclassic.com



"မြေထောက်မှာ နည်းနည်းဒဏ်ရာရသွားလို့ ပတ်တီးစည်းထားလို့ လဝန်းရဲ့"

"ဟင် ဒဏ်ရာရတယ် ဘာဖြစ်လို့လဲ"

"ခြော် အမှတ်တမဲ့ ချော်လဲသွားလို့ပါ"

"ဒဏ်ရာက များလား"

"မများပါဘူး"

"ရှင်ကလည်း မကြီးမငယ်နဲ့ ချော်လဲရသေးတယ်လို့၊ နည်းနည်းပါးပါး ဂရုစိုက်ဦးမှပေါ့"

"ဖြစ်ချင်လို့ဖြစ်တာ မဟုတ်ဘူးလေ၊ အမှတ်တမဲ့ ဖြစ်သွားတာဆိုတော့ မတတ်နိုင်ဘူး"

"ကိုယ့်ကိုကိုယ် ဂရုမစိုက်တာဟာ ကိုယ့်ကိုဂရုစိုက်တဲ့လူတွေကို အလေးအနက်မထားတာနဲ့ အတူတူပဲ"

"ဘာဆိုင်လို့လဲ"

"ကိုယ့်ကိုချစ်တဲ့ခင်တဲ့သူတွေကို စိုးရိမ်အောင်လုပ်တာနဲ့ အတူတူပဲလေ၊ မဟုတ်ဘူးလား။ ရှင့်မိဘတွေဆို ရှင့်အတွက် စိုးရိမ်သွားမှာပဲ ဟုတ်တယ်မဟုတ်လား"

"အင်း ဟုတ်တယ် ဖေဖေနဲ့မေမေ ကိုယ့်အတွက် စိုးရိမ်သွားကြတယ်"

"အဲဒါပြောတာ၊ တစ်ခုခုလုပ်တော့ ဖြစ်တော့မယ်ဆို ကိုယ့်မိသားစုနဲ့ပတ်ဝန်းကျင်ကို အရင်အလေးအနက်ထား တွေးသင့်တယ်၊ ကိုယ်ဒီလိုလုပ်လိုက်ရင် ဒီလိုဖြစ်သွားရင် သူတို့ဘယ်လောက်တောင် စိုးရိမ်ပူပန်သွားမလဲ၊ စိတ်ဆင်းရဲသွားမလဲပေါ့၊ လဝန်းလည်း အဲဒီအတွေးကြောင့် ဒေါ်လေးတို့ မကြိုက်မှန်းသိလို့ ဒီနေ့ထိ ရည်းစားမထားဖြစ် ယောကျ်ားမရှာဖြစ်ဘူး





လဝန်း ရည်းစားထားလိုက် ယောကျ်ားရှာလိုက်ရင် သူတို့စိုးရိမ်ကြောင့်ကြမှု များသွားမယ်၊ စိတ်ဒုက္ခရောက်သွားမယ်လေ"

သူ့နှုတ်ခမ်းအံနည်းငယ် မဲ့ကျသွားလျက်

"အဲဒါက သူတို့နေစရာဘုံပျောက်သွားမှာကြောက်လို့ပါ၊ လဝန်းကို ချစ်လို့ သံယောဇဉ်ရှိလို့ စိုးရိမ်နေတာမှ မဟုတ်ဘဲ"

"အင်း ဟုတ်တော့လည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ လဝန်းမှာလည်း သူတို့ပဲခင်တွယ်စရာမိသားစု ရှိတာလေ၊ တစ်ယောက်တည်းနေဖို့ဆိုတာလည်း မသင့်တော်ဘူး၊ မှီခိုအားထားစရာရှိသေးတယ်ပဲ ပြောရမလား"

"အဲဒါကြောင့်ဆိုပြီး လဝန်း တစ်သက်လုံး သူတို့အဆင်မပြေချင်း ပေးဆပ်နေရမှာတော့ မဟုတ်သေးဘူးထင်တယ်၊ လူဆိုတာ ကိုယ့်အနာဂတ်အတွက်ဖန်တီးဖို့ အချိန်ရှိသေးတယ်၊ ကိုယ့်ဘဝအတွက် ဘယ်လိုဖန်တီးတည်ဆောက်ရမယ်ဆိုတဲ့ မျှော်လင့်ချက်တွေထားဖို့ လိုအပ်သေးတယ်"

"အမောင်း"

သူ့စကားမှာ ဘာတွေသဘောကျစရာပါသွားလို့လဲ မသိ၊ လဝန်း နှာလေး ကျေနပ်စွာ ပြုံးယောင်သမ်းသွားသည်။ သူက ကော်ဖီကို ငုံ့သောက်လိုက်ပြီး

"ဘာကိုပြုံးတာလဲ လဝန်း"

"မင်္ဂလာဆောင်သွားတဲ့ သူငယ်ချင်း အစားရလိုက်သလိုပဲလို့ တွေးမိလို့ပါ၊ သူ့နာမည်က စုစုတဲ့၊ အခု မှတ်သုံးလိုပဲ လဝန်းကို အဲဒီလိုမျိုး အားပေးစကားတွေပြောတယ်၊ ရင်ဖွင့်ရင် နားထောင်ပေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



လဝန်းလေ မှတ်သုံ့နဲ့ခင်ခွင့်ရတာ အရမ်းကိုကံကောင်းတာပဲ၊ စုစု မင်္ဂလာဆောင်သွားတဲ့နေ့မှာပဲ စုစုလို သူငယ်ချင်းကောင်းရလိုက်တယ်''

သူငယ်ချင်းအဆင့်လောက်ပဲလားလို့ ပါးစပ်က စပ်ဆော့ကာ မေးမိတော့မလို ဖြစ်သွားသည်။ ဒါပေမဲ့ ဒီမိန်းကလေးကို ပေါ့တန်သော စကားတွေပြောမထွက်ချင်။

အရင်က ရည်းစားနှစ်ယောက်သုံးယောက် အပြိုင်ထားဖူးသော်လည်း အခု မိုးစန္ဒီနှင့်အပြိုင်ပုံစံမျိုး မလုပ်ချင်ပါ။ မိုးစန္ဒီကို ကြိုးစားကြည့်ရဦးမှာဆိုပေမယ့် လဝန်းကိုရောနှောပတ်သက်ပစ်လိုက်တာမျိုး မဖြစ်ချင်ပေ။

''လဝန်း''

''ရှင်''

''ကိုယ်လည်း မင်းကိုခင်ပါတယ်၊ မင်း အခက်အခဲမှန်သမျှ ကိုယ့်ကိုရင်ဖွင့်လို့ရတယ်၊ အခုလိုပဲ နားထောင်ပြီး အားပေးစကားတွေ ပြောခွင့်ရချင်ပါတယ်''

''ကျေးဇူးပါပဲ မှတ်သုံ၊ တကယ်ကို ကျေးဇူးတင်တာပါ''

''ကိုယ့်ဖုန်းနံပါတ် ယူထားလေ''

''လဝန်း ဖုန်းနံပါတ်လည်း ပေးမယ်''

အပြန်အလှန် ဖုန်းနံပါတ်တွေ ပေးဖြစ်ကြ၏။ သူထိန်းချုပ်ထားခဲ့ပေမယ့် သူ ဒီလောက်တော့ လဝန်းကို ဖြည့်ဆည်းခွင့်ရလိုက်ချင်သည်။ လဝန်းကို မိန်းကလေးနှင့်ဆုံရတာ သူ့အတွက်တော့ အမှတ်တရပါ။ ရင်ခုန်စရာ အလေးအနက်တွေ ဖြစ်ရင်းနှင့်။

■ ■ ■



## အခန်း (၇)

''သေမယ့်လူဆို သေနေလောက်ပြီ၊ ညည်းက ဘယ်ဝင်ဘယ်ထွက်ပြီး ဘယ်မှာအလေလိုက်နေတာလဲ၊ မင်္ဂလာဈေးနဲ့ဒီနဲ့ ဒီလောက် တောင် အချိန်တွေကြာရသလား''

''လမ်းမှာ သူငယ်ချင်းနဲ့တွေ့လို့ ကော်ဖီဆိုင်ခဏထိုင်နေတာပါ ဒေါ်လေး''

''ဘာ နေမကောင်းလို့ ဆေးဝယ်ခိုင်းတာ သူငယ်ချင်းနဲ့ကော်ဖီဆိုင်မှာအချိန်ဖြုန်းတယ်၊ ငါ့ကိုသေစေချင်နေတာများလား လဝန်း၊ ငါ့ကို အိမ်မှာရှိမနေစေချင်တော့လို့ ညည်း ဒီလိုမျိုး လုပ်နေတာလား''

ပြောလိုက်ရင် ဒါပဲ။ လဝန်း စိတ်ရှုပ်ကာ ဆေးထုပ်ကို စားပွဲပေါ် ပစ်တင်ပြီး ဆက်တီခုံမှာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။ ဒေါ်လေးက မျက်စောင်းတခဲခဲ။

''ဟုတ်တယ်မဟုတ်လား လဝန်း''

''အဲဒီဆန္ဒရှိရင် ဒေါ်လေးတို့ကိုနှင်ချလိုက်တာ ကြာပြီ ဒေါ်လေး။



www.burmeseclassic.com

www.burmeseclassic.com



လဝန်းမှာလည်း ကိုယ့်အကြောင်းနဲ့ကိုယ်ဆိုတာ ရှိသေးတယ်''

''ဪ ညည်းက ဒီစကားပြောတယ်၊ ငါတို့စောင့်ရှောက်ပေးစရာမလိုတော့ဘူးဆိုတဲ့သဘောလား၊ ဒီအိမ်ကို ငါတို့က နိုကပ်နေတယ်လို့များ ထင်နေလား။ ညည်းအမေ ငါ့အစ်မကျန်းမာရေးအတွက် ငါတို့ငွေတွေဘယ်လောက်တောင် ကုန်သွားလဲ၊ အိမ်ကိုတောင် မရောင်းချင်ဘဲ ရောင်းလိုက်ရတယ်၊ အဲဒါ ညည်းမသိဘူးလား''

''ဒေါ်လေးတို့ အိမ်ပေါင်ထားတာ ဆုံးတော့မှာမို့ ဈေးအဖြတ်ခံရပြီး ရောင်းလိုက်ရတယ်ပြောပါ၊ ပြန်ရတဲ့ငွေလေးက အိမ်ငှားစပေါ်တင်ဖို့တောင် မလုံလောက်လို့ မေမေ အိမ်ပေါ်လာနေတာ ခုနစ်တန်းကျောင်းသူဖြစ်တဲ့ လဝန်းက ဒီလောက်လေးတောင် မသိရတော့ဘူးလား''

''ဪ ညည်း တော်တော်သိနေသလား၊ ညည်းအမေကို ဆေးကုပေးလိုက်ရတာ ငါတို့ရှိသမျှချွတ်ခြုံကျပဲလေ၊ ညည်းကိုလည်း ပညာဆုံးခန်းတိုင်အောင် ကျောင်းဆက်ထားပေးရတယ်၊ ကျွေးထားရသေးတယ်၊ စောင့်ရှောက်ထားရသေးတယ်၊ အဲဒီကျေးဇူးတွေကို ညည်းတစ်ခွန်းမခံပြန်ပြောပြီး ဆပ်နေတာလား လဝန်း''

ညက အသည်းအသန်နေမကောင်းသည့်သူက အခုတော့ တစ်ရပ်ကွက်လုံး ကြားအောင် လေလံတင်ကာ အော်နိုင်နေသည်။ ဒီလို အသံကောင်းဟစ်တာ ပတ်ဝန်းကျင်ကကြားမှ သူတို့ကို မကောင်းမမြင်တော့မှာမဟုတ်လား။ အိမ်ထဲမှာ အတွင်းကြိတ်ပြီး ထိုကျေးဇူးတွေ ကြိတ်ဆပ်နေရတာတော့ ဘယ်သူမှ သိမှာမဟုတ်ပေ။

သူမ အိမ်မှာနေရတာ တကယ်ကို စိတ်ညစ်တာပါ။

''ဒါက ဘယ်လဲ''





ဘာမှ နားမထောင်ချင်တော့တာမို့ အိမ်ထဲဝင်ဖို့ ပြင်လိုက်တာကို ဒေါ်လေးက လက်ကိုဆောင့်ဆွဲကာ ဟန့်တား၏။ သူမလက်ကို ခါရုန်းလိုက်ပြီး

''အိမ်ထဲသွားမလို့ ဒေါ်လေး''

''ညည်းက ငါ့ကိုအဖတ်မလုပ်ချင်တာလား၊ စကားပြောနေတဲ့အချိန်မှာ ထသွားတာ ယဉ်ကျေးမှုမရှိဘူးဆိုတဲ့အကြောင်း ညည်းအမေက ဆုံးမချိန်ရမသွားဘဲ စောစောသေသွားခဲ့လို့ဖြစ်မယ်''

''ဒေါ်လေး မေမေ့ကိုတော့ ထိခိုက်မပြောပါနဲ့၊ မေမေက ဒေါ်လေးအစ်မအရင်းပါ၊ မိမဆုံးမဖမဆုံးမ အပြောခံရလောက်အောင် လဝန်းလည်း ရိုက်ရိုင်းနေတာမဟုတ်ဘူး ဒေါ်လေး။ ကျေးဇူးအတင်ခံချင်တယ်ဆိုလို့ လဝန်းလည်း ဆပ်သင့်သလောက်ဆပ်နေတာပဲ၊ ဒါပေမဲ့ အဲဒီကျေးဇူးတွေက တစ်သက်လုံး ဆပ်လို့ကုန်ပါတော့မလား''

''ညည်းက ကျေးဇူးဆိုတာကို ဆပ်တာနဲ့ ကျေတယ်လို့ ထင်နေတာလား။ ညည်းသာ ကျေးဇူးတင်တတ်ရင် ငါ့ကို မိဘလိုသဘောထားသင့်တာ၊ အိမ်ဦးခန်းမှာ ဘုရားလိုကိုးကွယ်ထားသင့်တာ၊ ငါတို့ပါလာတဲ့ ရွှေရင်းနှီးလုပ်ကိုင်ရင်တောင် သူဌေးဖြစ်နေလောက်ပြီ''

''ဘာလို့ အဲဒီလို မလုပ်ခဲ့တာလဲ ဒေါ်လေး၊ သူဌေးဖြစ်အောင် အဲဒီလို ကင်းကင်းရှင်းရှင်းနေခဲ့ရင် ပြီးတာပဲ''

''ညည်းမှအပြောကောင်းအေ၊ ငါ့အစ်မက သူသေရင် ညည်းကို စောင့်ရှောက်ဖို့အတွက် အပ်ခဲ့လို့ပေါ့၊ အဲဒီအချိန်မှာ ညည်းကရော ဘာလုပ်တတ်လို့လဲ၊ ငါတို့သာ ရောက်မလာရင် ညည်းအမေအလောင်းတောင် သင်္ဂြိုဟ်နိုင်မှာမဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ ဟုတ်မှာပါ။ အဖေနှင့်အမေ သေချိန်က သူမ ဘ
ရေရေရာရာ သိတတ်နားလည်သည့်အရွယ်မဟုတ်သေးပေ။ သူမကို
တွယ်ထားပြီး ဒေါ်လေးနှစ်သိမ့်ပေးခဲ့တာတွေကိုတော့ မေ့ထားလို့မဖြစ်

"ဒေါ်လေး လဝန်းကားတိုးစီးလာရလို့ ပင်ပန်းနေတယ်၊ ဒေါ်
လည်း နေမကောင်းနေတာ၊ စကားတွေအများကြီးမပြောပါနဲ့ စိတ်ချမ်းသ
ကျန်းမာရေးဆိုတာလည်း ကောင်းမှာ၊ လဝန်း ခဏနားပြီးရင် အိမ်အလုပ်
လုပ်စရာရှိတာ လုပ်လိုက်ပါမယ်"

"ငါလည်း ပြောချင်လို့ပြောနေတာ မဟုတ်ဘူး၊ ညည်းအိမ်
နေတယ်ဆိုပြီး ညည်းပမာမခန့် မထီလေးစားလုပ်နေတာတွေ ခံစားရ
အေ"

"လဝန်းက ဘယ်လောက်တောင် အသိတရားမဲ့နေလို့လဲ၊ အ
လုပ်လို့ရတဲ့ငွေလည်း အပ်တယ်၊ အလုပ်ပိတ်ရက်အိမ်အလုပ်တွေ လုပ်
တယ်၊ လဝန်းက ဘာတွေထပ်လုပ်ပေးရဦးမှာလဲ၊ ကလေးတွေနဲ့ ပတ်
တာလည်း အကုန်လုပ်ပေးနေရတာ"

"ငါသာ ညည်းမိဘအရင်း ငါမွေးထားတာတွေက ညည်း
ညီမအရင်းတွေသာဆို ဒီလောက်မလုပ်ပေးရရင်တောင် ဒုက္ခလို့ ည
ညည်းညူမှာမဟုတ်ဘူး၊ အိမ်ကြီးရှင်ပုံစံနဲ့ မထီမဲ့မြင်လည်း လုပ်မှာမ
ဘူး၊ အခုတော့ မှီခိုနေရတယ်ဆိုပြီး သိမ်ငယ်နေရတယ်၊ ညည်းမျက်
ရိပ်မျက်နှာကဲ ကြည့်နေရတယ်၊ ငါ့ယောကျ်ားဆိုရင်လည်း ညည်းဘာ
မလဲ၊ ငြိုငြင်နေမလားလို့ အိမ်မှာတောင် ရဲရဲဝံ့ဝံ့ မနေရဲဘူး"

"အဲဒါတော့ အိုဘာဖြစ်လွန်းနေပါပြီ ဒေါ်လေး၊ ဒေါ်လေး ယော
ဘယ်တုန်းကမှ အိမ်မှာနေတာ သိမ်သိမ်ငယ်ငယ် မရှိဖူးပါဘူး၊ အ





သူ့ဘာသာငွေရှာလို့ရရင် သောက်စားသုံးဖြုန်းပြီး အိမ်ပြန်မလာတာပါ၊ ငွေ
မရှိရင် အိမ်တွင်းပုန်းလုပ်ပြီး သူတော်ကောင်းယောင်ဆောင်နေတယ်၊ သူသာ
ယက်ကြောတင်းတင်း ငွေရှာပြီး မိသားစုအတွက် အားကိုးရမယ်ဆိုရင်
ဒေါ်လေးတို့ ဒီလိုတောင်နေရမှာမဟုတ်ပါဘူး၊ နှုကိုအိမ်လည်းရောင်းခဲ့ရမှာ
မဟုတ်ဘူး"

ဒီစကားပြောတာကို ဒေါ်လေး ငြိမ်ငြိမ်သက်သက်လေး ဖြစ်သွား
ခဲ့သည်။ ငြင်းလို့လည်း မရဘူးမဟုတ်လား။ ယောကျ်ားကြောင့် အခြေ
ပျက်အနေပျက် ဖြစ်ရတာကိုတော့ ဒေါ်လေး သိနေမှာပဲ။

လင်ရက်မကောင်းလျှင် အိမ်ထောင်ရေးလည်း မသာယာနိုင်ပေ။
မိသားစုအတွက် တွေးတတ်မှပဲ အဆင်ပြေမှာမဟုတ်ပါလား။

မှတ်သုံရော ဘယ်လိုယောကျ်ားမျိုးလဲ။ မိသားစုအပေါ် ကြင်နာ
တတ်သည့်သူလား။ သူ့အတွက်သူပဲ တွေးတတ်သည့်လူမျိုးလား။

သူမ ဘာကြောင့်များ မှတ်သုံအကြောင်း တွေးနေမိပါလိမ့်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဘာတွေတွေး ဘာတွေငေးနေကြလို့ အလုပ်ကို သေသေချာ ချာ မလုပ်နိုင်ကြတာလဲ၊ ငါလစ်ရင်လစ်သလို ဖုန်းပဲကလိနေကြ၊ အင်တာ နက်လိုင်းပေါ်ပဲတက်နေကြတယ်၊ လစာကို အလကား လိုချင်နေကြတာ လား။ အလုပ်ကိုသေချာမလုပ်ဘဲ လစာတိုးချင်ရတာနဲ့ ရာထူးတိုး လိုချင် ရတာနဲ့ နင်တို့အကုန်လုံး အချောင်သမားတွေ၊ အချောင်စိတ်တွေကြောင့် နင်တို့မကြီးပွားတာ၊ မတိုးတက်တာ၊ နင်တို့အားလုံး အလုပ်ထုတ်ပစ်လိုက် မယ် သိလား"

မိုးစန္ဒီအသံက အဲကွန်းတပ်ထားသော အလုံပိတ်ရုံးခန်းအတွင်း မှာ ဟိန်းထွက်နေသည်။ ရုံးခန်းအတွင်းမှာ အလုပ်လုပ်နေသည့်သူတွေ က အသက်လေးဆယ်ကျော် ငါးဆယ်လူကြီးပိုင်းတွေလည်းပါ၏။

သူမထက်ငယ်တဲ့သူတော့ တစ်ယောက်မှ ရှာမတွေ့ပေ။ ရှယ်ယာ လောက်တစ်ယောက်နှစ်ယောက်ပါနေတာကို တန်းညှိ၍ နင်ငါသုံးကာ အား လုံးကို ရိုင်းစိုင်းစွာဆက်ဆံနေသည်။





သူမရဲ့ခပ်ပါးပါး အတက်ချိုကော့စ်လေးကို ဆွဲလာရသည့်သူ့မှာ သူမနောက်မှာရပ်နေရင်း အားလုံးကို အားတုံ့အားနာဖြစ်လျက် မျက်နှာ တွေ ပူနေမိသည်။ အားလုံးလည်း သူမရဲ့ပေါက်ကွဲမှုအောက်မှာ တုံ့ပြန်မှု မပြုရဲဘဲ မျက်နှာငယ်လေးတွေနှင့်ပါ။

သူမက မကျေမချမ်းပင် ထိုလူတွေရဲ့စားပွဲပေါ်က လက်တော့ပ် တွေ ဖုန်းတွေကို လက်နှင့်ရမ်းချပစ်လိုက်၍ အားလုံးတစ်စစီ ကျိုးကြေ ကွဲကျကုန်ကြသည်။ အားလုံးနှမြောတသမျက်လုံးများ ဖြစ်သွားကြပေမယ့် ဘယ်သူမှ ဘာမှမပြောရဲကြပါ။

မိုးစန္ဒီကသာ စားပွဲခုံတွေကို ဖြန်းခနဲ ဖြန်းခနဲ ပုတ်၍

"နင်တို့ကို လုပ်ခလစာပေးထားတာ နင်တို့ပထွေးမဟုတ်ဘူး။ အလုပ်ရှင်သူဌေး၊ နင်တို့အလုပ်ကို သေချာလုပ်မှ လုပ်ခလစာရမယ်၊ ဒီနေ့ ကစပြီး အလုပ်လုပ်လား မလုပ်လား စီစီတီဗွီနဲ့ဖမ်းမယ်၊ စောင့်ကြည့်နေတဲ့သူ တစ်ယောက်ခန့်မယ်၊ ဖုန်းဆက်တဲ့သူ အင်တာနက်သုံးနေတဲ့သူ၊ အတင်းပြော နေတဲ့သူ လုပ်ငန်းကိစ္စမဟုတ်ဘဲ အလာပသလာပပြော စကားများနေတဲ့သူ၊ အလုပ်ခွင်ကို အချိန်နဲ့မရောက်ဘဲ မိနစ်စွန်း ပြီး ရောက်လာတဲ့သူ၊ အားလုံး ချက်ချင်းအလုပ်ဖြုတ်မယ်၊ သုံးလစာမျှော်ကိုးပြီး စည်းကမ်းပျက်ဖို့လည်း မစဉ်းစားနဲ့၊ အလုပ်ခွင်စည်းကမ်းပျက်မှုနဲ့ နင်တို့ကို ပြန်ပြီး တရားစွဲမယ် နားလည်လား"

အားလုံး မျက်လုံးချင်းဆုံကာ မခံမရပ်နိုင်သလိုတွေ ဖြစ်သွား ကြ၏။ သူမက ဂရုမစိုက်ပေ။ သူ့ဘက်ကိုလှည့်လာပြီး

"ဒိုး နင့်ကိုငါ ခိုင်းစရာရှိတယ် လာ၊ ဒီလူတွေအားလုံးကို နင် စောင့်ကြည့်ရမယ်၊ ပြဿနာရှိတဲ့သူ ငါ့ကိုအကြောင်းကြား။ နင်လည်း မျက်



www.burmeseclassic.com

www.burmeseclassic.com



တာရှိရင် ချက်ချင်းအလုပ်ထုတ်ခံရမယ်''

အလုပ်ဝင်သည့်နေ့မှာ သူ့ကို ဒီလူတွေနှင့် မဆိုင်းမတွပင် ရန်တိုက်ပေးလိုက်ခြင်း ဖြစ်သည်ဟု သဘောပေါက်လိုက်၏။ မိုးစန္ဒီ ဒီလိုတော့ မလုပ်သင့်ပေ။

သူ့ကိုမျက်မုန်းကျိုးကုန်တော့ ဘယ်လိုလုပ်မလဲ။ သူမက ဒီကုမ္ပဏီရဲ့ဥက္ကဋ္ဌသူဌေးရဲ့သမီးမို့ ဒီလိုအာဏာသုံးနိုင်ပေမယ့် သူက ဒီလိုမျိုး လူမုန်းခံရသည့်နေရာမှာ နေလို့မဖြစ်ဘူးထင်သည်။

ပြီးတော့ သူမရဲ့ဝန်ထမ်းတွေအပေါ်ဆက်ဆံမှုသည်လည်း မောက်မာရိုင်းစိုင်းလွန်းသည်ဟု ထင်မိ၏။ အရင်းရှင်ခေတ်မှ မဟုတ်တာ။ အလုပ်ရှင် အလုပ်သမားသဟဇာတ မျှတမှုရှိရမှာမဟုတ်ဘူးလား။

နုနယ်ပျိုမျစ်လှသွေးကြွယ်သော မိန်းကလေးက မျက်နှာကြီးတင်းထန်ကာ မောက်မာရိုင်းစိုင်းလွန်းတာ ကြောက်စရာကောင်းလှသည်။

''မြုန်း ဝုန်း''

''ဟာ''

သူမရဲ့ရုံးခန်းထဲအရောက်မှာလည်း စားပွဲပေါ်ပစ္စည်းတွေ စာရွက်စာတမ်းတွေကိုလည်း ပေါက်ကွဲမှုမပြီးနိုင်စွာ လက်နှင့်ရမ်း၍ တွန်းချပစ်လိုက်သည်။ ကြမ်းတာမှ တကယ်ကိုကြမ်းတာ။

''ဒိုး''

''ဟင်''

''အဲဒါတွေ အားလုံး စားပွဲပေါ် သေချာပြန်တင်၊ အရေးကြီးတဲ့ဟာတွေချည်းပဲ''

''ဟုတ်ကဲ့''





သူမ စိတ်တိုင်းကျ သူ ပြန်ကောက်တင်ပေးနေရသည်။ အရေးကြီးတဲ့ဟာတွေမှန်းသိရင် ဘာလို့ ဒီလိုလုပ်ပစ်နေသေးလဲ။

''ဒိုး တို့ဖို့ ကော်ဖီတစ်ခွက်ဖျော်ပေးစမ်း''

''ဗျာ''

ဒီမိန်းကလေး လွန်တော့လွန်လွန်းနေပြီ ထင်သည်။ သူမ လုပ်ချင်ရာလုပ် သူမ ခိုင်းချင်သလိုခိုင်း။

လူတစ်ယောက်ကို အားနာငဲ့ညှာရမှန်းမသိတာ တော်တော်ဆိုး၏။ ဒါပေမဲ့ သူက မိန်းမကျမ်းကြေပြီးသားပဲ။

မိုးစန္ဒီကိုဘယ်လိုကိုင်တွယ်ရမလဲဆိုတာ စိတ်ထဲမှာ ပြင်ဆင်စဉ်းစားနေမိသည်။

''စန္ဒီ ကော်ဖီရပြီ၊ ကျွန်တော့်လက်ရာ မကောင်းလည်း ဒီတစ်ခါသည်းခံလိုက်ပါနော်၊ နောက်တစ်ခါ စန္ဒီကြိုက်တဲ့အချိုးအစားအတိုင်း ကျွန်တော် ဖျော်တတ်အောင် လေ့ကျင့်ထားပါမယ်''

သူ့ဘက်က မျက်နှာချိုသွေးစွာ လေသံပျော့လေးနှင့် ပြောနေသော်လည်း သူမ ဘာမှပြန်မပြောဘဲ မျက်ခုံးပင့်ကြည့်၍ ကော်ဖီခွက်ကို ယူသောက်၏။

''ဖွီး ဘယ်လိုဖျော်ထားတာလဲ၊ ဒါမျိုးမကြိုက်ဘူး ပြန်ဖျော်''

''ဟာ''

ဖွီးခနဲ ထွေးထုတ်လိုက်တာ သူ့အင်္ကျီတွေပါ စင်ကုန်သည်။ သူ့အနည်းငယ်စိတ်ထဲမှာ တင်းသွား၏။ ယောက်ျားမာနနှင့် မခံချင်စိတ်များဖြစ်ကာ မျက်နှာကို ဆွဲသာထိုးပစ်လိုက်ချင်သည်။

ဒါပေမဲ့ သူဖြစ်ချင်တာ ဒီလိုပုံစံမျိုးမဟုတ်။ ပိုင်ဆိုင်မှုတွေများသော မိုးစန္ဒီကို သူ အပျော့ဆွဲဆွဲမှရမည်။



www.burmeseclassic.com

www.burmeseclassic.com



"စန္ဒီကြိုက်တဲ့ပုံစံကို ကျွန်တော့်ကို တစ်ခါလောက် ပြထားမှပေါ့ စန္ဒီရယ်၊ ဒါမှ ကျွန်တော် ဖျော်တတ်မှာပေါ့နော် စန္ဒီ"

"တို့ဘာသာ တစ်ခါမှ မဖျော်တတ်ဘူး၊ တို့သောက်ချင်တဲ့အချိန် ဘဲလ်နှိပ်လိုက်တာနဲ့ အတွင်းရေးမှူးမလေး လာဖျော်ပေးတယ်၊ အဲဒီလိုပဲ မကြိုက်မချင်း ထပ်ဖျော်ခိုင်းတာ၊ တို့က စိတ်တိုတဲ့အချိန်မှာ အရသာတစ်မျိုးသောက်ချင်တယ်၊ စိတ်ပျော်ရွှင်နေတဲ့အချိန် မီတင်ထိုင်ပြီးတဲ့ အချိန် သောက်ချင်တဲ့အရသာတွေက တူတာမဟုတ်ဘူး"

"သွန်သွန်ပစ်ရတော့ နှမြောစရာကောင်းတာပေါ့ စန္ဒီရယ်၊ ဒီကော်ဖီမှုန့်တွေက နိုင်ငံခြားကနေမှာတာဆို"

"ဟုတ်တယ် ဈေးအရမ်းကြီးတယ်၊ ဒါပေမဲ့ ဘာလို့နှမြောရမှာလဲ၊ ကိုယ်ရှာနေတဲ့ငွေတွေကို ဒီလိုတွေ မဖြုန်းရင် ဘယ်လိုလုပ်ကုန်မှာလဲ"

"ဗျာ"

ဖြုန်းနေမှန်း သူမကိုယ်သူမ သိနေလို့ တော်သေးတာပေါ့ဟု တွေး မိ၏။ တကယ်ကို ဆိုးတာတွေ့ပင် မတွေ့ဘူး။

သူလည်း ဘာမှထပ်မပြောတော့ဘဲ သူမစိတ်ကျေနပ်အောင် ကော်ဖီလေးခွက်မြောက်အထိ ဖျော်ပေးလိုက်ရသည်။ နောက်ဆုံးတစ်ခွက်မှ ကျေနပ်သယောင် မျက်နှာလေးပြုံးယောင်သမ်းသွားခဲ့ပြီး

"ဝွတ်"

သူ အခုမှ သက်မမောကြီးချနိုင်၏။ သူ့အလုပ်က သူမရဲ့တောက်တိုမယ်ရ ခိုင်းဖတ်နေရာမှာလား။ အလုပ်စဆင်းသည့်နေ့မှာ ပြဿနာကမျိုးစုံနှင့်။

မိုးစန္ဒီ မင်းက အဲဒီလို မိန်းကလေးမျိုးလား။

■ ■ ■



## အခန်း (၉)

"ဟာ ကြောက်စရာကြီးပါလား"

"အေးကွာ၊ တကယ်လန့်တယ်၊ ဒီလိုစရိုက်မျိုး တစ်ခါမှ မမြင်ဘူးတာ၊ ဝန်ထမ်းတွေအပေါ် ဆက်ဆံတာလည်း ရင့်သီးတယ်နော်၊ ရေလည်နိုင်းတယ်၊ အံ့ဩလွန်းလို့ ပြောတောင်မထွက်ဘူး"

"မင်းအပေါ် ဆက်ဆံတာရော"

"ဟင်"

သူ အမှန်အတိုင်းပြောလျှင် ကျိုးတော့မည်ထင်သည်။ မုတ်သုံဆိုတာ ကိုယ့်အထာနှင့်ကိုယ် နေလာခဲ့သည့်ကောင်။

"အာ ငါ့အပေါ်တော့ အဲဒီလို ဘယ်ဟုတ်ပါ့မလဲ၊ မုတ်သုံလေကွာ၊ တခြားလူမှမဟုတ်တာ၊ ငါ့ကိုတော့ မိုးစန္ဒီ ပျာနေတာပဲ"

"ဘာပျာတာလဲ"

"ဩော် သူများတွေနဲ့ဆက်ဆံတာ မတူဘူးလို့၊ လစာကိုလည်း သူများတွေထက် နှစ်ဆပေးထားတယ်၊ အလေးပေးပြီးလည်း ဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''တော်သေးတာပေါ့၊ ငွေဂုဏ်နေဂုဏ်မောက်ပြီး မင်းကိုပါ ရောပြီး ဆော်နေသလားလို့''

''သူက တော်တော်ချမ်းသာလား''

''သူ့အဖေက မြန်မာနိုင်ငံရဲ့အချမ်းသာဆုံးသူဌေးကြီးစာရင်းဝင်လားတောင် မသိဘူး၊ လုပ်ငန်းတွေအများကြီးပိုင်ပြီး တစ်နေ့ရဲ့အမြတ်ငွေက သိန်းပေါင်းသောင်းချီတယ်၊ မိုးစန္ဒီက ရုံးချုပ်မှာတာဝန်ယူတယ်ဆိုတာ သူတို့ပိုင်တဲ့လုပ်ငန်းတွေရဲ့ဝင်ငွေထွက်ငွေ ရင်းနှီးမြှုပ်နှံငွေ၊ အမြတ်အစွန်း အဲဒါတွေကို ကိုင်တွယ်တာ၊ သူက သူ့အဖေကိုယ်စား လက်မှတ်ထိုးတာ မီတင်ထိုင်တာ အားလုံးတာဝန်ယူရတယ်''

''မိန်းကလေးနဲ့ရာထူးနဲ့က မတန်တဆဆိုတော့လည်း မောက်မာအားရှိတာပေါ့ကွာ၊ ငါတို့ကျတော့လည်း ဘဝတွေက ခါးလိုက်တာ၊ တစ်နေ့ ငါးထောင်တစ်သောင်းဝင်ငွေရှိတဲ့အလုပ်လုပ်ချင်တာတောင် မလွယ်ဘူး''

''ဒီကောင့်လိုပဲ ဖြတ်လမ်းနည်းရှာပါလား''

ဖိုးသဲက လွင်ဦးပခုံးကိုပုတ်၍ မုတ်သုံကိုမေးငေါ့ပြီးပြော၏။ လွင်ဦးက မျက်နှာငယ်လေးဖြင့်

''ငါတို့က ရုပ်ခံကလည်း မဖြောင့်ဘူး၊ မိန်းမကျမ်းကလည်း မကျေဘူး၊ စကားပြောလည်း မကောင်းဘူး၊ ဘယ်လိုလုပ်သူဌေးသမီးကို အပိုင်ချိုင်လို့ရမှာလဲ၊ မုတ်သုံက ဘယ်သူ့ကို ဘယ်လိုကိုင်ရမယ်ဆိုတာ အထာကျေပြီးသား၊ အားကျရုံပဲရှိတာပေါ့''

''သူ့အိုးနဲ့သူ့ဆန် တန်မှပါကွာ၊ မိုးစန္ဒီက ဒီကောင်ဘယ်လောက်ပဲ





ချွဲဆောင်မှုကောင်းကောင်း သူနဲ့တန်တယ်ဆိုပြီး စဉ်းစားဦးမှကိုး၊ တေလေဂျိုး ဂျလေဘီအမှိုက်ကောင်ဆိုပြီး ဝန်ထမ်းအဆင့်လောက်တွေးရင် မြောင်းထဲကတောင် ခေါင်းထောင်ရမှာမဟုတ်ဘူး''

''မင်းတို့ကကွာ ငါ့ကို အဲဒီလောက်တောင် အထင်သေးရလား၊ မိုးစန္ဒီကို ငါရအောင်ကျူပြမယ် စောင့်ကြည့်နေ၊ မိန်းကလေးတစ်ယောက်ကိုဖန်ဖို့ ငါ့အတွက်အသေးအမွှားကိစ္စလေးပါ၊ ငှက်ပျောသီးအခွံနွှာစားသလောက်တောင် မခက်ဘူး''

''အေး ငှက်ပျောသီးတိုင်း အခွံနွှာရတာ မခက်ပေမယ့် အထဲကအသီးတိုင်းက အရသာရှိချင်မှရှိမှာနော်၊ မြေဩဇာမကောင်းတာ ဆေးထည့်မမှန်တာနဲ့ အစေ့တွေပါချင်ပါလာမယ်၊ ဘယ်လိုမှ စားလို့မရအောင်မာချင်လည်း မာနိုင်တယ်၊ အပေါ်ယံအလှကိုကြည့်ရုံနဲ့ အထဲကဟာကိုသိရတာမဟုတ်ဘူး''

ဖိုးသဲပြောတာ အဓိပ္ပာယ်တွေအများကြီးပါသည်ဆိုတာ သူသဘောပေါက်သည်။ အရှုံးဆိုတာတော့ သူ မကြုံဘူးပါ။

မိုးစန္ဒီကို ရှုံးလိမ့်မည်ဟုလည်း သူ မထင်မိ။ လူတစ်ယောက်မှာ ပျော့ကွက်ဟာကွက်ဆိုတာ ရှိနိုင်သည်မဟုတ်လား။ ဘယ်လိုအသုံးချရမည်ဆိုတာ သူနည်းလမ်းတွေရှာနေမိသည်။

သူက ခပ်မော့မော့ပင် ပြုံးဖြစ်လိုက်ကာ

''ငါ့အတွက် မစိုးရိမ်ပါနဲ့ကွာ၊ မုတ်သုံဆိုတဲ့ကောင် ဘယ်နှခါ ခံခဲ့ရဖူးလို့လဲ၊ အမြတ်မရလည်း အရင်းတော့မရှုံးစေရဘူး၊ နှလုံးသားကဆာလောင်မှုနဲ့အချစ်ကို ရှာဖွေနေတာမှမဟုတ်တာ၊ စီးပွားရေးအကျိုးအမြတ်အတွက် ဦးနှောက်ကိုရင်းနှီးမြှုပ်နှံရုံပါပဲ၊ မိုးစန္ဒီကို ဘယ်လိုကိုင်တွယ်ရမလဲ



www.burmeseclassic.com

www.burmeseclassic.com



ပရောဂျက်တစ်ခုရေးဆွဲထားတယ်''

''ငါတို့လည်း မင်းကို အကျိုးအမြတ်ရစေချင်ပါတယ်၊ အခုလည်း မင်းမရှုံးပါဘူး၊ မင်းဝင်တာလှလို့ အလုပ်နဲ့အကိုင်နဲ့တောင် ဖြစ်နေပြီ''

''မင်းမိဘတွေက မင်းကို အံ့သြနေကြတယ်မဟုတ်လား၊ တစ်သက်လုံး အလုပ်မလုပ်ချင်လို့ ဆင်ခြေပေးလာတဲ့ကောင်က ဝင်ငွေကောင်းတဲ့အလုပ် လုပ်နေပြီဆိုတော့''

''ဖေဖေကတော့ လစာရတာ မမြင်ရသေးလို့လားမသိဘူး အထင်ကြီးပုံမရသေးဘူး၊ ဘာမှလည်းမပြောဘူး၊ မေမေကတော့ ပျာနေတာပါပဲ၊ ငါ့အတွက် ဈေးမသွားခင် မနက်စာလုပ်ပေးတယ်၊ အလုပ်သွားရင် ထမင်းချိုင့်ယူမလား မေးတယ်၊ လမ်းစရိတ် အသုံးစရိတ်ထုတ်ပေးတယ်၊ အလုပ်အကိုင်လေးနဲ့ အတည်အတံ့ဆိုတော့ သားလည်း သိက္ခာရှိပါတယ်၊ ဒီအလုပ်ကို တည်မြဲအောင်လုပ်ပါ သားရယ်တဲ့''

''ဟုတ်တယ်ကွ ဝင်ငွေရတဲ့အလုပ်အကိုင်လေးနဲ့ဆိုရင် ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိသွားတာတော့ အမှန်ပဲ၊ ငါတို့လည်း အခုအလုပ်လုပ်နေတော့ မိသားစုလေးစားမှုခံလာရတယ်ပြောရမယ်၊ ဒါပေမဲ့ကွာ ငါတို့ရတဲ့လစာတစ်သိန်းကျော် တစ်သိန်းခွဲရတာကလည်း လမ်းစရိတ် ကိုယ့်အသုံးစရိတ်နှုတ်လိုက်ရင် အိမ်ကို ဘယ်လောက်မှအထောက်အပံ့ မပေးနိုင်ပါဘူး၊ မိုးမန္တရီလို သူဌေးသမီးတစ်ယောက်လောက်ရရင် ကောင်းမှာပဲ''

''ငါ့ကိုအားကျနေကြပြီ မဟုတ်လား''

သူ ကော်လံထောင်မကာပြောတော့ လွင်ဦးနှင့်ဖိုးသဲ ပြိုင်တူခေါင်းညိတ်ပြကြသည်။ ရည်းစားထားချင်တာတောင် သူ့ကိုဆရာကြီးတင်ကြသည့်ကောင်တွေပါ။





''မင်းတို့ကောင်တွေတော့ သူဌေးသမီးကိုရဖို့ နောင်ဘဝမှ ဖြစ်နိုင်တော့မယ်ထင်တယ်၊ အဲဒီလို ဥစ္စာခနအလှပြည့်စုံနေတဲ့ မိန်းကလေးကိုရဖို့က …အခံဆွဲဆောင်မှုလေးရှိမှ ဖြစ်မှာ''

''မင်းကရော ဘယ်လောက်ချောမောခံ့ညားနေတဲ့ကောင်မို့လဲ၊ ယောက်ျားပီသပြီး နည်းနည်းကြည့်ကောင်းရုံပါပဲ''

''လှူတတ်တာကလည်း အတတ်ပညာတစ်ခုပဲ၊ လူတိုင်းလုပ်နိုင်တဲ့အလုပ်မဟုတ်ဘူးနော်''

''အဲဒါတော့ မင်းကိုချီးကျူးပါတယ်၊ ငါတို့က မင်းလို မအီတတ်…ကျူတတ်လို့ ရည်းစားတစ်ယောက်တောင် ဖြစ်ဖြစ်မြောက်မြောက် မထားနိုင်တာ၊ ဒါပေမဲ့ ဖြတ်လမ်းနည်းပဲပြောပြော ပိုက်ဆံရှိတဲ့မိန်းမတော့ လိုချင်သားကွ''

''ငါ့လိုကုသိုလ်ကံမျိုးရှအောင် ဆုတောင်းလေ''

''အောင်မာ မင်းနဲ့မိုးစန္ဒီဆက်ဆံရေးက ဘယ်အခြေအနေအထိဆိုက်နေလို့ ဘဝင်မြင့်ပြီးအပြောကြီးနေရတာလဲ''

''စောင့်ကြည့်လေကွာ သိပ်မကြာတော့ဘူး၊ မင်းတို့အရမ်းကိုအားကျရတဲ့အခြေအနေမျိုးတွေ ဖြစ်လာတော့မယ်''

''အေးပါကွာ မင်းကောင်းစားမယ်ဆိုလည်း ငါတို့ဝမ်းသာပါတယ်၊ အခုလောလောဆယ်တော့ မင်းမျက်နှာနဲ့ လစာကောင်းတဲ့အလုပ်လေးတစ်ခုလောက် အကူအညီတောင်းချင်တယ်''

''ဖြစ်နိုင်မလား မှတ်သုံ''

''အဲ အဲဒါက နေဦးကွ၊ ငါတောင်မှ လစ်လပ်ဝန်ထမ်းမရှိဘဲ …ဝိတ်နဲ့ ဝင်ထားရတာဆိုတော့ စန္ဒီကို ငါပြောထားပါမယ်၊ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဝဉ်းစားပေးအောင်''

ဒီကိစ္စကို မယုတ်မလွန်ဘဲ သူ ပြောရဲသည်။ ရပါမယ်လို့ သူ အာမမခံရဲတာက တကယ်လို့ ဒီကောင်တွေ အလုပ်ရသွားပြီး သူ့အခြေ အနေမှန်ကို သိသွားပါက ဘယ်လောက်များ ရွတ်ချလိုက်ကြမလဲ။

ဘဝင်မြင့်ပြီး အပြောကြီးတဲ့ကောင် အခုမှတ်ပလားလို့တောင် ပြောကြမှာမလွဲပေ။

မိုးစန္ဒီကို သူ့အပေါ် ပျော့ပျောင်းနူးညံ့လာအောင် စည်းရုံးသိမ်း သွင်းနိုင်မှ ဖြစ်မှာပါ။ အမြင့်ပန်းကိုမှ သူ မျှော်မှန်းမိနေသလား။

မလွယ်ကူမှန်းသိပေမယ့် ဆွတ်ခူးရယူချင်နေသည့်ဆန္ဒတွေ ကြောင့်။

■ ■ ■



## အခန်း (၁၀)

''အလုပ်က ပင်ပန်းလား သားလေး''

ခေါင်းလေးကိုင်ကာ မေးလာသော မေမေ့လက်ကလေးကို သူ ...၍ နမ်းလိုက်သည်။

''မပင်ပန်းတဲ့အလုပ်တော့ ရှိမလား မေမေ၊ ဒါပေမဲ့ သား ...နိုင်ပါတယ်''

''အေးပါကွယ် သားလေး လုပ်နိုင်တယ်ဆိုရင် ပြီးတာပါပဲ၊ မေမေ ...တော့ သားလုပ်မှလုပ်နိုင်ပါ့မလားလို့ စိတ်မအေးဖြစ်နေတာ''

''ဒီအရွယ်ရောက်မှ အလုပ်လုပ်တာကို မင်းက ဘာစိတ်မအေး ...နေတာလဲ၊ ပညာတွေသင်ပေးထားတာ ပင်ပန်းတဲ့နေရာမှာလုပ်ရမယ့် ...င့်မျိုးလည်းမဟုတ်ဘူး၊ မလုပ်နိုင်ရှိပ့ါမလား''

''ဒါကတော့ရှင် သားလေးကလုပ်မှမလုပ်ဘူးသေးတာ၊ ပင်ပန်း ... သား မလုပ်နိုင်မှာစိုးလို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါ့လို ငွေကိုပင်ပင်ပန်းပန်း မရှာရအောင်လို့ ငါတို့အပင်ပန်းခံပြီး သူ့ကိုပညာတွေသင်ပေးထားတာပဲ၊ ဒါပေမဲ့ သူများအလုပ် သူများဆီက လုပ်ခငွေယူထားရင် တန်ရာတန်ကြေးတော့ အပင်ပန်းခံ ပေးဆပ်ရမှာပေါ့၊ မင့်သားက နဂိုတည်းက အလုပ်ကြမ်းမလုပ်ချင်တဲ့ ကောင်၊ ဘော်ကြော့ပိုင်းလုံးလုပ်ဖို့လောက် စဉ်းစားတာ"

"သားကို အဲဒီလိုတော့ မပြောပါနဲ့ ကိုခင်အောင်ရယ်၊ ကျွန်မသားက အဲဒီလို ပိုင်းလုံးလုပ်စားမယ့်သူမဟုတ်ပါဘူး"

"ဟ အလုပ်လက်ကြောတင်းအောင်လုပ်မစားချင်တဲ့ကောင်တွေက ပိုင်းလုံးလုပ်ဖို့ပဲတတ်တာ၊ စောင့်ကြည့်နေ မင်းသား ဘယ်လိုမိန်းမနဲ့ရမလဲဆိုတာ"

ဖေဖေ့မှာ နတ်မျက်စိများရှိနေလား မသိပေ။ သူ့အကြောင်းကို သိနေလို့တော့ မဖြစ်နိုင်။

သူ့ဥပဓိရုပ်ကိုကြည့်ကာ ခန့်မှန်းပြီး ပြောနေတာပဲဖြစ်မှာပါ။ ဖေဖေ အထင်ကြီးအောင်လုပ်ပြနိုင်မှ ဖြစ်မည်ဟု အတွေးဝင်မိ၏။ မေမေကတော့ သားချစ်လေးဘက်က မခံမရပ်နိုင်ဖြစ်လျက်

"သားကို နှိမ့်နှိမ့်ချချ နိမိတ်မဖတ်ပါနဲ့ ကိုခင်အောင်၊ သူ့ခေတ်နဲ့သူ့စတိုင်ဆိုတာလည်း ရှိသေးတာပဲ၊ ကျွန်မတို့သားက သူများသားသမီးတွေလောက်တော့ မဆိုးပါဘူး"

"မင်းကို ဒီကောင် ဘယ်လိုတွေစည်းရုံးသိမ်းသွင်းထားလို့လဲ မော"

မေမေက သူ့ဘက်ကချည်းလိုက်ပြောနေတာမို့ မေမေ့ကို ဖေဖေ သက်ကမကောင်းဖြစ်လာဟန်တူသည်။ မေမေကတော့ သူ့အလုပ်စဝင်သည့်နေ့မှစကာ ပိုပြီးဂရုတစိုက်ရှိလာခဲ့တာ အမှန်ပင်။





တကယ်လည်း သူ့အလုပ်ပင်ပန်းမှုကို စိုးရိမ်နေဟန်ရှိ၏။ သူလည်း မေမေ့ဘက်က ကာကွယ်ပေးရတော့မှာပါ။

"မေမေ့ကို သား မစည်းရုံးရပါဘူး ဖေဖေ၊ မေမေက သားကို သူများသားသမီးတွေလောက် မဆိုးဘူးဆိုတာ လက်ခံအသိအမှတ်ပြုလို့ သားအပေါ် ဒီလိုဆက်ဆံတာပါ၊ ဖေဖေလည်း အဲဒီလို ဖြစ်သင့်တယ်"

"ဘာကွ"

ဦးခင်အောင် ဆတ်ခနဲ ခါသွားကာ မုတ်သုံကို ဒေါသမျက်လုံးများဖြင့် ကြည့်၏။ မုတ်သုံက မင်သေသေနှင့်ပင်

"ဟုတ်တယ်လေ ဖေဖေ၊ သားအလုပ်မလုပ်ခင်က ဖေဖေ အဲဒီလိုပြောတာကို သား ခံနိုင်ပါတယ်၊ သား အခု အလုပ်လုပ်နေပြီလေ၊ လုပ်နေတာမှ ကုမ္ပဏီကအကြီးကြီး၊ နေရာကောင်းရထားတဲ့အတွက် လစာလည်းကောင်းတယ်"

"အဲဒါက မင်းဘယ်လောက်ကြာကြာ လက်ကြောတင်းအောင် လုပ်မလဲဆိုတာ စောင့်ကြည့်ရဦးမယ်၊ ဟိုတစ်ခါ လုပ်တုန်းကလည်း မင်း တစ်လနှစ်လနဲ့ အလုပ်ထွက်လိုက်တယ်၊ နောက်တော့ ဒီအလုပ်လိုပဲ ပင်ပန်းမှာပဲဆိုပြီး ဘယ်အလုပ်မှ မလုပ်တော့ဘူး အခုလည်း"

"အဲဒီလို မဖြစ်နိုင်ပါဘူးဖေဖေ၊ သားက ဒီအလုပ်ကို တစ်သက်လုံးလုပ်မှာပါ၊ ဒီရာထူးဒီနေရာမှာလည်း ကြာကြာနေမှာမဟုတ်ပါဘူး"

"ဘယ်လို"

"တကယ်ပြောတာ ဖေဖေ၊ သားက မျှော်မှန်းချက်ကြီးကြီး ထားတဲ့သူဆိုတာ ဖေဖေ သိလာမှာပါ၊ ဒီလိုအခြေအနေမျိုးနဲ့ ရပ်တန့်နေမယ့်သူ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကုမ္ပဏီကိုများ ပြန်ပေးဆွဲအပိုင်စီးဦးမလို့လား"

"ကိုခင်အောင်ကလေ သားကိုပြောလိုက်ရင်"

"မင်း အသာနေစမ်းပါ။ မင့်သားပြောနေတာ ကြားတယ် မဟုတ်လား။ စကားကြီးစကားကျယ် အောက်ခြေလွတ် ဘဝင်မြင့်စကားတွေပြော နေတာ၊ သူ့ကိုယ်သူ ဘာများအောက်မေ့နေလဲ"

"သူ့မှာလည်း ရည်မှန်းချက်ရှိလို့နေမှာပေါ့ ကိုခင်အောင်ရယ်၊ သားကိုအညွန့်တုံး အစတုံး နှိမ့်နှိမ့်ချချတွေ မပြောပါနဲ့၊ သားတို့အရွယ် ဆိုတာ အညွန့်တလူလူတက်နေတဲ့အချိန်၊ ကျွန်မတို့ကချိုန်ရောက်နေပြီ မလုပ်နိုင် မကိုင်နိုင်တော့ဘူးဆိုရင် သားကိုပဲ အားကိုးရတော့မှာ"

"မင့်သားကို အားကိုးလို့ရမလား မေးကြည့်ပါဦး၊ သူရတဲ့ လစာ သူသုံးတာဖြုန်းတာနဲ့ကုန်မှာ၊ မင်းသားရှုံးအောင် အဝတ်အစားတွေဝတ် အသုံး အဆောင်ဈေးကြီးတာတွေဝယ်၊ မိဘကိုအကြွင်းအကျန်ကန်တော့ရင် တောင် ကံကောင်း"

ဒါလည်း ဖေဖေက သိလိုက်ပြန်ပြီ။ အဲဒီလိုဖြစ်မှာပဲဆိုတာ ကြို တွက်ထားလို့ပြောတာ။

ဒါပေမဲ့ ဒီတစ်ခါရမည့်လစာကများတာမို့ မိဘတွေကို ကန်တော့ ဖို့တော့ စဉ်းစားထားပါသည်။ ဒါမှလည်း သူ့ကိုဖေဖေ အထင်မသေးတော့မှာ။

"သား အရင်ကလို အပေအတေကောင် မဟုတ်တော့ပါဘူး ဖေဖေ၊ အလုပ်အကိုင်နဲ့ရာထူးနဲ့ပါ၊ ဖေဖေ အထင်ကြီးရတဲ့သားမျိုး ဖြစ်လာ မှာပါ"

"အပြောကတော့ ကြီးပါ့ကွာ၊ အေးပါ မင်းအပြောနဲ့ညီမညီ စောင့် ကြည့်ရဦးမှာပေါ့၊ မင်းသားပြောတာ နားထောင်ထားနော် စော၊ ဒီကောင်က





အပြောပဲများတဲ့ကောင်၊ လက်တွေ့မှာ တစ်ခုမှအသုံးကျတာ ငါမတွေ့သေး ဘူး။ မင်းလည်း သတိသာထားနေ"

ဖေဖေက မေမေ့ကို မကြိမ်းမောင်းစဖူး ကြိမ်းမောင်းနေသည်။ သူ့ကို မေမေ အလိုလိုက်နေသည်ထင်လို့နေမှာ။ သူကလည်း ဖေဖေ ပြောသလို ကောင်းတဲ့အချက်မှ ထောက်ပြစရာမရှိဘဲ။

သူ့အနေဖြင့် မိုးစန္ဒီကို အမြန်ဆုံး ချဉ်းကပ်ရပေတော့မည်။ သူမ သာလျှင် သူ့ဘဝကို ပြောင်းလဲပေးနိုင်မှာ။

မင်းက ငါ့အတွက် အမြန်ဆုံး ဖန်ဆင်းရှင်ဖြစ်ဖို့ အရေးကြီးတယ် မိုးစန္ဒီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

“ဒါ ရှော့ပင်ထွက်မလို့ ဒီး၊ ကုမ္ပဏီကအပြန် နင် ကားမောင်းပြီး လိုက်ပို့”

“ဟင် ဩော် အေးပါ”

သူမ နိုင်းနေတာ တစ်နေကုန်နားရသေးတာ မဟုတ်။ ရုံးပိုင်းဆိုင်ရာကိစ္စများအပြင် သူမရဲ့တောက်တိုမယ်ရအလုပ်တွေကိုလည်း လုပ်ရသေးသည်။ ကျန်သည့်အချိန်တွေမှာတော့ ကွန်ပျူတာကို တစ်ချိန်လုံးစောင့်ကြည့်ရသည်။

သူမကတော့ ဘာမှမလုပ်ပါ။ မီတင်ချိန်မှလွဲ၍ လက်မှတ်ထိုးရသည့်အလုပ်တစ်ခုသာ ရှိသည်။ သူမ အပြင်ထွက်ချင်လျှင် ဘယ်သူ့ကိုမှအသိမပေးပါ။ သူ့ကိုလည်း ပြောမသွားပါ။

ပြန်လာသည့်အချိန်မှာ စိတ်ကြည်သည့်အခါရှိသလို စိတ်မကြည်လာလျှင်လည်း တစ်ရုံးလုံးကို ပြဿနာရှာတတ်သည်။





ဝန်ထမ်းတွေ၏မုန့်တွေ ပစ္စည်းတွေ စားပွဲပေါ်က တွန်းချရိုက်ခွဲတုန်းကလည်း လျော်ကြေးတွေပေးလိုက်ရတာ မနည်း။

ဒါလည်း သူမက ဂရုမစိုက်ပါ။ ဘယ်သူ့ကိုမဆို ဂရုမစိုက်။ မထီမဲ့မြင်လုပ်ရမှာ မိုက်ရိုင်းကြမ်းတမ်းပြောဆိုလိုက်ရမှာ ဝန်မလေးပေ။ သူမနဲ့အတူ နေလာရတာ ကြာလာလို့ သူမအကြောင်း သိသင့်သလောက်သိနေပြီဆိုပေမယ့် သူ နောက်ဆုတ်ဖို့ စိတ်ကုန်ဖို့တော့ မစဉ်းစားမိသေး။ သူ ရောက်ချင်သော ပန်းတိုင်ကို မရောက်သေးဘူးမဟုတ်ပါလား။

ညနေ ရုံးဆင်းချိန်မှာတော့ သူမနှင့်အတူ ရှော့ပင်မောတစ်ခုကို လာခဲ့ရသည်။ ဝယ်သမျှပစ္စည်းတွေက မနည်းပါ။ အပေါ်ထပ်အောက် ထပ်ဝယ်ထားသမျှ ပစ္စည်းတွေအတွက် ကောင်တာတစ်ခုမှာ ငွေရှင်းပြီးတိုင်း ပစ္စည်းတွေကို မနိုင်မနင်း သူ သယ်ပိုးနေရသည်။

မိုးစန္ဒီဆိုသည့် မိန်းမက နည်းနည်းလေးမှကို အားနာမှုမရှိ။

“ဒီး ပစ္စည်းတွေမနိုင်ရင် ကားပေါ်တစ်ခေါက်သွားတင်ချည်လေ၊ ပြီးမှပြန်လာ”

“ရပါတယ် ကျွန်တော်နိုင်ပါတယ်၊ စန္ဒီက ဝယ်စရာတွေကျန်သေးလို့လား”

“အင်း တို့က စိတ်ရှုပ်ရင် အဲဒီလိုပဲ ဈေးဝယ်ထွက်တတ်တယ်၊ အရင်ကတော့ နိုင်ငံတကာပတ်ပြီး ရှော့ပင်ထွက်တာ၊ အခုက ဖေဖေက တာဝန်တွေပေးထားတော့ နိုင်ငံအပြင်ဘက်မပြောနဲ့ အိမ်အပြင်ထွက်ဖို့တောင် မလွယ်ဘူးဖြစ်နေတယ်၊ ဒါကြောင့်လည်း တို့စိတ်တွေမွန်းကျပ်ပြီး လျှောက်လုပ်ဖြစ်နေတာ”

“ဩော် စန္ဒီရယ် စိတ်မွန်းကျပ်ရင်တောင် အလုပ်တွေလုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝိစီးမှုတွေ ဖြေလျှော့ရတယ်လို့ ကြားဖူးပါတယ်၊ အလုပ်မှာစိတ်ညစ်စရာ မရှိအောင်နေတတ်ရင် ပိုတောင်ကောင်းသေးတယ်၊ ပိုင်ဆိုင်မှုတွေများတဲ့ စန္ဒီတို့မှာ ဘာများစိတ်မွန်းကျပ်စရာတွေ ရှိသေးလို့လဲ''

''ဩော် ဒီလိုပဲ စိတ်တိုင်းမကျစရာတွေရှိလို့ပေါ့၊ အဲဒါတွေ နင့်ကိုပြောပြပြီး ဘာလုပ်ရမှာလဲ၊ ဒီလိုလုပ်ချင်ရာလုပ်ပြီး စိတ်ဖြေဖျောက် လိုက်လည်း ပြီးတာပဲ''

မိုးစန္ဒီလို အရာရာပြည့်စုံသော မိုးစန္ဒီကို စည်းရုံးသိမ်းသွင်းရတာ မလွယ်လှပေ။ သူ့ကို သူမရဲ့နိုင်းဖက်ဝန်ထမ်းအဆင့်ပဲ ထားတော့ အချစ်ရေး ကိစ္စက နူးဖို့နပ်ဖို့ ပိုပြီးမလွယ်ပေ။

''စန္ဒီ ကျွန်တော်မိုက်ဆာတယ်၊ ကျွန်တော့်ကို တစ်ခုခုကျွေးပါ လား''

သူ့ဘက်ကို မိုးစန္ဒီ မျက်လုံးဝေ့ကြည့်လာ၏။ အထပ်တွေ တက် ရဆင်းရ အထုပ်တွေသယ်ရတာကြောင့် သူ ဗိုက်ဆာလာသည် ဖြစ်၍ အရဲစွန့်ကာ အခွင့်အရေးတောင်းကြည့်လိုက်ခြင်း ဖြစ်၏။

''တို့သွားဖူးတဲ့ဆိုင်ပဲ သွားမယ်၊ နည်းနည်းအောင့်ခံနိုင်သေးတယ် မဟုတ်လား''

''ရပါတယ် အိုကေ စန္ဒီ''

သူ ပျော်ရွှင်သွားသည်။ ဒီလို အခွင့်အရေးဆိုတာ အခါခါ ရနေ တတ်တာမျိုးမှ မဟုတ်တာ။

ပစ္စည်းတွေ အထုပ်တွေ ကားထဲကိုထည့်ပြီး ကားလေးကို စန္ဒီနှင့် ထိုင်ဖူးသော ဆိုင်လေးကို မောင်းလာခဲ့သည်။ တစ်လမ်းလုံး မိုးစန္ဒီ မျက်နှာ ကြည်ကြည်လင်လင်လေး ဖြစ်နေ၍ တော်သေး၏။





[illegible]သည့်အခါမှာ မိန္နုကြည်ရဲ့ [illegible]ချင်တာတွေ မှာလိုက်ပြီး

''စန္ဒီရော ဘာစားမှာလဲ မှာလေ''

''တို့ဖျော်ရည်ပဲသောက်မယ်ဆိုတာ ဝိတ်တာလေးတွေ သိတယ်''

''ကျွန်တော်နဲ့အတူတူ တစ်ခုခုစားပါလား။ ကျွန်တော်တစ်ယောက် တည်းဆိုတော့ ပျင်းခြောက်ခြောက်နဲ့''

''တို့ကိုများ နင့်အတွက် ပျော်တော်ဆက်လိုက်လာတယ်လို့များ ထင်နေလို့လား။ တို့အထုပ်တွေသယ်ပေးလို့ အားနာပြီး ဗိုက်ဆာတယ် ဆိုတာကို လိုက်ကျွေးတာ''

''ကျေးဇူးတင်ပါတယ် စန္ဒီ၊ တကယ်ပါ နေ့လယ်ကတည်းက ထမင်းကောင်းကောင်းစားချိန်မရလိုက်ဘူး။ အပြင်ထွက်နေ့လယ်စာ စားနေ တုန်း စန္ဒီခေါ်တာနဲ့ အမြန်ပြန်လာလိုက်တာ''

''ဟုတ်သားပဲ ဒိုးက ထမင်းချိုင့်မယူဘဲ အပြင်ထွက်ထွက်စား ရတာ၊ ဒီလိုလုပ် နောက်နေ့ကစပြီး အိမ်ကပို့တဲ့ထမင်းချိုင့်ထဲမှာ နင့်အတွက် ထမင်းပိုထည့်ခိုင်းမယ်၊ တို့စားပြီးရင် နင်စားပေါ့''

အတူတူစားမည်ဟုမပြော။ အောင့်သက်သက်နှင့် ခေါင်းမဲ့ညိတ် ပြရသည်။ ရောက်လာသော အစားအသောက်တွေကို သူ ဆာဆာနှင့် အားရပါးရ ဆွဲပစ်လိုက်၏။ မိုးစန္ဒီကတော့ ဖျော်ရည်တစ်ခွက်ကို တို့က နန်းဆိတ်ကနန်း နှုတ်ခမ်းဖူးလေးဖြင့် ထိရုံသာထိသည်။

ကြီးကျယ်လွန်းသည်ဟု စွပ်စွဲရမှာထက် ဥစ္စာဓန ပိုင်ဆိုင်မှုတွေ နှင့် လိုက်ဖက်အောင် မောက်မာနိုင်သည်ဟုပဲ ချီးမွမ်းရတော့မလား။

''စန္ဒီကို ကျွန်တော် စပ်စုလို့ရမလား''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ [illegible]

စန္ဒီမှာ ချစ်သူရည်းစားရှိသလားလို့ပါ"

"ကိုယ်ရေးကိုယ်တာစပ်စုတတ်တာမျိုး တို့ မကြိုက်ဘူး"

"ဒီလောက်ရင်းနှီးနေကြပြီပဲ စန္ဒီရယ်၊ တစ်ယောက်အကြောင်း တစ်ယောက်သိရတော့ မကောင်းဘူးလား၊ ကျွန်တော့်အကြောင်း စန္ဒီ သိချင်တယ်ဆိုရင်လည်း ပြောပြမှာပေါ့"

"တို့က ဘာလို့ နင့်အကြောင်းသိချင်ရမှာလဲ၊ အလုပ်ရှင် အလုပ်သမားကြားမှာ လုပ်ငန်းကိစ္စကလွဲရင် ဘယ်အရာက အရေးကြီးဦးမှာလဲ"

"အင့်"

သူ အင့်ခနဲ အသံထွက်ကာ လည်နင်သွား၍ သေးနားက ရေဇန်ခွက်ကိုယူကာ မော့သောက်လိုက်ရသည်။ မိုးစန္ဒီက ပြုံးစိစိ။

"ဘာဖြစ်သွားတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ စန္ဒီပြောတာ မှန်တယ်၊ ကျွန်တော်က ဝန်ထမ်းအဆင့်ထက်ပိုပြီး ခင်မင်သွားကြပြီအထင်နဲ့ လောဘကြီးသွားမိတာပါ၊ ဆောရီး စန္ဒီ၊ ကျွန်တော် ကိုယ့်အဆင့်ကိုယ်သိအောင် သတိထားပါ့မယ်"

"အဟင်း နင် စိတ်ကောက်တတ်သားပဲ"

"ဗျာ ကျွန်တော်စိတ်မကောက်တတ်ပါဘူး၊ ကိုယ့်အဆင့်ကိုယ်မသိဘဲ ကျော်သွားသလိုဖြစ်တဲ့အတွက် စိတ်မကောင်းဖြစ်သွားရုံပါပဲ"

"ကဲပါ တော်ပြီ၊ စားစရာရှိတာစား၊ စိတ်ထဲထားမနေနဲ့၊ တို့လည်း နင့်ကိုခင်ပါတယ်၊ တို့နိုင်းတာတွေ မငြိုမငြင်လုပ်ပေးနေတဲ့အတွက် လစာလည်းကောင်းကောင်းပေးမှာပါ"





"ကျေးဇူးတင်ပါတယ် မိဘကိုလုပ်ကျွေးခွင့်ရတာ စန္ဒီကျေးဇူးကြောင့်ပါ၊ မေမေတို့ကလည်း သားအလုပ်ရှင်ကို ကျေးဇူးတင်ကြောင်း ပြောပေးပါတဲ့"

"အလုပ်ရှင်နဲ့အလုပ်သမား လုပ်အားပေးလို့ လုပ်ခရတာ ဘာကျေးဇူးတင်စရာလိုလို့လဲ"

"ဘယ်ဟုတ်မလဲ စန္ဒီရယ်၊ အရင်က ကျွန်တော် ပင်ပင်ပန်းပန်းလုပ်ရပေမယ့် ဒီလိုလစာ ကောင်းကောင်းရခဲ့တာ မဟုတ်ဘူးလေ၊ အဲဒါကို မေမေတို့က ကျေးဇူးတင်တာ"

"သြော် ဟုတ်လား၊ ကားနဲ့တိုက်မိတာက အလုပ်ရှင်ဆိုတာ ရော ပြောလိုက်သေးလား"

"ဟင် အဲဒါတော့ မပြောဖြစ်ဘူး၊ စန္ဒီကို တစ်မျိုးထင်မှာစိုးလို့လေ၊ ကားနဲ့တိုက်မိတာ အမှုမဖြစ်အောင်အလုပ်ပေးတယ်ဆိုတာမျိုး မဖြစ်စေချင်ဘူးလေ၊ စန္ဒီ့သိက္ခာအတွက်ပါ"

မိုးစန္ဒီ ကျေနပ်ဟန် ပြုံးသွား၏။ ဒီအပြုံးကို သူ နားလည်သည်။ သူမအပေါ် တန်ဖိုးထားသည်ဆိုတာ အသိအမှတ်ပြုလိုက်သည် မဟုတ်လား။

"တို့ နင့်ကိုအလုပ်ခန့်တယ်ဆိုတာ အဲဒါကြောင့်ပဲ၊ ဒီခေတ်ထဲမှာ ကားနဲ့အတိုက်ခံပြီး လျော်ကြေးလိုချင်တဲ့သူက ခပ်များများ၊ အမှု လုပ်မယ်၊ ထရားစွဲမယ်နဲ့ သူတို့လိုချင်သလောက် မရရင် ပြဿနာကို အရှည်ကြီးရှာတော့တာ၊ နင်ကတော့ တို့အတွက်ပဲတွေးပြီး မဆိုင်တဲ့သူတွေ ပြဿနာရှာချင်တာတောင် ကာကွယ်ပေးတယ်၊ ဆေးဖိုးဝါးခအကြောင်းဆိုတာမျိုးလည်း မလုပ်ဘူး"

www.burmeseclassic.com



"လုပ်ငန်းတွေပိုင်ဆိုင်တယ်ဆိုလို့ ကျွန်တော် အခွင့်အရေးယူပြီး အလုပ်တောင်းခဲ့တယ်မဟုတ်လားဗျာ၊ အဲဒီအတွက် ကျွန်တော် အရှမ်းအားနာနေတာပါ"

"ဒါက အားနာစရာလား။ အလုပ်လိုချင်လို့ အလုပ်တောင်းတာ ငွေတောင်းချင်တဲ့စိတ်ထက် တန်ဖိုးရှိပါတယ်၊ အလုပ်လုပ်လို့ လစာပေးရတာ ဘာမှကျေးဇူးတင်စရာမလိုဘူး။ တို့ပြောချင်တာက အလုပ်အပေါ် ရိုးရိုးသားသားသစ္စာရှိရှိလုပ်ပါ၊ တို့ ဒီထက်ပိုပြီး လစာတိုးပေးနိုင်တယ်"

"ရပါတယ် စန္ဒီရယ်၊ ဒီလောက်လစာရနေတာပဲ ကျွန်တော် ကျေနပ်နေပါပြီ၊ စန္ဒီ့အပေါ်တော့ ကျွန်တော် တစ်သက်လုံး သစ္စာရှိသွားမှာပါ"

မိုးစန္ဒီ နှုတ်ခမ်းလေးက ပြုံး၍ မျက်ခုံးလေးပင့်သွား၏။ မိုးစန္ဒီက ပြုံးလိုက်သော်လည်း နွမ်းညှိုးသယောင်ထင်ရသည်၊ ဒါပေမဲ့ သူမရဲ့ နွမ်းညှိုးခြင်း မကြာရှည်နိုင်။

အမြဲတမ်း နွမ်းညှိုးညှင်သာနေအောင် သူ ဘယ်လိုသိမ်းသွင်းဖြားယောင်းရမလဲ။ နည်းနည်းခက်သည်ဆိုသော်လည်း။

■ ■ ■



## အခန်း (၁၂)

"ဒါ သားရလာတဲ့ လစာပါ မေမေ၊ သုံးသိန်း မေမေနဲ့ဖေဖေကို ကန်တော့တာပါ၊ ကျွန်တာတော့ သားသုံးဖို့ ယူထားတယ်"

ငွေသုံးသိန်းစားပွဲပေါ်တင်ပေးလိုက်သည့်အခါမှာ ဖေဖေနှင့် မေမေ မျက်လုံးချင်းဆုံကာ အံ့ဩသွားကြသည်။ သူ သုံးဖို့လည်းရထားသည်။ သုံးသိန်းလည်းကန်တော့နိုင်သည်ဆိုတော့ ဟုတ်ရဲ့မှဟုတ်ပါ့မလားဟု တွေးနေကြခြင်း ဖြစ်မည်ထင်၏။

"သားက လစာအဲဒီလောက်တောင်ရအောင် ဘာအလုပ်တွေ လုပ်ရတာလဲ သားရယ်၊ ဝင်ဝင်ချင်း မန်နေဂျာကြီးအဆင့်နဲ့များ ရတာလား။ ဒီလောက်လစာဆိုရင် ရာထူးသေးသေးတော့ မဟုတ်လောက်ဘူး"

"မင်း ဘယ်ကုမ္ပဏီမှာ ဘာအလုပ်လုပ်တာလဲ ပြောပါဦး။ မင်းသုံးဖို့ ငါးသောင်းခြောက်သောင်း တစ်သိန်းလောက်ပဲ ယူထားတာ မဟုတ်ဘူး ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"လစာ ငါးသိန်းပါ"

"အေး မန်နေဂျာကြီးအဆင့်တောင် ဝင်ဝင်ချင်း ဒီလောက် လစာ မရနိုင်ဘူး။ တတ်ထားတဲ့ပညာနဲ့ အရည်အချင်းကြည့်ပြီး နောက်မှ လစာ တိုးပေးတာဆိုရင်တော့ တစ်မျိုးပေါ့ အခုက"

"နောက်လတွေဆိုရင် ဒီထက်လစာတိုးရဦးမှာပါ"

"ဘာကွ"

"သူဌေးက သားအရည်အချင်းကို ကြိုက်လို့ လစာကောင်းကောင်း ပေးတာပေါ့ ဖေဖေ၊ ထမင်းဖိုးလည်း ကုန်စရာမလိုတော့ဘူး"

"တယ်ဟုတ်ပါလား၊ မင်းအလုပ်ရှင်က သူဌေးသီးလား သူဌေး မလား"

"သူဌေးမပါ"

"သေချာတယ် မင်းသား ချူစီလုပ်နေပြီ"

ဖေဖေ သူ့ကိုအထင်သေးသလို နှာခေါင်းရှုံ့ပြီး မျက်နှာလွှဲသွား၏။ မေမေက ဖေဖေ့ကို မျက်စောင်းထိုးလျက်

"ရှင်ကလေ သားကိုအကောင်းကို မမြင်ဘူး။ သားအလုပ် မလုပ် တော့လည်း မလုပ်လို့၊ လုပ်လို့ လစာကောင်းရတာလည်း အပြစ်ပဲလား"

"ဘယ်သူက အလုပ်ဝင်ဝင်ချင်းမှာ လစာ အဲဒီလောက် ရမှာ လို့လဲ၊ လုပ်သက်အတွေ့အကြုံ ကျွမ်းကျင်အဆင့်ဆိုတာလည်း ရှိခဲ့တာ မဟုတ်ဘူး။ ဒီကောင်က ရုပ်ပြအပြောကောင်းလို့"

"အဲဒါလည်း အရည်အချင်းပဲလေ၊ ကိုယ့်သားသမီးကို မိဘက မှ အထင်မကြီးရင် ဘယ်သူက အထင်ကြီးမှာလဲ"

"သူဌေးမတဲ့ အမိခံလိုက်ရမှာစိုးလို့ ပြောနေတာ၊ အပျိုဆိုရင်





ည်း တော်သေးတယ်၊ မုဆိုးမတို့ တစ်ခုလပ်တို့ လင်ရှိမယားတို့ဆို မင့် သား ဘယ်လိုလုပ်မလဲ"

"ဟာ အဲဒါတော့ စိတ်မပူပါနဲ့ ဖေဖေ၊ အပျိုစစ်စစ် ရေမရော သေးဘူး။ ယင်ဖိုတောင်မသမ်းရသေးဘူးဆိုတာ သား စုံစမ်းလို့ သိထား ပါတယ်"

"တွေ့လား ဟိုကမဖမ်းရင် မင့်သားက မိအောင်လုပ်တော့မှာ၊ သူ့မှာရည်ရွယ်ချက်တွေရှိနေတယ်၊ ငါမပြောလိုက်ချင်တော့ဘူး"

"ရှင်ကလည်းရှင်"

ဖေဖေက ဘယ်ဘက်ကမှ အကောင်းမမြင်။ သူ့ကိုစိုးရိမ်တာ သာ၊ အထင်မကြီးနိုင်တာလား၊ ခွဲခြားသိဖို့ပင် ခက်၏။

သူ့ရင်ထဲမှာ အောင့်သီးအောင့်သက်ပင် ဖြစ်ရသည်။ ဖေဖေ တော့ မကျေနပ်နိုင်သေးဘဲ

"မင့်သားပြောတဲ့စကားတွေ ငါအခုမှ ဆက်စပ်မိတယ်၊ ဒီရာထူးနဲ့ နေရာမှာ ကြာကြာနေမှာမဟုတ်ဘူး၊ သားက မျှော်မှန်းချက်ကြီးကြီးထား သူဆိုတာ ဖေဖေသိလာမှာ ဒီလိုအခြေအနေမျိုးနဲ့ပဲ ရပ်တန့်နေမှာမဟုတ် ဘူး ဖေဖေ အထင်ကြီးရတဲ့သားမျိုးဖြစ်စေရမယ်နဲ့၊ သူပြောတဲ့စကားတွေက သူ့မှာရည်ရွယ်ချက်တွေရှိနေလို့ပေါ့ကွ"

"ရည်ရွယ်ချက်ရှိတော့ရော ဘာဖြစ်လဲ၊ တခြားမကောင်းတာ လုပ်တာ ပျက်စီးလေလွင့်နေတာထက်စာရင် မတော်ဘူးလား၊ အလုပ် တာထက် ရှိတာက မကောင်းဘူးလား၊ ရာထူးနိမ့်လစာနည်းတာထက် ထူးမြင့် လစာများ အဆင်မပြေဘူးလား၊ အကောင်းမမြင်နိုင်ရင် ဘာလို့ သားသမီးမွေးထားသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စော ငါ့သားကို ငါမချစ်လို့မဟုတ်ဘူး၊ နာမည်ဆိုးနဲ့ မကျော်ကြားစေချင်တာ၊ အလုပ်လုပ်တာ ကောင်းပေမယ့် မကောင်းတာကို မမျှော်လင့်စေချင်တာ၊ ငါတို့ သူ့အတွက် ဘယ်လောက်တောင် အပင်ပန်းခံခဲ့ကြလဲ၊ ပညာတွေသင်ပေးခဲ့လဲ၊ ငါတို့လည်း သားတစ်ယောက်တည်းရှိတာ၊ အကောင်းဆုံးဖြစ်ဖို့ပဲ မျှော်လင့်ချင်တာပေါ့"

မေမေ ငြိမ်ကျသွား၏။ သူလည်း ဘာဝင်ပြောရမှန်းမသိပါ။ အော်ကြီးဟစ်ကျယ် ပြောနေသော ဖေဖေ့စကားတွေက နားဝင်မချိုပေမယ့် သားအတွက်စိုးရိမ်လို့ဆိုတာကိုတော့ နားလည်ပေးလို့ရနေသည်။ သူ့ကြောင့် ဖေဖေနှင့်မေမေ ပဋိပက္ခဖြစ်နေရတာကိုတော့ စိတ်မကောင်းပါ။

"ကဲပါ ဖေဖေနဲ့မေမေရယ် အဲဒီလိုတွေ တစ်ယောက်တစ်ခွန်းစကားများမနေကြပါနဲ့၊ သား ကန်တော့တဲ့ငွေကို လက်ခံပြီး သုံးစရာရှိရင်သုံး၊ သုံးစရာမရှိလည်း လှူချင်လှူ၊ စုဆောင်းချင်စုဆောင်း ကြိုက်တာလုပ်ကြ၊ သားကတော့ မေမေတို့ကို ပထမဆုံးလုပ်အားခ ရှာပေးနိုင်တဲ့အတွက် ပီတိဖြစ်တယ် ကျေနပ်တယ်"

"ဒါပေါ့ကွယ် မေမေတို့လည်း ကျေနပ်ပါတယ်၊ သား အဲဒီလိုလိမ္မာတာကို ဝမ်းလည်းဝမ်းသာတယ်၊ သား ငွေကို မေမေတို့မသုံးပါဘူး၊ မေမေတို့လည်း ငွေရှာနိုင်သေးတာပဲ၊ သားကုသိုလ်ရအောင် အလှူအတန်းလေးလုပ်ပေးမယ်၊ ပိုတာကို ဘဏ်မှာစုထားပေးမယ် သား၊ သား အိမ်ထောင်ပြုတဲ့အခါမှာ ထုတ်သုံးလို့ရတာပေါ့ကွယ်"

"သားအတွက် မတွေးပါနဲ့၊ သားက မိန်းမယူရင်တောင် ကိုယ်က အကုန်အကျခံရမယ့် မိန်းမမျိုးမယူဘူး၊ ကိုယ့်ထက်မပြည့်စုံတဲ့သူကို ယူပြီး တစ်သက်လုံးလုပ်ကိုင်ကျွေးရမှာကြီးက ဝဋ်ကြွေးကြီးတစ်ခု ပေးဆပ်



...သလိုကြီး ဖြစ်မနေဘူးလား မေမေ"

"ကြည့် မင့်သားပြောပုံ၊ ကိုယ်ချစ်တဲ့မိန်းမယူတာ ကလေးမွေးပြီး ...သားစုဘဝထူထောင်ပြီး တစ်သက်လုံးအတူနေတာ ဝဋ်ကြွေးတွေပေးဆပ်...သလားကွ၊ အဲဒီလိုစိတ်မျိုးနဲ့သာဆို ငါ မင်းအမေလည်း မယူခဲ့ဘူး၊ မင်းလို...ကောင်ကိုလည်း မမွေးခဲ့ဘူး သိလား"

"သား သားက သဘောပြောတာပါ၊ ကိုယ့်ထက်ပြည့်စုံတဲ့ မိန်းမကို ...ရတော့ သာသာယာယာ နေနိုင်တာပေါ့၊ ကိုယ်က အပင်ပန်းခံရှာကျွေး...ရမယ်ဆိုရင် လွယ်ပါ့မလား"

"အေး အဲဒါကြောင့် မင်းကို ယောကျ်ားပိုင်းလုံးစိတ်လို့ ပြော...ား လက်ကြောမတင်း အချောင်စိတ်ရှိတဲ့ကောင်တွေက အဲဒီလို ပိုင်းလုံး...တွေးပဲ တွေးတတ်ကြတာ"

"ဖေဖေရယ် ပိုင်းလုံး ပိုင်းလုံးလို့တော့ မပြောပါနဲ့၊ လူဆိုတာ ...ယ့်အတွက်ကိုယ်တွေးရမှာပဲလေ၊ ဘယ်သူက အနိမ့်မှာနေချင်ပါ့မလဲ၊ ...မြင့်မှာပဲနေချင်တာပေါ့၊ ကိုယ်ကလုပ်ကျွေးရမှာထက် သူများလုပ်ကျွေး...ာပဲ စားချင်တာပေါ့"

"မှတ်သုံ့ ဟိတ်ကောင်"

ဖေဖေ စိတ်တိုသွားကာ သူ့ကိုဆွဲထိုးဖို့ပြင်သည်။ မေမေက ...ကြားထဲကနေ ဖေဖေ့လက်ကိုဆွဲခါထုတ်၏။

"ရှင်နော် ကျွန်မသားကို ကိုယ်ထိလက်ရောက်တော့ မလုပ်နဲ့"

"မင့်သားပြောတာတွေ နားထောင်ကောင်းနေလား စော၊ မိန်းမကို ...ယူဘူးတော့မပြောဘူး ယူမယ်၊ လုပ်ကိုင်ကျွေးရမယ့်မိန်းမတော့ မဟုတ်ဘူး ...ကိုလုပ်ကိုင်ကျွေးမယ့်မိန်းမတဲ့၊ အဲဒါ ယောကျ်ားစကားလား ပိုင်းလုံးစကား

www.burmeseclassic.com

www.burmeseclassic.com



လား''

''ဖေဖေက အန်းတိတ်အတွေးတွေ ချန်ထားခဲ့လိုက်ပါတော့၊ အရှေ့ခေတ်မှာ လူတွေက သာသာယာယာပဲ နေချင်ကြတော့တယ် ဖေဖေ မိန်းကလေးတွေကလည်း သူတို့ဘဝ သာယာကောင်းစားဖို့အတွက် အကောင်ကြီးကြီး အမြီးရှည်ရှည်ယောက်ျားတွေကို စပွန်ဆာရှာတယ်၊ ယောက်ျားတွေလည်း အဲဒီလိုပဲ မိန်းမတစ်ယောက်အတွက် တစ်သက်လုံး အပင်ပန်းခံလုပ်ကျွေးဖို့ မစဉ်းစားကြတော့ဘူး၊ သူတို့အတွက်သာယာဖို့ပဲ''

''ဟိတ်ကောင် အောက်တန်းစားအတွေး အောက်တန်းစားအကျင့်စရိုက်တွေ ငါ့ကိုလာမပြောနဲ့၊ ခေတ် ဘာခေတ်လဲ၊ ခေတ်ရဲ့အပြောင်းအလဲကို ရိုးမယ်မဖွဲ့နဲ့၊ အပြစ်မပြောနဲ့၊ လူ့ရဲ့စိတ်က အရေးကြီးတာကွ၊ ကိုယ့်ကိုကိုယ် တန်ဖိုးရှိအောင်နေတဲ့သူကတန်ဖိုးရှိလိမ့်မယ်၊ တန်ဖိုးမရှိအောင်နေတဲ့သူက တန်ဖိုးရှိမှာမဟုတ်ဘူး၊ အေး မင်းမှာသာ ညီမတစ်ယောက်လောက်ရှိခဲ့မယ်ဆိုရင် မင်း အဲဒီလိုတွေးဦးမှာလား''

''အဲဒါကတော့''

သူ အင်တင်တင်ဖြစ်သွားခဲ့သည်။ ဒါပေမဲ့ သူ ဘာမှားလို့လဲ။

''သား ဘယ်သူ့သားသမီး ညီမသားချင်းကိုမှ မစော်ကားဘူး မထိပါးဘူး ဖေဖေ၊ ကိုယ်ထိလက်ရောက်ရော စိတ်နဲ့ရော ငြိစွန်းအောင် မနေခဲ့ဖူးဘူး၊ စိတ်ဝင်စားမှုရှိတဲ့မိန်းကလေးကို ကြိုက်ချင်ကြိုက်၊ တွဲချင်တွဲလိုက်တယ်၊ ချိန်းတွေ့တာမျိုး ပါးကိုင်နားကိုင်အခွင့်အရေးယူတာမျိုး မလုပ်ဖူးဘူး၊ ဒီမိန်းကလေး ငါလိုက်ရင်ရတယ်၊ လိုက်ပြမယ်ဆိုတာမျိုး သူငယ်ချင်းတွေနဲ့ အားကျမခံ အပြိုင်လုပ်တာတော့ ဝန်ခံတယ်၊ ဒါပေမဲ့ သားမှာ ယုတ်မာတဲ့စိတ်လုံးဝမရှိဘူး''





''ငါကပဲ ချီးကျူးရဦးမှာလား၊ ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရဦးမှာလား၊ သူများတန်ဖိုးကို မဖျက်ဆီးဘူးဆိုတာထက် ကိုယ့်ကိုကိုယ်လည်း တန်ဖိုးရှိအောင် နေတတ်ရတယ်၊ မင်းရဲ့အဲဒီစိတ်ကို ရအောင်ဖျောက် မဟုတ်ရင် မင်းတော့ငါနဲ့မလွယ်ဘူးမှတ်''

ဖေဖေက လက်သီးတပြင်ပြင်ဖြင့် ပြောဆိုပြီး ထထွက်သွားသည်။ မေမေက ပိုက်ဆံတွေကို ကိုင်ကြည့်ပြီး

''သားအဖေပြောတာတွေ စိတ်ထဲမထားပါနဲ့ သား၊ သားအဖေက သားကိုမုန်းလို့ပြောတာ မဟုတ်ပါဘူး၊ သားကိုချစ်လို့ စိုးရိမ်လို့ပြောတာပါ၊ သားအလုပ်သမားကြီးဖြစ်ပြီး ငွေရှာလာနိုင်တာကို ကျေနပ်နေပါတယ်''

''သားလည်း စိတ်မဆိုးပါဘူး မေမေ၊ ဖေဖေက သားအတွက် ပြောတယ်ဆိုတာကို သား နားလည်ပါတယ်၊ ဒါပေမဲ့ သားက လူမိုက်တစ်ယောက် လူယုတ်မာတစ်ယောက် မဟုတ်ဘူးဆိုတာ ဖေဖေ နားလည်စေချင်တယ်''

''ဆန်ရင်းကို နာနာဖွပ်မှ ဆန်ကောင်းထွက်တတ်တာမို့ သားအဖေက သားကိုပြောဆိုနေတာပါကွယ်၊ ငယ်ငယ်တည်းက မေမေ့ထက်အောင် သားကိုပိုချစ်သေးတယ်၊ အရင်ကဆို သောက်တတ်စားတတ်သေးတယ်၊ သားသိတတ်လာတဲ့အရွယ်မှ ငါ့သားအတုခိုးမှာစိုးလို့ အရက်သမားဖြစ်မှာစိုးလို့နဲ့ သူ အရက်ဖြတ်ပြီး ကောင်းကောင်းမွန်မွန်နေတော့တာ၊ မေတ္တာဆိုတာ အဲဒါပဲ သား၊ ကိုယ်လုပ်ချင်တာတွေ မလုပ်ဘဲ သားသမီးအတွက်ပဲ တွေးတယ်၊ သားသမီးကောင်းစားဖို့ကိုပဲ မျှော်လင့်တယ်၊ အဲဒါ သားရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေနဲ့မေမေမေတ္တာကို သား ဘယ်တော့မှ မစော်ကား အောင်နေမှာပါ။ ဖိအားတွေနဲ့ အရမ်းကြီးမွန်းကျပ်ရတာမျိုးတော့ မဖြစ်ချင်ဘူး မေမေ၊ အရွယ်လည်းရှိတယ် ခေတ်လည်းရှိတယ် မမှားစေရပါဘူးလို့ ကတိ ပေးနိုင်ပေမယ့် သားရဲ့မျှော်လင့်ချက်တိုင်းမှာ မေမေတို့အတွက်လည်း ပါပါတယ်၊ သားက ကိုယ့်အတွက်ကိုယ်ပဲ တွေးတဲ့ကောင် မဟုတ်ပါဘူး"

"အေးပါ သားရယ် မေမေကတော့ သားကိုနားလည်ပါတယ် သားမမိုက်မဲဘူးဆိုတာလည်း ယုံကြည်တယ်၊ တစ်ခုတော့ရှိတယ် သား သား အဖေကိုလည်း အထင်မလွဲပါနဲ့"

"ဟုတ်ကဲ့ပါ မေမေ"

ပြောသာပြောရသော်လည်း ပျော်ရွှင်ရမည့်နေ့မှာ စိတ်ညစ်သွား ခဲ့တာတော့ အမှန်ပဲဖြစ်သည်။ သူက လစာငွေအပ်လိုက်၍ ဖေဖေရော မေမေရော ပျော်ရွှင်သွားခဲ့မယ်ထင်ထားတာ။

သူ့ကိုအထင်မကြီးသော ဖေဖေက မင်းငွေရှာနိုင်သားပဲလို့ ချီးကျူး မယ်လို့ အောက်မေ့တာ။ မနူးညံ့တောင် ညင်သာစွာဆက်ဆံပေးလိုက်ရင် ဘာဖြစ်မှာမို့လဲ။

အခုတော့ အပြစ်မရှိ အပြစ်ရှာနေသည်လို့သာ သူ မြင်သည်။ ဘာမှလည်း ဟုတ်တာမဟုတ်တာနှင့် စိုးရိမ်နေတာက။

■ ■ ■



## အခန်း (၁၃)

"ဒါတော့ မင်းအဖေ လွန်တယ်ကွာ၊ ချီးမြှောက်ခြင်း၊ အားပေး အထင်ကြီးပြခြင်းက လူတစ်ယောက်ဘဝကို ပြောင်းလဲသွားနိုင်တယ်ဆို တာ နားလည်သင့်တာပေါ့"

"ဟုတ်တယ် မှတ်သုံရ၊ ကလေးတစ်ယောက်ကိုပဲကြည့်၊ သား လေးက က,တာတော်လိုက်တာဆိုရင် အဲဒီကလေး ခဏခဏကတယ်၊ ခုန်ချတာ မလဲဘူးတော်လိုက်တာဆိုရင် အဲဒီကလေး အန္တရာယ်ကို မမြင် ဘဲ နောက်တစ်ခါ ခုန်ချမှာပဲ၊ အချစ်မများဖို့တော့ အရေးကြီးတယ်ကွ"

"ငါလည်း အဲဒါပြောတာ၊ ဖေဖေ ငါ့ကိုချစ်တာ ငါသိပါတယ်၊ ဒါပေမဲ့ ပြောလိုက်ရင် ပိသာလေးနဲ့ဘေးအပစ်ခံရသလိုပဲ၊ အထင်မကြီး တာထက် အထင်သေးခံရတာက ပိုဆိုးတယ်၊ ငါလုပ်တာ ဘာတွေမှား နေလဲ၊ မင်းတို့ပဲတွေးကြည့်ဦး"



www.burmeseclassic.com

www.burmeseclassic.com



မှတ်သုံ ဘီယာခွက်ကိုင်ကာ ပြောနေပုံက တကယ်ကို စိတ် ဓာတ်ကျပြီး စိတ်ပျက်လက်ပျက်။ ဒီတစ်ခါတော့ ဘီယာအလကားသောက် လို့မဟုတ်တဲ့ မှတ်သုံကို အားပေးမှဖြစ်မည်ဟု တွေးကြသည်။

"မှတ်သုံ ချီးယားစ်"

မှတ်သုံ စိတ်ပြောင်းအောင် ချီးယားစ်လုပ်သော်လည်း မှတ်သုံ အားမပါလှပေ။ ဘီယာတောင်သောက်ချင်စိတ်ပျောက်နေသလို တို့ထိ နှင့်စားပွဲပေါ်ပြန်ချထား၏။

"မင်းအဖေကြောင့် ခံစားနေတာလား"

"ပျော်ချင်တာကွ ဒီနေ့၊ ငါ မလုပ်ဘူးတဲ့အလုပ်နဲ့ ရလာ လစာကို အပ်နိုင်လိုက်တဲ့အချိန်မှာ ငါ အရမ်းကြည်နူးပြီး ပြောက်နေ မေမေကတော့ ထားပါတော့၊ ဖေဖေလည်း အဲဒီလို မဖြစ်သင့်ဘူးလား"

"ကြေကွဲမနေပါနဲ့ကွာ၊ နောက်တော့လည်း နားလည်သွားမှာ"

"ဖအေတွေဆိုတာ အဲဒီလိုပဲကွ၊ သူတို့က ယောက်ျားဆိုရင် ယောက်ျားအချင်းချင်းအထင်ကြီးရမှာ အရမ်းကိုကြောက်တာ၊ သား ကို မအေတွေကချစ်တယ်၊ ဖအေတွေက သမီးတွေပိုချစ်တယ်ဆိုတာ အဲ သားတွေကျတော့ အရွယ်ရောက်လာရင် သူတို့ကို တုပြိုင်မယ် ခြေရာ တိုင်းမယ်လို့ ထင်ထားကြတာလေ၊ ယောက်ျားဇာတိနဲ့ အားကောင်းမော သန်လေးတွေ ဖြစ်လာပြီဆိုရင် သူတို့အမြင်ကပ်လာကြပြီ"

"ငါ ဘယ်တော့မှ မယှဉ်ဖူးဘူး၊ တုဖက်ပြိုင်ဖို့လည်း မစဉ်း ဖူးဘူး"

"အိမ်ဦးခန်းထားမယ်တို့ ဒီအခြေအနေနဲ့ မနေဘူးတို့တော့ တယ် မဟုတ်လား"





"အင်း အဲဒါအပြစ်လား"

"ဘာမှလုပ်မပြနိုင်သေးဘဲပြောတာ လွယ်တယ်လို့ထင်မှာပေါ့၊ ပြောလိုက်ရင် မင်းကအကြီးကြီးတွေ အမြင်ကတ်လောက်တယ်၊ ထား လိုက်ပါ၊ မင်းအိမ်နဲ့ပတ်သက်ပြီး ဘယ်ချိန်တုန်းကခေါင်းစားခံလို့လဲ နေလိုက် တော့"

မှတ်သုံ ခေါင်းတစ်ချက်ခါပြီး ဘီယာခွက်ကို မော့သောက်၏။

"ထားလိုက်ချင်ပါတယ်၊ ဒီလိုနေ့မှာတော့ ရင်ခံတယ်ကွ၊ ငွေ ရှာမပေးနိုင်တုန်းက ဘယ်လိုပြောပြော အနာအကျင်မရှိဘဲနေရတာ ဘာမှ မဖြစ်ဘူး"

"ငွေရှာနိုင်ပြီဆိုတော့ မခံချင်တော့ဘူးပေါ့၊ မင်းအဖေလည်း အဲဒါကြောင့်ပဲ ရင်ကြောတင်းနေတာ ဖြစ်မယ်၊ ဒီကောင်ငွေရှာနိုင်ရင် ငါ့ကို ကန်တော့မယ်ဆိုပြီးတော့လေ"

"ငွေမရှာနိုင်တဲ့သားသမီးထက် ငွေရှာနိုင်တဲ့သားသမီးကို ပိုဖိတယ် ဆိုတာ အဲဒါကြောင့်လေ၊ ငွေမရှာနိုင်တဲ့သူက မိဘကို သိပ်ကန့်လန့် မတိုက်ဘူး၊ အလိုက်သင့်နေတယ်၊ ငွေရှာနိုင်တဲ့သူကတော့ စကားကြီး စကားကျယ်တွေပြောရော၊ အဖထက်သားတစ်လကြီးတယ်ဆိုတာမျိုးပေါ့၊ အဲဒီတော့ မိဘတွေက အစော်ကားမခံရအောင် ကြိုပြီးကန်ထားတယ် ဖိထားတယ်"

"အဲဒါမျိုးလား"

"အေး အဲဒါမျိုးပဲ၊ မင်း တကယ်စေတနာပါရင် ဘာမှမပြော တော့ဘဲ လစာအပ်ချင်အပ်၊ အလုံးကြီးတွေ မထည့်နဲ့၊ နားကြားပြင်းကပ် တဲ့ပုဒ်မနဲ့ အမွေဖြတ်ခံနေရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



လွင်ဦးတို့ပြောနေကြတာလည်း ဟုတ်သလိုလို။ သူ့ဘာလည်း အကြီးကြီးတွေပဲ ပြောတတ်တာပါ။

မပြောဘဲနေတော့ရော ဘာဖြစ်မှာမို့လဲ။ နားကြားပြင်းကပ်နေလို့ ဖေဖေလည်း သူ့ကိုဖွဲ့တာဖြစ်မည်။

"အေးကွာ ငါကလည်း အငြိမ်ဖယားနဲ့ခွေ့ရင်ရရဲ့သားနဲ့ မင်းတို့ပြောသလို အလုံးကြီးတွေထည့်နေတော့ ဖေဖေက နားကြားပြင်းကပ်တဲ့အထာတွေ ထုတ်သုံးလာတာပေါ့၊ မေမေ နားလည်ပေးနေတာပဲ တော်ပါပြီ"

"မင်းအဖေရှေ့ကျရင် ကွေးနေလိုက်ကွာ ပြီးရော၊ ပြောစရာရှိလို့ ဝုန်းနေတာ၊ မရှိရင် ဝုန်းစရာလည်း မလိုတော့ဘူး အငြိမ်ပဲ"

"အေးပါကွာ"

"ဒါနဲ့ မင်းရဲ့ဘောစိ သူဌေးမနဲ့ရော အဆင်ပြေလား"

"ပြေပါတယ် လစာထပ်တိုးပေးဦးမယ်ဆိုတာတောင် ပြောနေသေးတယ်၊ ထမင်းလည်း ထွက်မစားနဲ့ သူ့အိမ်က ပို့ထည့်လာမယ်တဲ့"

"အဲဒီလောက်နဲ့ ကျေနပ်နေပြီလား"

"တစ်ဆင့်ချင်းတက်နေတယ်၊ မြန်တိုင်းကောင်းတာမဟုတ်ဘူး သိတယ်မဟုတ်လား အခြေအနေမကြည့်ဘဲ အားသုံးလိုက်ရင် မြန်မြန်ပြီးသွားတော့ ဘယ်လိုလုပ်မလဲ"

"သူ့အထာက"

"ကြွေပါတယ် ဒါပေမဲ့ သူ့မှာမာန်တွေရှိတယ်လေ၊ အကွာအဝေးက မှန်းလို့ရတာမဟုတ်ဘူး၊ ဒီအနေအထားမျိုးရှိနေတာတောင် ကံကောင်းလို့ ဒါပေမဲ့ မှတ်သုံ့ပါ၊ မင်းတို့သိပါတယ်၊ ကျမ်းစာအုပ်တွေ ဝါးစားထား





တာ"

"အဲဒီအလုံးတွေကြောင့် မင်းအဖေလည်း အမြင်ကတ်တာ"

"မင်းတို့ကရော"

"ကျေပါတယ် မအေးစိန်ရယ်၊ ဘီယာတွေအလကားသောက်နေရတာ၊ အားနာသင့်မှန်း နားလည်ပါတယ်"

"ခဏခဏ ဖေါက်ရင် ပိုတောင် ကြိုက်သေးတယ်"

"ခွေးကောင်တွေ"

မှတ်သုံ ပျစ်နှစ်စွာဆဲရင်း ဘီယာတွေတစ်ကျိုက်လုံး မော့ သောက်လိုက်သည်။ သူငယ်ချင်းတွေနှင့် ဒီလိုနေလိုက်ရမှ စိတ်ထဲမှာပေါ့ပါး သွားသလိုရှိ၏။

အတွေးထဲမှာ ရွှေလဝန်းရဲ့အရိပ်ကလေးက ပေါ်လာသည်။

"လဝန်းကို သတိရလိုက်တာကွာ"

"ဘာ မင်းအခု ဘယ်သူ့ကိုစိတ်ဝင်စားနေတာလဲ၊ မိုးစန္ဒီလား ရွှေလဝန်းလား"

"မိုးစန္ဒီကိုက ငါ့ဘဝအတွက်ရွေးချယ်တာပါ"

"ရွှေလဝန်းကရော"

"နှလုံးသားက လက်ခံချင်နေတာထင်တယ်၊ ဘယ်ကောင်မလေးကိုမှ လဝန်းကို သတိရနေတာ မြင်ယောင်နေတာမျိုး မရှိဖူးဘူး"

"အရင်ကလို တစ်ပြိုင်တည်း ရည်းစားထားချင်ထားပေါ့ကွ"

"ရည်းစား အဲဒီအဆင့်မျိုးမဟုတ်ဘူးကွ နှစ်ယောက်လုံးပဲ"

"ဘယ်လိုလဲ"

"လဝန်းကိုတော့ ချစ်မိနေတာ ထင်တယ်၊ မဟုတ်သေးဘူး ထင်



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ဘူး၊ ငါ့နှလုံးသားကကို လက်ခံနေတာ၊ ဒါပေမဲ့ လဝန်းကိုတော့ ချစ်တယ်လို့ ပြောခွင့်ကြုံတော့မယ် မထင်ဘူး''

''အကြီးကြီးအလုံးတွေ ထည့်ပြန်ပြီ၊ ဘာတွေခွဲခြမ်းစိတ်ဖြာနေတာလဲ၊ မင်းဘက်တုန်းက အဲဒီလိုချင့်ချိန်တယ်ဆိုတာ ရှိဖူးလို့လဲ''

မုတ်သုံ တစ်ချက်ငိုင်သွားကာ

''ချစ်တာက တစ်ယောက် လက်ထပ်တာက တစ်ယောက်ဆိုတာမျိုး ဖြစ်တော့မယ်လို့ ပြောချင်တာ''

''မိုးစန္ဒီက မင်းကိုလက်ထပ်မှာတဲ့လား''

''အဲဒီအဆင့်ထိတော့မရောက်သေးဘူး၊ ဒါပေမဲ့ အဲဒီအဆင့်ထိရောက်အောင် ငါကြိုးစားမှာ၊ ဘဝတစ်ခုလုံး အချိန်တိုအတွင်း ပြောင်းလဲဖို့ဆိုတာ ဒီနည်းလမ်းပဲရှိတယ်''

''မချစ်တဲ့မိန်းကလေးတစ်ယောက်ကို မင်းလက်ထပ်နိုင်လို့လား''

''ငွေကြေးဥစ္စာပြည့်စုံရင် အိမ်ထောင်ရေးတော့ သာယာနိုင်တာပဲလေ''

''မင်းက ဘာလို့ ပိုက်ဆံရှိတဲ့မိန်းကလေးကို ဘာကြောင့် အရမ်းလိုချင်နေတာလဲ''

''အဲဒါက ကိုယ်နဲ့ခွေမတော်မျိုးမတော် မိန်းကလေးတစ်ယောက်ကို တစ်သက်လုံး ဝန်ကြေးတစ်ခုလို အပင်ပန်းခံလုပ်ကိုင်ရှာဖွေ ကျွေးမွေးရတာနဲ့စာရင် တော်သေးတယ်မဟုတ်လား''

''ဟား ဒီကောင်ဘာတွေပြောနေတာလဲ၊ အစွန်းရောက်ကြီး''

လွင်ဦးတို့နားမလည်နိုင် ဖြစ်သွားကြ၏။ ဖိုးသဲက သူ့ပေါင်ကို လှမ်းပုတ်ပြီး





''မင်းအချစ်နဲ့မတွေ့သေးလို့ ဒီစကားပြောတာ ချစ်တဲ့မိန်းကလေးသာတွေ့လို့ကတော့ တစ်သက်လုံး လုပ်ကိုင်ကျွေးပါရစေ၊ ဆံဖြူသွားတွေကျိုးတဲ့အထိ ပေါင်းသင်းပါရစေနဲ့ ဒူးထောက်ပြောမယ်ကောင်၊ နွားလိုရုန်းရလည်း ပင်ပန်းတယ်လို့ မထင်တော့ဘူး၊ မိန်းမထဘီလျှော်ရမလား၊ ကလေးအနှီးလျှော်ရမလား၊ အိမ်မှုကိစ္စလုပ် ထမင်းဟင်းချက်ရမလား၊ ပျာနေမှာ၊ မိဘကိုတောင် ချောင်ထိုးချင်ထိုးထားဦးမယ်''

''အေး မင်းတို့ပြောတာ ဖြစ်ချင်ဖြစ်နိုင်ပေမယ့် ငါ ယောကျ်ားဘာတွေက လွန်ကုန်ပြီ၊ ငါ မိုးစန္ဒီနဲ့လက်ထပ်ရအောင် ကြိုးစားမှာ၊ လဝန်းကို ချစ်ပေမယ့်လည်း''

မုတ်သုံ စကားမဆက်။ ဘီယာတစ်ကျိုက်သောက်ကာ ခဏငြိမ်သက်သွားသည်။ ခဏနေမှ သက်ပြင်းတွေ မှုတ်ထုတ်သလို ရှူးခနဲအသံထွက်လာပြီး

''ငါ ရွေးချယ်မှုတော့ မမှားလောက်ပါဘူးနော်''

''ဘာကိုလဲ''

''မိုးစန္ဒီကို ရွေးချယ်လိုက်တာ''

''ဘဝအတွက်ဆိုပြီး ရွေးချယ်တာဆိုရင်တော့ မမှားပါဘူး၊ ငါတို့လည်း မြင်ဖူးထားတာ ရုပ်ရည်လည်းမဆိုးဘူး၊ ဥစ္စာဓနကတော့ ပြောစရာကိုမလိုတာ၊ စရိုက်နဲ့ကာရိုက်တာက အဲဒီနေ့ကတွေ့တဲ့ပုံကို ခန့်မှန်းကြည့်ရတာတော်တော်မောက်မာမယ့်ပုံစံ၊ ဒါပေမဲ့ မင်းက ကျူတာ အီတာတော့ ဆရာကြီးပဲ အဆင်ပြေသွားမယ်ဆိုရင် ကောင်းပါတယ်၊ လမ်းကြောင်းဖြောင့်မယ်ဆိုရင် ဆွဲသာဆွဲ''

ဖိုးသဲတို့ အားတက်သရော အားပေးပေမယ့် သူ့စိတ်တွေ ပေါ့ပါး



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်မသွားခဲ့။ လေးပင်ထုံထိုင်းမှုတွေဖြင့် မိုးစန္ဒီရဲ့မောက်မာမှုတွေကို သည်းခံနိုင်ပါဦးမလားဟု စိုးရိမ်လာခဲ့သည်။ ဒါပေမဲ့ နောက်ဆုတ်ဖို့ကိုလည်း တွေဝေနေပြန်၏။

"ငါ ပြန်မယ်ကွာ"

"ဟ မြန်လှချည်လား"

"တစ်နေရာကို သွားစရာရှိလို့ပါ"

"ဘယ်နေရာလဲ၊ ငါတို့လည်းလိုက်မယ်လေ"

"မလိုက်ပါနဲ့၊ ငါတစ်ယောက်တည်း သွားချင်လို့"

"ဒီကောင် ဂေါက်သွားပြီ"

"ရိုးရိုးကြောင်ရင် တော်သေးတာပေါ့၊ ရူးသာကြီးအထိလိုက်ကြည့်ရမယ်ဆို မလွယ်ဘူး"

ဖိုးသဲနှင့်လွင်ဦး ဘာပြောပြော ပြန်ပြီး မချေပခဲ့။ ငွေရှင်းပေးခဲ့ပြီး သူထွက်လာခဲ့သည်။ လဝန်းအိမ်ကို စုံစမ်းထားခဲ့တာမို့ သူမအသံလေးကြားနိုင်မြင်နိုင်မည့်နေရာကို တက္ကစီငှား၍ ရောက်အောင်လာခဲ့လိုက်သည်။

သူမတို့အိမ်နားအရောက်မှာ ပွက်ပွက်ရိုက်အောင် ဆူညံသံတွေကြားလိုက်ရ၏။ သူမ ဘယ်လောက်တောင် မွန်းကျပ်စိတ်ဆင်းရဲနေလိုက်မလဲ။

ရင်ဖွင့်ဖော်တစ်ယောက်တော့ လိုနေမှာအမှန်ပဲ ဖြစ်သည်။ သူမရဲ့ရင်ဖွင့်ဖော်က သူဆိုတာလည်း။

■ ■ ■



## အခန်း (၁၄)

"ညည်းလစာထုတ်လာတာ ဒါပဲလား၊ အရင်လတွေက တစ်လဆို နှစ်သိန်းကျော်ထုတ်ရတယ်၊ ဒီလက ဘယ်လိုဖြစ်တာလဲ"

"ဒေါ်လေး နေမကောင်းလို့ ခွင့်တွေယူရတယ်လေ၊ ရက်ပျက်တဲ့အတွက် ဘယ်လိုလုပ်ရက်မှန်ကြေး ဘောနပ်စ်တွေ ရတော့မှာလဲ"

"အရင်ကလည်း ရက်ပျက်တာ အဲဒီလောက်မလျော့ပါဘူး။ ညည်းဦးတိုကလိမ်ကကျစ် မလုပ်နဲ့၊ ဆေးဖိုးတွေကုန်လို့ အကြွေးယူထားတာနဲ့ ကလေးတွေကျူရှင်လခနဲ့ ငွေက အရမ်းလိုနေတာ၊ ဒီလောက် ပိုက်ဆံလျော့နေရင် ငါက ဘယ်လိုလုပ်ရမှာလဲ"

"အဲဒါတော့လည်း မတတ်နိုင်ဘူး"

"ဘာ ညည်း ဘာပြောတယ်"

"ဒေါ်လေး မကြားလိုက်ဘူးလား၊ မတတ်နိုင်တော့ဘူးလို့ပြောတာ၊ ငွေကို အလုပ်လုပ်လို့ရသမျှ အကုန်အပ်နေတာပဲ၊ ငွေလိုတယ်ဆို



www.burmeseclassic.com

ရင် ဒေါ်လေးယောက်ျားကို ရှာခိုင်းပေါ့၊ လဝန်းက ဒီလစာအပြင် ဘယ်က နေ ဘယ်လိုပုံစံနဲ့ ထပ်ရှာပေးရဦးမှာလဲ၊ လဝန်းက ဒေါ်လေးရဲ့ယောက်ျား လည်းမဟုတ်ဘူး၊ ကလေးတွေရဲ့အဖေလည်းမဟုတ်ဘူး၊ အမေလည်း မဟုတ်ဘူး၊ လစာငွေအကုန်အပ်နေတာမှ မကျေနပ်လည်းမတတ်နိုင်ဘူး ဒေါ်လေး''

တစ်ခါမှ ဒီလောက် ကက်ကက်လန်အောင် မပြောဖူးဘဲ ပြော ပစ်လိုက်သည်။ ရင်ထဲမှာတင်းကျပ်နေရတာတွေ မခံနိုင်တော့လို့ပါ။

လစာငွေထဲကနေ သူမ အသုံးအဆောင်ပစ္စည်း အဝတ်အစား ဝယ်ဖို့ တစ်ပြားမှလည်း နှုတ်ယူထားတာမဟုတ်။

ဒေါ်လေး နေမကောင်းတာ ခွင့်ယူရတဲ့ရက်တွေများလို့ လစာ ငွေနည်းသွားတာ ဒီလောက် ပြဿနာရှာစရာလား။ ဒေါ်လေးက သူမ ပေါက်ကွဲမှုတွေအတွက် မခံမရပ်နိုင်တွေဖြစ်သွားပြီး

''အမယ်လေးလေး ကြည့်ပါဦး၊ အဒေါ်ကိုများ သူ့လုပ်စာစား နေတယ်ဆိုပြီး ကက်ကက်လန်အောင် ပြန်ပြောနေလိုက်တာ၊ ငါ့ယောက်ျား လက်ကြောမတင်းလို့ ညည်းကိုအားကိုးနေတာပေါ့အေ့၊ သူသာ လက် ကြောတင်းတင်း ရှာဖွေလုပ်ကိုင်ကျွေးမယ်ဆိုရင် ညည်းကိုမှီခိုနေပါ့မလား၊ အဲဒါကို ညည်းက မာန်တက်ပြီး ပမာမခန့် ရန်တွေ့နေတာလား''

''ရန်တွေ့နေတာထက် အကျိုးအကြောင်းရှင်းပြနေတာ ဒေါ်လေး၊ လစာငွေအပြည့်အဝလိုချင်တယ်ဆိုရင်လည်း ဒေါ်လေး နေမကောင်းတဲ့အခါ လဝန်းကို အလုပ်ကခွင့်မယူနိုင်းဘဲ ဒေါ်လေးယောက်ျားကို ပြုစုခိုင်း၊ ဆေးခန်း ပို့ခိုင်းပါလား၊ မိသားစုကို လုပ်ကိုင်ရှာဖွေမကျွေးချင်ရင် ဒီလောက်တော့ လုပ်နိုင်ဦးမှပေါ့''





''သူက တစ်ရက်လောက် အိပ်ရေးပျက်ရင် သုံးရက်လောက် အိပ်မယ်၊ သူ့အသုံးစရိတ်သူရှာချိန်မရဘူးဆိုပြီး ငါက ထုတ်ပေးရဦးမယ်၊ ကြောင့်မို့ ညည်းကိုနားခိုင်းရတာပေါ့''

''ဒါဆိုလည်း အဲဒီလောက် အသုံးမကျတဲ့ယောက်ျား အားမကိုး ယောက်ျားကို ဘာလုပ်ဖို့ ဘာအတွက်ပေါင်းသင်းနေသေးလဲ ဒေါ်လေး ကွာရှင်းပစ်လိုက်ပါလား''

''ညည်းက ယောက်ျားမရဘူးတော့ ဒီစကားကို လွယ်လွယ် ပြောထွက်မှာပေါ့၊ တစ်ခုလပ် တစ်လင်ကွာမိန်းမဘဝ ဘယ်လောက် ယ်ရတယ်ထင်လဲ၊ ကလေးတွေ ဖခင်မဲ့လေးတွေ ဖြစ်သွားရင်ရော လောက် အားငယ်ရမလဲ''

''ဖအေရှိပြီး မပြည့်မစုံနေရတာကမှ ပိုပြီးသိမ်ငယ်စရာ အား ရောကောင်းပါတယ် ဒေါ်လေးရယ်၊ ဒေါ်လေးအတွက်ရော ကလေး တွက်ရော မားမားမတ်မတ် ရပ်တည်ပေးတာရှိလို့လား၊ သူ့အတွက် ပဲရှာတယ်၊ ရလာရင် သုံးမယ်ဖြုန်းမယ် သောက်မယ်စားမယ်၊ ဒီလို နေတာကမှ ကလေးတွေကြီးလာရင် အတုခိုးမှားချင်မှားဦးမယ်၊ အဖေ တာဝန်ကျေတာမှမဟုတ်ဘူး၊ ငါတို့ရော ဘာတာဝန်ကျေစရာလိုလဲ၊ တောင် ငွေရှာတာမဟုတ်ဘူး၊ ငါတို့ရော ငွေရှာစရာလိုလား၊ ဒီအတိုင်း သက်သာတယ်ဆိုပြီး အချောင်စိတ်တွေဝင်လာဦးမယ်''

''ဟဲ့ ငါ့သားသမီးတွေကို မဦးမချွတ် နိမိတ်မရှိနမာမရှိတွေ ပါနဲ့၊ သူ့အဖေက ဒီလိုဆိုပြီး သူတို့က ဒီလိုဖြစ်စရာလား၊ ဒီလိုပဲ သွန်သင်ရတာပေါ့''

သူမ မျက်နှာလေး ရှုံ့မဲ့သွားခဲ့ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူကလဲ ဒေါ်လေးကလား၊ သူတို့အဖေက ဆုံးမမှာလား

အရင်တုန်းက ငါပြောသလိုလုပ် ငါလုပ်သလိုမလုပ်နဲ့လို့ ပြောဆိုဆုံး

ရှုံးနဲ့ ရတဲ့ခေတ်မဟုတ်တော့ဘူး ဒေါ်လေး၊ ကိုယ့်ရှေ့က လူကြီးတွေ

လုပ်လဲ ဘယ်လိုနေ ဘယ်လိုပြောလဲဆိုတာ အတုခိုးပြီး နောက်က လို

လုပ်နေကြတာ၊ သူလည်း ဒီလိုလုပ်တာ ငါလည်း ဒီလိုလုပ်တော့ ဘာဖြစ်

ဆိုပြီး တုံ့ပြန်မှုတွေ ဖြစ်လာတော့ ဒီကလေးတွေ မိုက်ရိုင်းတယ်၊ လူကြီး

လူကြီးမှန်းမသိဘူး၊ မိဘဆိုဆုံးမမှုတွေ မရှိဘူးဆိုတာမျိုး ဖြစ်လာပြီ"

"ညည်းက ညည်းမိဘကို ထိခိုက်ပြောလို့ ငါ့ကိုတုန့်ပြန်လို

တဲ့ သဘောလား"

သူမ ငြိမ်နေလိုက်သည်။ ဒီအချက်ကို ဒေါ်လေး သဘော

ဖို့ လို၏။ ဒါကို ဒေါ်လေးက မကျေမချမ်းဖြစ်လျက်

"ညည်း တော်တော်လူလားမြောက်လာပြီပဲ လဝန်း၊ ဒီလို

တွေတတ်ပြီး ဒီလိုတွေတောင် ချေပတတ်နေပြီပေါ့၊ ညည်းကို ဒီအ

စောင့်ရှောက်လာခဲ့ရတာပါ၊ လင်ကံမကောင်းပေမယ့် စွန့်လို့မရ

ဝဋ်ကြွေးတစ်ခုလို ပေါင်းသင်းရတာ မိန်းမတစ်ယောက်ရဲ့ကံတရားတဲ့၊

ဘာတတ်နိုင်တော့မှာလဲ"

"မတတ်နိုင်ဘူးဆိုပြီး ဒီအတိုင်းနေလို့တော့ ဘယ်ဖြစ်မှာလဲ

လေး၊ ဒေါ်လေးတို့မိသားစုကို လဝန်း တစ်သက်လုံး ဘယ်လိုလုပ်

ကျွေးနိုင်မှာလဲ"

"ဟဲ့ အဲဒီစကားက"

"ကျေးဇူးတွေ ဘယ်လောက်ရှိရှိ တစ်သက်လုံး ပေးဆပ်မ

နိုင်ပါဘူး ဒေါ်လေး၊ အဲဒါ ဒေါ်လေး သိထားရအောင် သတိပေးတာ





ဝန်းလည်း လဝန်းဘဝအတွက် ကြိုးတင်စီမံမှုတွေ လုပ်ရပါဦးမယ်"

"ညည်း ညည်းက အိမ်ထောင်ပြုတော့မလို့လား လက်ထပ်

တော့မလို့လား"

အထိတ်တလန့် ပျာပျာသလဲ မေးလိုက်ပုံက လဝန်း လက်ထပ်

ပြီး သူတို့မိသားစု မျက်နှာလွှဲခဲပစ် စွန့်ပစ်လိုက်မှာ ကြောက်နေပုံပင်။

ဘာကြောင့်ဆိုတာ သိနေ၍ လဝန်း ခံရခက်နေ၏။ ဒါကြောင့်

ရင်ထဲက မခံချင်စိတ်များဖြင့်

"လဝန်း လက်ထပ်ရင် ဒေါ်လေးတို့ဒီအိမ်မှာ မနေရတော့မှာ

အထောက်အပံ့မရတော့မှာ စိုးရိမ်နေတာမဟုတ်လား"

"ဟဲ့ အဲဒါကြောင့်တင် ထင်နေလား၊ ညည်းအမေ ငါ့အစ်မ

ရှိတော့တဲ့အတွက် ငါ့မှာ ညည်းကို မိဘလိုစောင့်ရှောက်ရမယ့် တာဝန်

ရားတွေရှိတယ်၊ ငါ့လိုအိမ်ထောင်ရွေးမှားရင်ရော ဘယ်လိုလုပ်မှာလဲ၊

အိမ်ထောင်ပြုတယ် လက်ထပ်တယ်ဆိုတာ လွယ်တဲ့အလုပ်လား၊ အိမ်

ထောင်မှုဘုရားတည် ဆေးမင်ရည်စုတ်ထိုး ဤသုံးမျိုး ချက်မပိုင်လျှင်

နောင်ပြင်ရန်ခက်တဲ့အမျိုးတဲ့၊ မှားပြီးမှ ပြန်ပြင်လို့ မရတာ အဲဒီသုံးမျိုးပဲ၊

ကြောင့် အစတည်းက မမှားအောင်"

"ဒေါ်လေးရော အစတည်းက မမှားခဲ့အောင် စဉ်းစားခဲ့လား၊

မေတို့က အဲဒီလူနဲ့ သဘောမတူတာကို ဒေါ်လေးတို့ခိုးရာလိုက်ပြေး

ကြတာ မဟုတ်လား"

"အေး ဟုတ်ပါတယ် အဲဒါကြောင့် ညည်းကို မမှားစေချင်တာ

ယောကျ်ားတွေဆိုတာ မရခင် ဖျာလိုလိပ် ထိပ်ပေါ်တင်ထားမတတ်

မယ့် ရသွားရင် ဖျာလိုခင်း နင်းခြေတတ်ကြတာပဲ၊ မရခင် သတိတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ် ရွှေပေါ်မြတင်ထားပါမယ်၊ တစ်သက်လုံး ရိုးမြေကျပေါင်းသင်းပါမယ်၊ တင့်တောင်းတင့်တယ်ထားနိုင်အောင် ကြိုးစားပါမယ်နဲ့ ဒါတွေကို ယုံကြည်မိတဲ့မိန်းမတွေမှာ ဆုပ်လည်းဆူး စားလည်းရူး၊ ရှေ့တိုးမရ နောက်ဆုတ်မရနဲ့ တစ်သက်လုံး ဒုက္ခတွေရောက်ကြရတော့တယ်''

''အဲဒါတွေ ဘာလို့ လဝန်းကို လာပြောနေတာလဲ''

သူမ ခပ်တည်တည်မေးခွန်းထုတ်လိုက်စဉ်မှာ ဒေါ်လေး ယောင်နန ဖြစ်သွားလျက်

''ဪ ညည်းသိထားရအောင်ပေါ့အေ၊ ညည်းချစ်သူ ရည်းစားထားပြီး လူရွေးမှားသွားမှာစိုးလို့ပေါ့''

''အဲဒါတော့ လဝန်းအတွက် မစိုးရိမ်ပါနဲ့၊ လဝန်းမှာ အခု ချစ်သူရည်းစားလည်း မရှိသေးပါဘူး။ ဒါပေမဲ့ ရှိလာတဲ့အချိန်ကျရင်တော့ ဒေါ်လေးစကားကို နားထောင်ဖြစ်ချင်မှ နားထောင်ဖြစ်လိမ့်မယ်၊ ဒေါ်လေး ပြောသလိုပဲ သူတို့ပေးတဲ့ကတိတွေကို ယုံကြည်ပြီး လဝန်းလည်း မှားချင်မှားသွားနိုင်တာပဲ လူရဲ့ကံဆိုတာ ကြိုမြင်ရတဲ့အရာမှ မဟုတ်တာ၊ ဘယ်လိုလူမျိုးက လဝန်းအတွက် ဖူးစာရှင်ဖြစ်မလဲဆိုတာ မသိနိုင်ဘူးမဟုတ်လား''

''ညည်းပြောနေတာတွေက ငါ့ကိုကန့်လန့်တိုက်နေတာပဲ၊ မမှားအောင် ဆင်ခြင်ရမှာကို မှားလည်းမတတ်နိုင်ဘူးဆိုတာက ငါ့အုပ်ထိန်းမှုကို ဂရုမစိုက်ဘူးဆိုတဲ့သဘောလား၊ ညည်းမှာ စုံလုံးကန်းဖို့ အသိဉာဏ်ပဲရှိသလား လဝန်း၊ ငါက မအေမဟုတ်ဘဲ အဒေါ်ဖြစ်နေလို့''

''အဲဒါတော့ သေချာတယ် ဒေါ်လေး၊ ဒေါ်လေး သားသမီးတွေထက် လဝန်းကိုပိုမချစ်နိုင်ပါဘူး၊ မေတ္တာဆိုတာ တန်သလောက်ပဲ ပြန်ရတတ်တာပါ၊ လဝန်းအပေါ် အလုံးစုံအပြည့်အဝ ကောင်းမပေးနိုင်တာကို



နားလည်ပါတယ်၊ လဝန်းလည်း ဒေါ်လေးတို့အပေါ် ဒီထက်ကောင်းမပေးနိုင်တာကို နားလည်ပေးပါ၊ ဒေါ်လေးမွေးထုတ်ထားတဲ့ သားသမီးတွေလောက် ဒေါ်လေးအပေါ် လဝန်း ကောင်းနိုင်မှာမဟုတ်ဘူး။ သေချာတယ်''

''လဝန်း ညည်း''

တစ်သက်လုံး ဒီတစ်ခါလောက် ပြန်ပြီး မတုံ့ပြန်ဘူးတာမို့ ဒေါ်လေးခံပြင်းကာ အံ့ဩနေပေလိမ့်မည်။ ဒါပေမဲ့ သူမလည်း မတတ်နိုင်တော့ပါ။

သူမရင်ထဲမှာ ခံပြင်းမှုတွေ ပြည့်နှက်နေသည်။ စေတနာရှိသလောက် ထောက်ပံ့ပေးရတာ တစ်မျိုးဆိုပေမယ့် အခုက ရသမျှလစာအကုန်အပ်တာတောင် မတင်းတိမ်။

ဒီမိသားစုတစ်စုလုံးကို သူမ တာဝန်ယူနိုင်ပါ့မလား။ ဒီအသက်အရွယ်ရောက်တာတောင် သူမအတွက် ဘာမှကြိုးစားချိန် ပြင်ဆင်ချိန်မရှိခဲ့။ ရင်ထဲမှာ တင်းပြည့်မွန်းကျပ်မှုတွေကို ဘယ်သူ့ကိုရင်ဖွင့်ရပါ့မလဲ၊ မှတ်သုံ ရှင့်ကိုလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"အဲဒီထမင်းချိုင့်တွေ နင်စားပြီးတာနဲ့ သေချာဆေးပြီး ရေစစ်ထားလိုက်နော်၊ အပြန်ကားပေါ်တင်ယူရင် ဟင်းနံ့တွေစွဲမှာစိုးလို့ ရေမစစ်ရင်လည်း ကူရှင်တွေ ရေစိုလိမ့်မယ်၊ တစ်သျှူးနဲ့ချိုင့်တွေကို ပြောင်နေအောင်သုတ်"

အမိန့်ဆန်သော ခနရှင်ဆန်သော စကားလုံးတွေက ရင်ကို ထိချက်ပြင်းစေသည်။ သူမ ထမင်းစားမည်ဆိုတော့ သူမအိမ်က လာပို့သော ထမင်းချိုင့်ကို သူမရှေ့အရောက် ထမင်းပွဲပြင်ပေးရ၏။

ဗီရိုအတွင်းမှာ သိမ်းဆည်းထားသော ဖွန်းခက်ရင်းကို သေချာပြန်ဆေး၍ တစ်သျှူးကအစ ချထားပေးရသည်။

အရင်က စာရေးမများက လုပ်ပေးသော်လည်း သူမကျန်သော အစားအသောက်များကို သူ့ကိုကျွေးရမှာမို့ သူ့ကိုပဲလုပ်ခိုင်းတော့သည် သဘောပင်။

သူရောက်ကတည်းက သူမအတွက် တောက်တိုခိုင်းဖို့ တစ်ခြား





တွေကို လုံးဝမခေါ်တော့။ သူမခိုင်းသမျှလုပ်ဖို့အတွက် လုပ်ခလစာ အပြင်ကို ဘောက်ဆူးသပ်သပ်ပေးထားခဲ့တာ ဖြစ်မည်။ တကယ့်ကို အောင့်သီးအောင့်သက်နိုင်သည့်အဖြစ်ပါ။

"နီး ဘာလုပ်နေတာလဲ၊ ထမင်းချိုင့်ယူပြီး အပြင်မှာထွက်စားသွားလေ၊ သူများတွေလို နားချိန်အများကြီးမရဘူးနော်၊ အလုပ်တွေ ရှိသေးသည်"

"ဟင်"

သူမ ထမင်းစားဖို့အတွက်တော့ အဲကွန်းပိတ်ပြီး ရုံးခန်းထဲမှာ ပြင်ပေးရသည်။ အနံ့စုတ်သည့်စက်လည်း ဖွင့်ပေးထားခဲ့ရတာပါ။

သူ့ကိုတော့ အပြင်ထွက်စားတဲ့။ သူ ထမင်းစားနေသည့်အချိန် အဲကွန်းပိတ်ထားရလျှင် သူမ ဗိမ်ခံဖို့ပျက်သွားမှာစိုးလို့ ဖြစ်မည်။ သူပြောချင်စိတ်မရှိတော့ဘဲ ထမင်းချိုင့်ကိုဆွဲကာ အပြင်ထွက်လာ ခဲ့၏။ အပြင်ဘက် ဝရန်တာလိုနေရာမှာ ဝန်ထမ်းတွေအတွက် ထမင်းစားဖို့နားဖို့ ခုံတွေထိုင်ခုံတွေရှိသည်။

ဝန်ထမ်းအချို့ ထမင်းစားရင်း စကားပြောနေကြ၏။ သူ စားပွဲလွတ်တစ်ခုမှာ နေရာယူလိုက်သည်။ မိုးစန္ဒီရဲ့ထမင်းချိုင့်ကို ဖွင့်ပြီးမှာ သူ ရှက်ရွံ့သလိုလို ဖြစ်နေခဲ့၏။

"ကိုဒိုး ထမင်းမစားသေးဘူးလား။ ဘာလုပ်နေတာလဲ"

"ဪ မာလာ"

အရင်က မိုးစန္ဒီ ထမင်းချိုင့်ကို ဟင်းအကျန်များစားပြီးလျှင် ဆေးပေးသော စာရေးမလေး ဖြစ်သည်။ မာလာက သူ့ရှေ့က ခုံတစ်ခုံမှာ ဝင်ထိုင်သည်။

"သူဌေးအိမ်က ဟင်းတွေကတော့ အပျံစားတွေနော်၊ ဒီဟင်း



www.burmeseclassic.com

www.burmeseclassic.com



တွေစားပြီး ဘဝင်မြင့်မသွားနဲ့ဦး"

"ဟာ မာလာကလည်း ကျွန်တော် ဘာလို့ ဘဝင်မြင့်ရမှာ ဒီဟင်းစားရုံနဲ့တော့ ဘဝင်မြင့်သွားစရာအကြောင်းမရှိပါဘူး"

"ဩော် ကျွန်မတောင် အဲဒီလိုဖြစ်သွားသေးတာ၊ ဟင်းက ကျွ တို့လစာတစ်ခါထုတ်မှ ချက်စားနိုင်တဲ့ ဟင်းအကောင်းစားတွေ၊ ဒါ လက်ရာကကွာသေးတယ်၊ သူဌေးတွေဆိုတော့ စားဖိုမှူးလက် မှတ် အိမ်မှာ ထမင်းဟင်းချက်လက်ခံတာ ဖြစ်မှာပေါ့၊ ကိုဒိုး စားမကြည့် မဟုတ်လား၊ စားကြည့်ပါ နောက်ဆို ကိုဒိုးအိမ်ကချက်တဲ့ဟင်း စားနိုင်တော့မှာ မဟုတ်ဘူး"

မာလာ စကားကြောင့် ချိုင့်တွေ ဖွင့်ချ၍ ဟင်းတွေကို အ ငယ်စီ မြည်းကြည့်လိုက်သည်။ တကယ့်ကို ဟင်းတွေက အရသာ လျှာလည်သွားစေ၏။ အိမ်မှာရော အပြင်မှာရော သူတစ်ခါမှ မစား သော အရသာမျိုးပင်။ သူ မာလာ့ရှေ့မှာ ဟန်မဆောင်ချင်ပါ။

"အင်း ကောင်းပါတယ် တကယ်ကောင်းတယ်"

"မာလာပြောတာ ဟုတ်တယ်မဟုတ်လား၊ မာလာလည်း အရသာကိုစားချင်တာနဲ့ ချိုင့်ဆွဲပေးရတာလည်း အောက်ကျတယ် မထင်တော့ဘူး၊ ကော်ဖီဖျော်ပေးတဲ့ သူ မကြိုက်တိုင်း ထပ်ထပ်ဖျော် လည်း မာလာ စိတ်မဆိုးဘူး၊ ဘာလို့လဲဆိုတော့ သူ မသောက်တဲ့ တွေကို မာလာက ဓာတ်ဘူးလေးနဲ့ထည့်ထားပြီး အိမ်ကိုသယ်သွားတယ်၊ အိမ် လူတွေ ဈေးကြီးတဲ့တန်ဖိုးကြီးတဲ့ကော်ဖီကို သောက်ဖူးအောင်လို့ပေါ့၊ အကျန်တွေဆိုလည်း မာလာချိုင့်ထဲ အကုန်ထည့်ယူသွားတာပဲ၊ သွ ရရင် နှမြောစရာကြီးလေ၊ အိမ်ကိုထည့်ယူသွားတော့ အိမ်ကလူတွေ သွားတာပေါ့၊ ကိုဒိုးလည်း အဲဒီလိုလုပ်မှာမဟုတ်လား"





"ဗျာ မ မလုပ်ပါဘူး၊ ကျွန်တော် မယူပါဘူး၊ ဒီထမင်းချိုင့်ကို စားတယ်ဆိုတာတောင် အိမ်ကထမင်းဘူးယူလာရမှာ ပျင်းလို့ပါ"

"ဩော် ကျွန်မတို့အားလုံးက ဒီ ဦးအခွင့်အရေးတွေရနေလို့ ကိုဒိုးကို မိုးစန္ဒီဆီမှာ အရမ်းအောက်ကျခံပြီး လုပ်နေတယ်ထင်တာ"

"ဗျာ"

"မိုးစန္ဒီ ရိုင်းစိုင်းမှုတွေကို သည်းညည်းခံနိုင်တဲ့သူက ရှားတယ်လေ၊ တစ်ခုခုဆို ငွေနဲ့ပစ်ပေါက်တတ်လို့ ငွေမက်တဲ့သူကတော့ သည်းခံအောင့်အည်းပြီး လုပ်ကြတာပေါ့၊ တကယ် မာနရှိတဲ့သူကတော့ မိုးစန္ဒီနားမှာ ကြာကြာမနေနိုင်ကြဘူး"

သူ့ကိုမာနမရှိဘူးလို့ ရှုတ်ချချင်တာများလား။ သူ့မှာရည်ရွယ်ချက်တွေရှိနေလို့ဆိုတာတော့ ပြောလို့မဖြစ်ပေ။

"ကိုဒိုးက တော်တော်သည်းခံနိုင်တာပဲနော်၊ မိုးစန္ဒီက ဘယ်လိုအခွင့်အရေးတွေပေးထားလို့များလဲ"

"ဗျာ ဘာ ဘာမှမပေးပါဘူး"

"ဒါဆို တခြားအကြောင်းရော ရှိလို့လား"

"ဟင် မ မရှိပါဘူး၊ ဒီလိုပဲအလုပ်တာဝန်တစ်ခုအနေနဲ့ပဲ လုပ်နေတာပါ"

"မာလာတို့အားလုံးကတော့ ကိုဒိုးကို လစာအပြင် တခြားအခွင့်အရေးတွေရနေလို့သာ မိုးစန္ဒီကို သည်းခံနိုင်တာလို့ ထင်နေကြတာ၊ ကိုဒိုးက ရုပ်ရည်လည်းရှိတယ်၊ ပညာလည်းရှိတယ်၊ ယောကျ်ားတစ်ယောက်အနေနဲ့ မာနသာရှိကြည့်ပါလား၊ မိုးစန္ဒီကို ဘယ်လိုလုပ် သည်းခံနိုင်မှာလဲ ဟုတ်တယ် မဟုတ်လား"

"ဗျာ အင်း"



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြစ်က အရမ်းကိုမာနမဲ့သလိုဖြစ်ပြီး ရှက်စရာကောင်းနေခဲ့ပြီလား။ အိမ်မှာ အိမ်တော်အိမ်အကူပေါင်းများစွာနှင့် နေလာခဲ့သူမို့ မိုးစန္ဒီ ဆက်ဆံရေးများက အရမ်းကိုမောက်မာရိုင်းစိုင်းလွန်းတာတော့ အမှန်ပင်။ ငွေနှင့်ပစ်ပေါက်တတ်သည့်အကျင့်ကလည်း စက်ဆုပ်ဖွယ်ပါ။

မာလာပြောသလို တော်ရုံမာနရှိရုံနှင့်တောင် သည်းခံနိုင်စရာ အကြောင်းမရှိ။ သူ မိုးစန္ဒီကို ကြိုးစားသင့်သေးသလား။

"ဟို မာလာ စားချင်တယ်ဆို စားလေ၊ ဒါတွေ ကျွန်တော် မကုန်ပါဘူး"

"တကယ်လား တကယ်စားလို့ရလားဟင်၊ မာလာက ကိုဒိုး ဒီနေရာကိုရသွားတော့ ထမင်းဟင်းအကောင်းစားတွေ မစားရတော့ဘူးဆိုပြီး ဝမ်းနည်းနေတာ၊ အိမ်ကမိသားစုကလည်း အကျန်လေးတွေရှိရင် ယူခဲ့ပါလို့ တတွတ်တွတ်မှာကြတာလေ၊ ဒီကအကျန်က တစ်မိသားစုလုံး စားလောက်ပေမယ့် အသီးအရွက်လေးဝယ်ပြီး ရောချက်ရင်တောင် အရသာက ကျန်နေသေးတာမဟုတ်လား"

"ကျန်ရင်လည်း မာလာ ယူသွားလိုက်ပါ၊ အခုလည်း ကျွန်တော် မစားတော့ပါဘူး။ မာလာစားပြီးရင် ယူသွားလိုက်နော်"

"ကျေးဇူး ကျေးဇူးပဲ ကိုဒိုး၊ ချိုင့်တွေမာလာ ဆေးပေးပါ့မယ်"

ဗိုက်ဆာနေသော်လည်း မစားဘဲနေလိုက်တာက စိတ်သက်သာသလိုရှိသည်ဟု ထင်မိသည်။ မာလာလည်း မာနမဲ့သည့်မိန်းကလေးတော့ မဖြစ်နိုင်ပါ။ ဒီအခွင့်အရေးလေးတွေရနေတာကြောင့် မိုးစန္ဒီကို သည်းခံနေခဲ့တာ ဖြစ်မည်။

"ဖြုန်း ခွမ်း ခွမ်း"





"မမ"

"ဟာ စန္ဒီ"

ဘယ်လိုမှကို ထင်မှတ်မထား။ မာလာ စားနေသော ထမင်းဟင်းချိုင့်တွေကို လက်အားနှင့်ယမ်းခါလိုက်တာမို့ ပါကေးခင်းပေါ်မှာ အားလုံး ဖြန့်ကျဲကျကွဲကုန်သည်။

မာလာရော သူရော အထိတ်တလန့် ဖြစ်သွားလျက် ဘာကြောင့် မိုးစန္ဒီ ဒီလိုလုပ်လိုက်မှန်း နားမလည်နိုင်အောင် ဖြစ်သွားကြသည်။ မိုးစန္ဒီက သူတို့နှစ်ယောက်လုံးကို မျက်ခုံးနှစ်ခုတွန့်ချိုးကာ မျက်တောင့်နီဖြင့်ကြည့်လျက်

"ဒီထမင်းကို ငါက ဘယ်သူစားဖို့ ပေးလိုက်တာလဲ"

"ဟို ကျွန်တော် ဗိုက်မဆာလို့ပါ၊ ဒါကြောင့် မာလာကို"

"နင်မစားချင်ရင် သွန်ပစ်လိုက်လေ၊ ဘာလို့ ငါမလုပ်နိုင်းတဲ့ အလုပ်ကို လုပ်ရတာလဲ၊ ငါ နင့်ကိုလစာပေးတာ ငါခိုင်းတဲ့အလုပ်ကိုလုပ်ဖို့ပဲ၊ ဒီထမင်းကို နင်စားချင်စား မစားချင်သွန်ပစ်၊ ပြီးရင် ငါခိုင်းတဲ့အတိုင်း ချိုင့်တွေဆေး တစ်သျှူးနဲ့သုတ်၊ ကားပေါ်တင် ဒါပဲလေ၊ နင့်ကို နင်မစားချင်ရင် မာလာကို ကျွေးလိုက်ပါ၊ ချိုင့်ဆေးခိုင်းလိုက်ပါ အဲဒီလို ပြောမိလို့လား"

"ဟုတ်ပါတယ် ဒါပေမဲ့"

"ငါ့ကိုဆင်ခြေတက်တာ အကြောင်းပြတာ ငါ မကြိုက်ဘူး ဒိုး။ မာလာ နင်ကရော သူ့ဆီမှာ ဘာလို့ဒါမျိုးလာလုပ်တာလဲ"

"ဟို ကျွန်မက"

"နင် ငါ့ဆီမှာ အဲဒီလိုလုပ်တုန်းကရော သူများတွေနဲ့ အဲဒီလို ဆက်သက်စပ်ယှက်တာမျိုး မလုပ်ရဘူးလို့ ငါ ပြောမထားဘူးလား"

"ပြော ပြောထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကို ဘာလို့ နားမလည်တာလဲ၊ ငါ့ကိုစည်းကျော်ပြီး ပမာမခန့်လုပ်တာလား"

"မ မဟုတ်ပါဘူးရှင်၊ ဒီ ဒီလိုပါ"

"တော်ပြီ ငါ့ကို ဘာမှလာရှင်းမပြနဲ့၊ အခုချက်ချင်း အလုပ်ထွက်"

"ရှင်"

"စန္ဒီ"

ဒီလောက်အထိ အပြစ်ပေးစရာလိုသောကိစ္စကြီး မဟုတ်ပါဘဲ မိုးစန္ဒီ မောက်မာစွာဖြင့် တစ်ချက်လွှတ်အာဏာသုံးနေတာ အံ့သြစရာပင်။ မာလာက ထိတ်ထိတ်ပျာပျာ သွေးရူးသွေးတမ်းလို ဖြစ်သွားလျက် မိုးစန္ဒီကို လက်အုပ်လေးချီကာ

"မ မလုပ်ပါနဲ့ မမရယ်၊ မာလာကို အလုပ်တော့မဖြုတ်ပါနဲ့ နောက်တစ်ခါ ဒီလိုမျိုးကိစ္စမရှိစေရတော့ပါဘူး၊ ဘယ်တော့မှ မဖြစ်စေရပါဘူး"

"ဆင်ခြေပေးတာ အကြောင်းပြတာ ငါ မကြိုက်ဘူးလို့ ပြောထားတယ်လေ၊ နင့်ကိုသုံးလစာပေးလိုက်မှာ နင် မကျေနပ်ဘူးလား၊ နင် သုံးလလောက် အိမ်မှာထိုင်စားပြီးမှ တခြားကုမ္ပဏီတွေမှာ အလုပ်လျှောက်ပေါ့"

"မဟုတ်ပါဘူး မမရယ်၊ သုံးလလည်း ထိုင်မစားနိုင်ပါဘူး၊ အဲဒီလို တခြားမှာ အလုပ်လျှောက်မယ်ဆိုလည်း အရင်လုပ်ခဲ့တဲ့ ကုမ္ပဏီမှာ ဘာပြစ်မှုရှိလို့ အလုပ်ထွက်ရတာလဲဆိုတာ ဖြေရှင်းရတာ တော်တော်ခက်ပါတယ်၊ ဒီမှာပဲ မာလာ ဘာအပြစ်မှမလုပ်မိအောင်နေပါ့မယ်"





"အေး နင်တို့တွေက တခြားကုမ္ပဏီတွေထက် ငါတို့ကုမ္ပဏီက လစာကောင်းလို့ တွယ်ကပ်လုပ်နေကြတယ်ဆိုတာ သိတယ်၊ ငါကလည်း ငါမကြိုက်တာလုပ်ရင် လုံးဝခွင့်မလွှတ်တတ်ဘူး၊ ရှေ့ကလူတွေကို တင်းတင်းကျပ်ကျပ် ကိုင်တွယ်မှ နောက်လူတွေ ဆင်ခြင်သွားမှာပေါ့၊ ငါ့စိတ်တိုင်းကျမယ့်လူတွေ ကျန်ခဲ့တဲ့အချိန်ထိ နမူနာအနေနဲ့ အပြစ်ပေးသွားရမှာပဲ၊ ဒီအတိုင်းသုံးလစာယူပြီး အလုပ်ထွက်မလား၊ လုံခြုံရေးခေါ်ပြီး ဆွဲထုတ်ရမလား၊ နင်ကြိုက်တာပြော"

"မမရယ်"

မတတ်သာတော့သည့်အဆုံး မာလာ မျက်ရည်လေးဝဲကာ ငြိမ်သက်သွားရှာသည်။ အပြစ်က ကြီးကြီးမားမားမဟုတ်ပါ။

ခွင့်မလွှတ်နိုင်စရာအကြောင်းမျိုးလည်း မဟုတ်၊ မိုးစန္ဒီ စိတ်ဓာတ်ကို သူ တဖြည်းဖြည်းနှင့် ပိုပြီးကြောက်ရွံ့လာမိသည်။ မနုရှင်ဆန်စွာ သူမလုပ်ချင်တိုင်း လုပ်နေတာကို အားနာရမှန်း မသိဘူးလား။

သူများဘက်ကို တွေးမပေးတတ်သော စာနာစိတ်မရှိသော စိတ်ဓာတ်မျိုးက အရမ်းကို ကြောက်စရာကောင်းပါသည်။

ဒီလို သွေးဆူပြီး ဒေါသဖြစ်နေသောအချိန်မှာ သူ ဝင်ပြော လျှင်ရော သူ့ကိုပါ မိုးစန္ဒီ အလုပ်ထုတ်ပစ်နိုင်သလား။

သူနှင့်ပတ်သက်နေသည့်ကိစ္စမို့ သူ ဝင်မပြောလို့လည်း မဖြစ်။ ဒါ ရုံးခန်းထဲ ပြန်ရောက်ချိန်မှာတော့ မိုးစန္ဒီ စိတ်ငြိမ်သွားသည်အထိ သူ စောင့်နေလိုက်သည်။

သူမခိုင်းသမျှ သူစိတ်ရှည်ရှည်ထားကာ လုပ်ပေးပြီးမှ

"ကျွန်တော် စန္ဒီကို စကားပြောစရာနည်းနည်းရှိလို့ပါ စန္ဒီ"

"ပြောလေ ဘာပြောမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မာလာကို အလုပ်ထုတ်တဲ့ကိစ္စပါ"

"ဘာဖြစ်လို့လဲ"

"ဘာမှမဟုတ်တာလေးကို အပြစ်ပေးလိုက်တာ ကြီးနေသလား လို့၊ ဒီကိစ္စက အလုပ်ထုတ်လောက်အောင်ထိ လိုအပ်လို့လား"

"သေးသေးမွှားမွှားပဲ ဘာမှမဖြစ်လောက်ပါဘူးလို့ နားလည်ခွင့် လွှတ်ပေးလိုက်ရင် ဒီထက်ကြီးမားတဲ့အပြစ် မလုပ်ဘူးလို့ အာမခံနိုင်ပါ့မလား၊ သေးမွှားတဲ့ကိစ္စတွေကို ခွင့်မပြုမှ ကြီးမားတဲ့အပြစ်တွေကို မလုပ်ကြတော့မှာ ပေါ့၊ အခုလို လုပ်လိုက်တာ ကျန်တဲ့လူတွေကိုပါ နမူနာပေးရာရောက်တယ်"

"စန္ဒီက အဲဒီလို တွေးနေလားမသိပေမယ့် ကျွန်တော့်အနေနဲ့ တော့ စန္ဒီ အဲဒီလိုတွေလုပ်နေတာ မှားတယ်လို့ထင်မိတယ်"

"ဘာ"

"သူများဝန်ထမ်း သူများအလုပ်ကို လာလုပ်ကြတယ်ဆိုတာ မိသားစုမပြည့်စုံမှုတွေကြောင့်ပါ၊ စန္ဒီ၊ အတိတ်ကံအကျိုးမကောင်းကြလို့ပါ၊ လူဆိုတာ အမှားကင်းချင်မှလည်း ကင်းမယ်၊ အပြစ်လုပ်ရင်လည်း လုပ်မိကြ မှာပဲ၊ ဒါပေမဲ့ အမှားနဲ့အပြစ်ဒဏ်မျှတဖို့တော့ လိုသေးတယ်၊ အလုပ်ရှင် ခနရှင်ဘက်က နားလည်စာနာပေးဖို့ လိုလိမ့်မယ်လို့ ကျွန်တော် ထင်တယ်"

"နှင် အလုပ်ရှင်တစ်ယောက် ဘယ်တော့မှ မဖြစ်နိုင်ဘူး"

"ဗျာ"

"အဲဒီလို လူတွေကို စာနာနားလည်ပေးနေရင် ဘယ်လိုလုပ် အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဖြစ်တော့မှာလဲ၊ ဝန်ထမ်း တွေကို ဒီလိုအုပ်ချုပ်မှုနဲ့ မကိုင်တွယ်နိုင်ရင် ထောင်ချီရှိနေတဲ့ဝန်ထမ်း တွေက ငါတို့ကို ဝါးမြိုသွားမှာပဲ၊ တစ်ယောက်ကိုခွင့်လွှတ်ရင် အယောက်တစ်ရာ အခွင့်အရေးယူလာမယ်၊ အဲဒါမျိုး အဖြစ်မခံနိုင်ဘူး၊ အဲဒီအတွက် ဒီလိုလုပ်





မှဖြစ်မှာ"

"ဒါဆို ကျွန်တော်လည်း အလုပ်ထွက်ပါ့မယ်"

"ဘာ နှင်က ဘာလို့"

မိုးစန္ဒီ နားမလည်နိုင်အောင် ဖြစ်သွားပုံရသည်။ သူ ဒီလိုပြော လိမ့်မည်ဟုလည်း ဘယ်ထင်ပါ့မလဲ။ သူ့အနေနှင့်လည်း ဆုံးဖြတ်ချက်က မရှိတရဲပါ။

"မာလာ ဒီလိုဖြစ်ရတာ ကျွန်တော့်အပြစ်လည်း မကင်းဘူးလေ၊ ကျွန်တော့်ကို ကျွေးတဲ့ထမင်းကို ကျွန်တော်က မာလာကို သနားပြီး ကျွေးမိခဲ့ တာ မဟုတ်လား"

"နှင်က ဘာကြောင့် မာလာ့ကို သနားရတာလဲ"

"ဩော် သူက စန္ဒီတို့ထမင်းဟင်းတွေက အရသာရှိတယ်၊ ဝန်ထမ်း ဆိုတာ တစ်လတစ်ခါ လစာထုတ်ရက်လေးမှ အသားငါးကို တစ်ရက်လေး ချက်စားနိုင်တာ မဟုတ်လား၊ စန္ဒီတို့မှာတော့ ဒါကို နေ့တိုင်းလည်း ချက်စား နိုင်တယ်၊ မကုန်လို့ သွန်ပစ်ရလည်း ဘာမှမဖြစ်ဘူး၊ သူတို့မှာတော့ ဒီက အကြွင်းအကျန်လေးတွေနဲ့တောင် ထမင်းတစ်နပ် ပြီးသွားရတာပါ၊ အဲဒါ ကြောင့်"

"နှင်က ဒါကို သနားသွားတယ်ပေါ့"

"သနားတာထက် စာနာမိတာပါ၊ ကျွန်တော်လည်း ဟင်းကောင်း ကြိုက်တယ်၊ အိမ်မှာ တစ်ဦးတည်းသောသားမို့ မေမေတို့က ကျွန်တော် စားချင်တာ ချက်ကျွေးပေမယ့် စန္ဒီတို့လောက်တော့ မကောင်းတာ အမှန်ပဲ"

"အဲဒါနဲ့ပဲ ငါ့ဆီက အလုပ်ထွက်ဖို့အထိ ဆုံးဖြတ်ရသလား၊ တော်တော်သတ္တိကောင်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ကျရင် ကျွန်တော့်ကိုလည်း ဒီလိုအပြစ်သေးသေး မွှားမွှားလေးနဲ့ အလုပ်ထုတ်ပစ်နိုင်တယ်လေ၊ အဲဒါကြောင့် ကျွန်တော်ကကြိုပြီး"

"အဟင်း"

သူ့စကားမဆုံးခင် မိုးစန္ဒီ ရယ်လိုက်တာကြောင့် သူ့စကားတွေ တို့လို့တန်းလန်း ရပ်တန့်သွားရသည်။ မိုးစန္ဒီ ဘာအဓိပ္ပာယ်နှင့်ရယ်လိုက်မှန်းမသိ။

"ကဲပါ အဲဒီကိစ္စထားလိုက်တော့၊ သူများကို အလုပ်ဖြုတ်တိုင်း နင့်ကိုအလုပ်ဖြုတ်မယ်လို့ ဘာကြောင့်ထင်ရတာလဲ၊ ငါ့ကိုအရမ်းဆိုးသွမ်းနေတဲ့သူများ ထင်နေလား"

"ဟို နည်းနည်း"

"တော်ပြီ တော်ပြီ ဘာမှမပြောနဲ့တော့၊ မာလာကို အလုပ်မထုတ်တော့ဘူး။ ညနေ ရုံးစောဆင်းပြီး စီးတီးမတ်ဝင်မယ်၊ သူငယ်ချင်းတစ်ယောက်ရဲ့ကလေးမွေးနေ့အတွက် လက်ဆောင်ပစ္စည်း ဝယ်ရမယ်၊ ပြီးတော့ နင်သုံးတဲ့ရေမွှေးအနံ့ကို မကြိုက်လို့ နင့်အတွက်လည်း ဝယ်ပေးမယ်၊ ငါနဲ့အတူနေပြီး ငါမကြိုက်တဲ့အနံ့ကြီး သုံးနေတာ အဆင်မပြေဘူး"

မိုးစန္ဒီ အပြောင်းအလဲက ချက်ချင်းပင်။ စောစောက မျက်နှာနှင့် စောစောက အသံမျိုး လုံးဝမဟုတ်တော့။

ပြုပြင်မည့်သူမရှိလို့ ဒီလိုဖြစ်နေခြင်းလား။ အသိုက်အဝန်းက မြင့်မားလွန်းလို့ မာန်တက်နေခြင်းလား။

သူမကို နားလည်ဖို့ ကြိုးစားရမှာ မွန်းကျပ်လျက်ရှိသည်။ ဘာပဲဖြစ်ဖြစ် သူ့ကိုငဲ့ညှာလိုက်ခြင်းအတွက်တော့။

■ ■ ■



## အခန်း (၁၆)

စီးတီးမတ်တစ်ခုလုံး မိုးစန္ဒီ စိတ်ကြိုက်တွေ့ဖို့က ခဲယဉ်းလှသည်။ အပေါ်ထပ်အောက်ထပ် အလယ်ထပ်နှံ့နေအောင် လျှောက်ရ၏။ ပစ္စည်းတစ်ခုကိုင်ကြည့်ပြီး နှာခေါင်းကတရှုံ့ရှုံ့။

သူ့အတွက် အရမ်းဈေးကြီးသော ပစ္စည်းဖြစ်နေပေမယ့် သူမကတော့ ဒီထက်တံဆိပ်မြင့်တာ ဈေးကြီးတာ မရှိဘူးလားဟု မေးလို့ မဆုံး။

နောက်တော့ သူမ စိတ်ကြိုက်မဖြစ်သော်လည်း သူ့အတွက် ရေမွှေးသုံးမျိုး ဝယ်ပေးလိုက်သည်။ အဝတ်အစားက သုံးလေးစုံ။

ငွေရှင်းလိုက်တော့ ဆယ်သိန်းဝန်းကျင်နား ကပ်သွား၏။ သူ့ ...လုံးအစုံပြူးလျက် လက်ထဲမှာကိုင်ရမှာတောင် ဝန်လေးသွား၏။

ဒီလောက် တန်ဖိုးရှိတာတွေ ဘာကြောင့် ဝယ်ပေးရတာလဲ။ ...ရဲ့သည်းခံလိုက်လျောမှုတွေကြောင့် သူမ စိတ်ပြောင်းလဲလာတာလည်း ...နိုင်သည်။ သူ ပျော်ရွှင်နေရမည့်အစား စိတ်တွေက လေးလံနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ ယူဦး"

"ဟုတ်ကဲ့"

သူ့အတွက် ဝယ်ပေးတာတွေရော သူမ ဝယ်ထားတာတွေ
သူ့လက်မှာ မနိုင်မနင်းဖြစ်နေသည်။ သူမကတော့ ငွေကိုတောင် လက်
မှာမကိုင်ဘဲ ကဒ်နှင့်ရှင်းကာ ပေါ့ပေါ့ပါးပါးပင်။

"ဟိတ်ကောင် မှတ်သုံ"

"ဟာ လွင်ဦးနဲ့ဖိုးသဲ"

အမှတ်တမဲ့ သူငယ်ချင်းတွေနှင့်ဆုံလိုက်ရတော့ သူ ပျော်
သွားသည်။ မိုးစန္ဒီကတော့ ခပ်လှမ်းလှမ်းမှာရပ်လျက် မျက်မှောင်ကုပ်နေ

"မင်းလက်ထဲမှာ ပစ္စည်းတွေက မနည်းပါလား။ ဘာအတွ
လာဝယ်ကြတာလဲ"

"ဩော် ဒီလိုပဲ၊ မင်းတို့ကရော"

"ငါတို့ဆရာ မင်္ဂလာဆောင်မှာမို့ လက်ဆောင်ပစ္စည်း လာ
တာ၊ ဟိတ်ကောင် ငါတို့ကို မိုးစန္ဒီနဲ့ မိတ်ဆက်ပေးဦးလေကွာ"

"အေးလေ မင်းသူငယ်ချင်းတွေဆိုရင် အလုပ်နေရာလေး
လေးရအောင် ကြိုတင်မိတ်ဆက်ပေးမှပေါ့ကွ လုပ်ပါ"

"ဩော် အေး စန္ဒီ"

သူတို့သုံးယောက်လုံး စန္ဒီဘက်လှည့်လိုက်ကြကာ

"သူတို့က ကျွန်တော့်သူငယ်ချင်းတွေပါ စန္ဒီ၊ လွင်ဦးနဲ့ ဖိုးသဲ

"ငါ လူတိုင်းနဲ့အသိအကျွမ်း မဖြစ်တတ်ဘူး ဒိုး၊ မိတ်
မပေးပါနဲ့"

"ဟာ စန္ဒီ ဘယ်လိုပြောလိုက်တာလဲ၊ သူတို့က တခြား
မဟုတ်ပါဘူး။ ကျွန်တော့်သူငယ်ချင်းတွေပါ"





"နင့်သူငယ်ချင်းတွေဆိုလည်း ငါက ဘာသိစရာလိုလို့လဲ၊ ငါ
ဘယ်လိုအဆင့်အတန်းမျိုးနဲ့ နေတယ်ဆိုတာ နင်သိပါတယ်"

အဆင့်အတန်းမတူဘူးလို့ ခွဲခြားလိုက်တာ အတူတူပဲမို့ လွင်
ဦးနှင့်ဖိုးသဲ မျက်နှာတင်းသွားကြသည်။ သူ့မှာ လွင်ဦးနှင့်ဖိုးသဲကို အားနာ
မျက်နှာပူပြီး ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေမိသည်။

မိုးစန္ဒီ အဲဒီလောက်ထိ မရိုင်းသင့်ပါ။ နောက်မှ မခေါ်ချင် မပြော
ချင်လည်းနေပေါ့။ အခုတော့ လူမှုရေးအရ ပြေပြေလည်လည်လေး ဆက်ဆံ
ပေးသင့်သည်။

"မှတ်သုံ ငါတို့သွားမယ်"

"အေး ညကျမှ ဆုံမယ် သူငယ်ချင်း၊ ငါ ဘီယာတိုက်ပါမယ်ကွာ"

"ရပါတယ် ဒိုးပြီ"

လွင်ဦးနှင့်ဖိုးသဲ နောက်ကို တစ်ချက်မှ လှည့်မကြည့်တော့ဘဲ
ထွက်သွားကြသည်။ မာနတွေကြောင့် ပြန်စောင်းတောင် ခတ်မသွားကြ
သော သူ နားလည်၏။ သူ့ရင်ထဲ တနုံ့နုံ့ဖြစ်ကာ ကြေကွဲနေမိသည်။

သူငယ်ချင်းတွေရှေ့မှာ သူ ဘယ်လောက်တောင် ဂုဏ်သိက္ခာ
တွေ မာနတွေကျိုးသွားလဲ၊ အပြန်လမ်းမှာ မိုးစန္ဒီကို သူ စကားတစ်ခွန်းမှ
မပြောမိ။ ခံပြင်းမှုတွေဖြင့် သူ နှုတ်ဆိတ်နေဖြစ်သည်။

"ဒိုး ဘာဖြစ်နေတာလဲ၊ အဲဒီမျက်နှာနဲ့ ကားမောင်းနေတာကြီးက
ကြည့်မကောင်းဘူး၊ မမောင်းချင်ရင် မမောင်းနဲ့၊ ငါ မောင်းမယ်"

ခုနက သူငယ်ချင်းတွေကိစ္စနှင့် ဒီလိုဖြစ်သွားရသည်ဆိုတာ မိုးစန္ဒီ
တွေးမိဘူး ထင်သည်။ အကျိုးအကြောင်းလေးနှင့် ဖြေသိမ့်မှုလေးဖြစ်ဖြစ်
တောင်းပန်တာမျိုးဖြစ်ဖြစ် လုပ်သင့်သည်။

"ကျွန်တော် မောင်းချင်စိတ်မရှိလို့ စန္ဒီပဲ မောင်းလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ အရှဲ့တိုက်ကာ ကားကိုရပ်၍ ကားပေါ်ကဆင်းပြီး နောက် ခန်းတံခါးဖွင့်ကာ ဝင်ထိုင်လိုက်၏။ မိုးစန္ဒီလည်း သူ့ကိုအချဉ်ပေါက်သွား ပုံရသည်။

မောင်းသည့်ဘက်မှာ ဝင်ထိုင်၍ ကားကိုဆောင့်ခနဲ မောင်း ထွက်၏။ ကားလေးက လေးညှို့က လွှတ်ထွက်သွားသော မြားလို တဟုန် ထိုး ပြေးထွက်သွားသည်။

"ဟာ စန္ဒီ ဘယ်လိုလုပ်တာလဲ၊ ကားကို ဖြည်းဖြည်း ဖြည်း ဖြည်းမောင်းလေ၊ ရှေ့ ရှေ့မှာ ကား၊ ဟာ စန္ဒီ"

သူ ဘယ်လောက်အော်အော် သတိပေးပေးဖို့ စန္ဒီ ဂရုမစိုက် ကားတွေကို ဝင်တိုက်တော့မလို လူတွေကို ဝင်တိုက်တော့မလို ပရမ်း ပတာဖြစ်အောင် မောင်းနေသည်။

သူ့မှာ ရင်တထိတ်ထိတ် အသည်းတလှပ်လှပ်။ ဘုရားတရမလား ကားပေါ်က ခုန်ဆင်းပြေးရမလား။

ဒီလောက် ချမ်းသာမောက်မာပြီး သေရမှာတော့ မိုးစန္ဒီ မ ကြေ ဘူးထင်သည်။ ဒေါသဖြစ်ဆူဝေချိန်ဆိုလျှင် ဘာကိုမှမမှု ဂရုမစိုက်တတ်သူ ဆိုတာတော့ ပြောထားတာပါ။

သူ ကားမမောင်းဘဲ ဖယ်ပေးလိုက်တာ မှားများမှားသွားပြီလား

"စ စန္ဒီ ရှေ့မှာကား ဘေးမှာဆိုင်ကား ဟာ လူ လူ"

"ဂျိန်း ဂျိန်း"

ဘာတွေကို တိုက်မိသွားသည်မသိ။ သူ မျက်လုံးကို စုံမှိတ် လိုက်သည်။ သူရော အသက်ရှူနေသေးလား သေသွားပြီလား။

အရာရာဟာ မိုးစန္ဒီ သဘောအတိုင်း။

■ ■ ■



## အခန်း (၁၇)

"လွန်တယ်ကွာ၊ အဲဒီမိန်းမ အရမ်းလွန်တယ်၊ မင်းကို မတောင်း ပန်တဲ့အပြင် ကားကိုအဲဒီလိုမောင်းပြီး ပေါက်ကွဲတာပေါ့"

"မောက်မာရုံမဟုတ်ဘူး၊ မိုးစန္ဒီ ရိုင်းကိုရိုင်းတာ၊ ငါတို့ကို မတူသလို အောက်သလို ဆက်ဆံလိုက်တာ လုံးဝတင်းတယ်၊ ဟိတ်ကောင် မှတ်သုံ မင်း မိုးစန္ဒီဆီက အလုပ်ထွက်လိုက်တော့"

"နောက်နေတာ မဟုတ်ဘူးနော် အတည်ပြောတာ၊ မင်းကို အရေး ထားမှုမရှိလို့ ငါတို့ကိုလည်း ဒီလိုဆက်ဆံလိုက်တယ်ဆိုတာ ငါတို့သိတယ်၊ မင်းကွာ ဒီလိုမိန်းမဆီမှာ ဘာတွေအကောင်းမြင် မျှော်လင့်ပြီး အလုပ်လုပ်နေတာလဲ၊ သူ့ရဲ့ဆက်ဆံမှုကိုကြည့်ပြီး မင်း ဘယ်လိုနေနေရ မယ်ဆိုတာ ငါတို့သဘောပေါက်သွားပြီနော် မှတ်သုံ"

"မင်း ရှိမနေခဲ့တော့၊ အိုဗာတွေလည်း များပြမနေနဲ့၊ မင်းနေရတဲ့ အခြေအနေကို မခန့်မှန်းမိလောက်အောင် ငါတို့က နလပိန်းတုံးတွေ မဟုတ် ဘူး၊ မင်းရဲ့အခြေဖယားတွေ နားလိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



လွင်ဦးနှင့်မိုးသဲ အရမ်းကို ပေါက်နေကြသည်။ သူလည်း အခု ထိ မိုးစန္ဒီကို အစာမကြေနိုင်သေးပါ။ ဒါပေမဲ့ လွယ်လွယ်နှင့်လက်လျှော့ လိုက်ရတာမျိုး မဖြစ်ချင်။

"ငါ့အပေါ်တော့ မိုးစန္ဒီ ဒီလောက်အထိ မဆိုးပါဘူးကွာ၊ အရမ်း ကြီးချမ်းသာနေတော့လည်း မာန်လေးတော့ ရှိတာပေါ့၊ ဒါကလည်း ငါ တို့က သူ့လိုချမ်းသာကြည့်ပါလား၊ အဲဒီထက်မဆိုးတောင် အဲဒီလောက် တော့ လွတ်ကြမှာပဲ"

"ကိုယ်မဖြစ်သေးတာကို လာပြောမနေနဲ့၊ သူဖြစ်နေတာကို ဖေဖန် နေတာ မင်းက ငါတို့ အဲဒီလို ဆက်ဆံခံရတာကို ဘာမှမခံစားရဘူးလား"

"အဲဒီလို သဘောဆိုရင်တော့ မင်းနဲ့ငါတို့"

"ကျွတ် မင်းတို့ကကွာ မဝေးပါနဲ့၊ ငါနဲ့မိုးစန္ဒီ ဆက်ဆံရေးက အဲဒီလောက် မကျဲပါဘူး၊ မင်းတို့အတွက် မခံစားရတာလည်း မဟုတ် ဘူး၊ ငါ ချက်ချင်း သူ့ကိုတုန့်ပြန်လိုက်တယ်၊ အဲဒါကို သူပေါက်ပြီး လျှောက် လုပ်လို့ ကားတစ်စီးကို အသစ်ဝယ်ပြီးလျော်လိုက်ရတယ်၊ ဆိုက်ကားက လူရော ဆိုက်ကားရောထိလို့ ဆိုက်ကားလည်း အသစ်ဝယ်ပေးရတယ်၊ လူကိုလည်း ဆေးကုပေးရတယ်၊ နစ်နာကြေးရော ထောက်ပံ့ကြေးရော စုံနေတာပဲ၊ လမ်းဘေးက လမ်းလျှောက်နေတဲ့သူကလည်း တော်တော်လေး ထိသွားလို့"

"အဲဒါတွေ ငါတို့ ဘာသိစရာလိုလဲ၊ သူလျော်နိုင်လို့ သူတိုက် တာ အေး အဲဒါလည်း မိုက်ရိုင်းမှုတစ်ခုပဲ၊ ငွေရှိလို့ လူကိုလူလို့ မအောက် မေ့ဘဲ လုပ်ချင်သလိုလုပ်တာ အောက်တန်းကျတာပဲ၊ စိတ်ဓာတ်အောက် တန်းကျတာပဲ၊ စိတ်ဓာတ်အောက်တန်းကျတယ်လို့ခေါ်တယ်"





ဒါ အမှန်ပဲလို့ သူလည်း ထောက်ခံချင်ပါသည်။ မိုးစန္ဒီ စိတ်ဓာတ် [illegible]တာ လုံးဝ လူသားမဆန်။ သူတစ်ပါးအပေါ် ညှာတာစာနာမှုမရှိတာ [illegible]ယ်လောက်တောင် ရွံရှာစက်ဆုပ်ဖို့ကောင်းလဲ။ ဘယ်လောက်ပဲချမ်းသာ [illegible]သာ မတည်မြဲသော ကံကြမ္မာအောက်မှာ စာနာစိတ်လေးတော့ ရှိဦးမှဖြစ် [illegible]

"မှတ်သုံ"

"ဟင်"

"မင်းဘာတွေးနေတာလဲ၊ ငါတို့ပြောနေတာတွေရော ကြားရဲ့ [illegible]"

"ကြားပါတယ်. မိုးစန္ဒီ စိတ်ဓာတ်ကို ငါလည်းမကြိုက်ပါဘူး၊ ဒါပေမဲ့ [illegible] ငါ့အပေါ်ကောင်းတာလေးတွေကို ပြန်ကြည့်နေတာပါ၊ မင်းတို့သိတဲ့ [illegible]ိုင်းပဲ လစာလည်းကောင်းတယ်၊ တခြားဘယ်ကုမ္ပဏီမှာပဲလုပ်လုပ် အဲဒီ [illegible]တ် လစာငွေကြေးမရနိုင်ဘူး"

"မင်းက တခြားအခွင့်အရေးတွေကိုပါ မျှော်လင့်နေလို့ပါကွာ၊ အေး [illegible]ာ မင်းမိဘတွေကိုတောင် လူလိုဆက်ဆံလိမ့်မယ်လို့ မထင်ဘူး"

"သေချာတယ် စရိုက်ကိုက လူကိုလူလို့မှ မမြင်တတ်တာ မှတ်သုံ [illegible]ကိုးရင် မှားတော့မှာနော်"

"မင်းတို့သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ငါ့အတွက် [illegible]ပါနဲ့၊ ငါက ဘယ်သူမို့လို့လဲ မှတ်သုံလေကွာ၊ မိန်းမကျမ်းကျေပြီး [illegible] အထာညက်ပြီးသားပါ၊ ဘယ်လိုမိန်းကလေးကို ဘယ်လိုကိုင်တွယ် [illegible]ဆိုတာ ငါသိပါတယ်"

"မိုးစန္ဒီနဲ့တော့ မင်း အပြောကြီးလို့ရမယ်ထင်တယ်၊ သူ့အရှိန်



www.burmeseclassic.com

www.burmeseclassic.com



အဝါနဲ့ မင်းကို အဝေးလွင့်အောင်လုပ်ပစ်လိုက်မှာ၊ အတန်းအစား ခွဲတတ်တဲ့ စိတ်ကြောင့် မင်းကို ဘယ်လိုဆက်ဆံမယ်ဆိုတာ ငါတို့သိနေတယ် မုတ်သုံ"

သူ့အတွက် စိုးရိမ်ခံပြင်းနေကြတာကို သူ နားမလည်လို့ မဟုတ်ပေ။ ဘီယာခွက်ကိုပဲ ကိုင်မြှောက်လိုက်ပြီး

"ချီးယားစ်ကွာ၊ ငါအောင်မြင်မှာပါ"

"အောင်မြင်ပါစေ"

သူ့ကိုပြောမရလို့ စိတ်လျှော့လိုက်ကြတာလား မသိ။ ခွက်ကို ကိုင်မြှောက်ပြီး ချီးယားစ်လုပ်ကာ သောက်လိုက်ကြသည်။

သူ့ရဲ့ခံပြင်းမှုတွေက ဘီယာနှင့်အတူလျှော့ကျမသွား။ ရင်ဘတ် တစ်နေရာမှာ တင်းနေဆဲမို့ နောက်တစ်ခွက်ဆက်တိုက်မော့သောက်ပ လိုက်သည်။ ရင်ထဲတော့ အခုချိန်ထိ ရှင်းမသွားသေးပါ။

"မုတ်သုံ"

"ဟင်"

"မင်း လဝန်းကို စိတ်မဝင်စားဘူးလား"

"အင်း ဘယ်လိုပြောရမလဲ"

"လဝန်းက မပြည့်စုံပေမယ့် စိတ်ဓာတ်လေးက မဆိုးဘူးထင် တယ်၊ ဥစ္စာဓနကြွယ်ဝတာကို မက်မနေနဲ့ စိတ်ဓာတ်အလှတရားက လော မှာ အရေးကြီးဆုံးပဲ ဟိတ်ကောင်"

"ချမ်းသာချင်တာနဲ့ မာနတွေတော့ လျှော့မပစ်နဲ့နော် ယောက် သိကွာကျတယ်"

"အေးပါကွာ အဲဒီအကြောင်း မင်းတို့ခေါင်းထဲမထည့်နဲ့တော့ ဘီယာကို အေးအေးချမ်းချမ်းသာသောက် ဟုတ်ပြီလား"





"ရင်ခံနေတာ ဘီယာတောင် ထည့်ချင်သလောက် ထည့်လို့ မရဘူးဖြစ်နေတယ်"

"ဆောရီးကွာ ငါ့ကြောင့် အဲဒီလို ဖြစ်ရတာ စိတ်မကောင်းဘူး"

"ဘာလို့ မင်းကြောင့်ဖြစ်ရမှာလဲ၊ အခုဟာက မိုးစန္ဒီ အတန်း အစားခွဲခြားလိုက်တာကို ရင်ခံတာ၊ တကယ်ဆို ငါတို့ကိုမသိတဲ့ကောင် တွေဆိုပြီး အဖက်မလုပ်ချင်ရင်တောင် မင်းမျက်နှာရှိတယ်လေ၊ မိတ်ဆက် ပေးတဲ့အချိန်မှာ အဲဒီစကားမျိုး မပြောသင့်ဘူး"

"မင်းကိုပါ အရေးလုပ်ရမယ့်သူမဟုတ်ဘူးဆိုတဲ့ ဒီဖိုင်းဖြစ်သွား တယ်၊ ရုက်တတ်ရင် အဲဒီနေရာမှာတင် လဲသေပစ်လိုက်လို့ရတယ်"

လွှင်ဦးနှင့်ဖိုးသဲ ပြောတာ အမှန်ပဲဖြစ်သည်။ သူလည်းမိုးစန္ဒီကို စိတ်ကုန်ချင်သလိုလို ဖြစ်နေတာပါပဲ။

ဒီအချိန်မှာ လဝန်းကို သတိရသည်။ လဝန်းဆိုလျှင် ဒီလိုလုပ် မှာမဟုတ်။

"ငါတို့တစ်နေရာလစ်ရအောင်ကွာ၊ အချိန်လည်း စောသေးတာ ပဲ"

"ဘယ်ကိုလဲ နောက်တစ်ဆိုင် ပြောင်းမလို့လား"

"မဟုတ်ပါဘူး မင်းတို့ရော ငါရော သိပ်သောက်ချင်စိတ်ရှိနေ တာမှ မဟုတ်တာ၊ အခုလည်း သိပ်မသောက်ရသေးတော့ ရွှေ့ရအောင်၊ လမ်းကျမှ ငါဘယ်သွားမယ်ဆိုတာ ပြောမယ်"

"ပြီးရောကွာ"

စားသောက်ထားသမျှအတွက် ပိုက်ဆံရှင်းပေးပြီး တက္ကစီငှားကာ ထွက်လာခဲ့ကြသည်။ တစ်နေရာရောက်မှ ကားပေါ်ကဆင်းပြီး ရင်ခုန်တော့



www.burmeseclassic.com

www.burmeseclassic.com



လွင်ဦးတို့ ဘာမှန်းမသိ ဖြစ်သွားကြ၏။

"ဘာလဲဟ ကြောင်တောင်တောင်နဲ့၊ ဒီနေရာမှာ ရပ်နေပြီး ဘာလုပ်မှာလဲ"

"ခဏလေးပါကွာ၊ စကားမများစမ်းပါနဲ့"

"မင်းက ဘာမှန်းမှ မသိတာ"

"မသိရင် မသိသလိုနေလိုက်"

"လမ်းရောက်ရင် ဘာလုပ်မယ်ဆိုတာ ပြောမယ်ဆို"

"ကျွတ် မကြာခင် သိရလိမ့်မယ်၊ ဟော လာပြီ"

"ဘယ်သူလဲ"

"လဝန်း"

ဈေးခြင်းလေးဆွဲကာ လျှောက်လာနေသော လဝန်းကိုမြင်လိုက်သည်နှင့် လွင်ဦးတို့ပါးစပ်ပေါက် ပိတ်သွားကြသည်။ သူဘာကြောင့် ဒီနေရာကို ရောက်လာသလဲဆိုတာလည်း နားလည်သွားကြသည်။

"လဝန်း"

"ဪ မုတ်သုံ၊ ဘယ်လိုဖြစ်ပြီး ဒီမှာ"

"သူငယ်ချင်းတွေနဲ့ဆုံလို့ လဝန်းရဲ့၊ လဝန်းက ဈေးဝယ်လာတာလား"

"ဟုတ်တယ် နှစ်ရက်သုံးရက် တစ်ခါတော့ ဒီဈေးကို လာဝယ်ပေးရတယ်လေ၊ အလုပ်ကအပြန် နားချိန်တောင်မရှိပါဘူး၊ ဒေါ်လေးခိုင်းတာနဲ့ ထွက်လာရတာ"

"ဒီမှာဆိုတုန်း ကော်ဖီလေး သောက်သွားပါလား လဝန်းဈေးနဲ့လည်း နီးတာပဲ"





"လဝန်း အချိန်မရလောက်ဘူးထင်တယ်၊ ဒေါ်လေးက အပြန်နောက်ကျရင် ပူညံပူညံလုပ်မှာ"

"ခဏလေးပဲ လဝန်းရယ်၊ ဘယ်လောက်ကြာမှာမို့လဲ၊ ကိုယ့်သူငယ်ချင်းတွေနဲ့လည်း မိတ်ဆက်ပေးချင်လို့ပါ"

"ဪ သူငယ်ချင်းတွေလား၊ ဒါဆိုလည်း သွားလေ၊ မိတ်ဖြစ်အောင်ဖြစ် လဝန်း ဒကာခံပါမယ်"

"မဟုတ်တာ ကိုယ်က ခေါ်တာ ကိုယ်ဒကာခံရမှာပေါ့"

"ဒါဆို လဝန်းက နောက်တစ်ခေါက်ပေါ့"

"ဟုတ်ပြီ ဟုတ်ပြီ"

နီးစပ်ရာဆိုင်လေးမှာပဲ ထိုင်လိုက်ကြသည်။ လွင်ဦးနှင့်ဖိုးသဲက ဒီယာနှင့်ကွိုင်တွေ လျှော့ကုန်မှာစိုးသဖြင့် လက်ဖက်ရည် ကော်ဖီမှာသောက်ပေ။

"လဝန်း ဒါ ကိုယ့်သူငယ်ချင်းတွေပါ၊ သူက လွင်ဦး၊ ဒီကောင်က ဖိုးသဲ"

"ဟုတ်ကဲ့ ရွှေလဝန်းပါ၊ မုတ်သုံကိုခင်သလို ခင်နိုင်ပါတယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"ကွာတယ်နော်"

"ဘာကွာတာလဲရှင့်"

ဖိုးသဲ ပြောလိုက်တာကို သူနှင့်လွင်ဦး သဘောပေါက်ပေမယ့် ရွှေလဝန်းက နားမလည်လိုက်ပေ။ သူက လဝန်းတစ်မျိုးမြင်သွားမှာစိုး၍

"ဪ ကိုယ်က လဝန်းကို ရုပ်ဆိုးတယ်၊ သဘောမကောင်းဘူးလို့ ပြောထားတာ လဝန်းရဲ့၊ အခုလက်တွေ့တွေ့လိုက်ရတော့ ကွာခြားစီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလို့ ကွာတယ်ပြောတာ''

''အဲဒီ မုတ်သုံက ကွယ်ရာမှာ လဝန်းအတင်းတွေ ပြောနေတာပေါ့လေ''

''မဟုတ်ပါဘူး လဝန်းရယ်၊ သတင်းပါ ယောက်ျားလေးတွေ ပြောတာဆိုရင် အတင်းလို့မသုံးရဘူး။ သတင်းလို့သုံးရတယ်၊ ကိုယ်က လဝန်းအကြောင်းကို မကောင်းပြောတာမဟုတ်ပါဘူး။ လဝန်းကိုလှတယ် သဘောကောင်းတယ်ဆိုရင် ဒီကောင်တွေက ဖွတ်အတင်းမိတ်ဆက်ပေးနိုင်းနေမှာစိုးလို့လေ''

''ဖြစ်ရမယ် ငါတို့ကို အပုပ်ချလိုက်တာပဲ ဒီကောင်''

''အဟဲ သူငယ်ချင်းတို့ကလည်း စိတ်မကောက်ပါနဲ့ကွာ၊ ချစ်လို့စတာပါ''

''စိတ်ကောက်ရအောင် ငါတို့က မိန်းမလား''

''အဟွန့် ပြောလည်းပြောချင်စရာ၊ နှင့်မျက်နှာကြီးကစူလို့''

''ဒီကောင်မ သေတော့မယ်''

ဖိုးသဲနှင့်လွင်ဦး တစ်ယောက်နှင့်တစ်ယောက် စနောက်နေခြင်းကို ရွှေလဝန်း သဘောတွေကျစွာ တခစ်ခစ် ရယ်နေသည်။

''အဟင်း ဟင်း မုတ်သုံ သူငယ်ချင်းတွေက ရယ်ရသားပဲနော်၊ ပျော်ပျော်နေတတ်ကြတယ် ထင်တယ်''

''ဒီလိုပါပဲ အရမ်းခင်ကြတဲ့သူငယ်ချင်းတွေဆိုတော့ စနောက်နေကြတာ''

''လဝန်းကတော့လေ ဒေါ်လေးဆူမှာစိုးတာနဲ့ ယောက်ျားလေး သူငယ်ချင်းတစ်ယောက်မှကို မထားဖူးခဲ့တာ၊ အခု မုတ်သုံနဲ့ပတ်သက်ပြီး





ခင်ရတာ ကျေးဇူးတင်ပါတယ်''

''ကျွန်တော်တို့ကလည်း ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်တို့ကို လှုလိုဆက်ဆံပေးတာ တကယ်ကျေးဇူးတင်တယ်''

''ရှင်''

''အဲဒီ လဝန်းက လူကိုလူလိုဆက်ဆံတတ်တယ်လို့၊ ဟိုတစ်ယောက်ကတော့''

''လွင်ဦး မင်းဘာတွေလျှောက်ပြောနေတာလဲ၊ လဝန်း ခွင့်လွှတ်နော်၊ ဒီကောင်တွေ ဘီယာနည်းနည်းသောက်လာလို့ ရစ်ချင်နေတာ''

''အဲဒီ ရပါတယ် ယောက်ျားလေးတွေဆိုတော့လည်း နည်းနည်းပါးပါးသောက်တတ်မှာပေါ့၊ သောက်ရင် ရစ်တတ်တာလည်း သဘာဝပဲ''

ရွှေလဝန်းရဲ့သဘောထားကြီး ဖော်ရွေမှုကြောင့် သူနှင့်အတူ သဲတို့နှစ်ယောက်ပါ စိတ်ကျေနပ်ပျော်ရွှင်သွားကြသည်။ မိုးစန္ဒီကြောင့် အကြိတ်အခဲ ဖြစ်နေတာတွေလည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြ စကားပြောကောင်းနေတာမို့ လဝန်းလည်း အိမ်ပြန်ဖို့ မေ့လျော့ သွားတန်တူသည်။

လဝန်းနှင့်အတူရှိနေရခြင်းကို သူ ဘာကြောင့် ကြည်နူးပျော်ရွှင်နေမိတာလဲ။ စိတ်လှသော ရွှေလဝန်းသာ အတိတ်လှခဲ့မည်ဆိုလျှင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"လဝန်း အိမ်အထိ ကိုယ်ပြန်လိုက်ပို့မယ်လေ"

"မလိုက်ပါနဲ့ ဒေါ်လေးတွေ့သွားရင် ပူညံပူညံဖြစ်နေဦးမယ်"

"ဘာဖြစ်လဲ လဝန်းရဲ့ သူငယ်ချင်းက လမ်းမှာတွေ့လို့လိုက်[illegible] တာလို့ ပြောလိုက်ပေါ့"

"သူငယ်ချင်းလို့ပြောလို့ ဘယ်ယုံမှာလဲ"

"ဘာဖြစ်လို့လဲ"

"လဝန်းမှာ ယောကျ်ားလေးသူငယ်ချင်းတစ်ယောက်မှ မရှိ[illegible] အခုမှတွေ့တဲ့လူကို သူငယ်ချင်းပါလို့ ကျမ်းကျိန်ပြောတောင် ယုံမှာမ ဟုတ်[illegible] သူတို့ကို အိမ်ပေါ်က နှင်ချချင်လို့ ချစ်သူထားလိုက်တယ်၊ ပြီးရင် လက်[illegible] မယ် အဲဒီလိုပဲ ထင်မှာ"

သူ ဘာပြောရမှန်းမသိအောင် ဖြစ်သွားခဲ့သည်။ ဒါဆိုလည်[illegible] ချစ်သူတွေပါလို့ ပြောလိုက်ပါလားလို့ အလွယ်ပြောမထွက်ချင်။ စိတ်[illegible] ရာပေးမိသလို ဖြစ်မှာစိုးရိမ်တာပါ။





"ဟိုလေ လဝန်း၊ လဝန်းမှာ တကယ်လို့ ချစ်သူရှိခဲ့တယ်ဆိုရင် လဝန်း ဒေါ်လေးက ပြဿနာရှာမှာလား"

"သူ အုပ်ထိန်းထားရတယ်ဆိုတဲ့ တာဝန်ဝတ္တရားတွေ ပြောမှာပေါ့၊ တော်တန်ရုံလူနဲ့ သဘောမတူဘူးတို့ သူ့လို အိမ်ထောင်ရေးကံ မကောင်းဘဲ မှားမှာကြောက်တယ်တို့ အများကြီးပါပဲ၊ ဟိုနေ့ကပဲ လဝန်းနဲ့အတိုက်အခံဖြစ်ထားတာ"

"လဝန်းလည်း အဒေါ်မိသားစုနဲ့ နေနေရတာ စိတ်ဆင်းရဲမှာပဲ"

"စိတ်ဆင်းရဲတာတော့ မပြောနဲ့၊ ကလေးနှစ်ယောက်တာဝန်နဲ့ ဒေါ်လေးလည်း ငွေထွက်မရှာနိုင်၊ အဒေါ့်ယောကျ်ားကလည်း သူ့တစ်ယောက်စာပဲ သုံးရှာသုံးတာ၊ ပြောရရင် လဝန်းက တစ်မိသားစုလုံးကို တာဝန်ယူရတယ်၊ ကျန်းမာရေး လူမှုရေး စားဝတ်နေရေး၊ ပညာရေး အစစ အရာရာပေါ့၊ လစာရတာအကုန်အပ်တာ၊ မလောက်တော့ ပြဿနာ အရှာခံရသေးတယ်၊ ဒီကြားထဲ အကြီးမလေးက အရွယ်ရောက်ချင်လာတော့ အဝတ်အစားတွေ ယူဝတ်နဲ့ စိတ်ရှုပ်စရာပါ"

လဝန်းစကားတွေကြားရတာ သူ စိတ်တွေပင် မောလာသည်။ သူ့ရင်ထဲက ဆန္ဒအမှန်အတိုင်းဆိုလျှင် လဝန်းကို ဒီဘဝကနေ သူ ဆယ်ထုတ်ပေးလိုက်ချင်သည်။ ဒါပေမဲ့ တကယ်တမ်းမှာ သူ သတ္တိမရှိ။ ဝင်ပန်းဆင်းရဲမှုဒဏ်ကို သူ မခံနိုင်။ သက်ပြင်းတွေသာ မသိမသာချမိလျက်။

"ဟို လဝန်းလိုအပ်တဲ့အကူအညီရှိရင် ပြောပါ၊ ကိုယ်လည်း အလုပ်လုပ်နေတာဆိုတော့ လစာလည်းကောင်းတဲ့အတွက် ငွေပိုငွေလျှံ



www.burmeseclassic.com

www.burmeseclassic.com



လည်းရှိပါတယ်၊ လဝန်းမှာ အခက်အခဲဖြစ်ရင်''

''ဟင့်အင်း လဝန်းမှာ ဘယ်လောက်ပဲခက်ခဲခက်ခဲ သူများဆီက ငွေရေးကြေးရေးအခက်အခဲ တစ်ခါမှမယူဖူးဘူး။ လဝန်းယူလိုက်မယ်ဆိုရင်လည်း လဝန်းအတွက်မှ မဟုတ်တာ၊ ဟိုတစ်ခါ ကားမောင်းတဲ့ အမျိုးသမီးနဲ့ ပြဿနာတက်တုန်းကလေ''

''အင်း''

''အဲဒီမိန်းမ မောက်မောက်မာမာနဲ့ ကားပေါ်ကနေ ငွေတစ်သိန်း ပစ်ချပေးသွားတယ်''

''ဪ အင်း''

''အဲဒီငွေက အဝတ်အစားဝယ်ဝတ်လိုက်ရတာနဲ့ လျော့သွားတယ်၊ ဒေါ်လေးက အဝတ်အစားအသစ်ဝယ်ဝတ်တာ ဆူပူပြီးမေးတော့ အမှန်အတိုင်းဖြေလိုက်ရတယ်၊ အဲဒါ ပိုတဲ့ပိုက်ဆံ ဒေါ်လေးကယူသုံးလိုက်ရော''

အခုချိန်ထိ လဝန်း ဘာပြောချင်မှန်း သူ မသိသေးပေ။ လမ်းလျှောက်ရင်း ပြောနေကြတာမို့ လဝန်းစကားကို မျက်နှာလေးစောင်းငဲ့ ကြည့်ရင်း သေချာနားထောင်နေရသည်။

လဝန်းက ခြေလှမ်းတို့ကို ခဏရပ်တန့်လျက်

''လဝန်း အခု အဲဒီငွေကို ပြန်စုနေတယ်၊ ဘဏ်ကလစာ အပြင် အချိန်ပိုဆင်းပေးရလို့ ပေးတဲ့ဘောက်ဆူးလေးတွေကိုပေါ့''

''ဘာဖြစ်လို့လဲ လဝန်း''

''အဲဒီမိန်းမနဲ့တွေ့တဲ့အခါ သူ့လိုပဲ ပြန်ပေါက်ပေးမလို့လေ''

''ဟင်''

''လဝန်း သူတောင်းစားမှမဟုတ်တာ၊ လဝန်းမပြည့်စုံပါဘူး။ ဒါပေမဲ့





တန်မရှာ အဆက်ဆံမခံနိုင်ဘူး။ လူပေါ်လူကြောတာ မခံနိုင်ဘူး။ သူ့အမှားကြောင့် ဒီလိုဖြစ်တာ၊ မတောင်းပန်တောင် ဒီလိုမရိုင်းသင့်ဘူး။ နောက်နေ့ဆက်ကထပ်ပေးတာနဲ့ အဲဒီငွေပြည့်သွားပြီ၊ သွားလေရာ အဲဒီပိုက်ဆံကိုသည့်သွားမယ်၊ တွေ့တဲ့နေရာမှာ အဲဒီမိန်းမကို အဲဒီငွေ ပြန်ပစ်ပေါက်သားမယ်''

''ဟို အဲ အဲဒီလိုလုပ်လို့ ဖြစ်ပါ့မလား''

''ဘာလို့ မဖြစ်ရမှာလဲ၊ အဲဒီမိန်းမမျက်နှာ သေသေချာချာကို ဆ်ထားတယ်၊ လဝန်းတို့မှာ ပစ္စည်းဥစ္စာနေကြွယ်ဝမှုမရှိပေမယ့် မာနတော့ နှ်းသာသင့်တယ် ထင်တာပဲ''

''လဝန်း''

သူ့မျက်နှာကို ဖြတ်ရိုက်ပြီး သတိပေးလိုက်သလို ခံစားလိုက်သည်။ သူ့မှာ လဝန်းလောက်တောင် မာနမရှိပါ။ မျက်နှာတစ်ခုလုံး ရှိန်းမြသွားလျက် ကိုယ့်ကိုကိုယ် ပြန်ရှက်မိသလိုတောင် ဖြစ်သွား၏။ လဝန်းက သူ့မျက်နှာကို မကြည့်ပါ။

ခြေလှမ်းအရှေ့မှာ ခြေချောင်းလေးတွေကို ငုံ့ကြည့်ရင်းဖြင့်

''မှတ်သုံ နေခဲ့တော့လေ၊ ရပ်ကွက်ထဲတောင်ရောက်နေပြီ လဝန်း သွားတာကြာနေလို့ ဒေါ်လေး စိတ်မရှည်ဘဲလိုက်လာရင် ဖြေရှင်းရတာ ခ်နေမယ်''

''ဒါဆို ကိုယ်သွားတော့မယ်လေ လဝန်း။ နောက်မှဆုံမယ်နော်''

''ဟုတ်ကဲ့''

လက်ကလေးပြကာ လှည့်ထွက်သွားသော မှတ်သုံကျောပြင်ကို ငေးမောနေမိသည်။ အတူယှဉ်တွဲလျှောက်လာရင်း နွေးနွေးမြမြ ရင်ခုန်ရ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကို ပြန်ခံစားမိနေ၏။

မှတ်သုံတော့ ဘယ်လိုနေမည် မသိ။ သူမမှာတော့

"အဲဒီကောင်က ဘယ်သူလဲ"

"ဟင် ဒေါ်လေး"

သူမ တုန်ခနဲ ဖြစ်သွားကာ လက်ထဲက ဆွဲခြင်းလေးတောင် ပြုတ်ကျလုမတတ် ဖြစ်သွား၏။ ဒေါ်လေး ဘယ်အချိန်တည်းက သူမတို့ကို ကြည့်နေခဲ့သလဲ မသိပေ။

"ဟဲ့ လဝန်း ငါမေးနေတာ မကြားဘူးလား၊ အဲဒီကောင်က ဘယ်သူလဲ ဘယ်ကလဲလို့"

"ဟို သူငယ်ချင်းပါ ဒေါ်လေး၊ လမ်းမှာအမှတ်တမဲ့တွေ့တာနဲ့ စကားပြောနေကြတာပါ"

"ညည်းဈေးသွားတာ ဘယ်လောက်ကြာနေပြီလဲ၊ အဲဒီကောင်နဲ့ ဘယ်မှာချိန်းတွေ့နေလို့လဲ ပြောပါဦး။ အမှတ်တမဲ့တွေ့ပြီး စကားခဏ ပြောရုံနဲ့ အဲဒီလောက် မကြာနိုင်ဘူး။ ညည်းက ငါ့ကိုများ မလိမ့်တပတ်လုပ်ဦးမလို့လား"

"မဟုတ်ပါဘူး ဒေါ်လေးရယ် လမ်းမကြီးမှာ ကျယ်ကျယ်လောင်လောင် မပြောပါနဲ့ ရှက်စရာကောင်းပါတယ်"

"ဪ ငါပြောတာကို ရှက်တတ်ရမှန်း သိသလား၊ လမ်းလယ်ခေါင် ယောကျ်ားတစ်ယောက်နဲ့ စကားရပ်ပြောနေတာကျတော့ ရှက်ရကောင်းမှန်းမသိဘူးလား၊ လဝန်း အချိန်ကိုလည်းကြည့်ဦး ညမိုးချုပ်လို့ လမ်းမီးတွေတောင် လင်းနေပြီ ဒီအချိန်မှာ ယောကျ်ားတစ်ယောက်နဲ့ ဒီလိုနေတာ သူငယ်ချင်းဖြစ်နိုင်သလား။ ညည်းမှာယောကျ်ားလေးသူငယ်ချင်းရှိတယ်





လို့ ငါ တစ်ခါမှမကြားဖူးပါဘူး။ အဲဒါ ညည်းရည်းစားမဟုတ်လား။ ငါ့ကိုမှန်မှန် ပြောစမ်း"

"မဟုတ်ပါဘူး တကယ်မဟုတ်ပါဘူးဆို ဒေါ်လေးရယ်၊ ဒီအတိုင်း နှုတ်ဆက်ကြတာပါ"

သူမ အမှန်အတိုင်းပြောတာကို ဒေါ်လေးက ယုံပုံမပေါ်။ သူမ ရှေ့က သွားတာကို နောက်ကနေ အမီလိုက်လာရင်းနှင့်

"ငါ့ကိုမှန်မှန်ပြော လဝန်း၊ အဲဒီကောင်က ညည်းကို ကြိုက်နေတာလား။ ညည်းကရော ပြန်ကြိုက်နေပြီလား"

"ဒေါ်လေး"

"ချစ်တယ် ကြိုက်တယ်ဆိုတာမရှိဘဲ ယောကျ်ားလေးတစ်ယောက်က ဒီလိုမလုပ်ဘူး လဝန်း၊ ရိုးသားတယ်ဆိုလည်း ရိုးသားရာက ဆန်းသွားကြတာချည်းပဲ၊ အဲဒီကောင်က ဘယ်ကလဲ၊ ဘာလုပ်တာလဲ၊ ဘယ်သူ့သားလဲ၊ မျိုးရိုးအလုပ်အကိုင်"

"ဒေါ်လေး အဲဒါတွေ ဒေါ်လေးမပူနဲ့၊ တကယ်လို့ မရိုးသားဘဲ ဆန်းပြားလာမယ်ဆိုရင်လည်း သူ ဘယ်လိုလူမျိုးဖြစ်ဖြစ် လဝန်း ကတိရားပဲ၊ ချစ်တယ်လို့ ဖွင့်ပြောလာရင် လဝန်း လက်ခံမှာ"

"လဝန်း ညည်း"

"လဝန်းဘဝအတွက် လဝန်းဘာသာ ဆုံးဖြတ်သွားမယ် ဒေါ်လေး။ လဝန်းဦးနှောက်ရှိတယ်၊ စဉ်းစားဉာဏ်အသိတရားရှိတဲ့အရွယ်လည်း ရောက်နေပြီ၊ ဆုံးဖြတ်ချက်မှားသွားလည်း လဝန်း ခံရမှာ၊ မှန် တယ်ဆိုရင်လည်း စံရုံပေါ့"

"ညည်း ညည်းက ငါ့ကို လူရာမသွင်းတော့တဲ့သဘောလား၊



www.burmeseclassic.com

www.burmeseclassic.com



မိဘလိုရော အဖေါ်လိုရော မသတ်မှတ်နိုင်ဘူးဆိုတဲ့ သဘောလား၊ အမယ်လေး မမရေ မမသမီး မိုက်ရိုင်းနေတာ လာကြည့်ပါဦး၊ စောင့်ရှောက်ရကျိုး အုပ်ထိန်းရကျိုး နပ်လိုက်တာ၊ မိလဝန်းတို့ကတော့ လက်သီးလက်မောင်းတန်းပြန်သတ်ဖို့ပဲ ရှိပါတော့တယ် မမရဲ့''

''ဒေါ်လေး ဒေါ်လေး ဘာလို့ လူကြားမကောင်းအော်နေရတာလဲ၊ အိမ်တွေထဲကတောင် ထွက်ကြည့်ကုန်ပြီ၊ ရှက်ဖို့ကောင်းလိုက်တာ၊ လဝန်းကို သက်သက်မဲ့ မိန်းမဆိုးဖြစ်အောင် အရှက်ခွဲနေတာ၊ ဒေါ်လေးတော်တော်ကို ရက်စက်တယ်၊ မိဘတွေသာရှိရင် လဝန်း ဒီလိုတွေ ဖြစ်ရမှာမဟုတ်ဘူး''

သူမ စိတ်မထိန်းနိုင်တော့ဘဲ ငိုချလိုက်တော့သည်။ တကယ်ကို ဝမ်းနည်းစွာ ငိုကြွေးမိလိုက်တော့တာပါ။

ဒေါ်လေး တမင်ကို သူမအပေါ် အနိုင်ကျင့်နေခဲ့တာ မဟုတ်ပါလား။ အမျိုးမျိုး ဒုက္ခပေးနေရတာကိုတောင် မကျေနပ်နိုင်ဘူး ထင်သည်။ သူမကို မလိမ်မိုးမလိမ်မှာ ဆိုးသွမ်းသူအဖြစ်နှင့် ဆုံးမသွန်သင်လို့မရသည့် ပုံစံမျိုး။ အရှက်ခွဲလိုက်ရမှာကိုလည်း ဝန်မလေး။

တကယ်ကို မိဘတွေသာရှိနေသေးလျှင် သူမ ဒီလိုဖြစ်ရမှာ မဟုတ်ပေ။ ဘာလို့များ မိဘတွေစောစောသေသွားရတာလဲ။

သူမ အတိတ်ကံဆိုးလို့သာပဲ။ ဒီလိုအချိန်မှာ မိစုံဖစုံနှင့်နေခွင့် မရတာ ဖြစ်မည်။

နွေးထွေးသော မေတ္တာတွေ တောင့်တရင်းနှင့်သာပဲ။

■ ■ ■



## အခန်း (၁၉)

''မေမေ သားကို ထမင်းဘူးထုပ်ပေးပါ''

''ဟင် သား အရင်က ထမင်းဘူးမထုပ်ဘဲ အခု ဘယ်လိုဖြစ်တာလဲ''

''အရင်က ကုမ္ပဏီနားကဆိုင်မှာစားလိုက်တယ်၊ မအားတာလည်းရှိတယ် အချိန်အဆင်မပြေတာလည်းရှိတော့ သူဌေးက သူ့အိမ်ကနေ ပို့ထည့်လာပြီးကျွေးတော့ ကျွေးပါတယ်၊ ဒါပေမဲ့ သား မစားချင်လို့ အိမ်ကပဲ ထည့်သွားတော့မယ်''

''ဪ သားက ကြိုမပြောဘူးကွယ်၊ မနေ့က ဈေးပြန်တည်းက ဟင်းစားဝယ်လာခဲ့မှာပေါ့၊ အခုတော့ ညကကျန်တဲ့ ကြက်သားကြော်တွေပဲရှိတယ်၊ ဒီလိုလုပ်မယ်လေ၊ အဲဒီကြက်သားလေးတွေကိုဖဲ့ပြီး မေမေ ခရမ်းချဉ်သီးနဲ့ ဆီပြန်ကြော်ချက်လေး ချက်ပေးလိုက်မယ်၊ ကိုက်လန်လေးရှိတာကို စိမ်းစိမ်းစိုစိုလေး ကြော်ပေးမယ် ဖြစ်ပါ့မလား သား''



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ် အာပဲဖြစ်ဖြစ်ရပါတယ် မေမေ"

"အေး အေး အဲဒါဆို ခဏစောင့်နေဦး သား၊ မေမေ မြန်မြန်လေးလုပ်ပေးပါ့မယ်"

"ဟုတ်ကဲ့ မေမေ၊ သား ရေချိုးလိုက်ဦးမယ်"

မိုးစန္ဒီ ထမင်းချိုင့်ကို မစားတော့ဘူးဆိုပြီး သူ ဒီလိုဆုံးဖြတ်ချက်ချလိုက်တာပါ။ သူ့မာနအပိုင်းပိုင်း ကျိုးပြတ်နေရတာ ရှက်လာမိသည်။ လဝန်းလို မိန်းကလေးတောင် မာနရှိသေးတာ သူက ဘာလို့ မရှိရမှာလဲ။ အမြဲတမ်း အနှိမ်ခံရသလိုဖြစ်နေခြင်းက သိမ်ငယ်စေသလိုတောင် ဖြစ်လာစေသည်။

"မင့်သား ဒုက္ခတွေပေးနေပြန်ပြီလား။ ဈေးထွက်ဖို့နောက်ကျနေပြီမဟုတ်လား စော"

"ဩော် သားအတွက် ထမင်းဘူးထုပ်ပေးရတာ ဒုက္ခလား ကိုခင်အောင်ရယ်၊ ဈေးနောက်ကျတော့လည်း ဘာဖြစ်လဲ၊ သားလေးက လစဉ်လစာထုတ်တဲ့ငွေအပ်နေတာ ဈေးမရောင်းလို့တောင်ရနေပြီ"

"မင့်သားကို တော်တော်အားကိုးနေတယ်ပေါ့ ဟုတ်လား၊ ဘယ်နေ့အလုပ်ပင်ပန်းလို့ မလုပ်နိုင်ပါဘူးဆိုပြီး အလုပ်ထွက်လာမလဲ မသိတဲ့ကောင်ကိုများ၊ ကိုယ့်ဈေးကိုယ်ရောင်းစားတာ ထမင်းနပ်မှန်ဦးမယ်"

"ရှင်ကလည်းလေ သားကို အဲဒီလို မပြောပါနဲ့၊ အခုထိ သားကို အထင်ကြီးရကောင်းမှန်း မသိဘူးလား၊ ကိုယ့်သားသမီးကို ကိုယ်မှတန်ဖိုးမထားရင် ဘယ်သူက တန်ဖိုးထားမှာလဲ"

"မင့်သားက တန်ဖိုးရှိအောင်နေဦးမှကိုးကွ၊ အိမ်ကိုအချိန်မှန်မပြန်ဘဲ ဘီယာလေးက တမြမြနဲ့၊ အလုပ်လုပ်ပြီး လစာအပ်ရုံနဲ့လည်း





သားသမီးကောင်းမဟုတ်ဘူး။ မိဘကိုတန်ဖိုးထားရမှန်း လေးစားရမှန်းသိမှ သားသမီးကောင်းကွ"

"ရှင် အဲဒီလိုတွေပြောနေမယ့်အစား ရှင်လည်း သားကို တန်ဖိုးထားကြည့်ပါဦးလား၊ မိဘကနွေးထွေးမှ သားသမီးကလည်း နွေးထွေးမှာပေါ့၊ အမြဲတမ်း ပူညံပြီး အကောင်းမမြင်မှတော့ သားကလည်း သူနေချင်သလိုနေတော့မှာပေါ့၊ သားကို မချစ်တာလည်း မဟုတ်ဘဲနဲ့ စိတ်တိုင်းကျတိုင်း အဲဒီလိုတွေ ပြောဆိုနေ၊ ရှင်နဲ့သား သူစိမ်းတွေလို ဖြစ်သွားလိမ့်မယ် သိရဲ့လား"

"ငါက ငါ့သားကို အဖိုးတန်သားဖြစ်စေချင်လို့ပါကွာ၊ ဘဝကို လေးလေးနက်နက် ဖြစ်စေချင်လို့ပါ၊ သူ့ကိုကြည့်ရတာ ပေါ့ပေါ့တန်တန် ဖြစ်နေသလိုပဲ"

ဖေဖေ့လေသံက ပျော့ကျသွားသည်။ ဖေဖေနှင့်မေမေ ပြောတာ သူ အားလုံးကြားနေရပါသည်။

ဖေဖေနှင့်မေမေက သူ့ကိုတစ်မျိုးစီ ချစ်ကြတာပါပဲ။ သူကသာ သူတို့အပေါ် တန်ဖိုးထားရမှန်းမသိဘဲ အပြင်မှာ ဝေလေလေနှင့် အချိန်တွေဖြုန်းနေခဲ့တာ။

အခုရော သူ့ရဲ့စေတနာတွေက မှန်ကန်ပါရဲ့လား။ ကိုယ့်ခွန် ကိုယ့်အားကို မသုံးချင်ဘဲ မိုးစန္ဒီဆီက မျှော်လင့်နေခဲ့တာ။

သူ ဖေဖေနှင့်မေမေကို ဘာမှမပြောဘဲ ထမင်းဘူးလေးယူကာ ထွက်လာခဲ့သည်။ မိဘမေတ္တာကို သိနေပြီမို့ တုံ့ပြန်တိုက်ခိုက်မှုတွေ စကားနာထိုးတာတွေ လုပ်မနေချင်တော့။

ကုမ္ပဏီရောက်သည့်အခါမှာတော့ မိုးစန္ဒီခိုင်းတာတွေ သည်ပြီမ်



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးစွာပင် လုပ်ပေးလိုက်သည်။ အလုပ်မရှိလျှင်တော့ ရုံးခန်းထဲက
တွေကို တီဗီကနေ ကြည့်ရ၏။

ဒီလူတွေဆီမှာ အပြစ်အနာအဆာတွေလည်း မိုးစန္ဒီကို မတ
ပြဖြစ်ပေ။

"နှင်အလုပ်ကို အလုပ်နဲ့တူအောင်ရော လုပ်နေလား"

"ဟင်"

နောက်ကနေ ဖက်ပိုးကို ရိုက်ကာ ပြောလိုက်တာမို့ ရှေ့
တောင် စိုက်ကျသွား၏။ မိန်းကလေးတစ်ယောက်က ဒီလိုလုပ်တာမို့ သူ့
က ထောင်းခနဲ ဖြစ်သွားသည်။

"စန္ဒီ ကျွန်တော့်ကို ဘာလို့အဲဒီလိုလုပ်တာလဲ"

"ဟိုမှာ မမြင်ဘူးလား၊ ကိုမြင့်ဆောင်ဆိုတဲ့လူ ဖုန်းပြောနေတ
တစ်ခါချလိုက် ဖုန်းလာရင်ပြောလိုက် သူက ပြန်ဆက်လိုက်နဲ့ ကုမ္ပဏီ
အလုပ်ကိုလုပ်နေတာ မတွေ့ရဘူး"

"အဲဒါက"

"အဲဒါကို ငါ့ကိုနင်တင်ပြရမယ်လေ၊ နင့်ကိုငါက ဘာအတွ
လစာပေးထားတာလဲ"

"မဟုတ်သေးဘူး စန္ဒီ၊ ဒါကို အသေးစိတ်လိုက်ကြည့်ပြီး အ
ပေးလို့ရမလား၊ ကုမ္ပဏီကိုရောက်တာနဲ့ မိသားစုကိုယ်ရေးကိုယ်တာ
ကို ဖြတ်ချထားခဲ့လို့မှမရတာ၊ သူတို့အရေးအကြောင်းကိစ္စတွေ"

"သူတို့ကိုယ်စား နင်က ငါ့ကိုဆင်ခြေတွေပေးနေတာလား။ သူ
ဆီက ဘာတွေများရထားလို့လဲ၊ ငါကသာ နင့်ကိုလစာပေးထားတာ

"စန္ဒီဆီက လစာယူထားလို့ စန္ဒီအတွက် စေတနာထား





ဒီလိုကိစ္စအကျိုးအကြောင်း ရှင်းပြနေတာပါ စန္ဒီ"

"ဘာ ငါ့အတွက်စေတနာ၊ နင်က ဘာတွေများ စေတနာထား
နေလို့လဲ"

"စန္ဒီ ဒီလို ဆက်ဆံမှုတွေနဲ့သာ သွားနေမယ်ဆိုရင် စန္ဒီ့အပေါ်
သစ္စာရှိမယ် စေတနာထားမယ့်ဝန်ထမ်း တစ်ယောက်မှရှိမှာ မဟုတ်ပါဘူး။
လစာရလို့ တာဝန်ကျေရုံလောက်ပဲ လုပ်သွားကြမှာပါ၊ မေတ္တာပေးမှ မေတ္တာ
ရမှာ"

"ဘာလုပ်ရမှာလဲ အဲဒီမေတ္တာ၊ လစာပေးထားတာနဲ့ တန် အောင်
အလုပ်လုပ်ပေးတာတ်ဖို့ပဲလိုတယ်၊ မလုပ်ပေးတဲ့သူ ငါ့အတွက် မလိုအပ်ဘူး။
အဲဒီမေတ္တာက ငါ့အလုပ်အတွက် အသုံးမဝင်ဘူး"

သူ အရမ်းကို စန္ဒီကို စိတ်ပျက်စိတ်ကုန်သွားသည်။ ဒီလောက်
အထိ ပြောရခက်သော မိုးစန္ဒီကို သူ ဘာမှကို ပြောချင်စိတ်မရှိတော့။

မိုးစန္ဒီက သူ့ဂုတ်ပိုးကအင်္ကျီကော်လံစကို ဆွဲကိုင်လျက်

"သွား အဲဒီကိုမြင့်ဆောင်ကို သွားခေါ်၊ အခုချက်ချင်း အလုပ်
ဖြုတ်မယ်"

မိုးစန္ဒီ လက်ကို ဆတ်ခနဲ ခါရုန်းလျက် ကိုမြင့်ဆောင်ကို ခေါ်ပေး
လိုက်သည်။ ကိုမြင့်ဆောင် အလုပ်ထုတ်လျှင် သူလည်း အလုပ်ထွက်ဖို့
အဆင်သင့်ပင်။ ကိုမြင့်ဆောင်ကိုခေါ်ပြီး ရုံးခန်းတွင်း ပြန်ရောက်လာကာ
မိုးစန္ဒီရှေ့မှာ ခပ်တင်းတင်းပင် ရပ်နေလိုက်သည်။

"ရှင် အလုပ်မလုပ်ဘဲ ဘာလို့ဖုန်းပြောနေတာလဲ၊ ရှင့်အပြစ်
ရှင်သိတယ်နော်၊ ရှင် အခုချက်ချင်း အလုပ်ထွက်ပါ"

"ကျ ကျွန်တော့်မိန်းမ ကလေးမွေးဖို့အတွက် အရေးပေါ်ခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေလို့ အခြေအနေကို ဖုန်းဆက်မေးနေတာပါ၊ ခွင့်ယူရင် အလုပ်ထွက်ရမယ် စည်းကမ်းချက်ကြီးရှိနေလို့ ခွင့်မယူရဲဘဲ အခြေအနေကို ဖုန်းလေးပဲဆက်မေးတာပါ၊ ကျွန်တော့်ကို အလုပ်တော့ မထုတ်ပါနဲ့ခင်ဗျာ''

''အလုပ်ချိန်မှာ ဖုန်းပြောရင်လည်း အလုပ်ထုတ်ခံရမယ့် စည်းကမ်းချက်ရှိတာ မေ့နေတာလား''

''မေ့လို့မဟုတ်ပါဘူး၊ တကယ့်ကို အရေးပေါ်ဖြစ်နေလို့ပါ။ ကျွန်တော့်မိန်းမက သားဦးလေးမွေးမှာ၊ အထဲက ကလေးကလည်း အခြေအနေမကောင်းလို့ အရမ်းကိုကြောက်နေလို့ပါ၊ ကိုယ်ခွဲလက်ခွဲ ဆွေမျိုးသားချင်းတွေကလည်း အနားမှာမရှိဘူး၊ အိမ်နားနီးချင်းတွေက ဆေးရုံလိုက်ပို့ပြီး ဖုန်းဆက်ပြောပေးနေကြတာပါ၊ ဟို တကယ်ကို''

''အကြောင်းပြချက်တွေ မလိုချင်ဘူး ကိုမြင့်ဆောင်၊ အခုချက်ချင်း''

''ကိုမြင့်ဆောင် ရှင်းပြမနေနဲ့ သွားရအောင်''

''ဟင်''

ကိုမြင့်ဆောင်လက်ကိုဆွဲပြီး ထွက်မည်ပြင်တော့ မိုးစန္ဒီ ပျာခနဲဖြစ်သွား၏။ သူ့လုပ်ရပ်အတွက် ကိုမြင့်ဆောင်လည်း အံ့သြနေသည်။

''နင် ဘာလုပ်တာလဲ ဒိုး''

''စာနာစိတ်မထားတတ်တဲ့သူဆီမှာ လစာဘယ်လောက်ရရ မလုပ်ချင်တော့လို့ပါ စန္ဒီ၊ ငါအလုပ်ရှင်ပဲဆိုပြီး နေရာတကာ စာနာစိတ်ကင်းမဲ့နေလို့ မဖြစ်ပါဘူး။ ကိုယ့်ဝန်ထမ်းတွေရဲ့ဘဝတွေအတွက် အ ထောက်အပံ့ မလုပ်ချင်တောင် သူတို့အခက်အခဲအတွက် တွေးပေးတတ်ရပါတယ်။ သွားမယ် ကိုမြင့်ဆောင်''



''နေဦး''

မိုးစန္ဒီက ထိုင်ခုံက ထလာကာ သူ့လက်ကိုဆွဲ၍

''ကိုမြင့်ဆောင် နေရာမှာပြန်နေလိုက်ပါ၊ ဒိုး နင်ပြန်ထိုင်စမ်း''

အခြေအနေပြောင်းသွားပေမယ့် မိုးစန္ဒီ လေသံက ပြင်းထန်နေဆဲပင်။

''ဝန်ထမ်းတွေရှေ့တက်အောင် နင် ငါ့ကို အဲဒီလိုတွေ လုပ်နေတော့မှာလား ဒိုး''

''ဖြစ်သင့်ဖြစ်ထိုက်တာ လုပ်ပေးရုံပါပဲ၊ စန္ဒီ နစ်နာအောင် ကျွန်တော် လုပ်နေတာ မဟုတ်ပါဘူး။ သူတို့ဘက်က တွေးမပေးရင် စန္ဒီ အလုပ်ရှင်ကောင်း ဘယ်တော့မှဖြစ်မှာမဟုတ်ဘူး။ ဝန်ထမ်းတွေအပေါ် မိသားစုလိုသဘောထားမှ စန္ဒီအပေါ် သူတို့ကောင်းလာကြမှာပါ၊ အလုပ် ရှင်နဲ့အလုပ်သမားဆိုတာ ကျွန်းကိုင်းမှီကိုင်းကျွန်းမှီ၊ သူ့အကျိုးကိုယ့်အကျိုးအတွက် အပြန်အလှန် အကျိုးပြုပေးနိုင်မှ အဆင်ပြေမှာပါ''

''ငါ နင့်ကို အဲဒါတွေကြောင့် ခင်တာ ဒိုး''

''ဟင်''

ခေါင်းကိုခေါက်ပြီး ပြောလိုက်တာကြောင့် သူ မျက်နှာတင်းသွားသည်။ မေမေတောင် သူ့ကိုတစ်ခါမှ ခေါင်းကိုမခေါက်ဘူးပေ။

မိုးစန္ဒီက ရယ်ရယ်ပြုံးပြုံးပင်

''နင်က ဘာဖြစ်တာလဲ၊ ငါက လူတစ်ယောက်ကို မခင်ဘဲ ဆိုဗိုက်ကိုင်ဖို့ ဝေးသေးတယ်''

''ဒါပေမဲ့ ခေါင်းခေါက်တာ ဖက်ပိုးအုပ်တာတော့ ကျွန်တော် ကြိုက်ဘူး။ ကျွန်တော့်အမေတောင် ကျွန်တော့်ကိုအဲဒီလို မလုပ်ဖူးဘူး''

www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ ခင်တဲ့လူဆို အဲဒီလို တရင်းတနှီး နေတယ်တယ် မခင်တဲ့သူဆိုရင် ငါဘယ်လိုဆက်ဆံတယ်ဆိုတာ နင်သိပါတယ်"

အဲဒီလိုလုပ်တာပဲ ကိုယ်က ဂုဏ်ယူရတော့မလိုပင်။ ကိုမြင့် ဆောင်ကို အလုပ်မထုတ်တာတော့ သူ တကယ်ဝမ်းသာသွားခဲ့မိတာပါ

"ကိုမြင့်ဆောင်ကို စန္ဒီ တကယ်အလုပ်မထုတ်တော့ပါဘူးနော်"

"နင်အပြောကောင်းလို့လေ၊ ပြောရဲဆိုရဲရှိလို့ နင့်ကိုခင်ပြီး အလုပ် မထုတ်တော့တာ၊ နင်အလုပ်ထွက်သွားရင် ငါ့ကိုအဲဒီလိုပြောပေးမယ့်သူ ဘယ်လိုလုပ်ရှိတော့မှာလဲ"

"အဲဒီလို အမြင်မှန်ရပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"အံမယ် အပြောကတော့၊ ကဲ ထမင်းစားချိန်ရောက်ပြီ ငါ့ အတွက် ထမင်းပြင်ပေးတော့"

"မာလာ လာလုပ်ပေးလိမ့်မယ်၊ ကျွန်တော်က ထမင်းဘူးဆွဲ လာလို့ အပြင်မှာ သွားစားမှာပါ"

"ဘာ နင်က ဘာလို့ ငါ့ထမင်းကို မစားတာလဲ၊ နင့်အတွက် ပိုထည့်လာတာ"

"ကျွန်တော်က ယောကျာ်းလေးဆိုတော့ ချိုင့်ကိုပြောင်စင်အောင် အောင် မဆေးတတ်ဘူး၊ စန္ဒီ့ဆီက ထမင်းလေးစားရဖို့အတွက် စန္ဒီ့ ထမင်းပွဲပြင်ပေး ဝေယျာဝစ္စလုပ်ပေး ချိုင့်ဆေးပေးရတာလည်း သိပ်ဟုတ်သေးဘူးထင်တယ်၊ ယောကျာ်းလေးတစ်ယောက်နဲ့ သိပ်မလိုက်ဖက် ဘူးထင်လို့ပါ"

သူ ပြောလိုက်သည့် စကားကြောင့် မိုးစန္ဒီ မျက်နှာတင်း ခက်ထန်ပြီး ပေါက်ကွဲသွားမည်ထင်သော်လည်း အဲဒီလို မဟုတ်ပေ။ မျက်နှာ





သေးက ပြုံးယောင်သမ်းလျက် သူ့ခေါင်းကို မဖွဲ့တဖွဲ့ လှမ်းပုတ်ပြီး

"မာနကြီးတာပေါ့လေ၊ ချိုင့်ဆေးဖို့နဲ့ ထမင်းပွဲပြင်ဖို့ကို တခြား တစ်ယောက်ခိုင်းလိုက်ပါမယ်၊ နင်ကတော့ ငါ့ ထမင်းချိုင့်ပဲစားပါ"

"တော်ပါပြီ အဲဒီထမင်းဟင်းက မာလာတို့အတွက် ပိုတန်ဖိုး ရှိပါတယ်၊ မာလာကိုပဲ ကျွေးလိုက်ပါ"

မိုးစန္ဒီကို သူ အတိုက်အခံလုပ်ပြီး ပြောလိုက်သည်။ အလုပ် ထွက်ရရင်လည်း ထွက်ရပါစေဆိုပြီး မထူးဇာတ်ခင်းနေမိခြင်း ဖြစ်၏။

မိုးစန္ဒီအပေါ် စိတ်ကုန်မှုတွေများလာလို့ပါ။ ဒါပေမဲ့လည်း အခုမှ ပြီး ရင်းနှီးလာသည်ဟု ထင်မိသည်။ သူ့ရဲ့တုန့်ပြန်မှုတွေအပေါ်မှာ စိတ်မဆိုး ဘဲ နာခံလာခဲ့သည်မဟုတ်လား။

သူ့စိတ်တွေကရော မိုးစန္ဒီအပေါ် ဒီထက်ရင်းနှီးချင်စိတ်တွေ ရှိသေး ရဲ့လား။ ကြောက်ရွံ့မှုတွေ ထိတ်လန့်မှုတွေ ဖြစ်ပါ့မလားဆိုသည့် စိုးရိမ်စိတ် တွေ ဝင်လာခဲ့တာတော့ အမှန်ပဲဖြစ်သည်။

မာနတွေ အရောင်တင်ဖို့ကလည်း။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဟာ လဝန်း"

"ဟယ် မှတ်သုံ"

ဟိုတယ်ကြီးတစ်ခုအတွင်းမှာ ထင်မှတ်မထားဘဲ မျက်နှာချင်းဆိုင် ဆုံလိုက်ရတာမို့ နှစ်ယောက်သား ဝမ်းပန်းတသာ အံ့ဩတကြီး ဖြစ်သွားကြသည်။

"လဝန်း ဒီကို ဘယ်လိုဖြစ်ပြီး ရောက်နေတာလဲ"

"ဘဏ်က မန်နေဂျာအပြောင်းအလဲ ဒင်နာလုပ်ပေးတာလေ လူကြီးပိုင်းတွေလည်းလာမှာဆိုတော့ လဝန်းတို့အောက်က ဝန်ထမ်းတွေက ကြိုပြီးရောက်နေရတာပေါ့၊ မှတ်သုံကရော ဒီကို ဘာလာလုပ်တာလဲ"

"ဟြော် ကိုယ်တို့သူဌေးနဲ့လာတာပါ၊ ဂျပန်က ဧည့်သည်တွေကို ညစာကျွေးပြီး ဧည့်ခံရမှာ၊ သူဌေးက ဖုန်းလာလို့ ဖုန်းပြောနေတာနဲ့ ကိုယ်က ဒီမှာ ခဏရပ်စောင့်နေတာ"





"ဟြော် ဒါဆို အချိန်အဆင်ပြေရင် လဝန်းတို့အတူတူ ပြန်ကြမယ်လေ၊ လဝန်း အဖော်ရတာပေါ့"

"ဟင် အင်း အဲဒီလို လုပ်တာပေါ့၊ ဒါပေမဲ့ အချိန်က ဘယ်လိုဖြစ်မလဲ မသိသေးဘူး၊ ကိုယ် ဖုန်းဆက်လိုက်မယ်လေ လဝန်း"

"ဟုတ်ကဲ့"

"ဘယ်သူနဲ့ ဒီလောက်ဓာောင် စကားတွေဖောင်ဖွဲ့နေရတာလဲ"

"ဟင် စန္ဒီ"

မိုးစန္ဒီက လူမှုရေးမရှိ၊ အကြောပြတ်တောက်စွာ ပြောလိုက်တာကြောင့် လဝန်းကို အားနာသွားရသည်။ မိုးစန္ဒီကိုလှည့်ကြည့်လိုက်သော လဝန်း မျက်ဝန်းများက စူးခနဲ လက်သွားသည်။ မျက်မှောင်ကြုတ်ကာ ဆုံးစားနေဟန် ရှိသည်။ ပြီးမှ နှုတ်ခမ်းလေးကိုမဲ့လျက်

"ဘယ်သူလဲလို့ သေချာကြည့်နေတာ ရှင်ကိုး"

"မင်းက ငါ့ကိုသိလို့လား၊ ငါ့အသိအကျွမ်းထဲမှာတော့ မင်းလို လူမျိုးမရှိဘူးထင်တာပဲ"

"ကျွန်မကလည်း ရှင့်အသိအကျွမ်းထဲကလူမဖြစ်ချင်ပါဘူး၊ မောက်မာရိုင်းစိုင်းတတ်တဲ့သူမျိုးနဲ့ မပတ်သက်ချင်လို့လေ"

"ဘာ"

"ရော့ ရှင့်ပိုက်ဆံ"

ရွှေလဝန်းက လွယ်လာသော စလင်းဘတ်အိတ်ထဲက ငွေတစ်ထောင်အုပ်ကိုယူ၍ မိုးစန္ဒီလက်ထဲ ပစ်ပေါက်ထည့်ပေးလိုက်သည်။ မိုးစန္ဒီ မျက်နှာတင်းထန်မာကျောပြီး ဆတ်ဆတ်ခါသွားကာ

"မင်း ဒါဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပစ်ပေါက်ပေးခဲ့တဲ့ ရှင့်ငွေကို ပြန်ပေးတာလေ"

"ဩော် ငါသိပြီ နင်ကိုး"

မှတ်မိသွားသော မိုးစန္ဒီ နှုတ်ခမ်းများက လိုအပ်တာထက်ပိုပြီး မဲ့ကျသွားကာ

"အဲဒီငွေရလို့ အဝတ်အစားကောင်းဝယ်ဝတ်နိုင်တာကို ကျေးဇူးတင်ရမှန်းမသိဘဲ စော်ကားလိုက်တာလား၊ အေး ငါက နင့်လက်နဲ့ ထိထားပြီးသားငွေကို မကိုင်ဘူး၊ လိုချင်ရင် ပြန်ယူသွား၊ မလိုချင်ရင် လွှင့်ပစ်လိုက်၊ ရှုပ်ရှုပ်ယှက်ယှက်တွေ လာမလုပ်နဲ့"

မိုးစန္ဒီက ငွေတစ်သိန်းအုပ်ကို လဝန်းမျက်နှာတည့်တည့် ပြန်ပစ်ပေါက်လိုက်၏။ အမှတ်တမဲ့ မရှောင်လိုက်သော လဝန်းမျက်နှာလေး နီရဲသွားသည်။ သူ ပျာခနဲ ဖြစ်သွားကာ

"လဝန်း လဝန်း ရလားဟင်၊ ဘယ်လိုနေလဲ နာသွားလား"

"ရပါတယ် အဲဒီမိန်းမက ဘာလဲ၊ မှတ်သုံရဲ့သူဌေးလား၊ ဒီလောက် မိုက်ရိုင်းမောက်မာတဲ့သူဆီမှာ ဘာလို့ အလုပ်လုပ်နေရတာလဲ မှတ်သုံ"

"ဟိုလေ ကိုယ်က"

"ဟော့ အဲဒီကိစ္စ မင်းနဲ့မဆိုင်ဘူး၊ ငါ့ကိုမိုက်ရိုင်းတာတွေ မောက်မာပဟာတွေ လာမပြောနဲ့၊ အဆင့်အတန်းမတူတဲ့ အောက်တန်းစားပါးစပ်က ငါ့ကို အဲဒီလိုပြောဖို့ တန်လို့လား၊ အခုချက်ချင်း ဟိုတယ်ထဲက ဆွဲထုတ်ခံချင်လို့လား"

"ဘာ လုပ်ရဲလုပ်ကြည့်ပါလား၊ ဒါ မင်းမဲ့တိုင်းပြည်မဟုတ်ဘူး။ ရှင် ပြဿနာရှာချင်တိုင်း ရှာလို့ရတဲ့နေရာမှတ်နေလား"





"မိုးစန္ဒီအကြောင်း မသိသေးဘူးထင်တယ်၊ နင့်လိုလူမျိုး အယောက်တစ်ရာလောက်ကို ချက်ချင်းအမှုန့်ချေပစ်လိုက်လို့ရတယ် သိလား"

အခြေအနေက တင်းမာပြီး မိုးစန္ဒီအကြောင်းလည်း သိနေသည့် မို့ ဒီနေရာမှာ ပြဿနာမဖြစ်အောင် လဝန်းလက်ကလေးကို သူ ဖမ်းဆွဲဆိုက်ကာ

"လ လဝန်းကိုယ်တို့ နောက်မှ တွေ့ကြမယ်နော်၊ အခု စည်းခံရမယ့်ကိစ္စတွေ ရှိသေးတယ် မဟုတ်လား။ ကိုယ်တို့လည်း ဧည့်သည်တွေ တွေ့ဖို့ရှိသေးလို့ပါ၊ နော် လဝန်း သွားလိုက်တော့နော်"

"ဒီမိန်းမနဲ့နောက်တွေ့ဖို့က လွယ်တာမဟုတ်ဘူး။ တွေ့တုန်းစာရင်းရှင်းရမယ်၊ သူ မြိမ်းခြောက်တာကို ကြောက်သွားတယ်လို့ အထင်မခံနိုင်ဘူး"

"မဟုတ်ပါဘူး လဝန်းရယ်၊ ဒီနေရာမှာ ပြဿနာဖြစ်လို့ မကောင်းပါဘူး။ ကိုယ်ပြောတာကို နားထောင်ပါနော်"

"မှတ်သုံ ကျွန်မကို စောင့်မှာလား"

"နောက်နေ့မှ ဆုံမယ်လေ လဝန်းနော်"

"အင်း မှတ်သုံကြောင့်နော်"

မကျေမချမ်း အခဲမကျေ ဖြစ်နေသေးသည်ဆိုသော်လည်း သူ့စကားကို နားမထောင်ကာ လဝန်းထွက်သွားပေး၍ တော်ပါသေးသည်။ စန္ဒီက ဒေါသတကြီးဖြင့် သူ့ခေါင်းကို ခွပ်ခနဲ လှမ်းခေါက်ပြီး

"အဲဒီလို အခြေအမြစ်မရှိ အောက်တန်းစားနဲ့ ဒိုးက ဘယ်လိုလုပ်ပြီး ပတ်သက်ရတာလဲ၊ အဲဒီကောင်မ ဒိုး ရည်းစားလား"

"မဟုတ်ပါဘူး၊ ဒီအတိုင်း သိကျွမ်းခင်မင်ရုံပါ"

"ဟုတ်လို့လား၊ ဒိုးပြောတဲ့စကားကို နားထောင်တာတော့ ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြားဝပ်ပဲ၊ ဘယ်လိုဟာနဲ့လာတွေ့နေလဲ မသိဘူး။ အောက်တန်းစား စိတ်ဓာ နဲ့ လူကိုလာပတ်သက်နေတယ်''

''သူက မာနရှိတဲ့မိန်းကလေးမို့ပါ၊ စန္ဒီက တင်တင်စီးစီး မော မာပြီး ငွေကိုပစ်ပေးတာ မကျေနပ်နေတာ ဖြစ်လိမ့်မယ်''

''ဒိုးကို သူက အဲဒီအကြောင်းတွေ ပြောပြဖူးလို့လား''

''အဲဒီလိုလည်းမဟုတ်ပါဘူး။ အခု သူပြောတဲ့စကားကို ခန့်မှ ကြည့်ရုံပါ၊ အဲဒါကြောင့် စန္ဒီကို အရာရာငွေနဲ့မဆုံးဖြတ်နဲ့လို့ပြောတာ၊ မာ တဲ့လူနဲ့ကြုံရင် အခုလိုကိစ္စမျိုး ဖြစ်လာနိုင်တယ်လေ''

''ဂရုစိုက်စရာလား။ ဒီကိစ္စကို လုံးဝမကျေနပ်ဘူး။ အဲဒီမိန်းကလေ ဘယ်လိုဖြစ်မလဲဆိုတာ ဒိုး စောင့်ကြည့်နေလိုက်''

''စ စန္ဒီ ဘာလုပ်မလို့လဲ ဟင် စန္ဒီ''

''ဘာလဲ အဲဒီမိန်းကလေးအတွက် ဒိုးက စိုးရိမ်သွားတာလ ဘာမှမပတ်သက်ဘူး သိက္ခာမဲ့ခင်မင်ရုံဆို''

''ဟုတ်ပါတယ် ဒါပေမဲ့''

''အခုကစပြီး အဲဒီမိန်းကလေးကို ဒိုး လုံးဝမပတ်သက်ရဘူး''

''ဗျာ''

''ရင်းနှီးတာ ခင်မင်တာ သိက္ခာမဲ့တာ လုံးဝမဖြစ်ရဘူး၊ အ အချိန်က ဘယ်လိုဆိုတာလည်း ငါ လုံးဝမသိချင်ဘူး။ ငါပြောတာ ကြ တယ်နော်''

''အင်း ဟို''

''ညှိသည့်တွေရောက်တော့မယ်၊ အထဲဝင်ရအောင်''

''ဟိုမှာငွေ လဝန်း ယူမသွားဘူး''





''ထားခဲ့လိုက် ကောက်ချင်တဲ့သူ ကောက်သွားလိမ့်မယ်၊ အဲဒီ လောက်ငွေက ငါ့သူတောင်းစားကိုထည့်သလောက်ပဲ ရှိတယ်''

သူ နမြောမိသော်လည်း မိုးစန္ဒီနှင့်အခြေအတင် မဖြစ်ချင်၍ ဒီ အတိုင်း ထားခဲ့လိုက်ရသည်။ မိုးစန္ဒီရဲ့မောက်မာမှုများကို သူ အရမ်းကို စိတ်လန့်နေမိ၏။ လဝန်းကိုတော့ အရမ်းကိုအားနာနေမိသည်။

မိုးစန္ဒီကို စိတ်ကုန်ပြီးရင်း ကုန်နေမိ၏။ ဒီထက်ရင်းနှီးအောင်ပင် ပြောစားချင်စိတ် မရှိတော့။

''ဒိုး''

''ဗျာ''

စီစဉ်ထားသည့်နေရာမှာ ညှိသည်တွေမရောက်သေး၍ သူနှင့် စန္ဒီ အစားအသောက်တွေမှာရင်း စောင့်နေရသည်။

''အဲဒီမိန်းကလေးက ဒိုးကို ဘာလို့ မုတ်သုံလို့ခေါ်တာလဲ''

''ကျွန်တော့်နာမည်အရင်းက မုတ်သုံပါ''

''ငါ့ကိုတော့ ဘာလို့ ဒိုးလို့အခေါ်ခိုင်းတာလဲ''

''ဗျာ အဲဒါက အများခေါ်တဲ့နာမည်မဟုတ်ဘူးလေ၊ အဲဒါ ကြောင့်''

''ငါ့ကို သီးသန့်ခေါ်စေချင်လို့လား၊ အများနဲ့မတူစေချင်တာ ဘာ ကြောင့်လဲ''

''ဗျာ ဘာ ဘာမှမဟုတ်ပါဘူး''

''နင့်မှာ စိတ်ကူးတွေတော့ ရှိနေမှာပေါ့၊ နင်ငါ့ကို စိတ်ဝင်စား တာလား''

ဟုတ်တယ်လို့ ပြောလိုက်လျှင် ဘာတွေဖြစ်မှာလဲ။ သူမအရေးက ချင်းထွက်သွားတော့လို့ ပြောလိုက်မှာလား။



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်လျှင် သူ မျှော်လင့်ထားသည့်အခွင့်အရေးတွေ ဆုံးရှုံးသွားမှာ အမှန်ပင်။ ဒါပေမဲ့ သူ့မှာထူးထူးခြားခြား ဝမ်းနည်းမှုတွေ ရှိမနေ။ သူ ဆတ်ခနဲ ခေါင်းရမ်းမိလိုက်တာ သူ့ကိုယ်သူပင် သတိမထားမိ။

"ကျွန်တော် စန္ဒီ့ကို ကိုယ့်ရဲ့အလုပ်ရှင်သူဌေးတစ်ယောက်အနေနဲ့ လေးစားမိတာမျိုးပါပဲ၊ စိတ်ဝင်စားတယ်ဆိုတာ ကျွန်တော် မမျှော်မှန်းတဲ့ကိစ္စပါ"

"ငါက နင့်ကိုစိတ်ဝင်စားတယ်ဆိုရင်ရော"

"ဗျာ"

သူ တုန်ခနဲတောင် ဖြစ်လို့သွားသည်။ ဒီလိုကိစ္စမျိုးမှာ မိန်းမ ဒီလိုမျိုး အပြောရဲတင်းမည် မထင်မိပါ။ သူ့မျက်နှာကို မလွှဲတမ်း စူးစူးအောင်ကြည့်ပြီး

"နင်က မပြည့်စုံတဲ့အတန်းအစားက ဆိုပေမယ့် ဆွဲဆောင်မှုတော့ ရှိပါတယ်၊ ငါတို့ ခဏလောက်တွဲကြည့်ကြတာပေါ့"

ဟင်အင်းလို့ ငြင်းလိုက်ရမှာကိုတော့ သူ ပြောမထွက်ပေ။ ဒီအခွင့်အရေးက သူလိုချင်နေသော အခွင့်အရေးပဲ မဟုတ်ပါလား။

သူ့စိတ်ထဲမှာ လေးလံမှုတွေရှိနေသော်လည်း သူ ပေါ့ပါးစွာပင် ပြုံးလိုက်နိုင်သည်။

"ကျွန်တော့်ဘက်က အဆင်ပြေပါတယ် စန္ဒီ"

"ဖေဖေကတော့ ကန့်ကွက်မှာပဲ၊ ဖေဖေ့က ငါ့ထက်အဆင့် အတန်းခွဲခြားတဲ့စိတ်ရှိတယ်၊ သူ့သားသမီးတွေကို ဘယ်လိုလူမျိုးနဲ့မှ သိပ်ပြီးတူတယ် တန်တယ် မထင်ဘူး၊ ဖေဖေမသိအောင်ပဲ တွဲလို့ရမှာ"

"စန္ဒီ ဆန္ဒရှိတယ်ဆိုရင် စန္ဒီအဖေနဲ့အဆင်ပြေအောင် ဆက်ဆံ



ကြည့်ပါမယ်၊ ဒါပေမဲ့ စန္ဒီ့အဖေကို တစ်ခါမှ မတွေ့ဖူးဘူး"

"ဖေဖေက ဂျပန်ရုံးချုပ်မှာပဲ ထိုင်တာ၊ ငါ့ကို ဒီမှာပဲလွှဲထားခဲ့တာလေ၊ လိုအပ်တာကို ဟိုကနေ ညွှန်ကြားတာပေါ့၊ ဖေဖေ့ကို အဆင်ပြေအောင် ဆက်ဆံကြည့်ဖို့ ခဲယဉ်းလိမ့်မယ်၊ ဖေဖေက သူ့လုပ်ငန်းကိစ္စတွေကလွဲရင် ဘယ်သူနဲ့မှ အဆင်ပြေအောင် ဆက်ဆံတတ်တဲ့သူမျိုး မဟုတ်ဘူး"

"ဪ"

ဒါကြောင့် မိုးစန္ဒီက အဖေတူသမီးဖြစ်နေတာပဲဟု တွေးမိ၏။ ဘာဖြစ်ဖြစ် အရင်ကထက် တစ်ဆင့်တိုးလာတာ သူ ဝမ်းသာရမှာလား မသိတော့မသိပေ။ ဘာကြောင့် မိုးစန္ဒီ ဒီလိုဆုံးဖြတ်လိုက်တာလဲဆိုတာ နားလည်နိုင်၊ သူ့အတွက်တော့ လေးလံမှုတွေ ဖိစီးနေကာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဒါဆို မင်းနဲ့မိုးစန္ဒီ ချစ်သူတွေဖြစ်သွားကြပြီပေါ့ ဟုတ်လား"

"မဟုတ်ပါဘူးကွာ၊ တွဲကြည့်မယ်လို့ ပြောခဲ့တာပါ"

"ဘာသဘောလဲကွ တွဲမယ်ဆိုတာက"

"တွဲရုံတွဲကြည့်မယ်ဆိုတဲ့သဘောပေါ့ကွာ၊ လက်ထပ်ဖို့အဆင့် ရောက်ဖို့ကတော့ ငါ့ဘက်က ကြိုးစားရမှာပေါ့"

"မင်း အခုထိ မိုးစန္ဒီအပေါ် စိတ်ရှိနေသေးတာ အံ့သြစ မိန်းကလေးတစ်ယောက်က ဒီလိုပြောတာ မင်းမရှက်ဘူးလား မှတ်သု"

"ဥစ္စာနေ ကြွယ်ဝချမ်းသာတဲ့သူဌေးသမီးက မင်းကိုတွဲမယ် ပြောလို့ မင်းဂုဏ်ယူနေတာလား မှတ်သုံ၊ အဲဒီလိုပြောလို့ မင်းက ရှ သွားတာလား"

လွင်ဦးနှင့်ဖိုးသဲ သူ့ကိုဝိုင်းပြောနေကြ၏။ သူ ပျော်ရွှင်မ ဘူးဆိုတာ ဒီကောင်တွေမသိကြပေ။ ဒီလိုညမှာ ဘီယာအဝသော





အောင်ပွဲခံသင့်တာ။ သူ့ မျှော်လင့်ချက်တွေ အကောင်အထည်ပေါ်တော့ မည် မဟုတ်ပါလား။ လက်တွေ့မှာတော့ သူ ဘာကြောင့် ခေါင်းရမ်းမိ သွားသလဲ မသိပေ။

"ငါ စိတ်ပါတယ်လို့ မင်းတို့ထင်နေကြတာလား၊ ငါ့မျက်နှာက ပျော်နေတဲ့ပုံပေါက်လို့လား"

"ဒါဖြင့် ဘာလို့ မင်းက"

"မင်းတို့ကို အသိပေးတာပါ၊ နောက်ဆုံးတော့ ငါ့ဆန္ဒတွေအတိုင်း တစ်ဆင့်ချင်းဖြစ်လာလိမ့်မယ်ဆိုတာ ဒါပေမဲ့"

မပြောသေးဘဲ ရပ်ထားတာကြောင့် လွင်ဦးတို့နှစ်ယောက် မှတ်သုံ တို့ စိတ်ဝင်တစား မော့ကြည့်လာကြသည်။ သူကတော့ ဒီနေ့ လေးလံနေ သော စိတ်တွေကြောင့် ဘီယာကိုတောင် သောက်ချင်စိတ်မရှိပေ။

"သူ အဲဒီလို ပြောတဲ့အချိန်မှာ ငါပျော်မနေခဲ့တာတော့ အမှန် ဲ မင်းတို့ယုံချင်မှလည်းယုံမှာပါ၊ ငါက ဒီအခြေအနေကိုရောက်ချင်နေတာကို သိထားကြတာလေ၊ ဒီလိုကနေ တကယ်ရောက်သွားနိုင်တာကိုလည်း မင်းတို့ သိထားကြမှာပါ"

"မင်းကဆရာကြီးပဲ"

"ငါ နောက်ဆုတ်ဖို့ စဉ်းစားနေတယ်"

"ဘာ"

"ရှေ့ဆက်တိုးရမှာ ကြောက်နေတာ၊ ငါလိုချင်တာ ဒီလိုအခြေ အနေမဟုတ်ဘူး။ အရမ်းကို နူးညံ့သိမ်မွေ့ပြီး သာယာတဲ့ဘဝလေး"

"အဲဒါတွေလိုချင်ရင် သူဌေးတွေဆီက မတောင်းနဲ့၊ သူတို့ဆီ ကတော့ မောက်မာမှုတွေနဲ့ မာန်တက်နေတာတွေပဲ ရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေကို ဘာလို့ လဝန်းဆီက မတောင်းတာလဲ မှတ်သုံး လဝန်းက ဆင်းရဲလို့မဖြစ်ဘူးလား၊ မင်းအတွက် ငွေပဲအရေးကြီးတာလား ချစ်တာလည်းမဟုတ်ဘဲနဲ့ ချမ်းသာချင်တာနဲ့ မိုးစန္ဒီကို ကပ်နေတာ မရှက်ဘူး လားမှတ်သုံ"

"မင်းတို့ပြောမှ ငါပိုပြီးရှက်လာပြီ၊ မိုးစန္ဒီနဲ့ဆက်ဆံရေးမှာ ဟာ တွေထိခိုက်နေတာကိုလည်း ငါ သိပါတယ်၊ ဒါပေမဲ့ အခုချိန်မှာ နောက် ပြန်လှည့်ဖို့က"

"ဟိုကတွဲမယ်ဆိုတာနဲ့ မင်းက စိတ်ကူးယဉ်နေတာလား၊ ချစ် ရာတွေဖြစ်လာမယ်လို့ မင်းထင်နေလား မှတ်သုံ၊ ငါတို့ကတော့ လဝန်း နဲ့ပဲ သဘောတူတယ်နော်"

"လဝန်းက ချစ်စရာကောင်းပါတယ်"

သူ ကျေနပ်စွာ ပြုံးလိုက်၏။ သူ လက်ခံနိုင်သည့်စကားပဲ လဝန်းချစ်စရာကောင်းသည်လို့ ဖိုးသဲတို့ပြောလိုက်တာ မမှားပေ။ မိန်းမ သားတစ်ယောက်ရဲ့အလှတရားနှင့်မာန။

"မင်းဘာလို့ ပြုံးသွားတာလဲ မှတ်သုံ"

"လဝန်းက ချစ်စရာကောင်းတယ်ဆိုလို့ပါ၊ ငါအစတည်းက သိတယ်"

"ဘာလို့ ဖွင့်မပြောသေးတာလဲ၊ အရင်က ရည်းစားကိုနှစ်ယောက် သုံးယောက်တောင် ပြိုင်ထားခဲ့တာပါ"

"လဝန်းကို ငါ အဲဒီလို ပေါ့ပေါ့တန်တန် မလုပ်ချင်ဘူး။ သူ့မှာ သူ့ဒေါ်လေးမိသားစုကြောင့် စိတ်ဆင်းရဲနေရတာပါ၊ ငါက ရောဂါ ထပ်ပေးလိုက်ရင် လဝန်းသေမှာပေါ့ကွာ"





"မင်း အဲဒီလောက်တွေးပေးတတ်ရဲ့နဲ့ကွာ၊ အခု ဘာလို့ မိုးစန္ဒီ ဘာ တွဲမယ်ဆိုတာကို လက်ခံခဲ့တာလဲ"

"မိုးစန္ဒီကရော ဘာလို့ တွဲမယ်ဆိုတာ ပြောတာလဲ"

"လဝန်းနဲ့မိုးစန္ဒီ ပြဿနာတက်ကြတယ်"

"ဘာ"

အခြေအနေကို အတိုချုံ့ပြီး ရှင်းပြလိုက်သည်။ လွင်ဦးနှင့်ဖိုးသဲ နားခေါင်းတွေ ရှုံ့သွားကြ၏။

"မိုးစန္ဒီ မိုက်ရိုင်းတာကတော့ ကမ်းကုန်တယ်"

"လဝန်း မာနကလည်း အံ့ဩဖို့ကောင်းတယ်၊ မပြည့်စုံတဲ့ကြား ဘာ မိုးစန္ဒီ ပစ်ပေါက်ပေးခဲ့တဲ့ ပိုက်ဆံကို ပြန်ပြီးပစ်ပေါက်ပေးနိုင်ဖို့ အတွက် ငွေချေးချွေတာပြီး စုဆောင်းခဲ့တယ်၊ တိုက်ဆိုင်တဲ့အခါမှာ မကြောက်မရွံ့ ခဲ့ရဲ့တင်းတင်း အဲဒီလို ပြန်လုပ်ဖြစ်အောင်လုပ်တယ်"

"လဝန်းမှာ မင်းလိုမက်မောမှုတွေ မရှိဘူး၊ အောက်ကျခံမှုတွေ ကျိုးနွံ့ခယမှုတွေ မရှိဘူး၊ မာနတစ်ခုတည်း ချမ်းသာပေမယ့် ငါတို့ကတော့ လေးစားတယ်"

"ငါလည်း အဲဒီလိုပဲ"

"ဘာကိုလဲ"

"လဝန်းရဲ့မာနကိုလေးစားတာ၊ လဝန်းကြောင့်ပဲ ငါ့ကိုယ်ငါ ရှက် တတ်လာခဲ့တာ"

"ဒါနဲ့များ မင်းကလည်း နောက်ဆုတ်လိုက်တော့လေ၊ အလုပ် ထွက်ရတော့လည်း ဘာဖြစ်လဲ၊ တခြားကုမ္ပဏီမှာ လျှောက်ပေါ့ကွ၊ အလုပ် တွေများ ပေါလွန်းလို့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆီမှာလောက်တော့ လစာကောင်းကောင်းမရနိုင်ဘူး။ မေမေက ငါလစာတွေ ဒီလောက်အဝ်နေတာတောင် ငါ့ကိုအထင်ကြီးရမှန်းမသိသေးဘူး။ လစာနည်းတဲ့အလုပ်ပြောင်းပြီး ငွေနည်းနည်းသာအပ်နိုင်ရင် ဒီကောင် ငါပြောတာဟုတ်တယ်မဟုတ်လားလို့ ပိုပြီး အထင်သေးသွားလိမ့်မယ်၊ နှိမ့်ချလိမ့်မယ်"

"ကျွတ် မုတ်သုံရာ၊ ငါတို့ ဘယ်လိုပြောရမှန်းကို မသိဘူး"

လွင်ဦးတို့စိတ်ကုန်သွားသလို ရှိသည်။ သူ တကယ်လည်း ဆုတ်လည်းဆူး စားလည်းရူးပါ။ ပစ်ရမှာလည်း အဆီနှင့်တဝင်းဝင်း။ စားရမှာလည်း သဲတရှပ်ရှပ်ဆိုတာ သူမှအစစ်။

ဖိုးသဲက စိတ်မရှည်သလို ဘီယာခွက်ကို ဆောင့်ခနဲချ၍

"ဒါဆို မင်းဘာလုပ်မှာလဲ"

"မိုးစန္ဒီဆီမှာ ဒီထက်စိတ်ကုန်စရာတွေ ထပ်တွေ့လာရင်တော့ ငါ့စိတ်က တကယ်ပြတ်သွားလိမ့်မယ်လို့ ထင်တယ်"

"အခု မိုးစန္ဒီက တွဲမယ်လို့ပြောလိုက်တာ လဝန်းကြောင့်လို့ ငါထင်တယ်နော်၊ မင်းနဲ့လဝန်း အခြေအနေကို အကဲခတ်မိပြီး မင်းကို ချုပ်ထားချင်လို့ ဒီလိုပြောလိုက်တာပဲ ဖြစ်ရမယ်"

"ငါလည်း တွေးမိပါတယ်"

"တွေးရုံတွေးမနေနဲ့ တကယ်ဟုတ်တယ်၊ မင်းကို လဝန်းနဲ့ မပတ်သက်ရဘူးလို့ အမိန့်တွေ အာဏာတွေ ပေးလိုက်တယ်မဟုတ်လား၊ ဒီမိန်းမ တကယ်ကို လှုပါးဝတာကွ၊ လည်တာမှ မွှတ်နေတာပဲ"

"မင်းလိုကောင်ကို အစက အောက်ခြေအတန်းအစား သူ့ခိုင်းဖက်လို့ သတ်မှတ်ထားပေမယ့် လဝန်းကိုမနာလိုတာနဲ့ တွဲမယ်ဆိုတဲ့ စကား





ထွယ်လွယ်ပြောထွက်တာ ထကယ်စိတ်ပါတာ မဖြစ်နိုင်ဘူး"

"ငါ့ကို ဆွဲဆောင်မှုရှိတယ်လို့တော့ ပြောတယ်"

"အဟင်း မုတ်သုံတို့ကတော့ ဘဝင်မြင့်ပြန်ပြီ၊ မင်းကိုယ်မင်း အဟုတ်ကြီးထင်မနေနဲ့၊ မင်းလိုကောင်ကို လဝန်းကာပဲ အထင်ကြီးချင်ကြီးမှာ၊ မိုးစန္ဒီလိုမိန်းကလေးက သူ့အိမ်ကခွေး အန်ဖတ်အဆင့်လောက်ပဲ သဘောထားလိမ့်မယ်"

"ဟား မင်းတို့ကောင်တွေ ငါ့ကိုနှိပ်ကွပ်နေကြတာပဲ"

နဂိုတည်းက သူ့စိတ်တွေက သာယာနေတာမဟုတ်။ ရှုပ်ထွေးမှုတွေနှင့် ကံကြမ္မာတွေ ခါးနေသည်ဟု ထင်နေတာပါ။

သူပေါက်ကွဲစွာဖြင့် အော်ပစ်လိုက်တော့ ဖိုးသဲတို့ခဏတော့ ငြိမ်သက်သွားကြသည်။ ပြီးမှ ဖိုးသဲက သူ့ကိုမျက်မှောင်ကြုတ်ကြည့်၍

"ဘာဖြစ်တာလဲ မင်းက၊ ငါတို့က မင်းအတွက်ပဲပြောနေတာ၊ မိုးစန္ဒီဆီမှာ အနှိမ်ခံပြီး နေစရာ ဘာအကြောင်းမှမရှိဘူး၊ မင်းယောကျ်ားမဟုတ်ဘူးလား၊ ယောကျ်ားမာနရှိရမှာပေါ့"

"ငါ လွတ်မြောက်မှာပါ၊ သာသာယာယာ မဟုတ်ဘဲနဲ့တော့ မိုးစန္ဒီဆီမှာ ငါ အမိခံမှာမဟုတ်ပါဘူး၊ အခုက အစပဲရှိသေးတယ်၊ ငါ မျှော်လင့်ထားသလို ဖြစ်မယ် မဖြစ်ဘူးဆိုတာလည်း မသိသေးဘူး"

"ဖြစ်ခဲ့ရင်"

သူ့မှာဖြေစရာချက်ချင်း မရှိ။ ဖြစ်ခဲ့ရင်ရော နှလုံးသားဆန္ဒ မရှိဘဲ လက်ခံနိုင်ပါ့မလား။ အခုချိန်မှာ အချစ်ဆိုတာကို သူ ဘာကြောင့် ဆာလောင်လာခဲ့မိလဲ မသိပေ။

အရင်ကတော့ အချစ်ဆိုတာ သူ့အတွက် အရေးကြီးမည့်အရာ



www.burmeseclassic.com

www.burmeseclassic.com



လို့ သူ တွေးပင်မတွေးခဲ့။ ပေါ့ပေါ့ပါးပါး ပျော်ပျော်နေရတာ သူ့ဘဝအတွက် လိုက်ဖက်စတိုင်ပင်။

"ငါ အခုချိန်မှာ မင်းတို့ကို ဘာကတိမှ ဘာအာမခံချက်မှ မပေးနိုင်သေးဘူးကွာ၊ ဒါပေမဲ့ ငါ ဆုံးဖြတ်ချက်ချနိုင်တဲ့နေ့ဆိုတာ ရှိလာမှာပါ၊ အဲဒီနေ့ကျရင်တော့ ငါ လုံးဝပျော်ရွှင်နိုင်လိမ့်မယ်လို့ ထင်တယ်"

"ဘယ်နေ့လဲ ဘယ်အချိန်လဲ"

"မသိသေးဘူး အခုချိန်မှာ ငါ့စိတ်ထဲဖြစ်နေတာကလည်း လဝန်းကို ငါအားနာနေတာ၊ တောင်းပန်ချင်တာ နှစ်သိမ့်ပေးချင်နေတာ"

"မင်း အဲဒီလိုလုပ်စရာ မလိုအောင် လဝန်းက ကိုယ်ခံအား ကောင်းပြီးသား၊ မာနရှိတဲ့လူတစ်ယောက်က ဘာတွေဖြစ်နေနေ စိတ်မာတ်က ကြံ့ခိုင်တယ်၊ သူ့ကိုယ်သူ ရပ်တည်နိုင်တယ်၊ ဆုံးဖြတ်ချက် ပြတ်ပြတ်သားသား ချနိုင်တယ်၊ မင်းလိုကောင်ပဲ တွေဝေနေတာ"

ဖိုးသဲပြောတာ သူ စိတ်မဆိုးချင်တော့။ ဒီကောင်တွေ အမှန်တရားတွေ ပြောနေတာ သူ နားလည်သည်။ အရာရာ ပြတ်သားဖို့ဆိုတာ အချိန်လိုသေးတာပဲ မဟုတ်လား။

သူ ရှေ့ခြေတစ်လှမ်းတိုးလျှင် ဘာတွေဆက်ဖြစ်မှာလဲ။ သူ့ရဲ့ ဖူးစာကံကို ကိုယ်တိုင်စိတ်ဝင်စားလျက်။

■ ■ ■



## အခန်း (၂၂)

"ကားက ဘာဖြစ်သွားတာလဲ"

"မသိဘူး"

"မသိဘူး ပြောမနေနဲ့၊ ဆင်းကြည့်လေ"

"ကျွန်တော်မှ ကားအကြောင်း နားမလည်တာ"

"ယောက်ျားလေးဖြစ်ပြီး ဒီလောက်ပဲ တုံးရသလား"

"ကျွန်တော် ကားမောင်းစားတဲ့သူလည်း မဟုတ်ဘူး၊ ဝပ်ရှော့မှာ သင်တန်းတက်ထားတာလည်းမဟုတ်ဘူး၊ ဖေဖေက ကားမောင်းလိုင်စင်ရအောင် လုပ်ပေးထားပြီး သူငယ်ချင်းတွေကား တက်မောင်းဖူးလို့သာ ကားမောင်းတတ်နေတာ၊ အခုက စန္ဒီ့ကားကို စန္ဒီမောင်းနိုင်းလို့ မောင်းပေးနေတာပါ"

"ဆင်ခြေကလည်း များလိုက်တာ၊ ကားပေါ်မှာထိုင်ပြီး ဘာလုပ်နေတာလဲ၊ ကားအောက်ဆင်းလေ"

တွဲကြမယ်ဆိုပြီး ချစ်သူတွေမှဟုတ်ရဲ့လား။ ငေါက်ငမ်းပြောဆို



www.burmeseclassic.com

www.burmeseclassic.com



နေတာတော့ လက်အောက်ဝန်ထမ်းအဆင့်ပဲ သဘောထားနေသည်ဆိုတာ သိသာသည်။

သူ အောင့်သက်သက်နှင့် ကားပေါ်ကဆင်းတော့ သူမလည်း လိုက်ဆင်းလာသည်။

"အိမ်ကဟာတွေ ကားကိုသေချာစစ်မပေးလိုက်ဘူး၊ အိမ်ပြန် ရောက်ရင် တစ်ခါတည်း အလုပ်ဖြုတ်ပစ်လိုက်မယ်"

"ကုမ္ပဏီကိစ္စအရေးကြီးတယ်ဆို ဘယ်လိုလုပ်မှာလဲ၊ ဝပ်ရှော့ ဆရာ ဖုန်းဆက်ခေါ်မှာလား ကုမ္ပဏီကကားလွှတ်ခိုင်းမှာလား၊ အိမ်က ကားနဲ့လဲမှာလား"

"သူတို့လာနေမယ့်အချိန်အတွင်းမှာ ငါက ဒီနေရာမှာရပ်ပြီး ဘာလုပ်နေရမှာလဲ"

"ဒါဆို တက္ကစီငှားမှာလား"

"အဲကွန်းနဲ့ကောင်းတဲ့ကားကိုငှား၊ ရော့ ကားငှားလို့ရရင် ငါ့ကို ဒါခင်းပေး"

"ဘာလဲ"

သူမ လက်လှမ်းပေးသောအရာကို ဖြန့်ကြည့်လိုက်တော့ ပဝါ တစ်စဖြစ်နေသည်။ သူမထိုင်မည့်နေရာမှာ သူက ခင်းပေးရမည်ပေါ့။ တက္ကစီ ကားပေါ်မှာ ဘာရောဂါပိုးကူးစက်မှာမို့လို့လဲ။

ကြိုးကျယ်လိုက်သည့်မိန်းမ။

"တက္ကစီ"

လက်လှမ်းတားလိုက်သည်နှင့် တက္ကစီတစ်စီး သူတို့အနား ထိုး ရပ်လာသည်။





"ဟာ ဖေဖေ"

ဖေဖေ့ကားမှန်း သူ မသိလိုက်ပေ။ ဖေဖေက ကားမှန်ကိုချကာ ခေါင်းပြူကြည့်ပြီး

"ဘာဖြစ်လို့လဲ"

"ဟို သူဌေးရဲ့ကား ပျက်သွားတာလား ဘာလား မသိပါဘူး၊ အဲဒါ ဟို ကုမ္ပဏီကိုရောက်ဖို့ နောက်ကျနေမှာစိုးဘာနဲ့ ကားငှားတာပါ ဖေဖေ၊ ဘယ်လောက်ပေးရမလဲ"

"သားကိစ္စပဲ ပိုက်ဆံပေးမနေပါနဲ့၊ လိုက်ပို့ပါ့မယ် တက်"

"လာ စန္ဒီ၊ ဖေဖေ လိုက်ပို့မယ်တဲ့"

"မငှားတော့ဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"နင့်ကို ဘာပြောထားလဲ၊ ကားကောင်းတာကို ငှားပါဆိုတာ နားမလည်ဘူးလား"

"လူလွှတ်တဲ့ကားငှားလိုက်တာပဲလေ၊ ဒါ ကျွန်တော့်ဖေဖေပါ၊ အလကားထိုက်ပို့မယ်တဲ့"

"ဟင့်အင်း ဒီလိုကား မစီးဘူး၊ နင့်အဖေကို သွားခိုင်းလိုက် တော့၊ ကားက ဒီလောက်စုတ်နေတာ"

"စန္ဒီ"

သူ့အဖေဆိုတာကိုတောင် အားမနာ။ သူမက ဘယ်လောက် ကြီးကျယ်မြင့်မြတ်နေသည့် မိန်းမမို့လဲ။ ဖေဖေ့ကို သူမျက်နှာပူ အားနာ သွားမိသည်။

ဖေဖေက မျက်မှောင်ကြုတ်ပြီး မျက်လုံးတွေက စူးတောက်နေ တာ



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အဖေကိုတောင် လူရာမသွင်းချင်တဲ့ကုမ္ပဏီမှာ မင်း ဆက် လုပ်မနေနဲ့တော့ ဟိတ်ကောင်၊ သူတို့က ငွေဘယ်လောက်ချမ်းသာနေလဲ မသိပေမယ့် ငါကတော့ မာနချမ်းသာတယ်ကွ၊ ဟိတ်ကောင် လာ ကား ပေါ်တက်"

"ဖေဖေ"

"ပြောနေတာ မကြားဘူးလား။ မင်းအဖေကို ဒီလို ဆက်ဆံ တာ မင်းရှက်ရ နာရမှန်း မသိဘူးလား"

"ဟုတ်ကဲ့"

"ဒီး ဒါ အလုပ်ချိန်"

ဖေဖေ့ကားတံခါးကို ဆွဲဖွင့်သည့်အချိန်မှာ မိုးစန္ဒီက သူ့လက် ကို ဆွဲထားသည်။ လမ်းလယ်ခေါင်မှာ သူ ရုပ်ပျက်ဆင်းပျက်တော့ မဖြစ်ချင်ပါ။

"ဖေဖေ သားညနေအလုပ်ဆင်းမှ စောစောပြန်လာပါမယ်၊ ဒါ အလုပ်ချိန်ကြီးဖြစ်နေလို့ပါ"

"အေး အိမ်ကျမှ မင်းနဲ့တွေ့မယ်"

ဖေဖေ ဒေါသတကြီး ကားကိုဆောင့်ခနဲ မောင်းထွက်သွားသည်။ ခံပြင်းစိတ်များကြောင့် တင်းတင်းဆုပ်ထားမိသော လက်သီးဆုပ်က တဆတ် ဆတ် တုန်နေခဲ့သည်။

"အာ ဒုန်း"

မိုးစန္ဒီရဲ့ကားဘန်ပါကို စိတ်မထိန်းနိုင်စွာ ဒုန်းခနဲ ထိုးကန်ပစ် လိုက် သည်။ မိုးစန္ဒီက မျက်ခုံးပင့်သွားလျက်

"ဘာဖြစ်တာလဲ"

"ဒေါသဖြေနေတာ"



"နင်က ဘယ်သူ့ကိုဒေါသထွက်တာလဲ"

"ခင်ဗျားကို မိုးစန္ဒီ ခင်ဗျားကို"

"နင်က ငါ့ကိုဒေါသထွက်ရမယ့် အဆင့်အတန်းလား"

"ကောက် ခင်ဗျား"

မိုးစန္ဒီ မျက်နှာကို လက်သီးနှင့်သာ တည့်တည့်ထိုးပစ်လိုက်ချင် ၏။ မထိမဲ့မြင် အတန်းအစားခွဲဆက်ဆံခံရတာ အသည်းတွေယားလှသည်။

"ခင်ဗျားကို အဲဒီလောက်ထိ မောက်မာရိုင်းစိုင်းလိမ့်မယ်လို့ ထင် ထားဘူး။ တခြားသူတွေကို ဘယ်လိုပဲဆက်ဆံဆက်ဆံ ခင်ဗျားတွဲမယ်လို့ ပြောတဲ့ ကျွန်တော်က အဲဒီလောက်တောင် တန်ဖိုးမရှိဘူးလား။ ခင်ဗျား လူရာမသွင်းချင်ဘူးဆိုရင် ဘာလို့ ကျွန်တော့်ကို တွဲမယ်လို့ပြောနေသေးလဲ"

"မင်း ဘာတွေလာပေါက်နေတာလဲ၊ ငါ မင်းကိုဘာမှမပြောရ သေးဘူးနော်၊ မင်းနဲ့ငါ့ကြားမှာ ဘာပြဿနာတွေရှိလို့လဲ"

"ဟား ခင်ဗျား ကျွန်တော့်အဖေကို ဘယ်လိုဆက်ဆံလိုက်တာ လဲ"

"ကားကိုမကြိုက်လို့မစီးချင်ဘူးပြောတာ ဘာဖြစ်လို့လဲ၊ ငါ ဘယ်လို ဆက်တန်းစားက မိန်းမလဲဆိုတာ မင်းသိနေတာပဲဥစ္စာ၊ ဘာက ပြဿနာ ဖြစ်သွားတာလဲ ငါတော့ နားမလည်နိုင်ဘူး"

"အဲဒီကားသမားက ကျွန်တော့်အဖေ ဖြစ်နေတဲ့အတွက် ဘယ် လိုဆက်ဆံပေးသင့်တယ်ဆိုတာ ခင်ဗျား နားကိုမလည်တာလား မိုးစန္ဒီ၊ ခင်ဗျားတို့အထက်တန်းလွှာတွေက လူလိုမဆက်ဆံတတ်အောင် သင်ကြား ထားတာလား။ ခင်ဗျားတို့ပိုင်ဆိုင်ထားတာတွေ အမြဲတမ်း တစ်သက်လုံး ပိုင်ဆိုင်ရနိုင်တယ်လို့ အောက်မေ့နေလား။ အခုချက်ချင်း မီးလောင်ရင် အခု

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းကုန်းကောက်စရာမရှိအောင် ပြာကျသွားနိုင်တယ် နားလည်လား"

"ကလေးအတွေး ကလေးစကားတွေ ပြောနေတာပဲ၊ ဒို့ဆို အောက်တန်းစားလို ကျိုနုံဆဲမနေနဲ့၊ နှင့်ကိုယ်နင်ပဲ ကောင်းအောင်နေတယ် အောင် ကြိုးစား။ ငါနဲ့သဟာဇာတဖြစ်ဖို့ဆိုရင် နင် အများကြီးလိုသေးတယ်"

မျက်နှာကို ဖြတ်အရိုက်ခံလိုက်ရသလို ဖျင်းခနဲ ဖြစ်သွားစေသည်။ ဒီမိန်းမရှေ့မှာ ဘာလို့ သူ့မာနတွေ ပျောက်ဆုံးရမှာလဲ။

"ခင်ဗျားဆီက အလုပ်ထွက်မယ် မိုးစန္ဒီ"

"နင့်မှာ လျော်စရာရှိလို့လား"

"ဘာ"

"တစ်နှစ်အတွင်း ဒီကုမ္ပဏီကနေ နင့်သဘောနဲ့နင် အလုပ် ထွက်မယ်ဆိုရင် နင်ရနေတဲ့လစာရဲ့ ဆယ်လစာ လျော်ကြေးပြန်ပေးရမယ်ဆိုတဲ့ စာချုပ်ကို နင် မဖတ်ဘဲ လက်မှတ်ထိုးတာလား"

"ဟင်"

ဟုတ်လိမ့်မည်။ အလုပ်ဝင်ဖို့အတွက် လက်မှတ်ထိုးရတာ လက်ဗွေနှိပ်ရတာတွေက မနည်းမနော။ အရေးကြီးသည့်အကြောင်းအရာတွေ မှန်း မသိခဲ့၍ ဘာကိုမှအရေးတယူ ဖတ်မနေဘဲ လက်မှတ်ထိုးခိုင်းသည့် နေရာမှာ ထိုးခဲ့သည်။ လက်ဗွေနှိပ်ခိုင်းသည့်နေရာမှာ နှိပ်ခဲ့သည်။

အဲဒီအထဲမှာ ဒီအကြောင်းအရာပါနေခဲ့တာတဲ့လား။

"ဒီကိစ္စ ခင်ဗျားတို့မတရားတာပဲ၊ ကိုယ့်ဘာသာမလုပ်ချင်တော့ လို့ အလုပ်ထွက်တာ ဘာလို့လျော်ကြေးပြန်ပေးရမှာလဲ"

"အဲဒါဆို အဲဒီစည်းကမ်းချက်ကို မကြိုက်ရင် နင်အစတည်းက ငါ့ကုမ္ပဏီမှာ အလုပ်မဝင်ခဲ့နဲ့ပေါ့၊ အခုလျော်ကြေးမပေးဘဲ နင်ထွက်သွား မယ်ဆိုရင် ကုမ္ပဏီကို အကျိုးယုတ်စေတဲ့စည်းကမ်းဖောက်ဖျက်တဲ့ပြစ်မှု မြောက်သွားပြီ၊ ဥပဒေအတိုင်းအပြစ်ခံယူ ဒါပဲရှိတယ်၊ 'သိပ်တော့မများပါဘူး ကုမ္ပဏီရဲ့ရှေ့နေနဲ့ တရားဝင်စည်းကမ်းချက်တွေ ထုတ်ထားတာ ဖြစ်တဲ့ အတွက် ထောင်နှစ်နှစ်ကျရုံပါပဲ"

"ဘာ ဟား"

သူ အရမ်းကို အံ့ဩသွားမိသည်။ မိုးစန္ဒီမှာ ဒီလိုအကြံဆိုးတွေ ရှိနေလိမ့်မည်ဟု မထင်မိ။ ဝန်ထမ်းတွေကို အလုပ်ထုတ်ချင်လျှင် သူမတို့ သဘောနှင့်သူမတို့ ထုတ်ချင်တိုင်းထုတ်လို့ရပြီး ဝန်ထမ်းတွေကျတော့ ထွက်ချင်တိုင်းထွက်လို့မရတာ မလွန်လွန်းဘူးလား။ သူ အရမ်းကို မိုးစန္ဒီ ကို စိတ်ပျက်သွားမိသည်။

ဒါပေမဲ့လည်း ဘာမှမတတ်နိုင်တော့။ လစာအရင်အတိုင်း လျော် ရမည်ဆိုလျှင် သိန်းနှစ်ဆယ်ကျော်။ သူမ ထပ်ဆောင်းပေးသည့် ဘောက် စူးငွေပါပေါင်းမည်ဆိုလျှင် သိန်းငါးဆယ်ကျော်ကြီး ဘယ်လိုလုပ်လျော် နိုင်မှာလဲ။

အလုပ်ထွက်ချင်ပြီး မလျော်နိုင်လျှင် ထောင်ကျ။ သူ့ မှိုင်တွေ ဆေးငိုင်သွားတာကိုကြည့်၍ မိုးစန္ဒီ မဲ့ပြုံးပြုံးသည်။ သူမကိုကျော်လို့လွန် သို့ ဆန့်ကျင်လို့မရဘူး။ သူမ နိုင်သွားပြီဆိုတဲ့ သဘောလား။

မိုးစန္ဒီ ခင်ဗျားကိုမုန်းတယ်။

■ ■ ■





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"မင်းတစ်ခါတည်း အလုပ်ထွက်လာခဲ့တာလား"

"ဗျာ ဖေဖေ ဟို"

"မင်း ဘာဝေ့လည်ကြောင်ပတ်လုပ်နေတာလဲ၊ မင်းကို တစ်ခါ တည်းအလုပ်ထွက်ခဲ့လို့ ငါ ပြောခဲ့တယ်လေ၊ ဒီလိုလူကို လူလိုမဆက်ဆံ တတ်တဲ့ကုမ္ပဏီမှာ မင်းဘာလို့အလုပ်လုပ်နေမှာလဲ၊ ငါ့ကိုဘယ်လိုဆက်ဆံ လိုက်တယ်ဆိုတာ မင်း မြင်တယ်ကြားတယ်နော်"

"ဟုတ်ကဲ့ ဟို ဒါပေမဲ့ ဖေဖေ"

"ဟိတ်ကောင် မင်းကိုငါ လုပ်ကျွေးနိုင်တယ်၊ မင်းဘာအလုပ် မရှိခင်ကလည်း ငါပဲရှာကျွေးလာတာ၊ မင်းအခုလုပ်နေတဲ့အလုပ်ကို လုံး လုပ်စရာမလိုဘူး၊ ထွက်စာမတင်ခဲ့ရသေးဘူးဆိုလည်း နောက်နေ့လုံး အလုပ်မဆင်းနဲ့"

"အဲဒါဆို သား ထောင်ကျမှာပေါ့ ဖေဖေ"

"ဘာ"





"သူတို့အလုပ်ဖြုတ်တာမဟုတ်ဘဲ ကိုယ့်သဘောနဲ့ကိုယ် အလုပ် ထွက်ရင် လစာဆယ်လစာလျော်ကြေးပြန်ပေးရမယ်၊ မပေးနိုင်မလျော်နိုင် ရင် ထောင်ကျမှာ"

"အဲဒါ ဘာတွေပြောနေကြတာလဲ"

ဖေဖေနှင့်သူ အခြေအတင်ဖြစ်နေသည့် ညှိခန်းထဲကို မေမေ က ကပျာကသီဝင်လာပြီး စိုးရိမ်တကြီး မေး၏။

"ကဲ ပြောကြပါဦး၊ ဘာဖြစ်လို့ ထောင်ကျမှာလဲ၊ သားက ဘာတွေ လုပ်လို့လဲ"

"မင့်သားလေ သူ့ရဲ့ကုမ္ပဏီပိုင်ရှင်သူဌေးမတဲ့၊ မောက်မာလိုက် တာ ရိုင်းစိုင်းလိုက်တာ မပြောနဲ့တော့၊ ငါ့ကိုမတူမတန်သလို ဆက်ဆံ လိုက်တယ်၊ ခင်အောင်လိုကောင်က ကိုယ့်ထမင်းကိုယ်ရှာစားနေတာ၊ အဲဒီလို ဆက်ဆံခံစရာအကြောင်းမရှိဘူး၊ ခင်အောင့်သားလည်း အဲဒီလိုလူမျိုးဆီမှာ လုပ်မလုပ်ရဘူး၊ အဲဒါကြောင့် အလုပ်ထွက်ခိုင်းနေတာ"

"ရှင်က သားရဲ့သူဌေးနဲ့တွေ့တယ်၊ သားလုပ်တဲ့ကုမ္ပဏီကို ဘယ်လိုလုပ်ရောက်သွားတာလဲ"

"ငါက ဘာကိစ္စ သူတို့ကုမ္ပဏီသွားရမှာလဲ၊ ဒီကောင် ဘယ် ကုမ္ပဏီမှာ အလုပ်လုပ်နေမှန်းတောင် မသိဘူး၊ လမ်းမှာ ဒီကောင်နဲ့ သူ့သူဌေး သွားမျက်လို့ ငါ့တက္ကစီတားတာနဲ့ ရပ်ပေးလိုက်တာ ဒီကောင်ကလေ ငါ့အဖေဖြစ်ဖို့ မဟုတ်တဲ့အဖေကို သူဌေးမနဲ့မိတ်ဆက်ပေးပြီး ဖေဖေက အလကား ပို့မှာပါ သွားရအောင်လို့ပြောတော့ ဒီလိုကားမျိုးမစီးဘူး၊ နင့်အဖေကို ထွတ်လိုက်တဲ့"

"ဘာ အဲဒီမိန်းကလေးက အဲဒီလို ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေပါ ဒေါသဖြစ်သွား၏။ သူကတော့ မျက်နှာပျက်ပြီး ဘာပြော ရမှန်းပင် မသိပေ။ ဖေဖေက ဒေါသမပြေနိုင်စွာ

"ဒီကောင်ကို ဆက်ဆံတာလည်း အထက်စီးဆန်လွန်းတယ် ကားကောင်းတာကိုငှားပါဆိုတာ နားမလည်ဘူးလားတဲ့၊ ကိုယ့်ဝန်ထမ်း အဖေဆိုတာကိုတောင် နားလည်ရမှန်း အားနာရမှန်းမသိဘူး"

"မေမေ မေးစရာရှိတယ် သား"

"ဟုတ်ကဲ့ မေးပါ မေမေ"

"သားရဲ့ကုမ္ပဏီပိုင်ရှင်က သူဌေးမနော်"

"ဟုတ်ကဲ့ သူ့အဖေက နိုင်ငံခြားကကုမ္ပဏီမှာ သွားလိုက် လိုက် ရှုံးထိုင်နေတော့ သူက ဒီကလုပ်ငန်းတွေ တာဝန်ယူထားရတာ"

"အဲဒီမိန်းကလေးက သားထက်ကြီးရင် တစ်နှစ် နှစ်နှစ်ပေါ့"

"ဟုတ်ကဲ့"

"သားနဲ့ချစ်သူတွေဆိုတာရော ဟုတ်သလား၊ သားက အဲ မိန်းကလေးရဲ့စည်းစိမ်ချမ်းသာတွေ မက်မောလို့ အဲဒီမိန်းကလေးကို ရအောင် ကြံမယ်ဆိုပြီး အဲဒီကုမ္ပဏီမှာ အလုပ်ရအောင် ဝင်ခဲ့တာဆို"

"ဗျာ"

"ဟေ"

မေမေ ဘယ်လိုသိသွားတာလဲ။ သူ အံ့ဩသွားသလို ဖေဖေ မျက်နှာကြီးတင်းမာခက်ထန်လျက် သူ့ကိုရွံရှာစက်ဆုပ်သလို လှည့်ကြ လာသည်။

"ဟိုတ်ကောင် မင်းအမေပြောတာ ဟုတ်သလား"

"မ မဟုတ်ပါဘူး မေမေ ဘယ်ကကြားလာပြီး"





"မနက်က ဈေးသွားတော့ သားသူငယ်ချင်းတွေနဲ့တွေ့ပြီး မေး တာ၊ သူတို့လုပ်တဲ့နေရာတွေက လစာမကောင်းဘူး အဆင်မပြေဘူး ဆိုတော့ သားလုပ်တဲ့ကုမ္ပဏီမှာ ပြောင်းလုပ်ကြပါလား၊ မင်းတို့သူငယ် ချင်းအရမ်းလစာကောင်းတာ အဆင်ပြေတာပြောလိုက်မိတာလေ၊ ကျွန် တော်တို့က လစာဘယ်လောက်ကောင်းကောင်း အဲဒီလို ကုမ္ပဏီမှာ ဘယ် တော့မှ မလုပ်ဘူးတဲ့၊ မုတ်သုံသာ ဒီလိုဒီအကြောင်းနဲ့မို့ အောက်ကျို့ ခံသည်းခံပြီး လုပ်နေတာတဲ့ကဲ"

"မင်းကွာ မုတ်သုံ မင်းငါ့သားမဟုတ်တဲ့အတိုင်းပဲ၊ ဒီလောက် တောင် ငွေမက်ရလား၊ ချမ်းသာချင်ရလား၊ လူဆိုတာ မာနနဲ့အရှက်နဲ့ အသက်ရှင်ရတာကွ၊ မင်းက ဒါကြောင့် အဲဒီမျှော်လင့်ချက် ငါတို့ကို အိမ်ဦးခန်း မှာထားမယ်၊ ဘာအလုပ်မှ မလုပ်ဘဲ ဇိမ်နဲ့နေရမယ်၊ အဲဒီလို ပြောခဲ့တာလား၊ ဟိတ်ကောင် ငါတို့က အဲဒီလို အချောင်မှီခိုပြီးနေတတ်တဲ့အသိမ်အဖျင်းတွေ မဟုတ်ဘူးကွ၊ မင်းလို အရှက်မရှိ မာနမရှိတဲ့သူတွေ မဟုတ်ဘူး မင်း မင်း ကွာ"

"ကိုခင်အောင်"

ဖေဖေဒေါသဖြစ်ပြီး သူ့အင်္ကျီကော်လံစကို ဆောင့်ဆွဲတာမို့ မေမေ က ဖေဖေ့လက်ကို ထဆွဲရသည်။ ဖေဖေထိုးချင်ထိုးရိုက်ချင်ရိုက် သတ်ချင် သတ် သူခံဖို့ အသင့်ပါပဲ။

သူ့ကြောင့်ပင် ဖေဖေ့မာနထိခိုက်ရ အရှက်ရခဲ့ရသည် မဟုတ် လား။ ဒါကြောင့်မို့

"ဖေဖေ့ကိုမဆွဲပါနဲ့ မေမေ၊ ဖေဖေ သားကို ထိုးချင်ထိုးပါစေ၊ ကြိုက်သလိုလုပ်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မင်းက မမှုဘူးဆိုတဲ့သဘောလား"

"မဟုတ်ပါဘူး ဖေဖေ၊ သားအရင်က အဲဒီလို စိတ်ရှိခဲ့တာကို သား ရှက်တတ်နေပါပြီ၊ လူငယ်ဆိုတော့ ကျန်တာတွေမတွေးဘဲ အပျော် စဉ်းစားမိလိုက်တာပါ။ အခု သူ့အပေါ်မှာ ဘယ်လိုစိတ်မှမရှိတော့ပါဘူး"

"ဘာကိုမရှိတာလဲ၊ ချစ်သူတောင်ဖြစ်နေပြီဆို"

"အဲဒီအခြေအနေမျိုး မဟုတ်ပါဘူး၊ တွဲရုံတွဲကြည့်တာပါ၊ ဒါပေမဲ့ ဘယ်လိုမှ အဆင်မပြေပါဘူး။ အဆင့်အတန်းမတူတာထက် စိတ်ဓာတ် မတူတာလို့ပဲ သား အောက်မေ့တယ်၊ လူကိုလူလို မဆက်ဆံနိုင်အောင် အဆင့်အတန်းခွဲတတ်တဲ့ သူ့ရဲ့စိတ်ကို သား တကယ်ကို ရွံရှာမိတယ်"

"သား မင်းတကယ်ပြောတာလား"

မေမေ မေးတော့ သူစိတ်ပါလက်ပါပင် ခေါင်းညိတ်ပြမိ၏။ ဖေဖေ ကတော့ သူ့ကိုမျက်စောင်းခဲနေတုန်းပင်။

"မင်းပြောတာကို ငါ မယုံကြည်နိုင်သေးဘူး။ မင်းကပေါ့ပျက် ပျက်ပဲနေတတ်ပြီး ကိုယ့်ကိုကိုယ်တောင်တန်ဖိုးထားရမှန်းမသိတဲ့ကောင် အဆင့်အတန်းတူတာမတူတာထက် စိတ်ဓာတ်မတူရင် ဘယ်လိုမှ လူ့ အသိုက်အဝန်းမှာ အောင်မြင်တဲ့ တန်ဖိုးရှိတဲ့သူ မဖြစ်နိုင်ဘူး၊ လူဆိုတာ ဖြစ်လာတဲ့ ဘဝနဲ့ ကြုံလာတဲ့ကံကြမ္မာကို ရင်ဆိုင်နိုင်ရတယ်၊ အချောင် စိတ် လောဘစိတ်နဲ့ ရပ်တည်နေမယ်ဆိုရင် ဒီလို ရှက်စရာကိစ္စတွေ၊ မာန ကျစရာကိစ္စတွေ ကြုံရမှာပဲ"

"သား နားလည်ပါပြီ ဖေဖေ၊ သား တကယ်ပြောတာပါ၊ သူ့ကို ရင်မခုန်မိတဲ့အတွက် ဘာမှလည်း မခံစားရပါဘူး၊ အဲဒါကြောင့် အလုပ်ထွက် မယ်ဆိုပြီး သူ့ကိုပြောခဲ့တာပါ၊ ဒါပေမဲ့"





"လျော်ကြေးပေးရမယ်၊ ထောင်ချမယ် အဲဒီလို အကျပ်ကိုင် လိုက်တယ်ပေါ့"

"ဟုတ် ဟုတ်ကဲ့"

"ဒီမိန်းကလေး ယုတ်မာတာ အောက်တန်းကျတာ၊ မင်းက ညံ့လွန်းတာ ညံ့ကိုညံ့တာ"

ဖေဖေ ပြောတာ အမှန်ပင်။ သူတကယ့်ကို ညံ့ခဲ့တာပါ။ သူ့ ကိုယ်သူ လည်လှုပြီ မိန်းမကျွမ်းကျင်လှုပြီ ထင်နေတာ။

လည်လွန်းသောဘီး ချီးသင့်တယ်ဆိုတာ ဒါမျိုးကိုပြောတာ ဖြစ် မည်။ လူတွေကို တစ်တန်းတစ်စားတည်း တစ်စိတ်တည်းလို့ ထင်ခဲ့မိတာ သူ့အမှား။

မိုးစန္ဒီက ရုပ်ရည်အဆင့်အတန်းနှင့် မလိုက်ဖက်အောင် ယုတ် မာ၏။ ကောက်ကျစ်၏။ လည်လွန်း၏။ ဒါပေမဲ့ သူ ဘာလုပ်ရမလဲ။

"သား သားဘာလုပ်ရမလဲ ဖေဖေ"

"မင်းမှာ လျော်စရာရှိသလား။ ငါတို့မှာလည်း အဲဒီလောက် ငွေကြေးစုဆောင်းထားနိုင်တဲ့အင်အား မရှိဘူး။ မင်းအပ်တဲ့လစာငွေ ငါတို့မသုံး ဘဲ ဘဏ်မှာအပ်ထားပေးထားတယ်ဆိုပေမယ့် ဘယ်လောက်ရှိဦးမှာလဲ"

"ဟုတ်ပါတယ် ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

"ဒါဆို ထောင်ကျခံမှာလား"

"ဖေဖေ"

"အေး လျော်စရာလည်း မရှိဘူး၊ ထောင်ကျလည်း မခံနိုင် ဘူးဆိုရင် သူ့အမှားကို ပြန်စောင့်ရုံပဲ ရှိတယ်၊ မင်းစခဲ့တဲ့ဓာတ်လမ်း ငါတို့က အဆုံးသတ်ပေးလို့မရဘူး၊ နားလည်လား မင်း"



www.burmeseclassic.com

www.burmeseclassic.com



"နား နားလည်ပါတယ် ဖေဖေ"

"မင်းက လူတွေကို လျှော့တွက်တာကိုးကွ၊ ကိုယ့်ကိုကိုယ် ဟုတ်လှပြီထင်ပြီး ဘဝင်တွေမြင့်နေတာ၊ ငွေကြေးချမ်းသာတဲ့သူတွေက သူတို့အတွက်ပဲ တွေးတတ်ကြတာ မင်းမှတ်ထား၊ လောကမှာရှိတဲ့လူတွေ အားလုံး ရိုးအတဲ့လူတွေချည်း မအောက်မေ့နဲ့၊ မင်းလိုကောင်ကိုမွှေနှောက် ဘဝဆုံးအောင်အထိ လုပ်နိုင်တဲ့လုပ်ရဲတဲ့သူတွေ ရှိသေးတယ်ဆိုတာ မမေ့နဲ့"

"ဟုတ်ကဲ့ပါ ဖေဖေ"

သူ့မှာ အရင်လို ချေပနိုင်သည့်အင်အားတွေမရှိ။ မိုးစန္ဒီနှင့် ပတ်သက်ပြီး သူ့တာကယ်ကို မှန်းကျပ်နေမိသည်။

ရှုန်းထွက်ချင်စိတ်များဖြင့် သူ့ရဲ့စိတ်တွေဟာ။

■ ■ ■



အခန်း (၂၄)

"ဟင် မှတ်သုံ"

ဘဏ်ကို အလုပ်ဆင်းသွားဖို့ ထွက်အလာမှာ မှတ်သုံကို တွေ့ ဆိုက်ရတာကြောင့် ရွှေလဝန်း ခြေလှမ်းတွေ ရပ်တန့်သွားရသည်။ မှတ်သုံ မျက်နှာမှာ အရင်က ပေါ့ပါးရွှင်မြူးခြင်းတွေ မတွေ့ရ။

"မှတ်သုံ ဒီနေ့အလုပ်မဆင်းဘူးလား"

"အင်း ဒီနေ့သွားဖြစ်မလား၊ မသွားဖြစ်ဘူးလား မသိသေးဘူး"

"အလုပ်မှာ အဆင်မပြေဘူးလား မှတ်သုံ၊ ဟိုမိန်းမနဲ့ ပြဿနာ ဖြစ်လို့လား"

"ဟင် မဟုတ်ပါဘူး ဟို လဝန်း အချိန်မရဘူးလား"

"ဘာဖြစ်လို့လဲ အိမ်မှာ ပူညံဆူညံတွေဖြစ်နေတာနဲ့ လဝန်း အိမ်ကစောထွက်လာတာ၊ အလုပ်သွားဖို့ အချိန်ကတော့ စောပါသေးတယ်"

"ဒါဆို တစ်ဆိုင်ဆိုင်မှာ ခဏလောက်ထိုင်ရအောင်လေ၊ ပြီးရင် ကိုယ် တက္ကစီငှားပြီး လဝန်းဘဏ်အထိရောက်အောင် လိုက်ပို့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ကွက်ထဲကဆိုင်တော့ မဖြစ်ဘူး။ အခုတလော ဒေါ်လေးက လဝန်းကိုလိုက်ပြီး ချက်ကင်လုပ်နေတာ၊ မုတ်သုံ တစ်ခါလိုက်ပို့တာ ဒေါ်လေး တွေ့သွားလို့လေ၊ အဲဒီညက ပြဿနာတက်ကြတယ်"

"ဟုတ်လား စိတ်မကောင်းပါဘူး လဝန်းရယ်၊ ကိုယ်က လဝန်း ဒေါ်လေးကို အဲဒီလောက်အထိ ဂရုတစိုက် လိုက်ကျပ်နေမယ်မထင်လို့ပါ"

"ချစ်လွန်းလို့ ဂရုစိုက်နေတာတော့ မဟုတ်ပါဘူး၊ ယောကျ်ား ရသွားမှာစိုးရိမ်နေတာ၊ လဝန်း အားကိုးရရင် သူတို့ ဘုံပျောက်ပြီလေ၊ စားဝတ်နေရေးကအစ တာဝန်မယူတော့ဘူးလို့ လဝန်းလည်း အပြတ်ကို ပြောထားတယ်"

"လဝန်းမှာ ရည်ရွယ်ထားတဲ့သူ ရှိနေပြီလား"

သူ့မေးခွန်း ဘာမှားသွားခဲ့လို့လဲမသိ။ လဝန်းအကြည့်က စူးခနဲ တစ်ချက်သူ့မျက်နှာကို လှည့်ကြည့်ပြီးမှ ပြန်လှည့်သွားကာ ဆက်လျှောက်သည်။ လဝန်းတို့ရပ်ကွက်နှင့်ဝေးသော ကော်ဖီဆိုင်လေးကိုရောက်မှ သူတို့ ထိုင်ဖြစ်ကြသည်။

"လဝန်း ဘာမှာမလဲ၊ မုန့်တို့လက်ဖက်ရည်တို့ မုန့်ဟင်းခါး အသုပ် အစုံရတယ်"

"ကော်ဖီပဲသောက်ပါ့မယ်၊ လဝန်း အိမ်ကထမင်းကြော်စား လာခဲ့တယ်"

"ကိုယ်လည်း ကော်ဖီပဲ၊ မေမေက ဒီနေ့ နန်းကြီးသုပ်လုပ်ကျွေး လိုက်တယ်၊ ကိုယ်ကြိုက်တတ်လို့ ဈေးမသွားခင် အစောကြီးထလုပ်ပေး တာ"





"မုတ်သုံက မိဘတွေရဲ့အချစ်ခံရတယ်နော်၊ လဝန်းမိဘတွေ ရှိရင် လည်း လဝန်းကို အဲဒီလို ချစ်ကြဂရုစိုက်ကြမှာပါ၊ အခုတော့ ကိုယ့်မိဘ အရင်းတွေနဲ့ မနေရတာ အမြဲတမ်းနေ့ရှိသရွေ့ ငရဲကျနေရသလိုပဲ၊ လဝန်း အရမ်းကို ရုန်းထွက်ချင်နေပြီ၊ အရမ်းစိတ်ပင်ပန်းရလို့လေ"

"လဝန်း ဒေါ်လေးက လဝန်းကို ယောကျ်ားမယူစေချင်ဘူးဆို၊ လဝန်းကဘယ်လိုရုန်းထွက်မှာလဲ"

"အဲဒါကြောင့်မို့ လဝန်း ဘယ်လိုရုန်းထွက်ရမှန်းမသိ ဖြစ်နေ တာပေါ့၊ လဝန်းမှာ ချစ်သူတစ်ယောက်လောက်ရှိရင် သိပ်ကောင်းမှာပဲ၊ သူနဲ့လက်ထပ်ပြီး ကိုယ့်မိသားစုဘဝလေးနဲ့ကိုယ် အေးအေးဆေးဆေး သာ သာယာယာလေးနေလို့ရတယ်၊ လဝန်း အရမ်းကြီးမချမ်းသာချင်ပါဘူး။ ချမ်းသာတယ် ပြည့်စုံတယ်ဆိုတာ အတိတ်ကံကံတရားနဲ့လည်း ဆိုင်သေး တယ်လေ၊ အတိတ်ဘဝမှာ ကုသိုလ်ကောင်းမှုများများ မလုပ်ခဲ့ဘဲ ဒီဘဝမှာ လောဘတွေနဲ့ အရမ်းကြီးပြည့်စုံချမ်းသာချင်နေလို့ ဖြစ်မလား"

"အင်း ဟုတ်သားပဲနော်"

"လူ့ဘဝမှာ စိတ်ချမ်းသာဖို့သာ အဓိကပါ၊ လဝန်းကတော့ မပြည့်စုံရင်နေ၊ စိတ်တော့ချမ်းသာချင်တယ်၊ အခုနေနေရတာ အရမ်း စိတ်ဆင်းရဲရလို့လားမသိဘူး။ အရမ်းကို စိတ်ချမ်းသာကိုယ်ချမ်းသာ ဖြစ်ချင်နေ တယ်၊ အဲဒါ ဒီနေ့ မုတ်သုံကိုကြည့်ရတာ စိတ်မချမ်းမသာ ဖြစ်နေသလိုပဲ၊ ဘာဖြစ်လို့လဲဟင် မုတ်သုံ"

"ကိုယ်လား"

သူ့အကြောင်းတွေတော့ ပြောမပြချင်ပေ။ လဝန်းကို စိတ်ချမ်း သာစေမည့်အကြောင်းအရာတွေမှ မဟုတ်တာ။ သူ ခေါင်းတစ်ချက်ခါချက်



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူး ကိုယ့်အကြောင်းက လဝန်းကိုစိတ်ချမ်းသာစေမှာမဟုတ်ဘူး။ ခြော် လဝန်း ဒီတစ်ခါရုံးပိတ်ရက်ကျရင် ကိုယ်တို့အိမ်ကို အလည်လိုက်ခဲ့ပါလား၊ ဖေဖေရော မေမေရော ဥပုသ်ရက်နဲ့တိုက်ရင် နားကြတယ်၊ အိမ်မှာတစ်ခုခုလုပ်စားနေကျဆိုတော့ လဝန်းလည်း ကိုယ့် အိမ်ကိုရောက်ဖူးတာပေါ့"

"အင်း အိမ်လည်ခေါ်မယ့်သူရှိတာ မဆိုးပါဘူး၊ လဝန်းလည်း အလုပ်ပိတ်တဲ့ရက်ဆို အိမ်မှာကို မနေချင်ဘူး၊ ကလေးတွေက ဝုန်းဒိုင်းကျဲ ဒေါ်လေးက ဆူပူ၊ တစ်ခါတလေ ဒေါ်လေးယောကျ်ားက နွားဘက်ကြီး တောင်သောက်စားလာပြီး အော်ဟစ်ဆိုတော့ နေရတာ ငရဲကျနေသလို အေးအေးဆေးဆေး နားရတဲ့အချိန်ဆိုတာ မရှိဘူး၊ ဟို ဒါပေမဲ့ မုတ်သုံ မိဘတွေက လဝန်းကို တစ်မျိုးထင်နေဦးမယ်"

"လဝန်း လာမယ်ဆိုရင် လဝန်းအကြောင်းကို ကိုယ်ကြိုပြော ပြထားလိုက်ပါမယ်၊ ဖေဖေနဲ့မေမေက ခင်တတ်ပါတယ်၊ 'မိန်းကလေးသူ ငယ်ချင်းတစ်ခါမှ ခေါ်မလာဘူးလို့ အံ့တော့အံ့သြနေကြလိမ့်မယ်"

"ဒါဆို လဝန်းက ဂုဏ်ယူရမှာပေါ့၊ အိမ်ကိုမိန်းကလေးသူငယ် ချင်း မခေါ်ဖူးဘူးဆိုတော့လေ၊ မုတ်သုံမှာ ရည်းစားရော တစ်ယောက်မှ မရှိဘူးလား"

ရွှေလဝန်းမေးတာကို မုတ်သုံ ရှက်သလို ဟက်ခနဲ ရယ်လိုက် မိလျက်

"ကြွားတာတော့ မဟုတ်ဘူးနော်၊ အရင်က ကိုယ် ရည်းစား အရမ်းများခဲ့တာ၊ ဒါပေမဲ့ ချစ်သူတော့ တစ်ယောက်မှ မထားဖူးသေး ဘူး"

"အဲဒါက ဘာပြောတာလဲ၊ ရည်းစားနဲ့ချစ်သူ မတူဘူးလား"





"နည်းနည်းကွဲပြားတာ၊ မဟုတ်သေးဘူး များများကွဲပြားတာ၊ ရည်းစားဆိုတာ အပျော်ထားတာလေ၊ စိတ်ထဲကနေ နှစ်နှစ်ကာကာ တကယ်ချစ်ပြီး လက်ထပ်ဖို့အထိ တစ်သက်တာပေးဆပ်ဖို့အထိ ရည်ရွယ် ပြီး ချစ်တာ၊ အဲဒီလိုလူမျိုးတော့ ကိုယ့်မှာတစ်ယောက်မှ မရှိသေးဘူး"

"မိုးစန္ဒီကရော"

"ဟင်"

"မုတ်သုံရဲ့အလုပ်ရှင်သူဌေးမလေ၊ မုတ်သုံအပေါ်ဆက်ဆံတာ ပိုင်စိုးပိုင်နင်းနိုင်လွန်းသလားလို့၊ ပြီးတော့ အသက်ကလည်းငယ်တယ်၊ ရုပ်ကလည်း ချောတယ်"

"ကြည့်ကောင်းရုံလောက်ပါ၊ လဝန်းလောက် မချောပါဘူး။ ပြီးတော့လဝန်းလို အေးချမ်းတဲ့အလှမျိုးလည်း မဟုတ်ဘူး"

"စကားတွေ လွဲသွားသလိုပဲနော်၊ လဝန်းမေးတာက မိုးစန္ဒီနဲ့ ဘယ်လိုအခြေအနေအထိ ပတ်သက်သလဲဆိုတာ"

"ကိုယ့်ကို အမှန်အတိုင်း ဝန်ခံစေချင်လို့လား"

ရွှေလဝန်းက ခေါင်းညိတ်ပြ၏။ ပြောထွက်ဖို့အတွက် သူ့လည် ချောင်းဝမှာ နင်နေသည်။ စားပွဲထိုးလေး လာချပေးသော ကော်ဖီကို လည် ချောင်းရှင်းအောင် ငုံခနဲမော့သောက်လိုက်သည်။

ခဏနွေးနွေး ရှိသေးသည်မို့ လည်ချောင်းထဲမှာ ပူခနဲ စီးဆင်း သွား၏။ သူ့ ခံနိုင်ရည်ရှိသလို မျက်နှာတစ်ချက်မရှုံ့ဘဲ ရဲတင်းစွာသတ္တိ ရွေးလျက်

"ပတ်သက်မှုတော့ ရှိတယ်၊ ဒါပေမဲ့ လေးနက်မှုတော့မရှိပါဘူး ဘာလို့လဲဆိုတော့ အချစ်မပါဘူး။ အရှင်းဆုံးပြောရရင် ကိုယ်နဲ့ဘာအခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေချင်း မတူတဲ့အတွက် သဟဇာတလည်း မဖြစ်နိုင်ဘူးလေ"

"အဲဒီမိန်းမကို လဝန်း ဘယ်လိုမှန်းမှန်းမသိဘူး။ ကိုယ့်အပေါ် မောက်မောက်မာမာ ဆက်ဆံခံရတာထက်၊ သူ့ရဲ့ပင်ကိုယ်စရိုက်ကို မကြိုက်တာဖြစ်လိမ့်မယ်၊ မာနဆိုတာ လူတိုင်းမှာရှိတာပဲလေ၊ လဝန်းကတော့ သူ လုပ်သမျှ ငုံ့ခံနေမယ့်အထဲမှာ မပါဘူး။ သူ့ကိုကြောက်လည်း မကြောက်ဘူး"

"လဝန်းရဲ့အဲဒီစိတ်ဓာတ်ကို ကိုယ်ကြိုက်တာ"

"ရှင်"

"ဟုတ်တယ် လဝန်း၊ လဝန်းဆီမှာ ကိုယ် လေးစားသင့်တဲ့အရာတွေ အများကြီးပါ၊ လောကဓံကို ရင်ဆိုင်ရဲတဲ့အင်အားရော၊ မာနရော အရှုံးမပေးတတ်တဲ့စိတ်ရော အားလုံးပေါ့လေ၊ လဝန်းဆီက ကိုယ်သင်ယူစရာတွေ အများကြီးရှိတယ်"

"အဟင်း လဝန်းက ဘာတွေများတော်နေလို့လဲ"

သူ့စကားကို လဝန်းက ရှက်သလို ရယ်သည်။ သူမကိုယ်သူမ ဘာတွေတော်နေမှန်းမသိသော ရိုးသားမှုလေးကိုက သူ့ကိုဆွဲဆောင်နေတာပါ။ လဝန်းနှင့်ပတ်သက်ပြီး သူ့ရင်ထဲမှာ ထိထိမိမိ အချစ်တွေရှိနေသည်။ ဒါပေမဲ့ သူ ပွင့်လင်းစွာ ဝန်ခံလို့မဖြစ်သေးပေ။ မိုးစန္ဒီကိစ္စများကြောင့် မွန်းကျပ်နေရသည်မဟုတ်လား။

အခုတော့ ထိုမွန်းကျပ်မှုတွေ ပြေပျောက်လိုပြေပျောက်ငြား လဝန်းကို လာတွေ့တာပါ။ တကယ်လည်း လဝန်းမျက်နှာလေးကို မြင်တွေ့လိုက်ရချိန်မှာ သူ့ရင်ထဲ တကယ်ပေါ့ပါးလန်းဆန်းသွားခဲ့လေသည်။

အေးချမ်းမှုတွေ ကြည်နူးမှုတွေ ဖြစ်စေခြင်းကြောင့် ဒါဟာ





အချစ်လို့ခေါ်သလား။ သေချာပါသည်။ သူ လဝန်းကို တကယ်ချစ်မိနေသည်။

"လဝန်း သွားတော့မလား။ အလုပ်ချိန်နောက်ကျနေဦးမယ်"

"ဟုတ်တယ် အချိန်တွေ ဘယ်လိုကုန်လို့ ကုန်သွားမှန်းတောင် မသိဘူး။ သွားရအောင်လေ"

"အင်း တက္ကစီငှားပြီး ကိုယ်လိုက်ပို့မယ်၊ ဖယ်ရီကတော့ ဘယ်နေရာသွားစီးစီး မီမှာမဟုတ်တော့ဘူး"

"ရပါတယ် လဝန်း လိုင်းကားစီးသွားလည်း အဆင်ပြေပါတယ်"

"ဘယ်ဟုတ်ပါ့မလဲ၊ လဝန်းကို ကိုယ်က စကားတွေပြောချင်လို့ လာတွေ့ပြီး ခေါ်လာတာ၊ အလုပ်ကို လဝန်း၊ အဆင်ပြေပြေရောက်သွားဖို့အတွက် ကိုယ့်မှာတာဝန်ရှိပါတယ်၊ လဝန်း ကျန်းမာရေးဂရုစိုက်နော်"

"အင်းပါ"

လဝန်းကို ချစ်နေသည်မှန်သော်လည်း အခုအချိန်မှာ လဝန်းကို စိတ်ချမ်းသာမှုတွေ မပေးနိုင်သေးသည့်အတွက် မရိုးမသား စကားလေးတစ်ခွန်းတစ်စ ပါသွားမှာပင် စိုးရိမ်နေမိသည်။ အလေးအနက်ချစ်မိနေသည့်အတွက် ဝေဒနာတွေပေးမိမှာ စိုးလို့ပါ။

တစ်ချိန်ချိန်တော့ လဝန်းကို လေးလေးနက်နက် ချစ်ခွင့်ပန်ခွင့်ရလိမ့်မည်ဟု ထင်မိသည်။ တန်ဖိုးဖြတ်လို့မရတဲ့ အချစ်တွေပေးချင်ပါတယ် လဝန်း။

တကယ်ကို မြတ်မြတ်နိုးနိုး ချစ်မိနေလို့ပါ။

ကိုယ့်အချစ်တွေဟာ မင်းတစ်ယောက်တည်းအတွက်ပဲ။

■ ■ ■



www.burmeseclassic.com

## အခန်း (၂၅)

"ဟာ ဒါတွေက ဘာဖြစ်တာလဲ"

ရုံးခန်းထဲအဝင်မှာ စာရွက်စာတမ်းတွေ ဖိုင်တွေ စားပွဲပေါ်အ
ပစ္စည်းတွေအားလုံး ကျဲပြန့်နေတာ မြင်လိုက်ရသည့်အတွက် သူ အံ့ဩ
သွားရလေသည်။ သူ အလုပ်ဝင်တာနောက်ကျလို့ မိုးစန္ဒီ သောင်းကျန်း
ထားတာဖြစ်မည်။

သူက မိုးစန္ဒီဆက်သွယ်လို့မရအောင် ဖုန်းပါပိတ်ထားခဲ့တာ
ခံ့လည့်ထိုင်ခုံမှာ ခပ်မတ်မတ်ထိုင်ကာ မျက်နှာခုံနှစ်ခု တွန့်ချိုးမှုန်ကုပ်ထားသေး
မိုးစန္ဒီပုံစံက သက်သောင့်သက်သာမရှိပေ။

သူ့ကိုမြင်လိုက်ချိန်မှာ စားပွဲခုံကို ဒုန်းခနဲထု၍

"နင်ဘာလို့ နောက်ကျတာလဲ"

"ကျွန်တော့်မှာ အကျိုးအကြောင်းကိစ္စလေးတွေ ရှိနေလို့ပါ"

"ဘာအကြောင်းလဲ"

"ဩော် ဒီလိုပဲ ကိုယ်ရေးကိုယ်တာပေါ့"





"အကြောင်းပြချက်မခိုင်လုံလို့ နင့်ကို သုံးလစာပေးပြီး အလုပ်ထုတ်လိုက်မယ်ထင်နေတာလား။ သူများတွေလို လွယ်လွယ်ကူကူ အလုပ်ထုတ်လိုက်လို့ နင်လည်း အဲဒီလိုပုံစံမျိုးနဲ့ အလုပ်ထုတ်ခံရအောင် ငါ့ကို အရွဲ့တိုက်နေတာလား ဒိုး"

"မဟုတ်ပါဘူး ကျွန်တော် ဘာလို့ စန္ဒီ့ကို အရွဲ့တိုက်စရာလိုလဲ၊ ကျွန်တော် အလုပ်စဝင်ကတည်းက တစ်ခါမှ အလုပ်နောက်မကျပါဘူး။ အခုတစ်ခါပဲ"

"ဘယ်လောက်အရေးကြီးတဲ့ကိစ္စမို့ ဖုန်းပါပိတ်ထားရတာလဲ"

"ဟို ကျွန်တော်"

"ဟိုမိန်းကလေးကို ကားနဲ့လိုက်ပို့နေရလို့မဟုတ်လား"

"ဗျာ"

"ငါ့ကိုမလိမ့်တပတ်လုပ်ဖို့ မစဉ်းစားနဲ့ ဒိုး၊ မီးပွိုင့်မှာ နင်တို့တာတဲ့တက္ကစီကားကိုတွေ့တော့ ငါ့ကားနဲ့လိုက်တိုက်ပစ်ဖို့အထိတောင်စားသေးတယ်၊ အဲဒီအချိန်မှာ ဒယ်ဒီ့ဆီက ဖုန်းဝင်လာလို့ နင်တို့ သက်သာသွားတယ် မှတ်"

သူ ကျောတောင်ချမ်းမိသလို ဖြစ်သွားသည်။ မိုးစန္ဒီက လုပ်ည်ဆို တကယ်လုပ်ရဲလုပ်ဝံ့သည့် မိန်းမပါ။ အခုထိ ဒေါသမပြေသေးစွာ ထိုင်ခုံကထလာပြီး သူ့ကျောကိုထုသည်။ သူ့ခေါင်းကိုခေါက်သည်။

"နင့်ကိုယ်နင် ဟုတ်လှပြီပေါ့လေ၊ ငါ့လိုမိန်းမကို ကျောလို့ရမ်များ ထင်နေလား၊ အဲဒီကိစ္စ နင့်ကိုလုံးဝခွင့်မလွှတ်ဘူး၊ ငါ နင့်ကို မိန်းကလေးနဲ့ လုံးဝမပတ်သက်ရဘူး၊ မဆက်ဆံရဘူးလို့ ပြောမထား သား"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့စန္ဒီက ရည်းစားအဆင့် ချစ်သူအဆင့်မဟုတ်ပါဘူး။ တွဲရုံတွဲကြတာပါ၊ ကိုယ်ရေးကိုယ်တာကိစ္စတွေကို စွက်ဖက်လောက်တဲ့အထိ ဘောင်မဝင်ဘူးထင်တယ်"

"အဟင်း မင်းက ငါ့ကိုစိန်ခေါ်နေသလိုပဲ၊ တွဲရုံပဲလို့ ငါ့ကိုလို့ ငါ့ကိုပြန်ကိုင်လိုက်တာပေါ့လေ၊ ဒီအချိုးမျိုး ငါ့ကိုလာမချိုးနဲ့ ဒီ ဘယ်လိုမိန်းမလဲ"

"မသိချင်ဘူး စန္ဒီ၊ စန္ဒီ့အကြောင်းသိအောင်ကြိုးစားရင်းနဲ့ ဒီထက်ပိုပြီး မသိချင်တော့တာ၊ မာနကြီးတာ မောက်မာတာ၊ စန္ဒီတို့ အသိုင်းအဝိုင်း အရှိန်အဝါ ကြီးမားလို့ဆိုတာနဲ့ ကျွန်တော် လက်ခံပေးလို့ ရတယ်၊ ဒါပေမဲ့ စန္ဒီ ကိုယ့်အတွက်ကိုယ်ပဲ ကြည့်တတ်တဲ့အတ္တကိုတော့ ကျွန်တော် ကြောက်တယ်၊ စန္ဒီမှာ မျှတမှုမရှိဘူး၊ စာနာမှု မရှိဘူး"

"မင်း ငါ့ကိုဝေဖန်စရာအကြောင်းမရှိဘူး ဒိုး၊ မင်းက ငါ့ဝန်ထမ်း ငါပိုင်းတာကိုပဲ"

မိုးစန္ဒီစကား မဆုံးခင် သူ့နှုတ်ခမ်းအစုံ မဲ့ကျသွားလျက်

"ချစ်သူတစ်ယောက်လို သဘောမထားနိုင်ဘဲ ဘာလို့ ကျွန်တော့်ကိုယ်ရေးကိုယ်တာကို ချုပ်ချယ်ကန့်သတ်ချင်ရတာလဲ စန္ဒီ၊ ကျွန်တော်နဲ့လဝန်း ဘာပဲဖြစ်နေနေ"

"ငါ အဲဒီမိန်းကလေးကို မုန်းတယ်၊ ငါ့ကို အဲဒီလိုပြန်တုံ့ပြန်ရဲတဲ့သူ စော်ကားဝံ့တဲ့သူတစ်ယောက်မှမရှိဖူးဘူး၊ အဲဒီမိန်းကလေးကိုပါ ပေးရမှာဖြစ်မယ်၊ အဲဒါကြောင့် နင့်ကို"

"ဆက်ပြောပါ ခင်ဗျားက အားနာတတ်တဲ့သူမှ မဟုတ်တာ"

မိုးစန္ဒီ ဘာပြောချင်နေသည်ဆိုတာ သိ၍ သူ ပြောလိုက်ခြင်းဖြစ်သည်။ သူ့ဘက်ကလည်း ရင်ဆိုင်ဖို့အဆင်သင့်ပြင်ထားပြီးသားပါ။







မိုးစန္ဒီကို ဘာအတွက်အားနာနေရဦးမှာလဲ။ သူမဆီက ဘာချဉ်လင့်ချက်မှ မထားချင်တော့တာမို့ မာနတွေကို အရောင်ပြန်တင်ဖို့ပဲ တော့သည်။

မိုးစန္ဒီရှေ့က ဆိုဖာခုံမှာ ခြေချင်းချိတ် လက်ပိုက်ထိုင်လိုက်တာ သူလည်း သူမနှင့်မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ သူမကို လေးကုန်း ခေါင်းလေးညွှတ်ပြီး အရှိအသေပြုမနေနိုင်ပါ။ သူ့အပြုအမူ စိန်ခေါ်မှုတစ်ခုလည်း ဖြစ်နေနိုင်သည်။ မိုးစန္ဒီက မဲ့ပြုံးများဖြင့်

"တစ်ခါတလေ နင့်ရဲ့အဲဒီဂျစ်ကန်ကန်ပုံစံက ငါ့အတွက် ဆွဲဆောင်မှုတော့ရှိပါတယ်၊ ဒါပေမဲ့ နင့်လိုလူမျိုး ရင်ခုန်လို့မဖြစ်လို့ ရင်ခုန်အောင်မနေခဲ့တာ၊ ငါ လက်ထပ်ရမယ့်သူက သပ်သပ်ရှိပြီးသားမို့လေ"

"ဘာ"

"ငါတို့မျိုးရိုးစဉ်ဆက် မိဘလက်ထပ်ပေးစားတဲ့သူကိုပဲ ယူခဲ့ကြရ ဒါကြောင့် နင့်ကိုတွဲရုံတွဲကြည့်မယ်လို့ ပြောခဲ့တာ"

"ဒါတောင် လဝန်းကို အမြင်ကတ်လို့ မနာလိုလို့ ကျွန်တော်နဲ့ သွားမှာကြောက်ပြီး ကျွန်တော်နဲ့တွဲမယ်ဆိုပြီး ပြောလိုက်တာမဟုတ် စိတ်ထဲက ရင်ထဲကမပါတဲ့အလုပ်ကို ဘာလို့လုပ်ရတာလဲ၊ တကယ် ခင်ဗျားမှာ လက်ထပ်ရမယ့်သူလည်း ရှိပြီးသား"

"ငါ နင့်ကိုပြောသားပဲ၊ ဟိုမိန်းကလေးကို မုန်းလို့ပါဆို"

"ခင်ဗျား တော်တော်ကြောက်စရာကောင်းတဲ့မိန်းမပဲ မိုးစန္ဒီ၊ ခင်ဗျားကိုအတ္တကြီးတဲ့မိန်းမ၊ ခင်ဗျားတို့လို အထက်တန်းလွှာက မိန်းမကို ရသက်အောင် ကြိုးစားမိခဲ့တာကိုက ကျွန်တော့်အမှား၊ ခင်ဗျားကို ကျွန်တော် နောင်သံသရာအထိတောင် မဆုံချင်တော့ဘူး"

"ဟင်း ဟင်း ဒီဘဝမှာတော့ မဆုံချင်လည်း ဆက်ပြီးဆုံနေရ



www.burmeseclassic.com

www.burmeseclassic.com



ဦးမှာပဲ''

''ဘာ''

''အဲဒီ ရွှေလဝန်းဆိုတဲ့မိန်းကလေးနဲ့ နောက်တစ်ခါ အဲဒီပုံစံမျိုး နဲ့ တွေ့ကြည့်၊ နင်တို့နှစ်ယောက်လုံးကို ငါ တစ်ခုခုလုပ်ပစ်မယ် သိလား ဒိုး''

''ခင်ဗျား''

''ဟုတ်တယ် ငါမိုးစန္ဒီလေ၊ ငါ တခြားသူတွေကို ဘယ်လို ဆက်ဆံဆက်ဆံ ငါ့ကိုအဲဒီလိုပုံစံမျိုးနဲ့ လာဆက်ဆံလို့မရဘူး၊ မိုးစန္ဒီ သူများကျောတာကို ပြုံးပြုံးလေးခံနေမယ့်မိန်းမမျိုး မဟုတ်ဘူး ဒိုး၊ နင့် သတ္တိရှိတယ်ဆိုရင် စိန်ခေါ်ကြည့်လိုက်လေ၊ နင့်ကိုလည်း ထောင်ကျအောင် လုပ်မယ်၊ ရွှေလဝန်းကိုလည်း အဲဒီဘက်က အလုပ်ထွက်ရအောင် လုပ်ပစ်မယ် သိလား''

''ဟား ကျွတ်''

သူ တကယ်ကို ဒေါသတွေအုံကြွလာရသည်။ စိတ်ရှိသလောက် လွှတ်လိုက်ရလျှင်တော့ မိုးစန္ဒီမျက်နှာက မျက်နှာသစ်စရာပင် ကျန်မည် မဟုတ်တော့။ သူ ဖြုန်းခနဲ ထရပ်လိုက်ကာ

''ခင်ဗျားစိတ်ဓာတ်က မိန်းမကောင်းတစ်ယောက်နဲ့မတူတော့ဘူး မိုးစန္ဒီ၊ ပညာတတ်မျိုးရိုးစဉ်ဆက်ချမ်းသာလာတဲ့ အထက်တန်းလွှာလူတစ် ယောက်က အဲဒီလို အောက်တန်းကျတဲ့စိတ်ဓာတ်မျိုးရှိတာ ခင်ဗျား အတွက်ကောင်းတယ်များ ထင်နေလား၊ အဲဒီလိုလုပ်နိုင်တယ် လုပ်ရဲတယ် ငါက ဒီလိုလူစားလို့ ဂုဏ်ယူနေတာတွေဟာ ခင်ဗျားကော မိဘတွေ ဂုဏ်သိက္ခာကျနေရတယ်ဆိုတာ ခင်ဗျား မသိဘူးလား''





''အဟင်း နင် ငါ့ကိုဆရာကြီးလုပ်ပြောမနေနဲ့ ဒိုး၊ နင့်မှာ ငါ့လို လုပ်နိုင်တဲ့အင်အားရှိလို့လား၊ အစွမ်းအစအရည်အချင်းရှိလို့လား၊ နင့်လို ကောင်မျိုးက ဘာမှလုပ်နိုင်တာမရှိပါဘူး၊ ငါ့ပေးစာကမ်းစာနဲ့ ပြောင်ရောင်လာ တာကို ကျေးဇူးတင်ရမှန်းမသိရင် နင့်ထိုက်နှင့်ကံပေါ့ ဒိုး၊ ငါကတော့ နာမည် ကောင်းရအောင် ကြိုးစားနေမှာမဟုတ်ဘူး၊ ငါလုပ်ချင်တာလုပ်မှာ၊ အဲဒါ မိုးစန္ဒီပဲ မှတ်ထား''

အနိုင်ပိုင်းစကားများဖြင့် မထီမဲ့မြင်ပြောနေသော မိုးစန္ဒီကို ကြည့်၍ သူအသည်းတွေယားကာ အံကြိတ်ပြီး လက်သီးကို ဆုပ်ထားမိသည်။ မိုးစန္ဒီ နှင့်ပတ်သက်အောင် ကြိုးစားမိခြင်းအတွက် နောင်တတွေလည်း ရနေမိ၏။

သူ ဘာလုပ်ရမလဲတွေးနေမိသော်လည်း အဖြေက ထွက်မလာ။ ရုံးချိန်အတွင်းမှာ မိုးစန္ဒီ အရိပ်အငွေ့ထဲနေရတာ သူ့စိတ်တွေမွန်းကျပ် ရှုပ်ထွေး နေခဲ့သည်။

ညနေရုံးဆင်းရမည့်အချိန်မှာ မိုးစန္ဒီကို ခွင့်မတောင်း အသိမပေးဘဲ ဟိုလိုလို ဒီလိုလို အကြောင်းရှာရင်း အရင်ဆုံးထွက်လာခဲ့၏။ မိုးစန္ဒီကတော့ သူ ဘယ်ကိုထွက်သွားလိုက်မှန်း သိလိုက်မှာမဟုတ်ပေ။

သူ မရှိတော့ဘူးဆိုမှ သူမ ဒေါသထွက်ပေါက်ကွဲချင်ပေါက်ကွဲ ပေလိမ့်မည်။ သူ သွားချင်သောနေရာနှင့် သူအတွေ့ချင်ဆုံးသူတစ်ယောက် သာ ရှိသည်။ လဝန်း မင်းကိုကိုယ်ချစ်တယ်။

အဲဒီအတွက် ကိုယ်သတ္တိမွေးမှာပါ။ အချိန်ခဏတော့ စောင့်ရ ဦးမှာပေါ့ လဝန်းရယ်။ ခဏလေးပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"လဝန်း"

"ဟင် မုတ်သုံ"

ဖယ်ရီကားပေါ်တက်တော့မည့်အချိန်မှာ မုတ်သုံရဲ့ခေါ်သံကြောင့် ကားပေါ်မတက်တော့ဘဲ မုတ်သုံဆီ လျှောက်လာလိုက်သည်။ မုတ်သုံ ဘဏ်အထိရောက်လာတာ ဘာကိစ္စအရေးအကြောင်းရှိနေလို့လဲ မသိပေ။

"မုတ်သုံ ဘာကိစ္စရှိလို့လဲ၊ ဘာဖြစ်လို့လဲဟင်"

"လဝန်းကို ကိုယ်လာခေါ်တာ၊ ဖယ်ရီနဲ့လိုက်မသွားလို့ဖြစ်တယ်မဟုတ်လား"

မဖြစ်ဘူး။ အပြန်နောက်ကျရင် ဒေါ်လေးနှင့်ကျိုင်တက်လိမ့်မယ်လို့ မုတ်သုံကို ပြောရမှာ အားနာနေသည်။ မုတ်သုံကို ဘယ်လိုမှ ဥပေက္ခာမပြုရက်ပါ။

"ဖြစ်ပါတယ် မုတ်သုံရဲ့၊ ဘယ်သွားမလို့လဲ"





"ကားမှတ်တိုင်ရောက်တဲ့အထိ ကိုယ်တို့ ဒီအတိုင်းလမ်းလျှောက်ရင်း စကားပြောရအောင်လေး၊ ပြီးမှ တစ်နေရာရာသွားပြီး တစ်ခုခုစားရအောင်၊ အပြန် လဝန်းဒေါ်လေးအဆူမခံရအောင်လို့ သူတို့အတွက် စားစရာတစ်ခုခု ဝယ်ပေးလိုက်ပါမယ်၊ အဲဒါဆို ဖြစ်တယ်မဟုတ်လား"

"အဲဒီလို ဝယ်သွားလည်း အကောင်းမြင်ခံရမှာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဖြစ်ပါတယ်၊ တစ်ခါတလေရှုတော့လည်း ကိုယ်လုပ်ချင်တာ လုပ်ခွင့်လည်း ရှိဦးမှပေါ့၊ သွားမယ်လေ မုတ်သုံ"

"အိုကေလေ လဝန်း"

နှစ်ယောက်သား လမ်းသွယ်လေးကနေ လမ်းမဘက်ကိုလမ်းလျှောက်၍ ထွက်ခဲ့ကြသည်။ အတူယှဉ်တွဲလျှောက်နေရင်းဖြင့် လဝန်းရဲ့လက်ကလေးကို ဆုပ်ကိုင်ထားချင်စိတ်တွေ တဖွားဖွားဖြစ်ပေါ်နေမိသည်။

ချစ်သူတောင် မဖြစ်သေးပါဘဲ ဒီအခွင့်အရေးမျိုးယူလို့ ဖြစ်ပါ့မလား။ လဝန်း စိတ်ဆိုးချင်မှ ဆိုးမှာဖြစ်သော်လည်း သူကတော့ တန်ဖိုးမဲ့မဆက်ဆံရက်ပေ။

"ဟာ လဝန်း"

"မုတ်သုံ"

"အား"

ကားတစ်စီးအရှိန်နှင့် သူတို့ဆီကို တည့်တည့်ပြေးဝင်လာတာမို့ လဝန်းကို မထိခိုက်ရအောင် သူ ဆွဲဖက်၍ လှဲချလိုက်ရသည်။ နှစ်ယောက်သားလုံးထွေးကာ ခပ်ဝေးဝေးလွင့်သွားရာမှ လမ်းဘေးပလက်ဖောင်းနှင့်ဆောင့်မိပြီး သူ့နောက်စေ့မှာ တော်တော်အထိနာသွား၏။

လက်နှင့်စမ်းကြည့်လိုက်တာ သွေးမထွက်သော်လည်း အကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကာ ဖူးယောင်သွားမှာတော့ သေချာသည်။ လဝန်းကတော့ သူ့ ရင်ခွင်ထဲမှာပါ။

"လ လဝန်း ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ဘူး။ လက်ကလေးပဲနည်းနည်းနာတာ မုတ်သုံ၊ မုတ်သုံ ဘာဖြစ်သွားသေးလဲဟင်"

"နောက်စေ့တော့ နည်းနည်းနာသွားတယ်၊ ကိစ္စမရှိပါဘူး လဝန်း ထနိုင်လား"

"ဟင် အင်း ထ ထနိုင်ပါတယ်"

သူ့ရင်ခွင်ထဲရောက်နေရသည့်အဖြစ်ကို အခုမှ သတိရလျက် ရွှေလဝန်း လူးလဲကာ ထရပ်ရသည်။ ရှက်မျက်နှာနီနီလေးဖြင့် သူမ အတွက် အကျနာသွားသော မုတ်သုံကိုလည်း အားပြုကာ ထရပ်နိုင်အောင် ဆွဲထူပေးလိုက်ရသည်။

"ကျေးဇူးပဲ လဝန်း၊ အား ဘယ်လိုကောင်က အဆင်ခြင်မဲ့ ပရမ်း ပတာ မောင်းလာတာလည်း မသိဘူး၊ မရှောင်လိုက်နိုင်ရင် ကိုယ်တို့ နှစ်ယောက်လုံးသေမှာ၊ အဲဒီကား ဘယ်ရောက်သွားလဲ၊ ကားနံပါတ်မှတ်ပြီး ရဲစခန်းတိုင်ရမယ်"

"ဟယ် မုတ်သုံ အဲဒီကား နောက်ပြန်ဆုတ်လာပြီ၊ လဝန်းတို့ဆီ တည့်တည့်ပဲ၊ ပလက်ဖောင်းပေါ်တက် မြန်မြန် မြန်မြန်တက်"

"ဟာ"

နှစ်ယောက်သား လက်ချင်းတွဲချိတ်ကာ ပလက်ဖောင်းပေါ် အမြန် ပြေးတက်လိုက်ရ၏။ ကားက ပလက်ဖောင်းအစွန်းနှင့် ခုန်းခနဲတိုက်မိမှ တုံ့ခနဲ အရှိန်နှင့် ထိုးရပ်သွားသည်။





လူကိုသေစေချင်သော ဆန္ဒဖြင့် သက်သက်မဲ့ တမင်တကာ အသေတိုက်မှန်း သိသာလှသည်။ ဒါဟာ

"မိုးစန္ဒီ မင်း တောက် မင်းတမင်သက်သက်"

ကားမှန်ရှောခနဲ ပွင့်လာခဲ့ပြီး မိုးစန္ဒီ နှုတ်ခမ်းအစုံက မဲ့ရွဲ့နေကာ

"နင့်ကိုငါ ပြောထားတာ မေ့နေပြီလား၊ ငါ မလုပ်နိုင်တာ မရှိဘူး လို့လေ၊ နင်တို့နှစ်ယောက်လုံးကို ငါ သတ်ပစ်လိုက်လို့ရတယ် နားလည်လား၊ ငါ့မျက်စိရှေ့မှာ ရှုပ်အောင်မလုပ်နဲ့"

"ကျွန်တော်တို့ ဘယ်လိုနေနေ ခင်ဗျားနဲ့ဘာဆိုင်လို့လဲ၊ ဘာ ပတ်သက်လို့လဲ မိုးစန္ဒီ"

"နင်က ငါ့ရည်းစားလေ"

"ဘာ"

"အဲဒီအတွက် နင်တခြားမိန်းကလေးနဲ့တွဲလို့မရဘူး။ ပတ်သက် လို့ မရဘူး။ အထူးသဖြင့် အဲဒီရွှေလဝန်းနဲ့ပေါ့"

"ဟား ခင်ဗျား"

"နင့်ကိုလည်း ထောင်ကျအောင်လုပ်နိုင်တယ်၊ ရွှေလဝန်းကိုလည်း ဘဏ်ကအလုပ်ထုတ်ခံရအောင် လုပ်နိုင်တယ်လို့ ငါပြောခဲ့တယ်နော်၊ ဘယ် လိုလုပ်မှာလဲလို့တော့ မမေးနဲ့၊ အခုတောင် သတ်ပစ်လို့ရတယ်ဆိုတာ သိသွားပြီမဟုတ်လား"

"ဒီမှာ"

"နေဦး လဝန်း မပြောနဲ့၊ ဒီမိန်းမက လူစိတ်ရှိတာမဟုတ်ဘူး၊ လဝန်းကို ပြဿနာရှာလိမ့်မယ်"

"ကြောက်စရာလား၊ သူ ဘာကြီးဖြစ်နေနေ လဝန်း မကြောက်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ လဝန်းအလုပ်မှာ လဝန်း ဘာပြစ်မှုမှတ်တမ်းမှမရှိဘူး။ မြိမ်းခြောက် တိုင်းသာ ကြောက်နေရမယ်ဆိုရင် မြန်မာပြည်မှာနေစရာတောင်ရှိမှာ မဟုတ်ဘူး။ သူ့ကိုကြောက်တဲ့သူများလို့ ဘဝမြင့်နေတာကို ဂရုစိုက်မနေနဲ့ ဒိုး''

''အဟင်း မင်းလည်း ဒိုးလို အာကျယ်တဲ့သူတစ်ယောက်ပါပဲ လား''

မိုးစန္ဒီက ကားတံခါးဖွင့်ဆင်းလာကာ မထီမဲ့မြင်မဲ့ပြုံးများဖြင့် ပြောသည်။ မှတ်သုံက ရွှေလဝန်းလက်ကလေးကို ဆွဲ၍ နောက်ကို ပို့လိုက်သည်။ လဝန်းကို မိုးစန္ဒီ ကိုယ်ထိလက်ရောက် လုပ်လိုက်မှာစိုးလို့ပင်။

''မိုးစန္ဒီ ခင်ဗျား သွားပါတော့၊ ကျွန်တော်တို့ကို မနှောင့်ယှက် ပါနဲ့၊ ခင်ဗျားနဲ့မပတ်သက်ခဲ့ဘူးလို့ သဘောထားနိုင်ရင် ပိုကောင်းမယ်''

''ပတ်သက်ပြီးမှ မပတ်သက်ဘူးလို့ သဘောထားလို့ရမလား၊ နင်ရော နင့်ကောင်မရော ငါ့ကိုစော်ကားနေကြတာ၊ စိန်ခေါ်နေကြတာ၊ အဲဒါကို ငါ သည်းမခံနိုင်ဘူး ဒိုး။ အခု ငါ့ကားပေါ်နင်လိုက်ခဲ့ပါ''

''ဟာ မလိုက်နိုင်ဘူး။ ကျွန်တော် လဝန်းနဲ့ပြောစရာရှိလို့ လဝန်း ကို လာခေါ်တာ''

''နင် ငါ့ကိုခွင့်တောင်းလား။ ခွင့်ပြုချက်ယူသွားလား၊ ငါမသိ အောင် ရုံးစောဆင်းသွားတာ ငါခွင့်မလွှတ်ဘူး''

''ခွင့်မလွှတ်နိုင်ရင် ခင်ဗျားအလုပ်ထုတ်လိုက်ပေါ့ မိုးစန္ဒီ၊ ဘာ ခက်တာမှတ်လို့''

''ဟင်း . ဟင်း နင်အရမ်းအလုပ်ထုတ်ခံချင်လို့ အကြောင်းရှာ တယ်ဆိုတာ ငါသိတာပေါ့ ဒိုး၊ အဲဒါကြောင့်ပဲ ငါနင့်ကို လွှတ်မပေးတာ၊ နင်က လျော်ကြေးပြန်ပေးနိုင်တဲ့အဆင့်လည်းမရှိဘူးဆိုတော့ နင် သိပ်ကို





ငါ့ဆီကလွတ်မြောက်ချင်နေတယ်ဆိုရက် ထောင်ကျခံလိုက်ပေါ့ ရှင်းနေတာ ပဲ''

''ရှင်''

''နေပါ လဝန်း။ လဝန်းနဲ့မဆိုင်ဘူး။ ကဲ ကောင်းပြီ မိုးစန္ဒီ၊ ခင်ဗျား ကျွန်တော့်ကိုလွတ်မြောက်ခွင့်မပေးချင်နေပါ၊ ဒါပေမဲ့ ကျွန်တော့် ကြောင့် ခင်ဗျားနေ့စဉ်နေ့တိုင်း စိတ်ဆင်းရဲမှုကြုံရတော့မယ်ဆိုတာ မမေ့နဲ့၊ ခင်ဗျားက မိုးစန္ဒီဆိုရင် ကျွန်တော်ကလည်း ခင်ဗျားသိထားတဲ့ ဒိုးမဟုတ်ဘူး၊ နာမည် နှစ်လုံးနဲ့နေတဲ့ မှတ်သုံ၊ ဘယ်လိုကောင်မျိုးလဲဆိုတာ ခင်ဗျား တဖြည်းဖြည်း သိလာပါလိမ့်မယ်''

မိုးစန္ဒီ နှုတ်ခမ်းအစုံ မဲ့ကျသွားသည်။ အမြင်ကတ်စရာကောင်း အောင် သူတို့အနီးကို တံတွေးဖွီခနဲ တစ်ချက် ထွေးထုတ်ပြီး

''နင်က ငါ့ကိုပြန်ပြီး ခြိမ်းခြောက်နေတာလား၊ နင်က ဘာ အဆင့် ရှိလို့လဲ ဒိုး''

''ခင်ဗျား အဲဒီလို နှိမ့်ချအထင်သေးနေတဲ့ကောင်က ဘာလုပ် ပြမလဲဆိုတာ စောင့်ကြည့်လိုက်လေ၊ မိုးစန္ဒီ ခင်ဗျားက လူတွေကို သိပ်ကို အထင်သေးလွန်းတယ်၊ ခင်ဗျားတို့လို ငွေကြေးချမ်းသာတဲ့သူပဲ တန်ဖိုးရှိတယ် မထင်နဲ့၊ ခင်ဗျားလုပ်ရပ်တွေ အရမ်းအောက်တန်းကျနေတယ်ဆိုတာ သတိ ထားဦး။ လာ လဝန်း သူတိုက်သတ်ရဲတယ်ဆိုလည်း ကိုယ်တို့သေလိုက် ကြတာပေါ့၊ ဥပဒေအရ သူ့လိုငွေကြေးချမ်းသာတဲ့သူလည်း ထောင်ထဲတော့ ရောက်သွားမှာပါပဲ''

''တောက်''

လဝန်းလက်ကိုဆွဲပြီး ထွက်လာခဲ့ချိန်မှာ မိုးစန္ဒီဆီက တက်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်သံအကျယ်ကြီး ကြားလိုက်ရသည်။ ဒါပေမဲ့ စိတ်လိုက်မာန်ပါ သတ္တိရှိရှိ သူတို့နှစ်ယောက်ကို ကားနှင့်လိုက်တိုက်ရဲသည့်ဆန္ဒတော့ ဖြစ်ပေါ်လာပုံ မပေါ်တော့ပေ။

ဒီလောက်ထိ မိုက်ရိုင်းအောက်တန်းကျရဲသည်ဆိုလည်း လုပ်ပေါ့။ ဒီလိုမှ ရင်မဆိုင်လျှင် မိုးစန္ဒီအနိုင်ကျင့်ခြိမ်းခြောက်သမျှ အမြဲတမ်းခံနေရရုံပဲ ရှိလိမ့်မည်။

သူ တင်းတင်းဆုပ်ထားမိသော လဝန်းရဲ့လက်ကလေးကို သူ မလွှတ်မိ။ ဆုံးဖြတ်ချက်တွေ နိုင်မာစွာဖြင့် သူ့ရဲ့ပြတ်သားသော ရွေးချယ်မှုများသည်။

■ ■ ■



## အခန်း (၂၇)

"လဝန်းကို ကိုယ်ချစ်တယ်၊ သွယ်ဝိုက်ပြီးအချိန်ဆွဲမနေတော့တာ ကိုယ့်ကိုနားလည်ပေးပါ၊ လဝန်းကို တန်ဖိုးမထားလို့မဟုတ်ပါဘူး။ ကိုယ် အချိန်တွေထပ်ပြီး မစောင့်နိုင်တော့လို့ပါ"

"မုတ်သုံက မိုးစန္ဒီနဲ့"

"ခုနက အခြေအနေကို လဝန်း သဘောပေါက်တယ်မဟုတ်လား။ အဆင်ပြေနိုင်စရာအကြောင်းရှိရဲ့လား။ အစတည်းက သူ့အပေါ် အချစ်နဲ့စခဲ့တဲ့ ဆက်ဆံရေးမျိုးမဟုတ်ခဲ့ပါဘူး လဝန်း။ ကိုယ်ဝန်ခံပါတယ်၊ ငွေကြေးချမ်းသာတဲ့ မိုးစန္ဒီကို ကိုယ် ပတ်သက်ဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ သူ့ရဲ့မောက်မာမှုတွေ အနိုင်ကျင့်မှုတွေ၊ မစာနာတတ်တဲ့စိတ်တွေကို သိလာရတဲ့အချိန်မှာ ကိုယ် အရမ်းကို စိတ်ပျက်စိတ်ကုန်သွားခဲ့တယ်၊ လူသားမဆန်တဲ့ သူ့အပြုအမူတွေကို အရမ်းကိုရွံမုန်းသွားခဲ့မိတယ်၊ မာနတွေ ပွန်းပဲ့ခဲ့ရတဲ့အတွက် ကိုယ် အရမ်းကိုခံပြင်းမိတယ် လဝန်း။ အဲဒါကြောင့် ကိုယ် သူနဲ့ အဆင်ပြေအောင် မကြိုးစားချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မုတ်သုံ ဆုပ်ကိုင်လာခဲ့သည့် နွေးထွေးဆဲ သူမ လက်ကလေးကို အချင်းချင်းပွတ်တိုက်၍ ရင်ခုန်သံတွေကို ထိန်းချုပ်နေခဲ့ရသည်။ မုတ်သုံဆီက ချစ်စကားတွေအတွက် သူမမှာ ငြင်းဆန်နိုင်သည့်အင်အား တွေမရှိပါ။ အရင်တည်းက တစ်နေ့ဖွင့်ပြောလိမ့်နိုးနိုး ရင်ခုန်စွာ မျှော်လင့်နေခဲ့မိတာပဲ မဟုတ်ပါလား။

"လဝန်း"

"ဟင်"

"ကိုယ့်ကို မယုံကြည်လို့ ကိုယ်ပြောတာတွေ အလေးအနက်မခံစားရလို့ ငြိမ်သွားတာလား။ ခေါင်းကြီးငုံ့နေတာလား လဝန်းရယ်၊ ကိုယ်တကယ်လဝန်းကို"

"ဟင့်အင်း ထပ်မပြောပါနဲ့ လဝန်း သိပါတယ်၊ မုတ်သုံ ချစ်တယ်ဆိုတာ လဝန်းယုံပါတယ်၊ ဟို လဝန်းက"

"ပြောပါ လဝန်း။ ကိုယ့်ကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါ၊ လဝန်း ကိုယ့်ကို လက်မခံနိုင်လို့လား။ မိုးစန္ဒီနဲ့ပတ်သက်တဲ့လူဆိုပြီး ယုံကြည်ရမှာ ခက်နေတာလား"

"မဟုတ်ပါဘူး မိုးစန္ဒီနဲ့ပတ်သက်ပြီး မုတ်သုံ ခံစားမှုတွေကို လဝန်း သိနေတာပဲ၊ အခုက လဝန်း အဖြေပြန်ပေးရမှာ စောနေသလားလို့"

"လဝန်းရယ် လဝန်းနဲ့ကိုယ်က အခုမှ သိကြတာမှ မဟုတ်တာ တစ်ယောက်အကြောင်း တစ်ယောက် လေ့လာသင့်သလောက် လေ့လာပြီးပြီလို့ ထင်ပါတယ်၊ မေမေတို့ကိုလည်း ပြောပြပြီးပြီ၊ လဝန်းကို အိမ်လည်ခေါ်လာမယ်လို့"

"ဟင် လဝန်းကို မုတ်သုံ ချစ်သူလို့ ပြောလိုက်တာလား"





"မဟုတ်ပါဘူး အရမ်းခင်တဲ့သူငယ်ချင်းလို့ မေမေတို့နဲ့မိတ်ဆက်ပေးချင်တာ၊ ဒါပေမဲ့ အကဲခတ်ကြည့်ပေးပါလို့တော့ ပြောထားတယ်"

"အာ ဘာထူးလို့လဲ၊ အဲဒီပုံစံမျိုးနဲ့တော့ လဝန်း အိမ်လည်လာရဲပါဘူး။ ဟို ပြီးတော့ လဝန်းက ပြည့်စုံမှုဆိုတာ ဘာမှမရှိတဲ့သူ၊ ...က်ခံနိုင်စရာ အဆင်ပြေနိုင်စရာရှိမှာမဟုတ်ဘူး"

လဝန်းရဲ့သိမ်ငယ်မှုကို သူ နားလည်စာနာမိသည်။ အားပေးသည့်အနေဖြင့် သူ လဝန်းလက်ကလေးကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်၏။

"ကိုယ့်မိဘတွေက ရိုးစင်းပါတယ်၊ လောဘမရှိ မက်မောမှုဆိုတာလည်း မရှိပါဘူး၊ ကိုယ့်ရဲ့အိမ်ထောင်ဘက်ကို ဘာတွေပြည့်စုံရမယ်... သတ်မှတ်ထားတာမျိုးလည်း မရှိဘူး။ ဂုဏ်မဲ့ပေမယ့် ရိုးသားဖြူစင်...ယ်ဆိုရင် မေမေတို့လက်ခံပေးကြမှာပါ"

"ဟင်း"

"သက်ပြင်းတွေချနေရလား၊ ဘာတွေကို စိုးရိမ်နေတာလဲ လဝန်း...ယ်၊ လဝန်းက တော်တန်ရုံ မကြောက်ရွံ့တတ်တဲ့ ရင်ဆိုင်ရဲတဲ့မိန်းက...း မဟုတ်လား"

"တခြားသူတွေနဲ့ဆို အဲဒီလိုဖြစ်ဖို့ အားမွေးထားပေမယ့် မုတ်သုံ...ို အလိုလိုပျော့ပျောင်းပြီးသား ဖြစ်နေတာ ကိုယ့်ကိုကိုယ်တောင် နားမလည်...ဘူး"

"အဲဒါ ကိုယ့်ကိုချစ်လို့ဖြစ်မှာပေါ့ လဝန်းရယ်၊ ကိုယ့်မိဘတွေ...ဘာတူလက်ခံမပေးရင် ကိုယ်နဲ့ဝေးရမှာ စိုးရိမ်နေခဲ့လို့ ဖြစ်မှာပေါ့၊ ...အတွက် လဝန်း မစိုးရိမ်ပါနဲ့၊ တကယ်လို့ မိဘတွေ သဘောမတူ...ဆိုရင်တောင် ကိုယ်ကတော့ လဝန်းကိုချစ်နေမှာပါ၊ လက်ထပ်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားမှာပါ လဝန်း။ ကိုယ့်ရဲ့ဒီစိတ်တွေကလည်း လဝန်းကိုချစ်တဲ့အချစ်တွေကြောင့် ပြောင်းလဲလာခဲ့တာပါ။ အရင်က ကိုယ့်စိတ်တွေက ဒီလိုလုံးဝမလေးနက်ခဲ့ဘူး။ အချစ်ဆိုတာကို တန်ဖိုးထားရမှန်းလည်း မသိခဲ့ဘူး။ ကိုယ်တကယ်ပြောတာပါ''

လဝန်းက သူ့ကိုယုံကြည်သောမျက်ဝန်းများဖြင့် လေးနက်စွာငေး သူ့ကိုမော့ကြည့်လာ၏။ ပြုံးလွင့်နှုတ်ခမ်းများက လှပစွာပွင့်အံလာလျက်

"လ လဝန်း မှတ်သုံကိုချစ်ပါတယ်၊ တ တစ်သက်လုံးလည်း လက်တွဲသွားချင်ပါတယ်''

''လဝန်းရယ်''

လဝန်းကိုယ်လေးကို သူ့ရင်ခွင်ထဲ မြုပ်ဝင်သွားအောင် ထွေးဖက်လိုက်ကာ

"ကိုယ်ကတိပေးပါတယ်၊ သစ္စာဆိုပါတယ် လဝန်း။ လဝန်း ကိုယ်အမြန်ဆုံးလက်ထပ်နိုင်အောင် ကြိုးစားမယ်၊ တစ်သက်လုံး ယုယုယယ မြတ်မြတ်နိုးနိုး တန်ဖိုးထားပါ့မယ်''

"မှတ်သုံကို အကြွင်းမဲ့ယုံကြည်ပါတယ် မှတ်သုံရယ်၊ မှတ်သုံရဲ့ အချစ်တွေရတာနဲ့တင် လဝန်း ကျေနပ်နေပါပြီ၊ ဒါပေမဲ့ လဝန်းလည်း လဝန်းဒေါ်လေးကို ရင်ဆိုင်ရဦးမှာပဲ''

"လဝန်းဒေါ်လေးကတော့ ကိုယ်ဘယ်လိုလူမျိုးဖြစ်ဖြစ် လက်ခံပေးမှာမဟုတ်ဘူးထင်တယ်နော်၊ သူက လဝန်းကို ဘယ်လိုယောကျ်ားမျိုးဖြစ်ဖြစ် လက်ခံပေးနိုင်မှာမဟုတ်ဘူး။ ယောကျ်ားယူမှာကြောက်နေတာတော့ ခက်တော့ခက်သားနော်''

"အင်း ဒါလည်း လဝန်းတို့ရင်ဆိုင်ရမှာပေါ့၊ လဝန်းအတွက် မှတ်သုံလည်း ခံနိုင်ရည်ရှိပေးမယ် မဟုတ်လားဟင်''





"ဒါပေါ့ ရှိပေးမှာပေါ့၊ လဝန်းအတွက် ကိုယ်ရင်ဆိုင်ပေးရမှာပေါ့ လဝန်းရယ်၊ အဲဒီအတွက် တွေးမပူနဲ့နော်၊ ကိုယ့်ကိုဘယ်လိုချစ်ရမလဲဆိုတာပဲ တွေးနေ''

''အံမယ်''

သူမ ရှက်စနိုးလေး ပြုံးမိသွားရသည်။ မှတ်သုံရင်ခွင်ထဲက ဘယ်တော့မှ မခွာချင်တော့ပါ။

ဒီရင်ခွင်ကို အချိန်ရှိတိုင်း တောင့်တရင်းနဲ့ပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ဘယ်အချိန်ရှိနေပြီလဲ၊ ဘယ်အချိန်ရှိနေပြီလဲ လဝန်း။ ညနေ လေးနာရီကျော်လောက် အိမ်ပြန်ရောက်နေကျလူက ညရှစ်နာရီကျော်မှ ပြန်ရောက်လာတယ်၊ ကားလမ်းပိတ်လို့ မီးပွိုင့်မှာကြာနေလို့ဆိုတဲ့ ဆင်ခြေ တွေလာမပေးနဲ့နော်၊ အချိန်လေးနာရီအတွင်းမှာ ညည်းဘယ်သူနဲ့တွေ့နေတာ လဲ၊ ဘာလုပ်နေတာလဲ ငါ့ကိုမှန်မှန်ပြော"

"ဒေါ်လေး ဖြည်းဖြည်းပြောပါ"

"မပြောနိုင်ဘူး ညည်းပြန်လာမှ ထမင်းချက်နိုင်းဖို့အတွက် စောင့် နေတာ၊ လာနီးလာနီးနဲ့ အခုချိန်ထိ မချက်ပြုတ်ရသေးဘူး၊ ကလေးတွေ လည်းဗိုက်ဆာနေပြီ၊ ငါ့ယောကျ်ားလည်း ဗိုက်ဆာလို့ပေါက်ကွဲပြီး အိမ်မှာ သောင်းကျန်းနေတယ်"

"ရော့ ဒေါ်လေး ဒါတွေကျွေးလိုက်၊ နားအေးသွားအောင်"

ပါလာသော စားသောက်စရာပါဆယ်ဘူးတွေကို ဒေါ်လေးလက်ထဲ ထိုးထည့်လိုက်သည်။ ဒီပြဿနာတွေ ကြိုသိလို့ မုတ်သုံ ဝယ်ပေးလိုက်တာ





ကို မငြင်းဘဲ ယူလာခဲ့တာပါ။

ဒါလည်း ဒေါ်လေးက ကျေနပ်ပုံမရ။ ယောကျ်ားနှင့်သားသမီးတွေ လက်ထဲ ပါဆယ်ဘူးတွေသွားထည့်ပေးပြီး သူမဆီကို ပြန်လာပြန်သည်။

"လဝန်း"

"ဒေါ်လေး လဝန်း ပင်ပန်းလာတယ်၊ ဒီနေ့ ဘာမှလည်းမပြော ပါနဲ့၊ ဘာမှလည်းမလုပ်နိုင်းပါနဲ့တော့၊ လဝန်း နားပါရစေဦး"

"ဟဲ့ ညည်းက ဘယ်နေရာမှာ ဘယ်သူနဲ့တွေ့ပြီး ဘာတွေလုပ် လာလို့ ပင်ပန်းနေရတာလဲ၊ ညည်းအဲဒီလိုလုပ်နေတာကို ငါ ခွင့်မပြုနိုင်ဘူး၊ ညည်းရဲ့အဆိုးအကောင်းကိုစွမ့်မှန်သမျှ ငါ့မှာတာဝန်ရှိတယ်၊ မိန်းမပျိုလေး တစ်ယောက်က ဒီလိုညအချိန်မတော်မှ အိမ်ပြန်လာစရာလား"

"လဝန်းမှာလည်း ကိုယ်ရေးကိုယ်တာကိစ္စလေးတွေ ရှိပါတယ် ဒေါ်လေး။ ဒီနေ့အလုပ်ကအပြန် ကားအကျိတ်အိုးအင့်ဖြစ်လို့ လူတောင်သေတော့ မလို့"

"ဟင် အဲဒီကားသမား လျော်ကြေးပေးမသွားဘူးလား။ ဘယ် လောက်ရခဲ့လဲ ပြောပါဦး။ ကလေးတွေအတွက် ကျူရှင်လခလိုနေတာနဲ့ အတော်ပဲ ကဲ ဘယ်လောက်"

"ဒေါ်လေး"

လဝန်း ဒေါသဖြစ်လွန်းစွာ အသံကုန်အော်ပစ်လိုက်သည်။ အစား အသောက်စားနေသော ကလေးနှစ်ယောက်လန့်သွားသလို အရက်သောက် ထားဟန်တူသော ဒေါ်လေးယောကျ်ားက မျက်လုံးနီနီဖြင့် လဝန်းတို့အနား လျှောက်လာပြီး

"နင်က ငါ့မိန်းမကို ဘာလို့အော်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောတော့ မိဘလိုတာဝန်ဝတ္တရားရှိလို့ စောင့်ရှောက်ရမယ့် တာဝန်ရှိလို့နဲ့ လဝန်းမိဘတွေသာဆိုရင် ဒီလိုကားအက်ဆီးဒင့်ဖြစ်တယ် ပြောလိုက်တာနဲ့ သမီးလေးဘယ်နားနာသွားလဲ ဘယ်နေရာထိခိုက်သွားလဲ၊ စိုးရိမ်ရလား ဒဏ်ရာပြင်းလားဆိုပြီး အရင်ဆုံး စိုးရိမ်တကြီးစိတ်ပူနေမှာ၊ မျက်ရည်လည်နေမှာ၊ ဒေါ်လေးတို့လိုငွေမက်ပြီး လျော်ကြေးလိုချင်စိတ်နဲ့ လောဘ မျက်လုံးကြီးပြဲပြူးနေမှာမဟုတ်ဘူး"

"ညည်းနှယ်အေ တော်တော်ပြောတတ်တယ်၊ ညည်းအကောင်း ပကာတိကြီးအိမ်ပြန်ရောက်လာတာ အဲဒီလိုမေးနေစရာလိုသေးလို့လား။ ညည်း ပြောလိုက်ရင် ငါတို့အဆိုးကြီးပဲ၊ ညည်းကမှ မိဘလို့သဘောမထားနိုင်တာ ဘယ်အကောင်းမြင်ပါ့မလဲ"

"ဒေါ်လေးတို့က မိဘလိုသဘောထားချင်အောင် ဘာတွေများ မေတ္တာပေးနေလို့လဲ၊ ဒေါ်လေးတို့မိသားစုအဆင်ပြေဖို့တစ်ခုပဲ ကြည့်နေတာ၊ ငွေလည်းရှာပေးရတယ်၊ ဝေယျာဝစ္စလည်း လုပ်ပေးရတယ်၊ ဒေါ်လေးလည်း အိမ်မှာအလုပ်မရှိအကိုင်မရှိ အားနေတာ၊ ကိုယ့်မိသားစုစားဖို့ပဲ ထမင်းအိုး တည်ပေါ့၊ ဟင်းဆိုလည်း မနက်ကတည်းက လဝန်းချက်သွားတာ နွေး နွေးရမှာ၊ လဝန်းပြန်လာတဲ့အထိ စောင့်နေရလား"

"ဟဲ့ ဒီက အိမ်မှာအားနေတဲ့သူဖြစ်မလား။ ကလေးတွေ ကျောင်းပို့ ကျောင်းကြို ကျူရှင်လိုက်ပို့ပြန်ကြို၊ ပြန်လာရင် သူတို့ကျောင်းဝတ်စုံတွေ အမြန်လျှော်ပေးရသေးတယ်၊ ညည်းချုပ်ပေးထားတာ နှစ်စုံသုံးစုံနဲ့ မနည်း လည်ပတ်အောင် လုပ်နေရတာအေ့"

"အိမ်မှာ မှီခိုစားနေတဲ့ ဒေါ်လေးယောက်ျားကရော ဘာလုပ်





လဲ၊ ကလေးတွေကိစ္စလောက်တော့ တာဝန်ယူပေါ့၊ ဖအေတစ်ယောက်လင် တစ်ယောက်ဖြစ်ပြီး ဘာတွေတာဝန်ကျေနေလို့လဲ"

"ဟော့ ငါ့ကိုဆွဲမထည့်နဲ့၊ ဒီအိမ်မှာ ထမင်းစားတာကလွဲပြီး ငါ့ အရက်ဖိုးငါရှာသောက်နေတာ၊ ငါ့ကိုအရက်ဖိုးပေးပါလို့ နင့်ဆီက တစ်ခါမှ လက်ဝါးဖြန့်ဖူးတာ မဟုတ်ဘူး။ ငါ့ကိုတော့ မပြောနဲ့"

တော်တော်အံ့ဩဖို့ကောင်းကြသည်။ သူတို့ဟာသူတို့ ကိုယ်လွတ် ရုန်းပြီး သူမကိုပဲ တာဝန်တွေအကုန်ပုံပေးနေကြ၏။ သူမ တကယ်ကို စိတ်ပျက်စိတ်ကုန်နေမိသည်။

ဒေါ်လေးက သူမပြောတာတွေ ဂရုမစိုက်ဘဲ ရှေ့တိုးလာကာ လက်ဝါးဖြန့်၏။

"ကဲ ညည်းစကားတွေအများကြီးမပြောစမ်းနဲ့အေ၊ လျော်ကြေး နစ်နာကြေး ဘယ်လောက်ရလာလဲ ပေးစမ်းပါ"

"အခု လဝန်းထိမိခိုက်မိလာတာ မရှိတဲ့အတွက် ဘယ်နေရာမှ ဒဏ်ရာဒဏ်ချက်မရ စိုးရိမ်စရာမရှိတဲ့အတွက် ဘာလျော်ကြေး ဘာနစ်နာ ကြေးမှ ရမလာဘူး။ ရှင်းတယ်နော် ဒေါ်လေး"

"မရှင်းဘူး ညည်းပြောတော့ ကားအက်ဆီးဒင့်ဖြစ်တယ်ဆို၊ ဖြစ်မှ ဖြစ်တယ်ဆိုရင် လျော်ကြေးအနည်းအများရကို ရရမှာပေါ့၊ ညည်းအိမ်ပြန် နောက်ကျတာကို တမင်ဆင်ခြေပေးတာဆိုရင်တော့ မပြောတတ်ဘူး"

"ဟုတ်တယ် ကားအက်ဆီးဒင့်ဖြစ်တာ မဟုတ်ဘဲ ရည်းစားနဲ့ ချိန်းတွေ့ပြီးပြန်လာတာ"

"ဘာ ဘာအေ့"

"လဝန်းတို့ မကြာခင် လက်ထပ်မှာ၊ ဒေါ်လေးတို့မိသားစုအိုးပေါ်



www.burmeseclassic.com

www.burmeseclassic.com



က ဆင်းပေးဖို့ ပြင်ထား''

"ဟာ နှင် ဘယ်လိုပြောလိုက်တာလဲ"

"လဝန်း ညည်း"

သူမ အတည်ပေါက်ပြောလိုက်တာမို့ ဒေါ်လေးတို့လင်မယား မျက်နှာအကြီးအကျယ်ပျက်ကာ တုန်လှုပ်သွားကြသည်။ သူမအပေါ် ဒီ လောက်တောင် အနိုင်ကျင့်နေကြတာ ဒီစကားမပြောလို့ မဖြစ်တော့။

သူမအပေါ်မှာ သွေးသားရင်းလို မေတ္တာမထားနိုင်ကြတာ သူမ လည်း ငဲ့ညှာနေစရာမလိုတော့ပေ။ မျက်နှာကိုခပ်တင်းတင်းထားလျက်

"လဝန်း အတည်ပြောတာ ဒေါ်လေး။ လဝန်း အိမ်ထောင်ကျတာ နဲ့ ဒေါ်လေးတို့အိမ်ပေါ်က ဆင်းပေးရမယ်ဆိုတာ စာချုပ်စာတမ်းရှိပြီးသား နော်၊ မေမေက ရပ်ကွက်လူကြီးတွေနဲ့ ရှေ့နေနဲ့ သေချာလုပ်ပေးထားခဲ့တာ"

"အမယ်လေး ညည်းအမေသူတော်ကောင်းမကြီးက သူ့သမီးအ ရွယ်မရောက်ခင် ငါတို့ကိုဒုက္ခခံစောင့်ရှောက်ခိုင်းပြီး ကိုယ့်ခြေထောက်ပေါ် လည်း ကိုယ်ရပ်နိုင်ရော ငါတို့ကို ကန်ထုတ်ခိုင်းခဲ့တာပေါ့လေ၊ ညီမအပေါ် စေတနာဆိုးရှိနေရင် ငါတို့အိမ်ရောင်းလာတဲ့ငွေတွေနဲ့ ဆေးကုခံနေသေးလား အဲဒီအရင်တည်းက အရွယ်မရောက်သေးတဲ့သမီးကို ကျီးထိုးထိုးခွေးစားစား ပစ်ပြီး သေပါတော့လား။ သမီးကလည်း စာချုပ်စာတမ်းနဲ့ ငါ့ကို နှင်ထုတ် တယ်၊ တော်တော်ကို သားအမိနှစ်ယောက်လုံး ကြောက်စရာကောင်းကြ ပါလားအေ ဟင်''

ဒေါ်လေးက ခုနစ်သံချီဟစ်၍ အော်သည်။ ပတ်ဝန်းကျင်က ကြား ပြီး သနားကရုဏာဖြစ်အောင် လုပ်နေတာပါ။ အရင်ကတော့ ဒေါ်လေး အဲဒီလိုအော်ပြီဆိုလျှင် သူမ ရှက်လွန်း၍ အားလုံးဖြည့်ဆည်းပေးပြီး ငြိမ်သက်





နေခဲ့တာပါ။

အခုတော့ ဒီလိုငြိမ်နေဖို့ စိတ်ကူးမရှိတော့။ အကြောင်းသိသည့် ပတ်ဝန်းကျင်ရှိသော်လည်း အကြောင်းမသိသည့်ပတ်ဝန်းကျင်ကို သိအောင် လုပ်ရပေတော့မည်။ ရပ်ကွက်လူကြီးနှင့်ရှေ့နေကိုလည်း သူမ အသိပေးသင့် တာ ပေးထားပြီးပြီဖြစ်၏။

သူမ အလွန်မဖြစ်ချင်လို့ပါ။ မေမေကလည်း ဒေါ်လေးရဲ့အကြောင်း တွေသိလို့ ဒီလိုတွေ စီစဉ်ထားခဲ့တာဖြစ်သည်။ ဒီအိမ်လေးတစ်လုံးပဲ အမွေ ပေးခဲ့နိုင်တာ။ သမီးဒေါ်လေး မောင်ပိုင်စီးသွားလို့ မဖြစ်ဘူး၊ ဒီစာချုပ်ကို သမီးသေချာသိမ်းထား။ တကယ်လို့ ပျောက်သွားခဲ့ရင်လည်း ရပ်ကွက်လူကြီး နဲ့ ရှေ့နေကြီးဆီမှာ မိတ္တူတစ်စုံစီရှိတယ်၊ သူတို့ကို တိုင်ပင်အသိပေးပြီး လုပ်သင့်တာလုပ်ပါဟု မေမေ မသေခင် သေချာမှာထားခဲ့သည်။

ဒါပေမဲ့လည်း ဒေါ်လေးတို့မှ သူမအပေါ်ကောင်းနေလျှင် သူမ ဒီလိုလုပ်ဖို့ စိတ်ကူးမရှိပေ။ အခုတော့ သူမ ခြိမ်းခြောက်ထားမှုကို ဖြစ်တော့ မှာပါ။

သူမ မတရားဘူးဆိုလည်း မတတ်နိုင်တော့။ ဆုံးဖြတ်ချက်တွေ လည်း ချထားပြီးပြီမို့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

“မေမေ ဒါ သားပြောထားတဲ့ ရွှေလဝန်းပါ”

“ခြော် သမီး ထိုင်၊ နာမည်လေးက ရွှေလဝန်းတဲ့လား၊ ချစ်စရာလေးပဲ၊ မိဘတွေက ငယ်ငယ်တည်းက ဆုံးသွားခဲ့တာဆို”

“ဟုတ်ပါတယ် အန်တီ၊ ဖေဖေက ငါးနှစ်သမီးအရွယ်လောက်က မေမေကတော့ ခုနစ်နှစ်သမီးအရွယ်လောက်မှာ ဆုံးသွားတာပါ”

“အဲဒီကတည်းက ဒေါ်လေးမိသားစုနဲ့ အတူနေလာတာပေါ့”

“ဟုတ်ကဲ့”

သူမ ခေါင်းလေးညိတ်ပြလိုက်ရ၏။ မှတ်သုံက မိဘတွေကို အားလုံးပြောပြထားခဲ့ပြီးပြီထင်သည်။ မှတ်သုံအဖေနှင့်အမေက နွေးထွေးကြိုဆိုပေးခဲ့သည့်အတွက် သူမ သိမ်ငယ်မှုတွေတော့ အနည်းငယ်လျော့ပါးသွားခဲ့သည်။

မှတ်သုံအဖေက သူမကိုအကဲခတ်လျက်





“ပညာဆုံးခန်းတိုင်အောင် သင်ခဲ့ရတဲ့အတွက်တော့ အတူနေပေးတဲ့ဒေါ်လေးတွေကို ကျေးဇူးတင်ရမှာပဲ၊ တချို့မိဘတွေရှိရဲ့နဲ့တောင် ပညာဆုံးခန်းတိုင်အောင် မသင်ရတဲ့သူတွေရှိတယ်လေ၊ ဟုတ်တယ်မဟုတ်လား”

“ခုနစ်တန်းနှစ်မှာ မေမေဆုံးပြီး ရှစ်တန်းနှစ်မှာကတည်းက လဝန်းရဲ့ကျောင်းစရိတ်အတွက် အလုပ်လုပ်ပြီး ငွေရှာခဲ့ရပါတယ်”

“ဟင် အဲဒီအရွယ်လေးနဲ့ အလုပ်လုပ်ရတယ်”

“ဟုတ်ကဲ့ ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင် ထမင်းဆိုင်တွေမှာ ပန်းကန်ဆေးခွက်ဆေးလုပ်တယ်၊ မနက်ဆိုအစောကြီးထပြီး ပန်းရောင်းတယ်၊ သတင်းစာပို့တယ်၊ ဈေးထဲမှာပစ္စည်းထုပ်တွေ ဈေးခြင်းတွေသယ်ပေးတယ်၊ ကျောင်းပိတ်ရက်ဆို ပိုပြီးအလုပ်လုပ်ရတာပေါ့၊ နွေကျောင်းပိတ်ဆိုရင် စက်ရုံတွေမှာ အလုပ်ဆင်းပြီး ငွေစုရတယ်”

“ကြားလား မှတ်သုံ၊ သူများတွေ ပညာသင်ရဖို့အတွက် ဘယ်လောက်ထိ ပင်ပင်ပန်းပန်း ကြိုးစားခဲ့ရသလဲဆိုတာ မင်းကတော့ မိဘကို မိုးမိုးဒုက္ခပေးဖို့ပဲ စဉ်းစားလာခဲ့တဲ့ကောင်”

“ကိုခင်အောင်ရယ် ဒီသမီးလေးပြောတာ နားထောင်ပါဦး၊ သမီး ဒေါ်လေးတွေက သမီးကို ဘာတာဝန်မှမယူခဲ့ဘူးလား”

“လူမမယ်ကလေးလေးတွေပါလာတော့လည်း ဘယ်တာဝန်ယူနိုင်ပါ့မလဲ၊ ယောကျ်ားကလည်း အလုပ်ကို လက်ကြောတင်းအောင်မလုပ်တော့ သူတို့အိမ်ကိုရောင်းပြီး လဝန်းတို့အိမ်ကို လာနေရတာလေ”

“အခုထိလည်း ဒီလိုပဲလား”

“ဟုတ်ကဲ့ လဝန်းအလုပ်လုပ်ရတဲ့လစာ အကုန်အပ်ရတယ်၊ အဲဒီငွေနဲ့ သူတို့မိသားစုစားဝတ်နေရေး ကလေးတွေပညာရေးကို ဖြေရှင်းကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားက သူ့အရက်သောက်ပြီး သုံးဖို့ဖြုန်းဖို့အတွက်လောက်ပဲ ငွေရှာတယ်၊ မိသားစုကို ဘာအထောက်အပံ့မှမပြုဘူး"

"ဪ အဲဒီလိုလူလည်း ရှိသေးတာလား"

"အဲဒါတင် ဘယ်ဟုတ်မလဲ မေမေ၊ အိမ်မှုကိစ္စကအစ လဝန်းအလုပ်မသွားခင်နဲ့ အလုပ်ပြန်မှာ အကုန်လုပ်ရတာ၊ ချက်တာပြုတ်တာ ဖွပ်တာလျှော်တာ အိမ်သန့်ရှင်းရေးကအစပေါ့၊ သူ့ဒေါ်လေးက စျေးတောင်မသွားဘူး၊ သူ့ကလေးတွေ ကျောင်းပို့ကျောင်းကြို၊ ကျူရှင်အပို့အကြိုအဲဒီလောက်ပဲအလုပ်လုပ်တာ၊ ကလေးတွေ အရွယ်ရောက်လို့ လှချင်ပချင်တော့လည်း လဝန်းကိုပဲ ဒုက္ခပေးကြတာလေ"

"ဪ"

ဖေဖေနှင့်မေမေ လဝန်းကို ကရုဏာသက်သွားကြသည်ထင်သည်။ မလိုလားစွာ ခါးခါးသီးသီး မဆက်ဆံကြတာ တော်သေး၏။ လဝန်းအကြောင်းသိလျှင် သနားကရုဏာဖြစ်ကြမည်ဆိုတာတော့ သူ ကြိုသိထားပါသည်။ မေမေက လဝန်းလက်ကလေးကို ဆုပ်ကိုင်ပြီး

"ဘဝကို အဲဒီလောက် ရင်ဆိုင်လာနိုင်တာ ချီးကျူးပါတယ် သမီး။ တော်ရုံမိန်းကလေးဆိုရင် လောကဓံကိုဒဏ်မခံနိုင်တာနဲ့ အလွယ်ပျက်စီးသွားနိုင်တယ်၊ ဒီဒုက္ခတွေထဲက ကိုယ်လွတ်ရုန်းပြီး ကိုယ့်ဘဝသာယာအောင်လည်း လုပ်ချင်လုပ်သွားနိုင်တာပေါ့၊ သားကပြောပါတယ် သမီးက မပြည့်စုံပေမယ့် လောဘနည်းတယ်၊ အများကြီးမျှော်လင့်ထားတာမျိုးလည်း မရှိဘူး။ ရောင့်ရဲတင်းတိမ်မှုရှိတယ်၊ မာနရှိတယ်တဲ့"

"ဘဝအကျိုးပေးကြောင့်လို့ ပြောရတော့မှာပေါ့ အန်တီရယ်၊ စိတ်ဆင်းရဲမှုတွေများခဲ့တော့ စိတ်ချမ်းသာမှုတစ်ခုတည်းပဲ လိုချင်တော့တာပါ။





ကျန်တာတွေကတော့ ကိုယ့်ခွန်အားနဲ့ရှာရင်ဖြစ်မယ်လို့ထင်တယ်၊ ပြည့်စုံမှုကိုပြောတာလေ၊ ကိုယ့်ခွန်ကိုယ့်အားနဲ့ ကြိုးစားနိုင်တာကပဲ တန်ဖိုးရှိမှာမဟုတ်လား"

"မှတ်သုံ ဟိတ်ကောင် ဒီသမီးပြောတာ မင်းကြားတယ်မဟုတ်လား။ အသက်အရွယ်အရ မင်းထက်တစ်နှစ် နှစ်နှစ်ငယ်ချင်ငယ်ဦးမယ်၊ အသိတရားမငယ်ဘူး တွေ့တယ်မဟုတ်လား။ အဲဒီလိုစိတ်ဓာတ်ကမှ လေးစားဖို့ကောင်းတာ၊ မင်းကတော့မဟုတ်ဘူး ဖြတ်လမ်းက ချမ်းသာချင်ပြီး မတော်တရော်ကြံစည်နေတာ၊ အခုမင်းမှတ်သားလောက်ရော ဖြစ်ပြီလား"

"ကိုခင်အောင် သမီးလေးရှေ့မှာ သားကိုဘယ်လိုတွေပြောနေတာလဲ၊ တစ်မျိုးဖြစ်ပြီး အထင်လွဲသွားပါဦးမယ်"

"အိမ်အထိခေါ်လာပြီး မိဘတွေနဲ့တောင် မိတ်ဆက်ပေးနေပြီဆိုတော့ ဘယ်လိုရည်ရွယ်မှုရှိလို့ဆိုတာ မင်းလည်းသိနေတာပဲ စော၊ အဲဒီလိုအခြေအနေဆိုရင် မင်းသားအကြောင်းကိုလည်းရွှေလဝန်း သိထားသင့်တာပဲ၊ အဲဒီမိုးစန္ဒီဆိုတဲ့မိန်းကလေးနဲ့ကိစ္စက"

"သား လဝန်းကိုပြောပြထားပါတယ် ဖေဖေ"

ဖေဖေ ဘာကြောင့် ကွယ်ဝှက်မထားစေချင်တာလဲဆိုတာ သိနေတာမို့ ပြောလိုက်ရခြင်းဖြစ်သည်။ ဖေဖေတို့က လဝန်းကို လက်ခံဖို့ စဉ်းစားထား၍ သူ့အပြစ်တွေ ကြိုအသိပေးစေချင်တာ ဖြစ်မည်။

လဝန်းက လေးလေးနက်နက် ခေါင်းညိတ်ပြ၍

"ဟုတ်ပါတယ် အန်ကယ်၊ မှတ်သုံက အားလုံးပြောပြထားပါတယ်၊ မိုးစန္ဒီနဲ့ပတ်သက်ပြီး အစကနေ အခုအခြေအနေထိပေါ့၊ လဝန်းနဲ့လည်း ဆုံပြီးသွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးစန္ဒီဆိုတဲ့ သူဌေးမနဲ့လား"

"ဟုတ်ကဲ့"

"အန်ကယ်တို့အနေနဲ့ကတော့ အဲဒီမိန်းကလေးဘယ်လောက်ပဲ ချမ်းသာချမ်းသာ သူ့ရဲ့မိုက်ရိုင်းမှုနဲ့ မောက်မာမှုကြောင့် ဘယ်လိုမှလက်ခံပေးလို့မရဘူး၊ သဘောမတူနိုင်ဘူး၊ ဟိုကလည်း အဲဒီလောက်ထိ စဉ်းစားထားပုံမပေါ်ပါဘူး၊ ဒီကောင်က သူ့ကိုယ်သူ အဟုတ်ကြီးထင်ပြီး ရူးခဲ့တာ"

"အဲဒါလည်း လဝန်းကို ဝန်ခံထားပြီးပါပြီ ဖေဖေ၊ အမှန်အတိုင်းပြောရရင် လဝန်းကြောင့် သားရဲ့စိတ်တွေပြောင်းလဲလာရတာပါ၊ ရင်ဆိုင်နိုင်မှုတွေ မာနတွေ တုံ့ပြန်မှုတွေ ရုန်းကန်မှုတွေအားလုံးပေါ့၊ ကိုယ့်ကိုကိုယ် ရှက်ရမှန်းသိလာတယ်၊ ဘယ်လိုစိတ်မျိုးထားရမယ်၊ သား လဝန်းကိုလေးစားမှုနဲ့ချစ်မြတ်နိုးသွားတာပါ"

"အေး ကောင်းတယ်၊ အဲဒီလိုပဲ ဖြစ်ရမှာပေါ့၊ မှားတော့မှားဖူးကြတဲ့လူတွေချည်းပါပဲ၊ အမှန်ပြင်တတ်ဖို့တော့ အရေးကြီးတယ်၊ သူများက ပြောင်းလဲခိုင်းတာထက် ကိုယ့်ဘာသာပြုပြင်နိုင်တာ လူတော်ကွ၊ ဖေဖေက သားကိုလူတော်လူကောင်းဖြစ်စေချင်လို့ပါ၊ ကိုယ့်ကိုကိုယ်အားကိုး၊ ကိုယ့်ခွန်အားကိုယ်သုံး၊ ကိုယ့်ကြိုးစားမှုနဲ့ရှင်သန်မှ ယောကျ်ားကောင်းလို့ခေါ်တယ်"

"သားနားလည်ပါပြီ ဖေဖေ၊ အဲဒါကြောင့်ပဲ လဝန်းကို သားဘဝအတွက် ရွေးချယ်လိုက်တာပါ"

"အေး ဖေဖေတို့ကလည်း လက်ခံပါတယ်၊ ကြိုဆိုပါတယ်၊ ဒါပေမဲ့ မိုးစန္ဒီကိစ္စကို မင်းတို့ဘယ်လိုလုပ်ကြမှာလဲ"

မုတ်သုံနှင့်ရွှေလဝန်း မျက်လုံးချင်းဆုံသွားလျက် ဘာပြောရမှန်းမသိ အသံတိတ်သွားကြသည်။ မိုးစန္ဒီကိစ္စက ရင်ဆိုင်ရဖို့ခက်ဦးမည်မဟုတ်





လား။

မိုးစန္ဒီ ယုတ်မာနေမှန်းသိသိကြီးနှင့် ရှောင်လွှဲဖို့က တော်တော်ခက်၏။ မေမေက သက်ပြင်းချသံသဲ့သဲ့ဖြင့်

"အလုပ်ထွက်ရင် လျော်ကြေးပေးရမယ်၊ မပေးနိုင်ရင် ထောင်ချမယ်၊ လုပ်နေတော့လည်း လူလိုအဆက်ဆံမခံရဘူး၊ နှိမ့်ချတယ် အနိုင်ကျင့်တယ်၊ ကလေးမရဲ့စိတ်ဓာတ်က တော်တော်ကြောက်စရာကောင်းတာပဲ"

"လဝန်းတို့ ရင်ဆိုင်ဖို့တော့ စဉ်းစားထားပါတယ် အန်တီ၊ ဥပဒေမဲ့နေတဲ့နိုင်ငံမှမဟုတ်တာ၊ သူလုပ်ချင်တိုင်းလုပ်လို့ မရပါဘူး"

"အေး သမီးလေးက အဲဒီလိုနားလည်ပေးလို့ တော်သေးတာပေါ့ကွယ်၊ သားက သူစခဲ့တဲ့ဇာတ်လမ်း သူ့ဘာသာအဆုံးသတ်ဖို့ခက်နေတာ"

"အဲဒီလိုလည်း မဟုတ်ပါဘူး မေမေ၊ သားလည်း ရင်ဆိုင်ဖို့ တုံ့ပြန်ဖို့စဉ်းစားပြီးသားပါ၊ သူ့အလိုလိုက်ပြီးမသွားဘူးဆိုရင် သားမှာဆုံးဖြတ်ထားတာ ရှိပါတယ်၊ မိန်းကလေးတစ်ယောက်ကြိုးကိုင်တာ ငြိမ်ခံနေရလောက်အောင် သား မညံ့ပါဘူး၊ သားဘက်မှာလည်း လဝန်းရှိနေတဲ့အတွက် သားအားလည်းရှိပါတယ် မေမေ"

"အေးပါကွယ် လဝန်းလေးကို မေမေလည်းချစ်သွားပါပြီ၊ သမီးချွေးမလေးအဖြစ် မေမေ လက်ခံနိုင်ပါတယ်"

"ကဲ လက်ခံတယ်ဆိုတာ ပါးစပ်ကပြောမနေနဲ့၊ လဝန်းကို ကျွေးဖို့မွေးဖို့ စီစဉ်ဦးလေ၊ စကားတွေများနေတာနဲ့ ရောက်တာကြာပြီ ဘာမှ မကျွေးရသေးဘူး"

"ဟုတ်ပါ့ ကိုခင်အောင်ပြောမှ သတိရတော့တယ်၊ အန်တီ မုန့်ဟင်းခါးချက်ထားတယ် သမီးရဲ့၊ ဈေးဝိတ်ရက်ဆိုရင်မိသားစုလည်း ဆုံတော့



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာတစ်ခုခုလုပ်စားပြီး အိမ်နားနီးချင်းတွေကိုလည်း ဝေတယ်၊ မျှဝေခံစားတဲ့ကုသိုလ်လေးပေါ့၊ ကဲ အန်တီဟင်းရည်အိုးနွှေးလိုက်ဦးမယ်၊ ခဏစောင့်နော် သမီး''

''လဝန်းလည်း ကူလုပ်ပါ့မယ် အန်တီ''

''အို ဘယ့်နှယ်လုပ်ရမှာလဲကွယ် ထိုင်နေပါ၊ အန်တီ မုန့်ပွဲပြင်ပြီး ယူလာပါ့မယ်''

''လဝန်း အဲဒီလိုကြီးမနေတတ်လို့ပါ၊ အိမ်မှာလည်း ဝေယျာဝစ္စအကုန်လုပ်ရတာ လဝန်းလုပ်ပေးပါ့မယ်''

''ကဲ ခေါ်သွားလိုက်ပါ စောရယ်၊ မင်းက အခုသာမူနေတာ၊ နောက်ဆိုရွှေးမကို နိုင်းစားမှာ ကိုယ်သိပါတယ်''

''ကိုခင်အောင်နော်၊ သမီးရှေ့မှာ''

ဖေဖေနှင့်မေမေ စကားကြောင့် သူနှင့်လဝန်း ရယ်လိုက်မိကြသည်။ တကယ်ကို ပျော်ရွှင်ကြည်နူးစရာအချိန်လေးပါ။ သူ ဘာကြောင့် အစတည်းက လဝန်းကို မရွေးချယ်မိခဲ့တာများလဲ။

မိုးစန္ဒီကို ရည်ရွယ်မိခဲ့တာတွေအတွက် သူ နောင်တရလို့မဆုံး။ အားလုံးက ဖြူစင်ရိုးသားခဲ့ကြပါလျက် သူတစ်ယောက်ပဲ ခက်မောမှုတွေ ရှိခဲ့တာ။ ကိုယ့်လောဘနှင့်မက်မောမှုတွေ ဖြတ်နိုင်သွားခဲ့ပြီဆိုသော်လည်း အပြီးတိုင် ပြတ်တောက်ဖို့ အချိန်တစ်ခုတော့ လိုသေးသည်ထင်သည်။

အခုချိန်မှာတော့ ဖတ်သိမ်းလုဖို့ တောင့်တမှုတွေနှင့်ပဲ။

■ ■ ■



## အခန်း (၃၀)

''နိုင်ငံခြားက သူဖွေးရောက်နေတယ်၊ မိုးစန္ဒီအဖေလေ၊ အကြီးပိုင်းတွေကို အရေးပေါ်အစည်းအဝေး ခေါ်တယ်၊ ဒါရိုက်တာအဖွဲ့ဝင်တွေနဲ့ ခိုနေရာတွေကိုလည်း သပ်သပ်မိတင်ထိုင်ကယ်''

''သတင်းတစ်ခုခုကြောင့် ရောက်လာတာတော့ အမှန်ပဲ၊ မိုးစန္ဒီကို တစ်ယောက်တည်းခေါ်ဆွေးနွေးနေတာလည်း ကြာပြီ၊ လုပ်ငန်းကိစ္စလားလူမှုရေးကိစ္စလားတော့ မသိဘူး၊ ကိုမုတ်သုံကြည့်သာနေပေတော့၊ အခုဘယ်ကပြန်လာတာလဲ''

''မိုးစန္ဒီနိုင်းတဲ့ကိစ္စတစ်ခုနဲ့ အပြင်သွားနေတာ၊ အချိန်နဲ့ဆို စောပြန်လာရပေမယ့် ကျွန်တော်လည်း ကိစ္စတစ်ခုရှိနေတာနဲ့''

တကယ်ဆို မိုးစန္ဒီစိတ်ကိုဆွချင်လို့ အပြင်မှာ အချိန်ဖြုန်းပြီး ရုံးဆင်းချိန်နီးမှ ပြန်လာခဲ့ခြင်းဖြစ်သည်။ ဒီအတောအတွင်းမှာ မိုးစန္ဒီအဖေနိုင်ငံခြားကနေ ပြန်ရောက်လာပြီး ဘာတွေဖြစ်နေတာလဲ။

သူ့ကိုမိုးစန္ဒီ အကျိုးအကြောင်းပြောပြမှာဖြစ်ပေမယ့် သူက တစ်

www.burmeseclassic.com



ချိန်လုံးဖုန်းပိတ်ထားခဲ့သည်။ မိုးစန္ဒီနှင့်ပတ်သက်တာ ဘာတစ်ခုမှကို မ
ချင်တာပါ။

"မိုးစန္ဒီ ကျွန်တော့်ကို ဘာပြောသေးလဲ မမာလာ"

"ပေါက်ကွဲနေတာပေါ့၊ သူ့အဖေရောက်မလာခင် ဝုန်းဒိုင်း
သောင်းကြမ်းနေသေးတယ်၊ ရောက်လာပြီး လူကြီးတွေနဲ့အစည်းအဝေးလု
တော့ ဂနာမငြိမ်တော့ဘူး၊ သူ့ကိုအရင်ခေါ်တွေ့တာမဟုတ်တော့လေ၊ သူ့
အဖေ ဒေါသကို သူသိတယ်၊ အဘိုးကြီးကလည်း သူ့ထက်သာတဲ့ဒေါသ
တွေနဲ့မဟုတ်လား၊ ယုံကြည်ရမလားဆိုပြီး လုပ်ငန်းတွေလွှဲထားခဲ့တာမဟုတ်
လား"

"ဘာတွေမှားလို့လဲ"

"မသိဘူး အုပ်ချုပ်မှုပိုင်းမှာ မများတောင် အောက်မှာလုပ်ငန်း
အဆင့်ဆင့်က ရှိသေးတယ်၊ တာဝန်ယူရတဲ့အပိုင်းက မများပေမယ့် စည်း
စနစ်ပိုင်းအမှားအယွင်းတွေ ဘောင်ကျော်တာတွေရှိလာရင် အဘိုးကြီး
ခွင့်လွှတ်မှာမဟုတ်ဘူး"

"ကိုမြင့်ဆောင်ကိုရော အဘိုးကြီးခေါ်တွေ့ပြီးပြီမဟုတ်လား၊ ဘာ
ပြောသေးလဲ"

ကိုမြင့်ဆောင်က မပြောချင်သလို မျက်နှာလွှဲ၏။ မျက်နှာလည်း
သိပ်မကောင်းပေ။ သူက ကိုမြင့်ဆောင်လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး

"ဘာလဲပြောပါ၊ ပြဿနာကြီးနေလို့လား"

"လုပ်ငန်းနဲ့မဆိုင်တဲ့ကိစ္စတွေ နည်းနည်းမေးတာရှိတယ်"

"ဘာလဲ"

"မင်းနဲ့မိုးစန္ဒီအခြေအနေ"

"ဘာပြောလိုက်လဲ"





"မင်းလည်း ငါ့အပေါ်ကျေးဇူးရှိထားလို့ မသိပါဘူးလို့ ဖြေပါသေး
တယ်၊ အလုပ်ဖြုတ်ခံချင်လို့လားလို့ ခြိမ်းခြောက်တာနဲ့ အမှန်အတိုင်းပြော
လိုက်ရတယ်"

"ဗျာ ဘာကိုအမှန်အတိုင်းလဲ"

"ပတ်သက်မှုရှိတယ်ဆိုတာပေါ့၊ မိုးစန္ဒီက ဦးစားပေးမှုရှိတယ်ဆို
တာလည်း ပြောလိုက်တယ် ဒီလောက်ပါပဲ"

"ဒီလောက်ပါပဲဆိုတာ နည်းနည်းလေးမဟုတ်ဘူး ကိုမြင့်ဆောင်၊
တော်တော်ထိရောက်တယ်၊ ကျွန်တော် မိုးစန္ဒီနဲ့ပတ်သက်ချင်တာမဟုတ်ဘူး၊
ပတ်သက်တယ်လို့လည်း အထင်မခံနိုင်ဘူး"

"အဘိုးကြီးက ဘာမှသိမထားဘဲ ဒီကိုရောက်မလာဘူး ဒီလို
မေးခွန်းတွေမေးမှာမဟုတ်ဘူး၊ သိထားတာတွေများလို့ အရေးပေါ်ဆွေးနွေးမှု
တွေလုပ်နေတာ၊ လုပ်ငန်းကိစ္စတစ်ခုတည်းအတွက်နဲ့တော့ တစ်ခါမှ ဒီလို
အရေးပေါ်ဆွေးနွေးမှုမျိုး မရှိဖူးဘူး၊ သီးသန့်စီခေါ်တွေ့တာလည်း မလုပ်ဘူး"

"ရင်တွေတုန်လိုက်တာဟယ်"

မမာလာက ရင်ဘတ်လေး ဖိကာပြော၏။ သူကတော့ ထူးပြီး
တုန်လှုပ်မိတာမျိုး မရှိပေ။ ဖြစ်လာသမျှ ရင်ဆိုင်ဖို့သာတွေးထား၏။

မိုးစန္ဒီကြောင့် မဟုတ်ပါ။ ကိုယ့်ကိုကိုယ် ကာကွယ်ဖို့ပြင်ဆင်ထား
တာ။

"ဟိုမှာ မိုးစန္ဒီ ထွက်လာနေပြီ၊ ကိုယ့်နေရာကိုယ်သွားကြတော့၊
မှတ်သုံ နင်လည်း ရုံးခန်းထဲအမြန်ဝင်"

မမာလာက ကပျာကယာ သတိပေးရင်း သူ့နေရာသူ သွားထိုင်
၏။ သူလည်း ရုံးခန်းထဲဝင်လာခဲ့သည်။ ဂျူန်းခနဲ တံခါးဆောင့်ပိတ်သံနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



မိုးစန္ဒီ ရောက်လာခဲ့ပြီး အလိုမကျမှုများဖြင့် တက်တခေါက်ခေါက် အံတကြိတ်ကြိတ်။

“နင်က အခုချိန်မှပြန်လာရအောင် ဘယ်နေရာမှာသွားသေနေတာလဲ”

“ဒီလိုပါပဲ ကျွန်တော်လည်း ကိစ္စလေးရှိလို့”

“အလုပ်ချိန်ဆိုတာ နင် နားမလည်ဘူးလား။ နင့်ကိုယ်နင် ဘာကောင်ထင်နေလို့ အောက်ခြေလွတ်နေတာလဲ၊ အလုပ်ထွက်ချင်လို့ ငါ့ကို အရွဲ့တိုက်နေတာမဟုတ်လား။ အေး စိတ်ချ အလုပ်ထွက်ကို ထွက်ရလိမ့်မယ်”

“ဗျာ တ တကယ်လား”

“နင့်ကို ဒယ်ဒီခေါ်နေတယ် သွားတွေ့လိုက်”

“ဟင် ကျွန်တော်က သွားတွေ့ရမယ်”

“နင်က သွားမတွေ့လို့ ငါ့ဒယ်ဒီက နင့်ကိုလာတွေ့ရမှာလား။ ပြောသမျှနားထောင် ကလန်ကဆန်မလုပ်နဲ့ ဒယ်ဒီဆုံးဖြတ်တာ နာခံလိုက်”

“ဘာတွေလဲ”

“သိချင်ရင် မြန်မြန်သွားတွေ့၊ ငါ့အဖေက ငါ့ထက်ပိုပြီး စိတ်မရှည်တတ်ဘူး”

“ဟူး”

လေပူတွေမှုတ်ထုတ်မိတာ ရင်မဆိုင်ရဲလို့တော့ မဟုတ်ပေ။ ကိုယ်စိတ်မပါသည့်ကိစ္စတွေအတွက် ဘာတွေဖြေရှင်းရမှန်းမသိလို့ပါ။

သူ စိတ်ကိုတင်းကာ မိုးစန္ဒီအဖေရှိနေသော မီတင်ခန်းထဲကို လာခဲ့ရသည်။ အသားနီစပ်စပ် မျက်ခုံးထူထူ ဗိုက်ရွှဲရွှဲနှင့် မိုးစန္ဒီအဖေက





မျက်နှာတစ်ခုလုံး တင်းမာခက်ထန်နေသည်။

သူ့ကိုမြင်တော့ ပိုပြီးမျက်ခုံးနှစ်ခု စုကျုံ့သွား၏။

“မင်းလားကွ၊ မှတ်သုံ ခေါ် ဒိုးဆိုတာ”

“ဟုတ်ကဲ့”

အရှုံးကျိုးနွံနေသည့်ပုံစံမပေါက်အောင် သတိထားနေရင်း ခပ်ဆတ်ဆတ်ပင် ဖြေလိုက်၏။ မိုးစန္ဒီအဖေက အထင်သေးသည့်ပုံစံနှင့် သူ့ကို နှာခေါင်းရှုံ့ကြည့်ကာ

“မတန်မရာ မင်းမို့မှန်းရဲတယ်၊ မင်းနဲ့ငါ့သမီး အဆင့်အတန်းတူသလားကွ”

“ဗျာ အန်ကယ်ဘာကိုဆိုလိုတာလဲ”

“ဘာမသိချင်ဟန်ဆောင်ပြီး ငါ့ကိုမေးခွန်းပြန်ထုတ်နေတာလဲ၊ ငါ့သမီးကိုမင်းမတန်မရာမှန်းလို့ ငါပြောနေတာ”

“အန်ကယ် မှားနေပြီ၊ ကျွန်တော် အန်ကယ့်သမီးကို စိတ်ကို မကူးတာ”

“ဘာ”

“အန်ကယ့်သမီးက တွဲရအောင်ပြောလို့ ကျွန်တော် စိတ်မပါဘဲ လက်ခံထားရတာပါ အန်ကယ်၊ ကျွန်တော့်ဘက်က မမှားတဲ့အတွက် ကျွန်တော့်မာနကတော့ အထိခိုက်မခံနိုင်ပါဘူး”

“ဟား မင်းလူပါးဝလှချည်လား။ အောက်တန်းစားမို့ အောက်တန်းစားစကားပြောတာဖြစ်မယ်၊ ငါ့သမီးကပဲ မင်းလိုကောင်ကို တွဲရအောင်လို့ စပြောခဲ့တာပေါ့၊ မင်းစိတ်မပါဘူးဆို ဘာလို့ အခုချိန်ထိ တွယ်ကပ်နေတာလဲ၊ အခုချက်ချင်း အလုပ်ထွက်လိုက်ပေါ့ကွ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ထွက်ချင်ပါတယ်၊ မိုးစန္ဒီက ကျွန်တော့်ကို အလုပ်ထွက်လို့မရအောင် အကျပ်ကိုင်ထားလို့ပါ"

"ဘာ ဘာလုပ်ထားတယ်"

လူကြီးမိဘမို့ ရိုသေသမှုထားပြီး ထိန်းချုပ်သင့်မှန်းသိပေမယ့် အထင်သေးစော်ကားနိမ့်ချမှုတော့ မခံနိုင်ပေ။ မိုးစန္ဒီကြောင့် မာနတွေ အစိတ်စိတ်အမွှာမွှာကြေမွပြီးပြီမို့ ဒီအတွက် သိက္ခာတွေဆယ်ဖို့ အရေးကြီးနေ၏။

မိုးစန္ဒီအဖေ ရှက်သလိုမျက်နှာနီမြန်းနေတာကို ဂရုမစိုက်နိုင်ပါ။

"ဒီလိုပါ အန်ကယ်၊ ကျွန်တော့်ကိုအလုပ်ထွက်ချင်ရင် ကျွန်တော်ရနေတဲ့လုပ်ခလစာရဲ့ဆယ်လစာ လျော်ကြေးပေးရမယ်တဲ့၊ မပေးနိုင်ရင် ထောင်ချမယ်လို့ ပြောပါတယ်၊ ကျွန်တော့်ဘဝအခြေအနေအရ အဲဒီလောက်ငွေကို လျော်ကြေးမပေးနိုင် ထောင်လည်းအကျမခံနိုင်လို့ ကျွန်တော်မလုပ်ချင်ဘဲလုပ်နေရတာပါ"

"တောက် ဒါဆို သူပြောသွားတာတွေက မဟုတ်ဘူးပေါ့"

"ဘာပြောသွားလို့လဲ ခင်ဗျာ"

"မင်းက ပစ္စည်းဥစ္စာတွေမက်လို့ တွယ်ကပ်နေတာတဲ့၊ မင်းလိုကောင်မျိုးကို သူက စိတ်တောင်မကူးဘူးတဲ့၊ ပတ်ဝန်းကျင်က ကောလဟာလ ဖွနေတာကိုယုံပြီး ဒယ်ဒီကသူ့ကိုမစွပ်စွဲသင့်ဘူးတဲ့၊ ပြီးတော့ မင်းက အလုပ်ထွက်နိုင်းရင် ဆယ်လစာ နစ်နာကြေးဝေးမှထွက်နိုင်မယ်၊ မဟုတ်ရင် ခင်ဗျားကိုတစ်ခုခုလုပ်ပစ်မယ် ခြိမ်းခြောက်ထားတယ်ဆို"

"ဟား"

တတ်လည်းတတ်နိုင်သည့် မိုးစန္ဒီ။ ငါးဖယ်ကပြောင်းပြန်ပြန်ကာ သူ့အပြစ်တွေပုံချလိုက်တာပါလား၊ သူ့မာနတွေ အကျိုးမခံနိုင်ပါ။





မိန်းကလေးဆိုပြီး သက်ညှာမနေနိုင်တော့။ သူ့သိက္ခာသူ ဆယ်ရုံရှိတော့တာပေါ့။

"အန်ကယ်က အန်ကယ့်သမီးပြောတာကို ယုံနေမလားမသိပေမယ့် ကျွန်တော်ကတော့ အခုချက်ချင်းကို အလုပ်ထွက်ချင်ပါတယ်၊ ကျွန်တော့်အတွက် နစ်နာကြေးသုံးလစာလည်းမပေးပါနဲ့၊ ဆယ်လစာလည်းပေးပါနဲ့၊ အန်ကယ်က တာဝန်ယူပြီး ကျွန်တော့်ကိုအလုပ်ထွက်လို့ရအောင်ဖို့ဖြစ်စေ ပြဿနာမရှာနိုင်အောင်ပဲ ကျွန်တော့်ကို အာမခံလက်မှတ်လေးပဲ ထိုးပေးပါ"

"အေး ဖြစ်ရမယ်၊ မင်းထွက်ကိုထွက်ရမယ်၊ လုံးဝ ငါ့သမီးပြဿနာရှာစေရဘူး၊ ဒီသတင်းတွေကြောင့် သူ့မင်္ဂလာပွဲစီစဉ်ပေးဖို့အတွက် ငါပြန်လာတာ၊ သမီးကို သူ့အမေနဲ့အရင်ဆုံး နိုင်ငံခြားပြန်လွှတ်လိုက်မှာမို့ မင်းဘာမှစိုးရိမ်မနေနဲ့၊ မင်းလည်း ငါ့ကုမ္ပဏီအရိပ်ကို နောက်တစ်ခါခြေချဖို့ မစဉ်းစားနဲ့"

"စိတ်ချပါ နောက်တစ်ခါ လုံးဝ အဲဒီလိုကိစ္စမျိုး ရှိမှာမဟုတ်ဘူး အန်ကယ်၊ အခုလို အချိန်မီရောက်ပြီး တားပေးလိုက်တဲ့အတွက် တကယ်ကိုကျေးဇူးတင်ပါတယ်၊ အခုချက်ချင်း သွားလို့ရမလား ခင်ဗျာ"

"ရတယ် သွားတော့၊ မာရေကျောရေပြောနေတဲ့ မင်းမျက်နှာကိုလုံးဝကိုမကြည့်ချင်တော့တာ"

"ကျွန်တော့်ကို ဒီကိစ္စအာမခံလက်မှတ်ကလေးရော ထိုးပေးလို့ရလား"

"ဘာကိုထိုးပေးရမှာလဲ၊ ငါ့သမီးကို ငါတာဝန်ယူတယ်၊ မင်းလိုကောင်က ဘာကြောက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးစန္ဒီက ခဏခဏ အသက်ကိုပါရန်ရှာပြီး ခြိမ်းခြောက်ထားတော့ ကြောက်ရတာပေါ့ ခင်ဗျာ၊ ဒီလိုမိန်းကလေး တစ်ခါမှကို မကြုံဘူး မတွေ့ဘူးတာပါ၊ ကျွန်တော် အနက်ကယ့်ကိုထိုင်ရှိခိုးချင်လောက်အောင်ကို ကျေးဇူးတင်ပါတယ်"

"ဟိတ်ကောင် သွားတော့ မင်းမြန်မြန်သွားတော့၊ ငါ့ရှေ့ကနေ အမြန်ဆုံးထွက်သွား။ မဟုတ်ရင် မင်းကိုတစ်ခုခုလုပ်မိလိမ့်မယ်"

"ဟုတ်ကဲ့ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ထင်ထားတာနှင့် တခြားစီဖြစ်နေတာမို့ သူ့ကိုမိုးစန္ဒီအပေ ရှုံ့ ရှိမ်းရှိမ်းကာ နှင်ထုတ်နေသည်။ သူ ဝမ်းသာအားရ ပြုံးပြပြီးမှ ထွက်ထော ၏။ သူ့စိတ်တွေ တကယ်ကို ပေါ့ပါးလွတ်လပ်နေခဲ့သည်။

ဒီလိုအခြေအနေ ဒီလိုအခွင့်အရေးမျိုး ရလာလိမ့်မည်ဟု မထင် ရင်ထဲမှာဟာထွက်သွားလောက်အောင်ကို ပေါ့ပါးသွားခဲ့တာ။ သူ့ခန္ဓာကိုယ် လုံး လေထဲမှာ လွင့်မျောနေသည်ဟုတောင် ခံစားရသည်။

ဒီအကြောင်းအရင်ဆုံးသိပြီး ပျော်ရွှင်သွားသင့်သည့်သူမှာ

■ ■ ■



## အခန်း (၃၁)

"ဘာဖြစ်တာလဲ ဘာတွေဒီလောက်ပျော်ပြီး အူမြူးနေတာလဲ၊ ဖယ်စမ်းပါဦး ပြောစရာရှိတာပြောပါ။ ဒီမှာဖက်ထားတာ မွန်းတောင်မွန်းနေပြီ"

"ပျော်လို့ပါ လဝန်းရယ်"

"အင်းလေ ပျော်လာရတဲ့အကြောင်းအရင်းကို ပြောပြပါဦးဆိုတာကို ကဲ"

ဖွတ်အတင်းအကျပ် ဖက်တွယ်ထားသော မှတ်သုံလက်တွေကို ဆွဲဖယ်ပြီး တွန်းထုတ်ရသည်။ မှတ်သုံမျက်နှာက တကယ်ကို အပျော်တွေ မြိုင့် စီးမျောပြည့်နှက်နေတာက သူမကိုပါကြည်နူးမှုတွေ ကူးစက်စေသည်။

"မှတ်သုံ"

"အင်း"

"ဘာအတွက်ပျော်နေတာလဲ၊ ကိစ္စရှိတိုင်း ငါ့ကိုလူအများကြီးရှေ့ တနေ လက်ဆွဲဆွဲပြီး ခေါ်တာမကောင်းဘူးနော်၊ အားလုံးက ဘာလဲ ဘယ်လိုပတ်သက်တာလဲ၊ ဘယ်တော့စားရမှာလဲနဲ့ ငါ့ကိုစနောက်နေကြ တာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်တော့ အဲဒီလက်ဆွဲပြီးလာခေါ်တဲ့မှတ်သုံနဲ့ လက်ထပ်တော့မှာလို့ အမြန်ဆုံးစားရတော့မှာလို့သာပြောလိုက်"

"အံ့မယ် မိုးစန္ဒီရဲ့အမွေဇယားတွေနဲ့ ဘယ်လိုလုပ်ဖြစ်ဦးမှာလဲ၊ လေကျယ်မထားချင်ပါဘူး"

"ကျယ်လို့ရပြီ လဝန်း ကျယ်လို့ရပြီ၊ အခုမိုးစန္ဒီနဲ့ ဘာဇယားမှ ရှုပ်စရာအကြောင်းမရှိတော့ဘူး"

"ဟင် ဘယ်လိုဖြစ်ပြီး"

"နိုင်ငံခြားကနေ သူ့အဖေရောက်လာတယ်၊ ပြဿနာတွေ ရှင်းရတာပေါ့၊ မိုးစန္ဒီက သူ့အဖေကို တစ်မျိုးပြောထားတော့ ကိုယ့်ကိုဖိနှိပ်ဖို့ လုပ်သေးတာ၊ ကိုယ်ကလည်း သူ့သမီးအကြောင်းတွေအကုန်ဖော်လိုက်တာ၊ မိုးစန္ဒီက စတွဲရအောင်လို့ပြောတာကအစပေါ့"

"အယ် ဖအေကို အဲဒီလိုကြီး သွားပြောရလား"

"ကိုယ်လည်း အစကပြောဖို့မပြောဖို့ အားနာနေတာ၊ မိုးစန္ဒီက ကိုယ့်ကို သူတို့ပစ္စည်းဥစ္စာတွေ လောဘကြီးမက်မောပြီး တွယ်ကပ်နေတာ၊ အလုပ်ထွက်ရရင် ဆယ်လစာနှစ်နာကြေးပေးရမယ်လို့ကိုယ်က ခြိမ်းခြောက်တောင်းထားတယ် ဘာညာပြောထားတယ်ဆိုတော့ ကိုယ်လည်း ညှာမနေနိုင်တော့ဘူးလေ၊ ဖြတော့တာပေါ့"

"အဲဒါနဲ့"

"သူ့အဖေရှက်တော့ ရှက်သွားမှာပေါ့၊ ဒီလိုအဆင့်အတန်းမှာ ရှိနေတဲ့သမီးမိန်းကလေးက ဒီလိုဖြစ်နေတယ်ဆိုပြီးတော့လေ၊ သူ့သမီးကို လက်ထပ်ပေးဖို့ နိုင်ငံခြားခေါ်သွားမှာ မင်းကိုပြဿနာမရှာစေရဘူးတဲ့"

"တကယ်"





ဝမ်းသာအားရဖြစ်သွားသော လဝန်းလက်ကလေးကို အားထည့်ကာ ဆုပ်ညှစ်လိုက်ပြီး

"တကယ်ပေါ့ ကိုယ်က ဘာလျော်ကြေးနစ်နာကြေးမှ မယူဘဲ ပျော်ပျော်ကြီးထွက်လာခဲ့တာ၊ မိုးစန္ဒီကိုတောင် မနှုတ်ဆက်ခဲ့ဘူး။ ကိုယ့်ကို ချောက်ချအပြစ်လုပ်တဲ့သူ့လုပ်ရပ်တွေက အရမ်းကို ကြောက်စရာကောင်းတယ်လေ၊ အဲဒီလိုမိန်းကလေးမျိုးကို မျက်နှာလည်းမကြည့်ချင်ဘူး။ နောက်တစ်ခါလည်းမဆုံချင်တော့ဘူး"

"မိုးစန္ဒီ ဒီအတိုင်း ငြိမ်နေပါ့မလား"

"မငြိမ်တော့ရော သူဘာလုပ်လို့ရတော့မှာလဲ၊ သူ့အဖေက သူ့အမေနဲ့ နိုင်ငံခြားကိုအရင်ထည့်လွှတ်မှာ၊ အဘိုးကြီးက ဒီမှာကျန်ခဲ့ဦးမယ်၊ ကုမ္ပဏီမှာဖို့ မိုးစန္ဒီ အုပ်ချုပ်မှုမှာ မှားယွင်းတာတွေဖြေရှင်းရမယ်ဆိုတဲ့သတင်းတွေလည်း ထွက်နေတယ်၊ ဝန်ထမ်းတွေရဲ့မကျေနပ်မှုတိုင်စာတွေလည်း များတယ်တဲ့၊ သမီးကို ဒီတာဝန်တွေမပေးတော့မှာလည်း သေချာနေပြီ၊ အိမ်ထောင်လည်းပြုရတော့မှာဆိုတော့ ဘာမှတွေးကြောက်နေစရာ မလိုတော့ပါဘူး လဝန်း"

"အဲဒါကို ပျော်နေတာပေါ့လေ"

"ဒီထက်ပျော်စရာရှိခဲ့ရင်တောင် ကိုယ်ကတော့ ဒီလောက်ပျော်မိမှာမဟုတ်ဘူး။ မိုးစန္ဒီအတွက်နဲ့ မာနတွေလည်း ချခဲ့ရတယ်၊ သိက္ခာတွေလည်းကျခဲ့ရတယ်၊ ဖေဖေ့ရဲ့ယောက်ျားပိုင်းလုံးနီးနီး အထင်သေးတာလည်း ခံခဲ့ရတယ်၊ တကယ်တော့ ကိုယ်ကလူငယ်ဆန်ဆန် အပျော်သဘောနဲ့ နေခဲ့မိတာပါ၊ အခုတော့ မာနတွေယောက်ျားသိက္ခာတွေနဲ့ရင်းပြီး နောင်တတွေ ရခဲ့တယ်၊ ကိုယ် ဘယ်တော့မှ ပေါ့ပျက်ပျက်မနေတော့ဘူး လဝန်း"



www.burmeseclassic.com

www.burmeseclassic.com



"လဝန့်ကိုပဲ တကယ်ချစ်သွားပြီပေါ့နော်"

"အခုမှမဟုတ်ပါဘူး လဝန်းရယ်၊ အစတည်းက လဝန်းကို တကယ်ချစ်ခဲ့တာပါ။ အဲဒါကိုတော့ ကိုယ် ကျိန်ဆိုဝံ့ပါတယ်၊ လဝန်းကို ကိုယ် အရမ်းလေးစားချစ်ခဲ့တာ"

"အဟင်း လဝန်းလည်း မှတ်သုံကို အရမ်းချစ်တယ်"

ရင်ဘတ်ချင်းနီးနီးလေး၊ အကြည့်ချင်းဆုံနေသော မျက်ဝန်းတွေထဲမှာ အချစ်ရည်များ ရွှန်းလဲ့တောက်ပလို့နေကြသည်။ တွဲချိတ်ထားသော လက်များက ခိုင်ခိုင်မြဲနေ၏။ ဘယ်တော့မှ မခွဲမည့်သစ္စာတရားများဖြင့်။

■ ■ ■



# အခန်း (၃၂)

"သောက်ကြကွာ၊ မင်းတို့စိတ်ကြိုက်သာသောက်ကြ၊ ငါ့ရဲ့လွတ်မြောက်ခြင်းအတွက် မင်းတို့ဂုဏ်ပြုပေးကြ၊ ဟုတ်ပြီနော် ချီးယားစ်"

"ချီးယားစ် မှတ်သုံ"

"ဒီကောင် လွတ်နေတာကွ၊ ဘာအတွက်လဲ မသိသေးဘဲနဲ့"

"ကဲပါ"

"အေးပါ ချီးယားစ်"

ဖန်ခွက်ချင်းတိုက်၍ မော့သောက်လိုက်ကြသည်။ မှတ်သုံ အမြူးနေတာကတော့ သေချာသည်။ ဒီလောက်ထိ အပျော်လွန်နေရသည့်ကိစ္စ ဘာများလဲ။

လွင်ဦးနှင့်ဖိုးသဲ စိတ်ဝင်စားမှုတွေများနေကာ

"မိုးစန္ဒီကို မင်းချိုင်လို့ရသွားပြီလား၊ မင်းတို့လက်ထပ်တော့မှာမို့ ဒီလောက်တောင် ပျော်နေတာလား"

"ဒီကောင် သူမျှော်လင့်ထားသလို ချမ်းသာပြီဖြစ်မှာပေါ့၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဆိုရင် ငါတို့မချီးယားစ်တော့ဘူး၊ ဟိတ်ကောင်၊ မိုးစန္ဒီကို ငါတို့ တကယ်ကိုမကြေတာ၊ မင်းဘာသာဘယ်လိုပဲ”

“မင်းတို့ကကွာ စွတ်ကောနေကြတော့တာပဲ၊ ငါက မိုးစန္ဒီနဲ့ ပြတ်ပြတ်သားသား ဖြစ်သွားတဲ့အထိမ်းအမှတ်နဲ့ ချီးယားစ်နေတာကွ၊ ငါတကယ် မိုးစန္ဒီဆီက လွတ်မြောက်သွားပြီ”

“ဟာ တကယ် အဲဒါတော့ စိတ်ဝင်စားတယ်၊ မင်းလျော်ကြေး ပေးလိုက်တာလား။ ထောင်ကျခံမလို့လား”

“အာ ထောင်ကျခံရမယ်ဆို ငါ ဒီလိုပျော်နေပါ့မလားဟ လအို လျော်ကြေးကရော ဘယ်ကပေးစရာရှိမှာလဲ”

“ဒါဆို”

စိတ်ဝင်စားနေသော သူငယ်ချင်းနှစ်ယောက်ကို မုတ်သုံ အဆော စိတ်ပြောပြလိုက်သည်။ ပြောပြီးချိန်မှာတော့ ဘီယာခွက်ကိုကိုင်မြှောက်လိုက် ကြသည်။

“မုတ်သုံ လွတ်မြောက်ခြင်း အောင်မြင်ပါစေ”

“လွတ်ပြီးနောက်တစ်ခါ ဂေါက်ကြောင်တာမဖြစ်ဖို့အတွက်”

“မင်းတို့နမလင် ငါပဲ ချီးယားစ်”

ပျော်ရွှင်သော ရယ်သံများက ဆိုင်ထဲမှာဆူညံပွက်လောရိုက်သွား ကြသည်။ သူတို့စတည်းချရာဆိုင်လေးမို့ ဆိုင်ရှင်ကခွင့်လွှတ်နားလည်ပေး ထားလို့သာ တော်သေး၏။

“ဒီအကြောင်း လဝန်းကိုပြောပြီးပြီလား မုတ်သုံ”

“လဝန်းက ငါ့အတွက် မင်းတို့ထက်အရေးကြီးတာပဲ၊ အရင်ဆုံး ပြောခဲ့တာပေါ့ကွ၊ လဝန်းကို သူ့ဟို့အိမ်အနားထိ လိုက်ပို့ပြီး မင်းတို့





ဖုန်းဆက်ခေါ်လိုက်တာ”

“တော်တော်ချစ်ဖို့ကောင်းတဲ့ကောင်ပဲ၊ အေးပါ မင်းတပြောအား ရှိတဲ့ကောင်ပဲ ပြောပေါ့၊ ဒါပေမဲ့ ငါတို့ကတော့ မင်း မိုးစန္ဒီနဲ့ဝေးသွားတာ တော့ တကယ်ပီတိဖြစ်ပါတယ်၊ လဝန်းနဲ့နီးစပ်မှာကိုလည်း ကြည်နူးတယ်”

“အေးကွာ အဆင့်အတန်း မတူတဲ့သူကို မျှော်မှန်းမိတဲ့ရလဒ်က တော့ တော်တော်ထိချက်ပြင်းတယ်၊ နောင်တအကြီးကြီးရလိုက်တာ ငါ့ အတွက်သင်ခန်းစာပါပဲ၊ လွတ်မြောက်သွားတဲ့အရသာကို ခံစားလိုက်ရမှ ငါအရမ်းကို မွန်းကျပ်နေခဲ့ရတာပါလားလို့ ချောက်ချားမိတယ်”

“မိန်းမကျွေကို ကြောက်တတ်သွားအောင် မိုးစန္ဒီက ခြိမ်းခြောက် လိုက်တာပဲ၊ မင်းလည်း ဒါမှ နောင်ကြဉ်မှာ၊ ဒါမှလည်း အချစ်ကို ဆော့ ကစားစရာတစ်ခုလို မင်း မအောက်မေ့တော့မှာပေါ့”

“ဟုတ်တယ် အခုတော့ ငါ့အချစ်ကို အလေးအနက်ထားရမှန်း တန်ဖိုးထားရမှန်းသိပါပြီကွာ၊ လဝန်းက ငါ့နှလုံးသားရဲ့ကယ်တင်ရှင်ပါ၊ သူ့ကို သာ မချစ်မိသေးဘူးဆိုရင် အခုထိ အချစ်ရဲ့တန်ဖိုးကို ငါသိသေးမှာမဟုတ်ဘူး”

“အကြီးကြီးတွေထည့်ပြန်ပြီ၊ မင်း လဝန်းကိုရော တကယ်ချစ်တာ ဟုတ်ရဲ့လား”

“တကယ်ပါ တကယ်ချစ်တာ၊ ငါအခုချိန်ကစပြီး လဝန်းကို လက် ထပ်ဖို့အတွက် ပြင်ဆင်တော့မယ်၊ အလုပ်တစ်ခုထပ်ရှာမယ်၊ ငွေစုမယ်၊ တင့်တောင့်တင့်တယ် လက်ထပ်ယူနိုင်အောင် ကြိုးစားမယ်၊ အဲဒါ ငါ့ရဲ့သစ္စာ တရားပဲ၊ လဝန်းတစ်ယောက်ကိုပဲ ငါသစ္စာရှိရှိ ရိုးမြေကျ တစ်သက်လုံး ချစ်တော့မှာ”

“ကဲ သစ္စာတရားတွေ ရွတ်ပြမနေနဲ့တော့၊ မင်းပျော်နေသလို



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်လို့လည်း ပျော်ပါတယ်၊ မင်းက အပြောပဲများနေတာ၊ မသောက်ရသေးဘူး သောက်လေ''

''ငါမူးလို့မဖြစ်သေးဘူး၊ ဖေဖေနဲ့မေမေကို ဒီအကြောင်းပြောရဦးမယ်၊ ဖေဖေနဲ့မေမေလည်း ဝမ်းသာနေကြမှာပါ၊ ငါ့မိတ်တွေရဲ့မေတ္တာကို နားလည်ပြီ''

မုတ်သုံ အလေးအနက်ပြောနေသည့်အတွက် ဖိုးသဲတို့လည်း ဘီယာကို မသောက်ဖြစ်ကြတော့ပေ။ အပျော်တွေကို ဘီယာနှင့်ဖျော်မ လိုပါ။

''မင်းဖုန်းမြည်နေတယ် မုတ်သုံ ကိုင်လိုက်ဦး''

''ဪ အင်း''

ဖိုးသဲ သတိပေးတာကြောင့် သူ့အိတ်ကပ်ထဲက ဖုန်းကို ထုတ်၍ အဝင်ဖုန်းနံပါတ်လေးကို ကြည့်လိုက်သည်။ သူ့မျက်ခုံးနှစ်ခု မြင့်တက်သွား ကာ

''မိုးစန္ဒီကွ ဘာကိစ္စဆက်တာလဲ မသိဘူး''

''အကျိုးအကြောင်းသိရအောင် ကိုင်လိုက်လေ၊ နားထောင်ကြည့် ရင်သိရမှာပဲ''

''မင်းကိုဖွဲ့ချင် ဖြချင်သေးလို့ထင်တယ်၊ သူ့အဖေဆုံးဖြတ်တာကို ကျေနပ်မှာမဟုတ်ဘူး၊ သူနဲ့ဒီလိုအရှင်းအလင်းဖြစ်သွားရင် လဝန်းနဲ့အဆင် ပြေသွားမှာကို မနာလိုပြီးတစ်ခုခုတော့ မင်းကို စိတ်ဒုက္ခရောက်အောင် ကိုင်ချင်နေဦးမှာပဲ''

''တော်ပြီကွာ''

သူဖုန်းမကိုင်ဘဲ ထားလိုက်သည်။ သူမဖုန်းအဝင်ကို လက်မခံ





ည့်အတွက် သူမ ဘယ်လောက်ဖုန်းခေါ်နေနေ အဆင်ပြေမှာမဟုတ်တော့။

''ဟင်''

ခဏအကြာမှာ ဖုန်းကထပ်ဝင်လာပြန်သည်။ ဒါဘယ်လိုဖြစ်တာ လဲ။

''ခုနက မိုးစန္ဒီ ဖုန်းနံပါတ်တော့ မဟုတ်ဘူးကွ၊ နောက်တစ်လုံးနဲ့ ခေါ်တာများလား''

လွင်ဦးက ဖုန်းနံပါတ်ကိုကြည့်ပြီးပြောတော့ လွင်ဦးလက်ထဲက ဖုန်းကိုဆွဲယူကြည့်လိုက်သည်။ နံပါတ်က သူမသိသောနံပါတ်။

ဒီလိုတန်ဖိုးနည်းဖုန်းနံပါတ်ကိုတော့ မိုးစန္ဒီ လုံးဝသုံးမှာမဟုတ်။

''ဘယ်သူပဲဖြစ်ဖြစ် နားထောင်ကြည့်လိုက်ပါကွာ၊ အကျိုးအ ကြောင်းသိရတာပေါ့''

''မိုးစန္ဒီဖြစ်နေတော့ရော ကြောက်စရာလားကွ၊ မင်းကိုချစ်တာ လည်းမဟုတ်ဘူး၊ သူ့အဖေကိုလည်း လွန်ဆန်ရဲမှာမဟုတ်ဘူး၊ သူ့အတွက် ကျွန်ခဲ့တယ်ဆိုရင်တောင် လမ်းကြောင်းကလှုပြီးသားပါ၊ မင်းကို အမိုက် သဘောထားပြီး ဖုန်းခါထုတ်လိုက်တယ်လို့ပဲ အောက်မေ့လိမ့်မယ်''

''သွေးကြောင်မနေပါနဲ့ ယောကျ်ားပဲ''

''စိတ်အနှောင့်အယှက်ဖြစ်ရမှာဆိုရင် အပျော်တွေပျောက်သွားမှာ စိုးလို့ပါ''

''တခြားက အရေးကြီးဖုန်းဖြစ်နေရင် ဘယ်လိုလုပ်မှာလဲ၊ ဟော တောင်ပြန်ကျသွားပြီ''

စကားပြောနေကြတာနှင့် ဖုန်းအဝင်ကောပြန်ကျသွား၏။ ခဏနေ တော့ ချက်ချင်းလိုပင် ပြန်မြည်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ဖုန်းကိုဖွင့်ကာ နားထောင်လိုက်၏။ မိုးစန္ဒီဆိုသူ...
ရင်ဆိုင်ရုံပဲရှိတော့သည်။

"ဟယ်လို"

"မှတ်သုံဆိုတာလား"

"ဟုတ်ကဲ့ ဟုတ်ပါတယ်ခင်ဗျ"

"ငါ လဝန်းအဒေါ်"

"ဗျာ"

စပီကာ ဖွင့်ထားတာမို့ လွင်ဦးတို့ပါကြားပြီး အကြည့်ချင်းဆုံသွ...
ကြ၏။ တစ်ဖက်ကအသံက ဆတ်တောက်တောက် မာကျောကျော...
ရန်တွေ့ချင်နေသည့်ပုံစံမျိုးပါ။

"ငါ မင်းနဲ့တွေ့ပြီး စကားပြောချင်တယ်၊ ဘယ်မှာလာတွေ့...
အဆင်ပြေမလဲ"

"အဲဒါက ဟို"

"ငါနဲ့တွေ့မှာ လဝန်းမသိစေချင်ဘူး။ သူ့ကိုကြောက်လို့တော...
မဟုတ်ပါဘူး။ မင်းနဲ့စကားမပြောရခင် သူ့ကိုအသိမပေးစေချင်တာ၊ အဒေ...
တစ်ယောက်အနေနဲ့ မင်းကိုတွေ့သင့်တယ်ထင်လို့ပဲ"

"ဟုတ်ကဲ့ ကျွန်တော် လာတွေ့ပေးပါမယ်၊ ဘယ်ကိုလာတွေ့...
မလဲဆိုတာ ဒေါ်လေးတစ်ချက်ပြောပြပါ"

"ကောင်းပြီ"

လဝန်းဒေါ်လေး ပြောသောလိပ်စာကို သူ စိတ်ထဲကမှတ်ထ...
လိုက်သည်။ ယဉ်ကျေးမှုမရှိတာကတော့ ဘာမှဆက်မပြောတော့ဘဲ ဖုန်း...
သွားခြင်းဖြစ်၏။





"ဘာလဲ ဟိတ်ကောင်၊ လဝန်းဒေါ်လေးက မင်းတို့နှစ်ယောက်ကြား အရှုပ်ထုပ်ဖြေသနာအိုးလုပ်တော့မယ် ထင်တယ်"

"လဝန်းက ရင်ဆိုင်နိုင်ပါ့မလား မေးထားတယ်၊ ရင်မဆိုင်နိုင်စရာတော့ မရှိပါဘူး။ လဝန်းမိဘတွေမဟုတ်တဲ့အတွက် အဆင်မပြေရင် အကန်တွေလွှတ်ပြီး လဝန်းကိုဆွဲထုတ်ရုံပဲ"

"လဝန်းဆန္ဒကကော"

"လဝန်းလည်း သူတို့ပေးနေတဲ့ဒုက္ခတွေထဲက ရုန်းထွက်ချင်နေတာ တကယ်ကို လဝန်း ကံမကောင်းဘူး။ အဲဒီအကြောင်းလည်း မေမေတို့ကို ပြောပြရမယ်၊ လဝန်းကို ငါစိတ်ချမ်းသာစေချင်တယ်ကွာ"

"အေးလေ မင်းတို့နှစ်ယောက်နီးဖို့ဆိုရင် အခက်အခဲတွေတော့ ကျော်ဖြတ်ရမှာပဲ၊ ဘယ်ဟာမှ အဆင်ပြေပြေ ချောချောမွေ့မွေ့တော့ ဖြစ်လာမှာမဟုတ်ဘူး။ လဝန်းက မင်းကို မိုးစန္ဒီနဲ့ ပတ်သက်တာတောင် ခွင့်လွှတ်တယ် သည်းခံနားလည်တယ်၊ မင်းဘက်ကလည်း လဝန်းကို စိတ်ရှည်ဖို့လိုတယ်၊ သူ့အဒေါ်ဘက်က တင်းမာမှုတွေကို လဝန်းကိုချစ်တဲ့စိတ်နဲ့ ရင်ဆိုင်ပေးသင့်တယ်"

"ငါ အဲဒီလိုလုပ်မှာပါ၊ ဘယ်လိုအကြောင်းတရားတွေပဲရှိရှိ လဝန်းကို ငါစွန့်လွှတ်မှာ မဟုတ်ဘူး။ လဝန်းအဒေါ်က တကယ်ကို လဝန်းအပေါ် စေတနာရှိတာမှန်ရင် မိကောင်းဖကောင်းဖြစ်တဲ့ ငါ့ကိုလက်ခံပေးရမှာပေါ့၊ မဟုတ်လို့အတိုက်အခံဖြစ်လာပြီ လုပ်လာပြီဆိုရင်တော့ လဝန်းအပေါ် မကောင်းတဲ့သူကို ငါလည်းကောင်းမပေးနိုင်ဘူး"

"အေးပါ မီးစပ်ကြည့်ကပေါ့၊ လဝန်းကို အသိမပေးနဲ့ဆိုတာကကောင်း ဘယ်လိုသဘောရလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ကြည့်ပြီးမှ အသိပေးလိုက်တော့မယ်၊ ဘယ်လိုအကြောင်းအရာနဲ့ ငါ့ကိုတွေ့ချင်တယ်ဆိုတာ မသိရသေးဘူးလေ၊ ပြီးမှ အကျိုးအကြောင်း လဝန်းနဲ့တိုင်ပင်ရမှာပေါ့"

"မိဘမဲ့ဘဝနဲ့ အရာအားလုံးကို ရင်ဆိုင်နေရတဲ့လဝန်းဘဝက အရမ်းကို သနားစရာကောင်းပါတယ်၊ ငါတို့ကတော့ လဝန်းဘက်ကပဲ အားပေးထောက်ခံနေမှာ၊ သူ့အဒေါ်ကြောင့် လဝန်းကို စိတ်ပျက်သွားတာမျိုး မဖြစ်ပါစေနဲ့ မှတ်သုံ"

"စိတ်ချပါကွာ မေမေတို့နဲ့တိုင်ပင်ပြီး လဝန်းကို ဒီဘဝထဲက အမြန် ဆုံးကယ်ထုတ်ဖို့ ငါကြိုးစားမှာပါ၊ ဘဝသက်တမ်းတစ်လျှောက်လုံး လဝန်း အရမ်းကိုပင်ပန်းခဲ့တယ်၊ ငါ့ဘဝထဲရောက်တဲ့အခါ လဝန်းကို စိတ်ချမ်းသာ အောင် ပျော်အောင်ထားမယ်လို့ ငါကတိပေးတယ်ကွာ၊ တကယ်ပြောတာ ငါ့ရဲ့သစ္စာတရားပါ၊ ငါ့ကိုယုံကြည်ပေးကြပါ"

သူ့ တကယ့်ကို လေးလေးနက်နက်ကတိပေးမိခြင်းပါ။ လဝန်းဒေါ်လေးရဲ့ချိန်းဆိုမှုကြောင့် သူ့စိတ်ထဲမှာ လေးလံမနေ။

ဘယ်လိုအကြောင်းတရားတွေရှိရှိ ရင်ဆိုင်ဖို့ အဆင်သင့်ပါ။ ဒါဟာ လဝန်းကိုချစ်သည့် အချစ်ငွေကြောင့်ဆိုတာ။

■ ■ ■



အခန်း (၃၃)

"ဒီလိုတွေဖြစ်သွားတယ်ဆိုတာ ဝမ်းသာစရာပါ၊ မေမေတော့ အရမ်းစိတ်ချမ်းသာတယ်၊ မိုးစန္ဒီနဲ့ ဒီလိုအေးအေးချမ်းချမ်း ပြီးပြတ်သွားပါ မလားလို့ စိတ်ပူနေတာ၊ သား အရမ်းကံကောင်းတာပဲ"

"နောက်တော့ ကိုယ်နဲ့မတန်တာကို မမှန်းနဲ့ကွာ၊ ဒါ သားကို နှိမ့်ချတဲ့စကားတော့မဟုတ်ဘူး။ မတန်ဘူးတန်တယ်ဆိုတာ ငွေကြေးပြည့်စုံမှုချို့တဲ့မှုကိုတိုင်းတာ မဟုတ်ဘူး၊ စိတ်ဓာတ်မတူတဲ့သူကိုမပတ်သက်စေချင်တာ၊ အသွင်မတူရင် အိမ်သူမဖြစ်စေနဲ့တဲ့၊ အသွင်မတူတဲ့သူဆိုရင် စိတ်ကူးယဉ်ရုံနဲ့တောင် စိတ်ပင်ပန်းစေတယ်"

"သားနားလည်ပါပြီ ဖေဖေ၊ ဒီကိစ္စနဲ့တင် သား နောင်ကြဉ်နေပါပြီ၊ နောက်ဆို ဖေဖေတို့စိတ်ဆင်းရဲရမယ့်ကိစ္စမျိုး သား ဘာမှမလုပ်တော့ပါဘူး"

"သားသမီးနဲ့မိဘဆိုပေမယ့် သားသမီးရဲ့အိမ်ထောင်ရေးဟာ



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေအနေနဲ့ ဘေးကထိုင်ကြည့်ရုံပဲ သား၊ ကိုယ်ဖြစ်ကိုယ်ခံ၊ ကိုယ်ပြု သမျှကံ ကိုယ်ခံရမယ်ဆိုတာ သားကြားဖူးမှာပေါ့၊ မိဘဆိုတာ လမ်းပြပေး ရုံပဲတတ်နိုင်တာ၊ လမ်းမှားမရောက်အောင် မေတ္တာတွေနဲ့ပဲ ဆုံးမသွန်သင် နိုင်တာ၊ အဲဒီမေတ္တာကို နားမလည်ရင် မိဘဆိုးတွေလို့ သတ်မှတ်တာခံရ တာပဲ၊ အစက သားလက်မခံခဲ့တော့ ဖေဖေတို့ကို ဘယ်လိုအောက်မေ့ခဲ့ လဲ''

ဖေဖေပြောသည့်စကားကို သူ နားလည်စွာ ခေါင်းညိတ်လိုက် သည်။

''ဟုတ်ပါတယ် သား ကလန်ကဆန်တွေလုပ်ခဲ့မိပါတယ်၊ ကိုယ့် ကိုကိုယ် လွတ်သွားတာ သား ဝန်ခံပါတယ်''

''အေးပါ အခုသား အကုန်သိပြီ နားလည်ပြီလို့ ဖေဖေထင်ပါတယ်၊ လုံးဝယုံကြည်လိုက်ဖို့ဆိုတာတော့ ဖေဖေ စောင့်ကြည့်ဦးမယ်''

''ဟုတ်ကဲ့ အခုကစပြီး လဝန်းကိုလက်ထပ်နိုင်ဖို့ သား အလုပ်ကို ကြိုးကြိုးစားစား လုပ်ပြီး ငွေစုမှာပါ''

''လဝန်းကို လက်ထပ်ဖို့ သားအများကြီး ကြိုးစားစရာမလိုပါဘူး''

''ဗျာ ဘာ ဘာဖြစ်လို့လဲ မေမေ''

''မေမေတို့မှာ သားအပ်တဲ့လစာတွေ စုဆောင်းထားတာ ရှိတယ် လေ၊ မေမေရှာတဲ့ငွေက မိသားစုအတွက်လုံလောက်လို့ သားဖေဖေရှာလို့ ရတဲ့ပိုက်ဆံတွေ စုဆောင်းထားတာကလည်း သားအတွက်ပါပဲ၊ မကောင်းမြစ် တာ ကောင်းရာညွှန်လတ် အတတ်သင်စေ ပေးဝေနှီးရင်း ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်တဲ့၊ မေမေတို့မှာ သားကိုတင့်တောင်းတင့်တယ် လက်ထပ် ထိမ်းမြားပေးဖို့ ဝတ္တရားရှိသေးတာပဲ၊ တာဝန်ကျေပေးရမှာပေါ့ သားရယ်''





ဖေဖေနှင့်မေမေရဲ့မေတ္တာတွေ သိလိုက်ရတော့ သူ မျက်ရည် တောင် ဝဲလာမိသည်။ ပြောကာဆိုကာ ဆူကာပူကာနေခဲ့တာမို့ ဒီလောက် ထိ သူ့အတွက်တွေးကာ မေတ္တာတွေပေးလိမ့်မည်ဟု မထင်မိ။

ဖေဖေက ခေါင်းတညိတ်ညိတ်လုပ်လျက်

''ဒါလည်း ဖေဖေတို့ဘာပြောချင်တာလဲဆိုတော့ ဥပမာပေးချင် တာ၊ ဖေဖေတို့က သားအပေါ် မိဘဝတ္တရားတွေကျေပွန်ခဲ့သလို သားအိမ် ထောင်ပြုတဲ့ သားရဲ့မိသားစုအပေါ် သား တာဝန်ဝတ္တရားတွေကျေပွန်အောင် ထမ်းဆောင်နိုင်ရမယ်၊ ကြိုးစားနိုင်ရမယ်၊ အခက်အခဲတွေ အများကြီးကြုံလာ နိုင်တာကို မိဘမေတ္တာဆိုတဲ့စိတ်နဲ့ ကျော်လွှားနိုင်ရမယ်၊ ရင်ဆိုင်နိုင်ရမယ် သား၊ ဖေဖေတို့လည်း ဒီဒုက္ခတွေကို ခါးစည်းပြီးခံခဲ့ရတာပဲ''

''ဟုတ်တယ် သား၊ မပြည့်စုံတဲ့ဘဝကနေ အိမ်ထောင်တစ်ခု ထူထောင်ခဲ့တာဆိုတော့ ခက်ခဲပင်ပန်းခဲ့တာ အမှန်ပဲ၊ သားဦးလေးကိုရတာ ည်း မြန်တော့ပိုပြီးဆိုးတာပေါ့ သားရယ်၊ အဆင်မပြေတိုင်း လင်မယား မ်ယောက်စကားများပြီး ကွဲဖို့ပြတ်ဖို့တွေအထိတောင်ဖြစ်တယ်၊ ဒါပေမဲ့ သားသမီးအပေါ်ထားတဲ့မေတ္တာကပဲ ဒေါသတွေ စိတ်ဒုက္ခတွေကို ထိန်းချုပ် သွားတယ်၊ ဘယ်လိုအဆင်ပြေအောင်လုပ်မယ်ဆိုတဲ့စိတ်တွေနဲ့ ခွန်အားတွေ မွေးရတယ်၊ တချို့ နောက်အိမ်ထောင်ပြုတယ် အပျော်ရှာသွားကြတယ်ဆို တာတွေက ဒါတွေကို ရင်မဆိုင်နိုင်လို့ သားသမီးနောင်ရေးအတွက် မတွေး ကြလို့ပဲ၊ သားကို အဲဒီလိုဖြစ်မှာ မေမေတို့လက်မခံနိုင်ဘူး သား''

''ဟုတ်ကဲ့ ဖေဖေနဲ့မေမေကို သားအတုယူရမှာပေါ့၊ ဒါနဲ့ လဝန်း လက်ထပ်ဖို့က နည်းနည်းအခက်အခဲဖြစ်နိုင်တယ်''

''ဟင် ဘာဖြစ်လို့လဲ သား''



www.burmeseclassic.com

www.burmeseclassic.com



ပြောပြမှ ဖြစ်မှာမို့ မေမေတို့စိတ်ကသိကအောက်ဖြစ်နိုင်သော်လည်း ကြိုပြောထားမှဖြစ်မည်။ အခုတောင် လဝန်းအဒေါ်က သူ့ကို တွေ့နေတာ။ မေမေတို့ကိုလာတွေ့ပြီး လက်မထပ်ဖြစ်အောင် မတား လို့ မပြောနိုင်။

"ဒီလိုပါ မေမေ၊ လဝန်းအဒေါ်က လဝန်းကိုအိမ်ထောင်မပြု ချင်ဘူး"

"ဘာလို့မပြုရမှာလဲ၊ အရွယ်ရောက်လို့ ချစ်သူရှိရင် သင့်တော် သူဆိုရင် လက်ထပ်ပေးစားရမှာ မိဘတွေရဲ့ဝတ္တရားပဲ"

"မိဘမဟုတ်လို့ တာဝန်ဝတ္တရားမကျေချင်တာပေါ့ မေမေ၊ လဝန်း တော်တဲ့ယောကျ်ားနဲ့ရမှာ အဆင်ပြေမှာ အဲဒါတွေက သူတို့အတွက် အ မပါဘူး။ အဓိကမဟုတ်ဘူး"

"တစ်မျိုးကြီးပါလား။ ဘယ်လိုဖြစ်လို့ အဲဒီလို"

"လဝန်း အိမ်ထောင်ကျရင် သူတို့အိမ်ပေါ်က ဆင်းပေးရမှာ ညီမအကြောင်းသိလို့ လဝန်းအမေက စာချုပ်စာတမ်းနဲ့ကို စီစဉ်ခဲ့တာ"

"ဩော်"

"လဝန်းလည်း မိဘတွေဆုံးပါးသွားကတည်းက ဒီအဒေါ်မိသား နှိပ်စက်တာနဲ့ ဒုက္ခတွေများလွန်းခဲ့ပါတယ်၊ သူတို့က လူကြီးမိဘနေရာ စောင့်ရှောက်ပေးရတယ်ဆိုတဲ့ ကျေးဇူးတရားနဲ့ သူတို့ကို တစ်သက်လုံး လုပ်ကျွေးစေချင်နေတာ၊ သူ့သားနဲ့သမီး ကျောင်းပြီးအလုပ်ရ အားလုံးအဆင် ပြေပြီးမှပဲ လဝန်းကိုလွတ်မြောက်ခွင့်ပေးချင်တဲ့သဘောပဲ၊ ဒါတောင် အိမ်ပေါ် ကတော့ ဆင်းပေးချင်ပုံမပေါ်ဘူး။ အဲဒီလို သနားပြီး အိမ်ပေါ်ကမဆင်းနိုင် ရင်လည်း လဝန်းဒေါ်လေးရဲ့ယောကျ်ားက အိမ်ကိုရောင်းဖို့ပေါင်ဖို့ မိန်းမ





စည်းရုံးသိမ်းသွင်းဦးမှာ"

"အဲဒီလိုလူမျိုးတွေရှိသေးသလားကွယ်၊ လက်ရှိကိုတောင် လက်မဲ့ ဖြစ်အောင်နေချင်တဲ့သူတွေ၊ ဒီလိုဆင်ခြင်တုံတရားမဲ့ အသိခေါက်ခက်အဝင် နက်တဲ့သူတွေရှိလို့ ဆင်းရဲချို့တဲ့မှုတွေများနေကြတာပဲ"

မေမေက ရင်မောစွာနှင့် လေးလေးကန်ကန်ပြောသည်။ ဖေဖေကတော့ သက်မမောတွေချပြီး

"ဒီလိုလူတွေနဲ့နေရတာတော့ လဝန်း စိတ်ကောလူကော ပင်ပန်း ရှာမှာပေါ့လေ၊ အဲဒါမိဘမဲ့မိဘမရှိရတဲ့အကြောင်းတရားကြောင့်ပဲ၊ မိဘတွေ မသေခင် ကိုယ့်အတွက် ကိုယ်ရပ်တည်ခွင့်ကြုံအောင် ကြိုးစားရမယ်၊ သား လည်း အခုနေမှာ ဖေဖေတို့မရှိတော့ဘူးဆိုရင် အဲဒီလိုဒုက္ခမျိုးတွေ ရင်ဆိုင် ရနိုင်တယ် သား"

"ဟုတ်ပါတယ် ဖေဖေ၊ သားအခုတော့ တော်တော်လေးကို နားလည်သွားပါပြီ၊ အခွင့်အရေးရှိနေတဲ့အချိန်လေးမှာ ကိုယ့်ဘဝကိုယ်ရပ် တည်နိုင်တဲ့အထိ ကြိုးစားပါမယ်၊ သား ကတိပေးပါတယ်"

"အေးပါ သား။ ယောကျ်ားဆိုတာ ဒီလိုပဲဖြစ်ရမယ်၊ ဒါနဲ့ လဝန်း ကိစ္စက ဘယ်လိုလုပ်မှာလဲ၊ ဖေဖေ လူကြီးမိဘအနေနဲ့ တင့်တောင့်တင့်တယ် တောင်းရမ်းမယ်ဆိုရင်ရော မဖြစ်နိုင်ဘူးလား။ မိသားဖသားပီပီ ကောင်း ကောင်းမွန်မွန်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် လက်ခံပေးသင့်တာ"

"သားကို တွေ့ဖို့ခေါ်ထားတယ်၊ ဘယ်လိုဖြစ်မယ် ဘာတွေပြော မယ်ဆိုတာတော့ မသိဘူး။ လဝန်းကို အသိမပေးဘဲ လာတွေ့ပါတဲ့"

"အဲဒါက ဘာသဘောလဲ"

"သားလည်း မသိဘူး၊ လဝန်းမျက်နှာနဲ့ သွားတော့တွေ့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်၊ သူတို့ပြောလာတဲ့အပေါ်မှာ ဘယ်လိုတုန့်ပြန်ရမလဲဆိုတာတော့ ကြိုပြီးစဉ်းစားထားပါတယ်"

"တုန့်ပြန်မယ်ဆိုတဲ့စကားမသုံးနဲ့ သား၊ ဆွေးနွေးညှိနှိုင်းကြည့်ပါ၊ အဆင်မပြေရင် ဘယ်လိုအဆင်ပြေအောင်လုပ်မလဲ၊ လဝန်းနဲ့ဖေဖေတို့နဲ့ ပြန်တိုင်ပင်၊ တစ်ခုရှိတာက လဝန်းဆန္ဒကို ဦးစားပေး၊ ဖေဖေတို့ကတော့ လဝန်းကို ချွေးမတစ်ယောက်အဖြစ် လက်ခံပေးနိုင်တဲ့အတွက် ဘာမဆို ဖြည့်ဆည်းဖို့အဆင်သင့်ပဲ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဖေဖေ"

သူ တကယ်ကို အားရှိသွားရလေသည်။ သူ့အပေါ် ဖေဖေတို့ ဒီလောက်မေတ္တာထားပေးနိုင်တာ ကျေးဇူးလည်း တင်မိ၏။

ဟိုအရင်ကတော့ ထိုမေတ္တာတွေကို နားမလည်ခဲ့။ ကိုယ့်မင်းကိုယ်ချင်း ကိုယ့်ကိုယ်ကိုယ်ပဲ အဟုတ်ထင်ခဲ့သည်။

အခုတော့ ဒီမေတ္တာတွေကို သူ အတုယူရတော့မှာပါလား။ လေးစားကိုးကွယ်သင့်သည့် မေတ္တာတွေပါ။

လဝန်းအတွက် အားကိုးထိုက်သော ယောကျ်ားကောင်းတစ်ယောက်ဖြစ်ဖို့အတွက်။

■ ■ ■



## အခန်း (၃၄)

"မင်းက မှတ်သုံလား"

"ဟုတ်ကဲ့"

ယောကျ်ားဖြစ်သူက သူ့ကိုခြေဆုံးခေါင်းဆုံး အကဲခတ်နေပြီး မေးခွန်းထုတ်သော လဝန်းအဒေါ်ရဲ့လေသံက သူ့ကိုအထင်သေးရှုတ်ချလို ဟန်တွေပါနေသည်။

"မင်းမိဘတွေက ဘာလုပ်တာလဲ"

"ကျွန်တော့်အဖေက တက္ကစီမောင်းပါတယ်၊ မေမေကတော့ ဈေးထဲမှာ ကုန်စုံဆိုင်ရောင်းတယ်"

"မင်းကရော ဘာလုပ်လဲ"

"ကုမ္ပဏီတစ်ခုက အလုပ်ထွက်ထားပါတယ်၊ နောက်တစ်ခုလုပ်ဖို့ ပြင်ဆင်နေပါတယ် ခင်ဗျာ"

"ဒီအခြေအနေကိုများ လဝန်းက ဘာတွေမက်မောနေတာလဲ မသိဘူး။ ပြာထဲကခွေး ပြာပုံထဲပဲနေချင်တယ်ဆိုတာ ဒါမျိုးပြောတာ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ဘာကိုဆိုလိုတာလဲ မသိဘူး"

"ဟဲ့ မင်းလိုကောင်မျိုးက ငါ့တူမဘ၀ကို ဘာတွေပြောင်းလဲပေးနိုင်လို့လဲ၊ ယောကျ်ားရှာချင်တယ်ဆိုလည်း သူကော ဆွေမျိုးအသိုက်အ၀န်းကော မှီခိုအားထားလို့ရတဲ့သူကို ရှာမှပေါ့၊ နှုတ်ခမ်းပွဲချင်းမီးမှုတ်ပြီး အတူတူ ရုန်းကန်မှ အဆင်ပြေနိုင်မယ့်အိမ်ထောင်ရေးကို ဘာလုပ်ရမှာလဲ၊ သူ့မှာဆန္ဒ ရှိနေရင်တောင် ငါ့တူမကို မင်းနဲ့သဘောမတူနိုင်ဘူး ရှင်းလား"

"လ၀န်းဘ၀ကို အဒေါ်တို့အဲဒီလောက် ချုပ်ချယ်ပိုင်ခွင့်မရှိဘူး ထင်တယ်"

"ဘာ မင်းဘာပြောတယ်"

သူ့စကားအတွက် လ၀န်းအဒေါ် ဆတ်ဆတ်ခါသွားသည်။ လ၀န်း အဒေါ်ရဲ့ယောကျ်ားက သူ့ကိုမျက်ထောက်နီကြီးဖြင့် ကြည့်နေ၏။

သူပြောဖို့ မရည်ရွယ်ပေမယ့် လ၀န်းအတွက်တော့ စေတနာဖြင့် တားဆီးခြင်းမျိုး မဖြစ်နိုင်တာမို့ တုံ့ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

"ကျွန်တော်က အဒေါ်တို့မျှော်လင့်ထားသလောက် မပြည့်စုံတဲ့သူ ဖြစ်နေပါစေ၊ လ၀န်းချစ်တယ် လက်ခံနိုင်တယ်ဆိုရင် အဒေါ်တို့လည်း လက်ခံ ပေးသင့်ပါတယ်"

"ဪ ငါတို့က သူ့ရဲ့လူကြီးမိဘတွေလေ၊ သူ့အတွက် ကောင်းတာကိုပဲ မျှော်လင့်တယ်၊ ကောင်းတာကိုပဲ ဖြစ်စေချင်တယ်၊ ပြည့်စုံချမ်းသာ တဲ့အိမ်ထောင်ဖက်နဲ့တွေ့ဖို့ သူ့ဘ၀ကောင်းစားဖို့ ငါတို့မှာ တာ၀န်ရှိတယ်၊ မင်းလိုအဆင့်အတန်းနဲ့ ကလေကချေကောင်မျိုးကို သူ့မိဘတွေဆိုလည်း သဘောတူမှာမဟုတ်ဘူး"

"ကလေကချေဆိုတာ အဒေါ် ဘာကိုကြည့်ပြီးပြောတာလဲ၊





အလုပ်အကိုင်မရှိလို့လား၊ အရက်သေစာသောက်စားတတ်လို့လား၊ မိသားစု ကို လုပ်ကိုင်မကျွေး အထောက်အပံ့မဖြစ်လို့လား၊ အဲဒီလိုလူမျိုးက ကလေ ကချေဆိုရင် အဒေါ့်ယောကျ်ား"

"ဟိတ်ကောင်"

"မင်းပါးစပ် ပိတ်လိုက်စမ်း"

လင်မယားနှစ်ယောက်လုံး အထိနာသွားဟန်တူသည်။ လ၀န်း အဒေါ်ယောကျ်ားက လက်သီးလက်မောင်းတန်းနေ၍ သူ လက်ကာပြလိုက် ကာ

"ဒီနေရာက ရန်ဖြစ်ရတဲ့နေရာမဟုတ်ပါဘူး၊ စားသောက်ဆိုင် ဆိုတာ ရပ်ကွက်ဈေးထဲက ငါးစိမ်းတန်းလို ဆူဆူညံညံလုပ်ရတဲ့နေရာမ ဟုတ်ဘူးဆိုတာ အဆင့်အတန်းရှိရှိနေတတ်တဲ့သူတိုင်း သိပါတယ်၊ စကား ပြောချင်တယ်ဆို အေးအေးဆေးဆေး ပြောကြတာပေါ့"

သူ့ရဲ့အချုပ်စကားကြောင့် ဘေးဘီ၀ဲယာကိုကြည့်ပြီး လ၀န်း အဒေါ် လင်မယား အေးဆေးစွာ ပြန်ထိုင်သွားကြသည်။ ဒါပေမဲ့ လ၀န်းအဒေါ်က အံကြိတ်သံနှင့်

"လ၀န်းက ဘာတွေပြောထားလို့ မင်း ငါတို့ကို ဒီလိုစော်ကား တာလဲ"

"ကျွန်တော့်ကို မစော်ကားရင် ကျွန်တော်လည်း ဒီလိုအပြုအမူ မျိုးဖြစ်စရာအကြောင်းမရှိပါဘူး၊ အဒေါ်တို့ဖြစ်ချင်တဲ့ဆန္ဒက လ၀န်းအတွက် ဆိုရင် အဆင်ပြေပြေလေးညှိနှိုင်းပေးပါ၊ ကျွန်တော် မိကောင်းဖခင်သားပါ၊ လ၀န်းနဲ့လက်ထပ်ဖို့အတွက် မိဘတွေက တင့်တောင်းတင့်တယ်လုပ်ပေးနိုင် ပါတယ်၊ စုဆောင်းသင့်သလောက် စုဆောင်းထားပြီးသားလည်း ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တိုက်တစ်လုံး ကားတစ်စီး တင်တောင်းမှာလား ရတနာဘယ်နှဆင်စာနဲ့တင်တောင်းမှာလဲပြော"

"သူ့အိုးနဲ့သူ့ဆန် တန်ရုံပေါ့ အဒေါ်၊ အဒေါ်တို့က လဝန်းကို အဲဒီလောက်တန်ဖိုးထားခဲ့တယ်ဆိုရင်တော့ အဲဒီထက်ပြည့်စုံအောင် ထားနိုင်ဖို့ ကျွန်တော် ကြိုးစားရမှာပေါ့၊ အခုတော့ လဝန်းက သူနေရတဲ့ဘဝက ပင်ပန်းဆင်းရဲမှုန်းကျပ်နေတယ်ဆိုတော့ ကျွန်တော့်ချစ်သူကို ကျွန်တော်ကယ်ထုတ်ချင်လို့ အမြန်ဆုံးလက်ထပ်ဖို့ ကြိုးစားနေတာကြောင့် ဒီလောက်နဲ့ပဲ"

"အေး မင်းအဲဒီလိုပြောတယ်ဆိုတော့လည်း ငါတို့လည်း ပြောရတာပေါ့၊ အခု ငါ့တူမကို ငါတို့က လုပ်ငန်းရှင်သူဌေးတစ်ယောက်နဲ့ ပေးစားဖို့ အားလုံးစီစဉ်ပြီးပြီ၊ လဝန်းကို တိုက်တစ်လုံး ကားတစ်စီး စိန်ရွှေပတ္တမြားနီလာကျောက်စိမ်း တစ်ဆင်စာစီနဲ့ တင်တောင်းမယ်၊ ငါတို့ကိုလည်း အခုလက်ရှိအိမ်မှာနေခွင့်ပေးပြီး လုပ်ငန်းလုပ်ဖို့အတွက် ဘဏ်မှာငွေသားလည်း အပ်ပေးမယ်၊ အဲဒီတော့ မင်းလိုလူမျိုးနဲ့လက်ထပ်ပေးနိုင်ပါ့မလား၊ ဝေးသေးတယ် စဉ်းတောင်မစဉ်းစားနဲ့"

သူ ထိတ်ခနဲ ဖြစ်သွားသည်။ တကယ်သာဆို လဝန်း ဘယ်လိုဆုံးဖြတ်မှာလဲ။ လဝန်းမှာ လောဘနှင့်မက်မောမှုတွေ မရှိဘူးဆိုသော်လည်း အခုချိန်မှာ ဒေါ်လေးဖြစ်သူက သူမရဲ့အုပ်ထိန်းသူပင်။

"ဒီကိစ္စကို ကျွန်တော် လဝန်းနဲ့ပြောပါမယ်"

"ဘာလဲ ငါတို့က လဝန်းရဲ့မိဘမဟုတ်ဘဲ အဒေါ်ဖြစ်နေလို့ ပြောတာကို ဂရုစိုက်စရာမလိုဘူးဆိုတဲ့ သဘောလား"

"အဲဒီလိုသဘောရယ်တော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ကိစ္စ





ဆိုတော့ ကျွန်တော်တို့ချင်း တိုင်ပင်ဆွေးနွေးမှုဖြစ်မယ်ထင်လို့ပါ"

"ရလဒ်က ဘယ်လိုပဲဖြစ်ဖြစ် လဝန်းကိုတော့ မင်းနဲ့လုံးဝပေးစားမှာမဟုတ်ဘူးဆိုတာ မင်းသိထားပါ၊ ငါ့တူမကို ငါသဘောတူတဲ့သူနဲ့ ပေးစားမယ်၊ အခုချိန်မှာ ငါက သူ့ရဲ့အုပ်ထိန်းသူဖြစ်တဲ့အတွက် ငါ့စီမံမှုအောက်မှာပဲရှိရမယ်"

"ကျွန်တော်ကတော့ လဝန်းဆန္ဒပဲ အရေးကြီးတယ်လို့ပဲ ထင်ပါတယ်၊ အဒေါ့်စီမံမှုက အဒေါ်တို့မိသားစုအတွက်ပဲ ရည်ရွယ်တာ၊ လဝန်းအတွက်မှမဟုတ်ဘဲ"

"လဝန်းက ငါ့သွေးသားအရင်းဟဲ့၊ သူ့အတွက်မတွေးဘဲ ငါလုပ်ပါ့မလား၊ သူချမ်းသာပြည့်စုံနေမှ ငါတို့လည်း စိတ်ချမ်းသာရမှာပေါ့၊ မင်းလိုကောင်ကို ယူလို့ ငါ့တူမ ဘာဖြစ်လာမှာလဲ၊ ဒီကပြန်တာနဲ့ လဝန်းကိုဒီကိစ္စပြောမှာ၊ ငါ့စကားနားမထောင်ရင် ငါလည်း အိမ်ပေါ်က လုံးဝဆင်းမပေးနိုင်ဘူး၊ သူ့အထောက်အပံ့လွှတ်ရင်ကော ငါတို့က ဘယ်လိုရပ်တည်ရမှာလဲ"

"အဒေါ့်ယောက်ျားရှိတာပဲ၊ အဒေါ့်ယောက်ျားက အိမ်ထောင်ဦးစီးအိမ်ဦးနတ်၊ မိသားစုကို သူတာဝန်ယူရမှာလေ၊ လဝန်းက ဘာလို့ တာဝန်ယူရမှာလဲ"

"ဒါက ငါတို့မိသားစုကိစ္စပါ၊ မင်းသိထားရမှာက လဝန်းကို မင်းလုံးဝလက်ထပ်လို့မရဘူး၊ ပိုင်ဆိုင်အောင်ကြိုးစားလို့မရဘူးဆိုတာပဲ၊ သူ့ကိုပြည့်စုံတဲ့ယောက်ျားနဲ့ ငါပေးစားမှာ၊ မင်းပြောသလို ငါတို့မိသားစုအတွက်လုပ်တယ်ပဲထင်ထင်၊ ငါ ဂရုမစိုက်ဘူး၊ ငါလည်းမိဘပဲ ငါ့သားသမီးအတွက်အတွက်ကြီးသင့်ရင် ကြံရမယ်၊ လဝန်းအပေါ်မတရားဘူးဆိုလည်း မနေနိုင်ဘူး၊ လုံးဝမင်းရှေ့ဆက်တိုးဖို့မကြိုးစားပါနဲ့ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



လဝန်းဒေါ်လေးရဲ့ ပြတ်သားစွာဆုံးဖြတ်မှုက လုံးဝလဝန်းအပေါ် ညှာတာမှုမရှိပေ။ သူလည်း ဘယ်လိုလုပ်ရမှန်းမသိတော့ပါ။ အဒေါ်ဖြစ်သူရဲ့ ဆန္ဒတွေကို လဝန်းကော လွန်ဆန်နိုင်ပါ့မလား။

မဆန့်ကျင်ရဲသည့်အကြောင်းအရင်းတွေ ရှိလာလျှင်တော့ လဝန်း နှင့်ဝေးရပေတော့မည်။ သူရင်တွေတောင် တဒိတ်ဒိတ်တုန်လာ၏။

လဝန်းနှင့်ဝေးရခွဲရမှာစိုးလို့ပါ။ အချစ်ဟာ ဒဲဒီလောက်တောင် ခံစားမှုတွေပေးမှန်း သူ မသိခဲ့ပေ။ သက်ပြင်းတွေရှိုက်ထုတ်ဖို့တောင် ရင်ဘတ်မှာ မသက်မသာ ညှပ်အောင့်နေခဲ့သည်။

အသက်ရှူဖို့တောင်မဝတော့ပါလား လဝန်းရယ်။ ကိုယ်ဘယ်လိုလုပ်ရမှာလဲ။ နက်နဲစွာ ခံစားရတဲ့အချစ်ကို ကိုယ် အခုမှပဲ သိတာပါ။

လဝန်းကို ကိုယ်အရမ်းချစ်တယ်။

■ ■ ■



## အခန်း (၃၅)

"အဲဒီအချစ်က ဘာလုပ်လို့ရမှာလဲ လဝန်း။ ညည်းဘဝ ဒီအတိုင်း ဝဲနေသွားတော့မှာလား။ ညည်းအကောင်က ဘယ်လိုအလုပ်အကိုင်နဲ့ ဘာ အဆင့်အတန်းတွေရှိနေလို့လဲ၊ လဝန်း ညည်းကိုငါတစ်ခုပဲပြောမယ်၊ ညည်း ငါ့သဘောတူတဲ့သူနဲ့ပဲ ယူရမယ်"

"လဝန်းက အရုပ်လား။ ဒေါ်လေးတို့အတွက် စက်ရုပ်လား၊ ဒေါ်လေးလိုသလိုအသုံးချဖို့ မေမေတို့က ထားခဲ့တာလား။ မေမေတို့မရှိတော့ဘူးဆိုပြီး လဝန်းဘဝကို ဒေါ်လေးခြယ်လှယ်ချင်သလို ခြယ်လှယ်ဖို့မစဉ်းစားပါနဲ့၊ ဒေါ်လေးစီမံတာကို လဝန်း လက်မခံနိုင်ဘူး ဒေါ်လေး"

ဒေါ်လေးက မကျေမနပ် ဆက်တီခုံလက်ရမ်းကို ဖြန်းခနဲ ပုတ်၏။ မကျေနပ်လည်းမတတ်နိုင်။ ဒေါသဖြစ်လည်း မတတ်နိုင်။ ဘဝတစ်ခုလုံးနှင့် သက်ဆိုင်လာသည့်ကိစ္စဆိုတော့ အဆုံးစွန်ထိ တိုက်ခိုက်ဖို့ ပြင်ဆင်ရမည်။ ကျေးဇူးတရားဆိုတာတွေ ငဲ့ညှာထောက်ထားရမှာတွေကြောင့် မှတ်သုံးနှင့် မဝေးနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ လဝန်း၊ ငါစိမ်နေတာ ညည်းအတွက်ပဲ၊ ညည်းဘဝ ကောင်းစားဖို့ပဲ"

"တိုက်တစ်လုံး ကားတစ်စီးရတာနဲ့တစ်ဆင့်စာစီ တင်တော်းမယ် ဆိုလို့လား၊ ဒေါ်လေးတို့အတွက် ဒီအိမ်က ဖယ်မပေးရဘူး ဘဏ်မှာလည်း ငွေထည့်ပေးမယ်ဆိုလို့လား ဒေါ်လေး"

"ပြော ညည်းအကောင်က ဖုန်းဆက်အကြောင်းကြားပြီးသွားပြီ ပေါ့၊ သတင်းကအရင်ရောက်နှင့်နေပြီပေါ့၊ အေး ဟုတ်တယ် ငါ အဲဒီသူဌေးနဲ့ ညည်းကိုပေးစားမှာ၊ အသက်နည်းနည်းကြီးပေမယ့် ညည်းဘဝတစ်ခုလုံး ပြည့်စုံချမ်းသာအောင် လုပ်ပေးနိုင်တယ်၊ ညည်းအနာဂတ်ကောင်းစားဖို့ စွမ်းဆောင်နိုင်တယ်"

"အဲဒါတွေကို လဝန်းက မမက်ဘူး ဒေါ်လေး၊ ချမ်းသာကြွယ်ဝခြင်းထက် လဝန်းစိတ်ချမ်းသာချင်တယ်၊ လဝန်းချစ်တဲ့သူနဲ့ပဲ လဝန်းလက်ထပ်မှာပါ"

"အေး ငါသဘောမတူဘဲ ညည်း လုပ်ကြည့်လိုက်လေ၊ အဲဒီကောင်က ဘာဖြစ်သွားမယ်ထင်လဲ၊ နှစ်ယောက်လုံးကိုအရှက်ခွဲပစ်မယ်"

"ဒီအိမ်ကိုမပိုင်ရမှာ အဲဒီလောက်တောင်ကြောက်သလား ဒေါ်လေး အဲဒီလို မချမ်းသာတဲ့သူနဲ့လက်ထပ်ရင် ဒေါ်လေးတို့အခြေမဲ့အနေမဲ့ ဖြစ်သွားမှာ စိုးရိမ်ကြောင့်ကြနေသလား၊ အဲဒီလောက်ဖြစ်နေရင် ဒေါ်လေးသမီး ဆယ်တန်းဖြေပြီးပြီပဲ ချမ်းသာတဲ့ယောကျ်ားနဲ့ပေးစားပြီး တခြားမှာ ပြည့်ပြည့်စုံစုံသွားနေကြပါလား"

"လဝန်းညည်းဘယ်လိုပြောလိုက်တာလဲ၊ ငါ့သမီးအပျိုနုနုထွတ်ထွတ်ငယ်ငယ်လေးက အဲဒီလောက်အသက်ကြီးတဲ့သူကို ယူရမှာလား"





ဒေါ်လေးတို့ရဲ့မတရားမှုက ချက်ချင်းပဲပေါ်သည်။ သူမကိုပဲရောင်းစားဖို့ စဉ်းစားပြီး သူတို့သမီးကို ရွှေပေါ်မြတင် အပြစ်ကင်းစင်စေချင်တာ တရားပါရဲ့လား။ သူမရဲ့ပေါက်ကွဲမှုတို့က မျက်နှာမှာပေါ်နေလိမ့်မည်ထင်သည်။

"ဒေါ်လေးက လဝန်းက ဒေါ်လေးရဲ့အစ်မရင်းက မွေးတဲ့တူမအရင်း စစ်စစ်ဖြစ်တာတောင် သမီးတစ်ယောက်လို သဘောထားပြီး ကိုယ်ချင်းစာမပေးဘူး၊ လဝန်းမှာသာ မေမေရှိနေသေးရင် လဝန်းအပေါ် ဒေါ်လေး ဒီလို လုပ်ရက်မှာမဟုတ်ဘူးလို့ထင်တယ်၊ လဝန်းမေမေဆိုရင်လည်း လဝန်းကို ဖိုက်ဆံဘယ်လောက်ရှိရှိ အသက်ကြီးတဲ့သူနဲ့ ပေးစားဖို့စဉ်းစားမှာမဟုတ်ဘူး"

"ဟဲ့ ငါ့သမီးက ညည်းထက် ငါးနှစ်ခြောက်နှစ်လောက်ငယ်သေးတယ်၊ သူ့ကိုဒီအရွယ်လေးနဲ့ ယောကျ်ားပေးစားလို့ဖြစ်မလား။ ညည်းကိုလည်း ရှည်းစားမထားဖို့ ယောကျ်ားမယူဖို့ တားခဲ့တာပဲလေ၊ ညည်းမနေနိုင်မထိုင်နိုင်ယူချင်နေလို့ငါက သင့်တော်မယ့်သူကို ရှာလိုက်ရတာ၊ အိမ်ထောင်ပြုမယ်ဆိုလည်း ကိုယ့်ဘဝတစ်သက်လုံး အေးအေးချမ်းချမ်း အားကိုးလို့ရမယ့်သူကို ရွေးရမှာပေါ့၊ ညည်းအကောင်ထက် အစစအရာရာ သာနေတာကို"

"ဒါပေမဲ့ အချစ်ဆိုတာကိုရော ဘယ်နေရာသွားထားရမှာလဲ၊ ဒေါ်လေးယောကျ်ားကို ဒေါ်လေးချစ်ခဲ့လို့ ဆင်းရဲရဲလုပ်ကိုင်မကျွေးကျွေး သောက်သောက်စားစား သူ့ဘာသာအပြင်မှာပဲ ပျော်ပါးပါး ဒေါ်လေးခွင့်လွှတ်နိုင်တယ် နားလည်နိုင်တယ်၊ သည်းခံပြီးပေါင်းသင်းနိုင်တယ်မဟုတ်လား လဝန်းလည်း အဲဒီလိုလုပ်ချင်တယ်၊ မချစ်တဲ့သူနဲ့ လက်ထပ်ပေါင်းသင်းပြီး ဘယ်လောက်ပဲပြည့်စုံစုံ လဝန်း ပျော်ရွှင်နိုင်မယ်မထင်ဘူး၊ ချစ်တဲ့သူနဲ့ဆိုရင် ချို့တဲ့မှုတွေ ဘယ်လောက်များများ လောကဓံကို ခံနိုင်ရည်ရှိလိမ့်မယ်၊ ပျော်ရွှင်နိုင်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းအခြေအနေက ပျော်ရွှင်မှုကိုပဲ တောင့်တနေရမယ့်အခြေအနေလား။ လက်တွေ့မှာ ပြည့်စုံမှုရှိမှဖြစ်မှာ လဝန်း။ ညည်းငါ့ကိုအားကျမနေနဲ့ ငါ့ဘဝဟာတွေများ စိတ်ချမ်းသာနေရလို့လဲ နေ့ရှိသရွေ့ စိတ်ဆင်းရဲနေရတာ"

"အဲဒါ ဒေါ်လေး ကံကြမ္မာလေ၊ လဝန်းကတော့ မုတ်သုံနဲ့အတူနေရရင် ပျော်ရွှင်ရလိမ့်မယ်လို့ ယုံကြည်ချက်ရှိတယ်၊ မုတ်သုံက ဒေါ်လေးယောကျ်ားလို တာဝန်မဲ့တတ်တဲ့သူမဟုတ်လို့ပဲ"

"လဝန်း"

ဒေါ်သဖြင့်အော်လိုက်တာက ဒေါ်လေးအသံမဟုတ်။ ယိုင်ထိုးစွာရောက်လာသူက ဒေါ်လေးယောကျ်ားဖြစ်သည်။

အရက်နံ့က နှာခေါင်းရှုံ့သွားလောက်အောင် နံတူးခါးနေ၏။

"နင်ပြောလိုက်ရင် ငါ့ကိုအထင်သေးတဲ့စကားချည်းပဲ၊ နင့်အကောင်လည်း အဲဒီအတိုင်းပဲ၊ အဲဒါကြောင့် ငါအရက်ကိုမူးအောင်သောက်လာတာ"

"အကြောင်းပြချက်ကောင်းသွားတာပေါ့၊ အရက်ကို ဦးလေး ဘယ်နေ့မသောက်တဲ့နေ့ဆိုတာ ရှိလို့လဲ၊ ပိုက်ဆံရှိရင် ရှိသလို မရှိရင်မရှိသလို နည်းနည်းသောက်တဲ့နေ့နဲ့ များများသောက်တဲ့နေ့ ဒါပဲကွာတယ်"

"နည်းနည်းသောက်သောက် များများသောက်သောက် ငါ့ကိုအရက်ဖိုးပေးပါလို့ နင့်ဆီက လက်ဝါးဖြန့်တောင်းဖူးလို့လား၊ အဲဒီအတွက် နင်အထင်သေးတာ နင့်အကောင်အထင်သေးတာ ငါမခံနိုင်ဘူး၊ ဝင်းမောင်ဆိုတဲ့ကောင်က ကိုယ့်အရက်ဖိုးကိုယ်ရှာသောက်တဲ့ကောင်"

"တစ်လောကလုံးမှာ ဦးလေးတစ်ယောက်တည်းနေတာမှမဟုတ်တာ၊ ဦးလေးမှာ သားနဲ့သမီးနဲ့ မိန်းမနဲ့ မိသားစုဆိုတာရှိတယ်၊ သူတို့ကို





ရှာဖွေကျွေးမွေးရမယ်၊ ပြုစုစောင့်ရှောက်ရမယ်ဆိုတဲ့အသိမျိုး မရှိဘူးလား။ ဦးလေးမှာ လင့်ဝတ္တရား ဖခင်ဝတ္တရား အဲဒီတာဝန်တွေ ဦးလေး နားမလည်ဘူးလား"

"လဝန်း နင်ငါ့ကို ဘာလို့စွာနေတာလဲ၊ ငါ့မိန်းမတောင် ငါ့ကို တစ်ခါမှ အဲဒီလိုမပြောဖူးဘူး။ စကားများတယ် ရန်ဖြစ်တယ်ဆိုတာကော ကြားဖူးလား။ ငါတို့လင်မယား သိပ်ချစ်ကြတာ"

"ဘယ်ဖြစ်ပါ့မလဲ မိသားစုကို ဦးလေး တာဝန်မယူယူ လုပ်ကိုင်မကျွေးကျွေး သောက်သောက်စားစား ဒေါ်လေးကမှ အပြစ်မမြင်တာ၊ မိသားစုတာဝန်ကို လဝန်းရှာပေးတဲ့ငွေနဲ့ပဲ ဖြေရှင်းနေတာ ပိုက်ဆံနည်းလို့ မလုံလောက်ရင် လဝန်းကိုပဲအပြစ်ပြောတယ်၊ ပြဿနာရှာတယ်၊ ကိုယ့်မိသားစုနဲ့ကိုယ်ကျတော့ အဆင်ပြေအောင်နေကြတယ်၊ စိတ်ချမ်းသာအောင်နေကြတယ်၊ အဲဒါ တရားသလား။ လဝန်းအပေါ် တရားကြသလား စဉ်းစားကြပါဦး"

"လဝန်း နင် စကားတွေအရမ်းများတယ်ဟာ၊ နားငြီးတယ်"

"ဟုတ်သားပဲ လဝန်း။ အပြင်ကပြန်လာတဲ့သူကို အေးအေးဆေးဆေး မနေရဘူး။ ညည်းပြောချင်သလိုတွေပြောဆိုတော့တာပဲ၊ အဲဒါ ညည်းအဒေါ်ရဲ့ယောကျ်ား။ ညည်းဦးလေးတော်တယ်၊ ဆင်ဆင်ခြင်ခြင် ထိန်းထိန်းသိမ်းသိမ်းပြော"

လဝန်း အံကြိတ်ပြီး လက်သီးဆုပ်ထားလိုက်မိသည်။ ဒီနာကျင်မှုတွေကြောင့် သူမ မျက်ရည်မကျချင်ပါ။

သူမကိုယ်တွင်းမှာ လှည့်ပတ်စီးဆင်းနေသော သွေးတွေကတစ်ဆင့် မျက်ရည်အဖြစ် ပြောင်းလဲထွက်လာရမှာ မတန်လို့ပါ။ ဒေါ်လေးဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဖြစ်ဖြစ် ဆွေမျိုးသားချင်းအရင်းကြီးတွေဖြစ်ဖြစ် ဒီလိုလူမျိုးတွေနှင့် တစ်သက်လုံး အတူနေဖို့ ဘယ်လိုလုပ်ဖြစ်ပါတော့မလဲ။

သူမအပေါ် မညှာတာနိုင်သည့်သူတွေကို ငဲ့ညှာထောက်ထားစာနာနေစရာမလိုတော့ပေ။

"ဒေါ်လေးတို့ ဒီလကုန် ဒီတစ်ပတ်အတွင်း အိမ်ရှာထားကြပါ။ ဒီအိမ်ပေါ်က ဆင်းပေးကြပါ၊ ဆင်းမပေးဘဲ ပေကပ်နေမယ်ဆိုရင် လဝန်း ရပ်ကွက်လူကြီးတွေကော ရဲစခန်းကိုကော အကြောင်းကြားပြီး သက်ဆိုင်ရာနဲ့ဖယ်ရှားရပါလိမ့်မယ်"

"ဘာ ဘာ လဝန်း ညည်းဘာပြောတယ်၊ ညည်းက ငါတို့ကို အဲဒီလိုလုပ်မယ်"

"လဝန်းလုပ်ရပ်မတရားဘူးထင်ရင် ကြိုက်တဲ့ဟစ်တိုင်ကိုတက်၊ ကြိုက်တဲ့နေရာကိုတိုင်၊ လဝန်း မကြောက်ဘူး။ ဂရုလည်းမစိုက်ဘူး ဒေါ်လေးတို့ကို လဝန်း လုံးဝသည်းမခံနိုင်တော့ဘူး ဒေါ်လေး၊ ဒေါ်လေးတို့လုပ်ချင်တိုင်း လုပ်နေတာကို လဝန်း မခံနိုင်တော့ဘူး"

"ညည်းကို ထိန်းသိမ်းစောင့်ရှောက်လာတဲ့ကျေးဇူးတွေကို ညည်းက ဒီလိုနည်းနဲ့ ဆပ်လိုက်တာပေါ့"

"ထင်ချင်သလိုထင်၊ ကြိုက်သလိုယူဆ၊ လဝန်း ပြောပြီးပြီနော်၊ ရဲနဲ့ရပ်ကွက်နဲ့ ဆွဲထုတ်မခံချင်ရင် အရှက်မကွဲချင်ရင် ကိုယ့်ကလေးတွေနဲ့ သိက္ခာမကျချင်ဘူးဆိုရင် သာသာလေး လူမသိသူမသိ ထွက်သွားလိုက်"

ပြောပြီး သူမအခန်းထဲ ဝင်နေလိုက်သည်။ ဘယ်သူနှင့်မှ မျက်နှာချင်းမဆိုင်ချင်တော့လို့ပါ။

"အမယ်လေး အမယ်လေး ကိုဝင်းမောင် ကျွန်မတို့ဘယ်လိုလုပ်





ကြမလဲ၊ ဒီကောင်မက ကောင်းကောင်းကြီး ကျေးဇူးတွေဆပ်နေပြီ၊ စုပြီးဆောင်းပြီးသားမရှိဘဲ ဘယ်လိုလုပ် ဒီအိမ်ပေါ်ကဆင်းပြီး အိမ်ငှားနေရမလဲ"

"ဟိုလူကြီးနဲ့ပိတ်ပြီးတော့သာ ပေးစားလိုက်ဟာ၊ ဒီလောက်ဖြစ်နေတာ၊ ငါနောက်နေ့ ခေါ်လာခဲ့မယ်၊ ဟိုလူကြီးက သူ့ကိုယူချင်နေတာ ဖျပ်ဖျပ်ကိုခါလို့၊ ငါ့ကို ဒီနေ့အရက်ခေါ်တိုက်ပြီး သူပြောလိုက်တာ မင်းတို့ ကျေးဇူးကို မမေ့ဘူး၊ လိုအပ်တာအကုန်လုပ်ပေးမယ်တဲ့၊ ငါတို့သာသာယာယာလေးပဲနေရမှာ"

"သူကမှ လက်မခံတာ ဘယ်လိုလုပ်မလဲ"

"ဟ လက်ခံအောင်လုပ်ရမှာ လွယ်လွယ်လေးပါ၊ သူသောက်မယ့်စားမယ့်တစ်ခုခုထဲ အိပ်ဆေးထည့်လိုက်၊ ပြီးရင် ဟိုလူနဲ့အခန်းတံခါးပိတ်ပေးလိုက်၊ အပျိုရည်ပျက်ရင် မင်းတူမ ငြင်းနိုင်ပါဦးမလား။ မင်းတူမယောက်ျားက လိုချင်နေပြီ၊ အလကား မူနေတာ၊ ငါ ကြံစမ်းပါမယ် မင်းအသာလေးသာနေ"

"ဟုတ်ပါပြီ ရှင်သာအဆင်ပြေအောင် ကျွန်မတို့ဒီအိမ်ပေါ်ကမဆင်းရဖို့က အရေးကြီးတယ်၊ နေစရာပြီးရင် စားစရာလည်း လိုသေးတယ်ဆိုတော့ အဲဒီလူကြီးနဲ့ပဲ လဝန်းကိုပေးစားမှဖြစ်မှာ၊ ဟိုကောင်နဲ့ယူလို့တော့ နေစရာလည်းပျောက် စားစရာလည်းပျောက်နဲ့ ကျွန်မတို့ဒုက္ခရောက်မှာ၊ သားနဲ့သမီး မျက်နှာငယ်သိမ်ငယ်ရလိမ့်မယ် ကိုဝင်းမောင်"

"ငါ အဲဒီလို အဖြစ်မခံပါဘူးကွာ၊ ဒီယောက်ျားက မိသားစုကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်းသိရပါလိမ့်မယ် စိတ်သာချ"

နားစွန်နားဖျားမဟုတ်။ အတိအကျကို ကြားနေရတာမို့ သူမ အံ့ဩလွန်းကာ ခြေဖျားလက်ဖျားတွေပင် အေးစက်တောင့်တင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးတို့က သူတို့တစ်မိသားစုလုံး ဒုက္ခမရောက်ဖို့ ကောင်းစားဖို့အတွက် သူမအပေါ် အဲဒီလောက်တောင် ယုတ်မာကောက်ကျစ်ဖို့ ကြံစည်ရက်ကြပါလား။ ဒီကိစ္စကို ရပ်ကွက်လူကြီးတွေကို အကြောင်းကြားထားရမှာဖြစ်မည်။

ပြီးတော့ မှတ်သုံ၊ မှတ်သုံကိုလည်း အသိပေးရမည်။ တိုင်ပင်စရာရှိတာတွေလည်း တိုင်ပင်မှဖြစ်မည်။

ဝေးလို့မဖြစ်ဘူး မှတ်သုံရေ။ နီးဖို့ရာအတွက် ရင်ဆိုင်ရမှာတွေကလည်း။

■ ■ ■



## အခန်း (၃၆)

"ဟာ အဲဒီလောက်တောင် ဆိုးဝါးကြတာလား၊ အဲဒါဆို လဝန်း ဘယ်လိုလုပ်မလဲ၊ ကိုယ့်အိမ်မှာကိုယ်နေတာတောင် လုံခြုံမှုမရှိတော့ဘူး"

"ဟုတ်တယ် မှတ်သုံ၊ အဲဒါကြောင့် ရပ်ကွက်ရုံးကိုသွားပြီး လူကြီးတွေကို အသိပေးအကြောင်းကြားထားတယ်၊ လူကြီးတွေက ဒေါ်လေးတို့ကို ချက်ချင်းနှင်ထုတ်ဖို့တောင် လုပ်နေတာ၊ သူတို့အကြောင်းလည်း သိနေကြတော့လေ"

"အဲဒီလိုလုပ်ဖို့ကြတော့လည်း ကလေးနှစ်ယောက်မျက်နှာက ရှိသေးတယ်၊ ကိုးတန်းဆယ်တန်းအရွယ်တွေဆိုတာ ရှက်တတ်ကြမှာပဲ၊ မိဘတွေက ဒီလိုလူမျိုးတွေဆိုတာသိရင် သူတို့လည်း လမ်းမှားရောက်သွားတတ်တယ်"

"အဲဒါကြောင့် လဝန်းစိတ်တွေကို ချုပ်တည်းထားရတာပေါ့ မှတ်သုံရယ်၊ မဟုတ်ရင် ကိုယ့်အပေါ် ဒီလောက်ယုတ်မာကောက်ကျစ်ရက်တဲ့ သူတွေကို လဝန်းလုပ်ချင်တာတွေ လုပ်ပစ်လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စတွေကလည်း တစ်ကြောင်းအေးသွားတော့ တစ်ကြောင်းမအေးပါလား လဝန်းရယ်၊ ကိုယ်ကကိစ္စမရှိပေမယ့် လဝန်း စိတ်ပင်ပန်းနေရတာ ကိုယ်မကြည့်ရက်ဘူး။ ဒီလိုပုံစံမျိုး ဖြစ်လာတော့ စိတ်လည်းမချဘူး။ မေမေတို့ကို ဒီကိစ္စအသိပေးသင့်တယ် ထင်တယ်"

"မသိတော့ဘူး မှတ်သုံ့ရယ်၊ လူကြီးတွေကို အပူတွေကူးစက်မှာလည်း စိုးတယ်"

"ကဲ ဘာမှပြောမနေနဲ့တော့ အိမ်မှာ ဖေဖေကော မေမေကော ရှိနေတယ် သွားလိုက်ရအောင်"

စိတ်က စိုးရိမ်စိတ်များဖြင့် လောနေပြီမို့ လဝန်းလက်ကိုဆွဲကာ အိမ်ကိုခေါ်လာခဲ့သည်။ ပြဿနာကကြီးမားရုံပဲရှိတော့တာမို့ လူကြီးတွေကို အသိမပေးလို့မှ မဖြစ်တော့တာ။

"ဟော သမီးလေး အိမ်လည်လိုက်လာတာလား"

"ဟင်းကောင်းကောင်းချက်ထားတယ်၊ ထမင်းစားပြီးမှပြန် သမီးလာ ထိုင်"

ဖေဖေနှင့်မေမေက လဝန်းကိုမြင်လိုက်သည်နှင့် ဖော်ရွေစွာ အပြုံးနှင့်ကြိုကြသည်။ သူနှင့်လဝန်း ဆက်တီထိုင်ခုံတွေမှာ ဝင်ထိုင်လိုက်ကြပြီး ဖေဖေနှင့်မေမေကို အကြောင်းစုံပြောပြဖြစ်၏။

"လဝန်းမှာ အဲဒီလို အခက်အခဲတွေဖြစ်နေတယ် ဖေဖေ၊ ဘယ်လိုလုပ်ရင်ကောင်းမလဲ၊ လဝန်းကို ဘယ်လိုအကူအညီပေးနိုင်မလဲ စဉ်းစားပေးကြပါဦး"

"အခေါ်အရင်းဖြစ်ပြီး ဘယ်လိုများကြံစည်ရက်တာလဲကွယ်၊ သူ့မှာလည်း သမီးအပျိုအရွယ်လေးရှိနေတာ၊ ဝဋ်လိုက်မှာမကြောက်ဘူးလား





တကယ်ဆို လဝန်းက တူမအရင်းပဲ၊ သားသမီးချင်းကိုယ်ချင်းစာလို့ပဲဖြစ်ဖြစ် ဒီလိုတော့ မလုပ်သင့်ဘူး"

"အဲဒီလို အတွေးမရှိလို့ မကြောက်မရွံ့လို့ ဒီလိုလုပ်တာပေါ့ကွာ၊ ရပ်ကွက်လူကြီးတွေ အသိပေးထားတယ်ဆိုလည်း ဖြစ်ပြီးမှတော့ ဘာမှ မတတ်နိုင်ဘူး။ အလွန်အကျွံမဖြစ်ခင် ရှောင်နိုင်မှ အရှက်မကွဲမှာ၊ သားတို့ ဒီလိုလုပ်"

"ဟုတ်ကဲ့ ဖေဖေ"

"ရုံးမှာတရားဝင်အောင် လက်မှတ်ထိုး လက်ထပ်ထားလိုက်ကြ"

"ရှင်"

"ဗျာ ဖေဖေ"

သူနှင့်လဝန်း နှစ်ယောက်လုံး အံ့ဩသွားကြသည်။ ဖေဖေကပြုံးမိန့်မိန့်နှင့်ပါ။

"အဲဒီလိုလုပ်ထားမှ သားတို့အတွက် အဆင်ပြေမှာပေါ့၊ အခုချိန်မှာ လဝန်းကိုဘဝတစ်ခုလုံး လုံခြုံမှုပေးနိုင်ဖို့က ဒီတစ်နည်းပဲရှိတယ် သား။ သမီးကိုလည်း အန်ကယ် တစ်ခုပြောချင်တယ်၊ မိဘအမွေဆိုပေမယ့် အဲဒီအိမ်ကို မက်မနေပါနဲ့၊ အန်ကယ်တို့လည်း အိုးပိုင်အိမ်ပိုင်ပဲ၊ သားနဲ့လက်ထပ်ပြီးရင် ဒီမှာပဲ လာနေလိုက်ပါ"

"ဟုတ်သားပဲ သမီး၊ သူတို့ရောင်းလို့ချလို့ မရအောင် အိမ်ဂရန်ကို သမီးသိမ်းထားပေါ့၊ နေစရာပေးထားတာလည်း ကုသိုလ်ရပါတယ်"

"သူတို့က နေစရာရှိတောင် စားစရာအတွက် လဝန်းကို ဒုက္ခပေးချင်နေကြတာ"

"ဒါတော့ သူတို့လုပ်ချင်တိုင်း လုပ်လို့မရပါဘူးကွယ်၊ နေစရာပေး



www.burmeseclassic.com

www.burmeseclassic.com



လို့မှ မကျေနပ်ဘူးဆိုရင်တော့ လုပ်သင့်တာလုပ်ရမှာပေါ့၊ ကိုယ့်ဝမ်းစာကိုယ်ရှာစားရမယ်၊ ကိုယ့်မိသားစုတာဝန် ကိုယ်ယူရမယ်ဆိုတဲ့အသိတော့ ရှိကြမှပေါ့"

"အဲဒီအသိမရှိလို့ လဝန်းကိုတစ်သက်လုံး နှိပ်စက်အနိုင်ကျင့်လာခဲ့တာပေါ့၊ လဝန်း အိမ်ပေါ်တက်နေပြီး လဝန်းကိုပဲ မှီခိုစားသောက်လာခဲ့ကြတာ ရှက်ရမှန်းမသိဘဲ ကျေးဇူးတောင်အတင်ခံနေချင်ကြသေးတယ်၊ ကဲပါ ဖေဖေပြောတဲ့ကိစ္စ လဝန်းဘယ်လိုသဘောရလဲ၊ ဖေဖေ့စီမံမှုက အလော တကြီးနိုင်တယ်ထင်ရင် လဝန်းဖြစ်ချင်တဲ့အတိုင်း လုပ်ပါမယ်"

လဝန်း ရှက်ရွံ့သလိုလေးတော့ ဖြစ်နေခဲ့သည်။ ပြီးမှခေါင်းညိတ်ပြပြီး

"အန်ကယ်နဲ့အန်တီပြောတာကို လဝန်း လက်ခံပါတယ်၊ ဒီလိုလုပ်မှ လဝန်း ကိုယ့်ကိုကိုယ်လုံခြုံတယ်လို့ထင်တယ်၊ ဒေါ်လေးတို့စိတ်က အရမ်းကြောက်စရာကောင်းနေတော့ သူတို့ ဘယ်လိုတွေလုပ်မယ်ဆိုတာလည်း ကြိုသိနေရတော့ လဝန်းကိုယ့်ဘဝအတွက် ကိုယ်ဆုံးဖြတ်ရတော့မှာပါ"

"အေးပါ သမီး၊ အခုလက်မှတ်ထိုးနိုင်းတယ်ဆိုပေမယ့် ပြီးရင်သမီးတို့ကို တင့်တောင်းတင့်တယ် မင်္ဂလာပွဲကျင်းပပေးမှာပါ"

"ခမ်းခမ်းနားနားကြီး ငွေကုန်ကြေးကျမခံလည်း ရပါတယ်၊ လဝန်းဘဝအတွက် လုံခြုံမှုရှိရင်ပဲ ကျေနပ်ပါပြီ"

"အန်ကယ်တို့လုပ်ပေးနိုင်သလောက်တော့ လုပ်ပေးရမှာပေါ့ သမီး။ သမီးဒေါ်လေးဆီမှာလည်း ရပ်ရွာလူကြီးတွေခေါ်သွားပြီး မိသားဖသားပီပီတောင်းရမ်းပါမယ်၊ သူတို့လက်မခံလည်းမတတ်နိုင်ဘူးပေါ့၊ အခု အရေးကြီး





တာ ဟိုဘက်ရပ်ကွက်လူကြီး ဒီဘက်ရပ်ရွာလူကြီးတွေရှေ့မှာ လက်မှတ်ထိုးလက်ထပ်ပြီး သမီးအိမ်မပြန်တော့ဖို့ပဲ"

"ပြန်သွားရင် သူတို့ဘာလုပ်မယ်ဆိုတာ မသိနိုင်ဘူး။ အရှက်တကွဲဖြစ်ပြီးမှ သမီးတို့လက်ထပ်ကြမယ်ဆိုလည်း ပတ်ဝန်းကျင်နဲ့မကောင်းဘူးလေ၊ အန်တီတို့က သမီးကို သမီးချင်းကိုယ်ချင်းမစာလို့ ဒီလိုခေါ်ထားတာမဟုတ်ပါဘူး။ သမီးပြောစကားအရဆိုရင် သမီးဒေါ်လေးက သားနဲ့လက်မထပ်ဖြစ်ဖို့အတွက် ဟိုဘက်ကကိစ္စကို အလောတကြီးအမြန်စီစဉ်တော့မယ့်ပုံပဲ"

"ဟုတ်ပါတယ် အဲဒါကြောင့် မှတ်သုံကို အရေးတကြီးတိုင်ပင်လိုက်ရတာပါ၊ အဲဒါကြောင့် မှတ်သုံက အိမ်ကိုခေါ်လာတာ"

"အေးလေ သမီးတို့ထင်ရာမလုပ်ဘဲ လူကြီးမိဘကိုတိုင်ပင်လိုက်တော့ အဆင်ပြေသွားတာပေါ့၊ ဒီကိစ္စတွေ သမီးတစ်ယောက်တည်းရင်ဆိုင်ရတာလည်း လူမလေးခွေးမခန့်လို သဘောထားနေတော့ စိတ်ပင်ပန်းရပါတယ်ကွယ်၊ အခုချိန်ကစပြီး သမီးမှာ မိသားစုရှိသွားပြီ၊ အားကိုးလို့ရသွားပြီလို့ သဘောထားနော် သမီး"

"ဟုတ် ဟုတ်ကဲ့ပါ အန်တီ"

"မေမေလို့ခေါ်တော့လေ လဝန်းရဲ့"

"ဪ အင်း ဟုတ်ကဲ့"

ရှက်စနိုးလေး ဖြစ်သွားပေမယ့် လဝန်း ကြည်နူးနေသည်။ သူမမှာ မိသားစုလေးရှိသွားပြီတဲ့လား။

အဖေ အမေ အိမ်ထောင်ဘက်လင်ယောကျ်ား။

အခုချိန်ကစပြီး သူမတစ်ယောက်တည်းမဟုတ်တော့။ အချစ်တွေ မေတ္တာတွေ ထုံမွှမ်းနေသော ကမ္ဘာငယ်လေးထဲမှာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"ဘာ အဲဒီလိုဖြစ်သွားပြီ၊ လုံးဝလက်မခံနိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး။ ညကတည်းက ကျွန်မတူမ ပြန်မလာလို့ ဒီနေ့လူပျောက်တိုင်ဖို့ စဉ်းစားထားတာ၊ လက်ခံထားတဲ့သူကို ထိထိရောက်ရောက် အရေးယူနိုင်းမယ်၊ သွေးဆောင်ဖြားယောင်းမှုနဲ့ တရားစွဲမယ်"

လူကြီးတွေရှေ့မှာပင် ဒေါ်ခင်ဝင်းက မျက်နှာပြောင်စွာဖြင့် ဒေါသတကြီးအော်နေသည်။ ဦးခင်အောင်က မျက်နှာထားကို တင်းတင်းထားလိုက်ပြီး

"ခင်ဗျားတူမက သွေးဆောင်ဖြားယောင်းတိုင်း ငြိမ်ခံနေမယ့် အရွယ်လား။ သူ့ဘာသာသူ ဆုံးဖြတ်ချက်နဲ့ ဘဝကိုရပ်တည်နေတဲ့အရွယ်ပါ၊ သားရှင်ဖြင်ကဲ့ ကျွန်တော်တို့ကလည်း ရပ်ရွာမှာနာမည်ပျက်နာမည်ဆိုးမရှိတဲ့ လူကြီးလူကောင်းတွေပါ"

"အို ဘာဖြစ်ဖြစ် ရွှေလဝန်းက အုပ်ထိန်းမှုလွှတ်သေးတာမဟုတ်ဘူး။ ရှင်တို့ အဲဒီလိုလုပ်ချင်တိုင်းလုပ်လို့မရဘူး။ ကျွန်မတို့မသိတဲ့အတွက် အဲဒီလက်ထပ်စာချုပ်ဆိုတာလည်း တရားမဝင်ဘူး။ ကျွန်မတူမကို ကျွန်မ





ပြန်ခေါ်ထားမယ်၊ ရှင်တို့ပြန်ကြတော့၊ ကျွန်မအိမ်က အခုထွက်သွားကြတော့"

"ခင်ဗျား အဲဒီလို ရိုင်းရိုင်းစိုင်းစိုင်း နှင်ထုတ်ရအောင် ကျွန်တော်တို့က အဆင့်အတန်းမရှိတဲ့ အညတရတွေမဟုတ်ပါဘူး၊ ဒီရပ်ရွာရဲ့လူကြီးတွေပါ။ ဒီက လဝန်းနဲ့လက်ထပ်ထားတဲ့ မောင်မှတ်သုံရဲ့မိဘတွေက လူကြီးလူကောင်းဆန်ဆန် အသိသက်သေအနေနဲ့ လေးလေးစားစား ခေါ်လို့ လိုက်လာကြတာပါ၊ ခင်ဗျားတို့ဘယ်လိုလူမျိုးတွေဆိုတာ ကျွန်တော်တို့သိတယ်၊ ကျွန်တော်တို့ရပ်ရွာထဲမှာ ခင်ဗျားတို့လိုလူတွေကို မထားသင့်တာအမှန်ပဲ"

"ရှင် ဘယ်လိုပြောလိုက်တာလဲ လူကြီး"

"ခင်ဗျားတို့အကြံအစည်တွေကို လဝန်းကတိုင်ချက်ဖွင့်ထားပါတယ် မနေ့ညက စောင့်ကြည့်နေတော့ ခင်ဗျားအိမ်ရှေ့မှာ ကားတစ်စီးရပ်ထားပြီး ညဉ့်နက်တဲ့အထိမပြန်ဘူး၊ တကယ်လို့ လဝန်းသာ အိမ်ပြန်လာခဲ့ရင် ခင်ဗျားတို့အကြံအစည်အတိုင်း လုပ်တော့မှာမဟုတ်လား"

"ရှင် ရှင်တို့ ဘာတွေပြောနေတာလဲ၊ ကျွန်မက ကျွန်မတူမကို ဘာလုပ်မှာမို့လဲ"

"ဒါကတော့ ခင်ဗျားတို့ ဘာတွေကြံစည်နေတယ်ဆိုတာ ခင်ဗျားတို့ပဲသိမှာပေါ့၊ လဝန်းအပေါ် ဘယ်လိုမတရားမှုတွေလုပ်နေတယ်ဆိုတာလည်း ခင်ဗျားတို့ပဲသိလိမ့်မယ်၊ လဝန်းအမေက မသေခင် ကျွန်တော်တို့ကိုလည်း အပ်သွားခဲ့ပါတယ်၊ ခင်ဗျားတို့ကို သွေးသားအရင်းတွေပဲ ဒီလိုတော့ လုပ်လိမ့်မယ်မထင်လို့ ကျွန်တော်တို့က ဘေးကနေပဲ ကြည့်နေတဲ့သဘောပါ၊ အခုကတော့ ကျွန်တော်တို့လုံးဝခွင့်လွှတ်နားလည်ပေးလို့ မရတော့ပါဘူး"

"ခွင့်လွှတ်မပေးရင် ရှင်တို့က ဘာလုပ်မှာလဲ၊ ဘာလုပ်လို့ရမှာလဲ ကျွန်မတို့က ဘာပြစ်မှုတွေကျူးလွန်နေလို့လဲ၊ ဘာအပြစ်တွေပေးမှာလဲ ပြောစမ်းပါဦး"

www.burmeseclassic.com



"ရွှေလဝန်း လက်ထပ်သွားပြီ အိမ်ထောင်ပြုသွားပြီဖြစ်တဲ့အတွက် လဝန်းအမေ မှာခဲ့တဲ့အတိုင်း စာချုပ်ပါအတိုင်း ခင်ဗျားတို့ဒီအိမ်ပေါ် ဆင်းပေးကြပါ၊ မဆင်းရင် ပိုင်နက်ကျူးလွန်မှု အဓမ္မသိမ်းပိုက်မှုနဲ့ တရားစွဲမယ်"

"ဘာ"

ဒေါ်ခင်ဝင်း တဆတ်ဆတ်တုန်သွားသည်။ လူကြီးတွေရှေ့မှာမို့ မလုံးသာမလွန့်သာဘဲ ကြောက်အားကြီးသွားတာပါ။ ဒါပေမဲ့ ကြောက်ကန်ကန်လိုစိတ်များဖြင့် မျက်နှာထားကိုတင်းယစ်ကာ

"ကျွန်မက ရွှေလဝန်းရဲ့အုပ်ထိန်းသူ၊ ကျွန်မသဘောမတူဘဲ သူနဲ့ယူတာ ကျွန်မခွင့်မပြုဘူး အသိအမှတ်မပြုဘူး"

"သူတို့က အသက်ပြည့်ပြီးသားသူတွေ၊ နှစ်ဦးသဘောတူ ကိုယ့်ဆန္ဒကိုယ့်ဆုံးဖြတ်ချက်နဲ့ လက်ထပ်လို့ရတဲ့သူတွေ၊ ဒါတောင် အခု တရားသူကြီးနဲ့ ရပ်ရွာလူကြီးတွေရှေ့မှာ တရားဝင်အသိသက်သေတွေ အများကြီးနဲ့ လက်မှတ်ထိုး လက်ထပ်ထားကြတာ၊ ခင်ဗျား ဘာပုဒ်မမှတပ်ပြီး တရားစွဲလို့မရဘူး။ ခင်ဗျားကိုသာ မတရားကြံစည်မှု မတရားအနိုင်ကျင့်မှု အကျပ်ကိုင်ခြိမ်းခြောက်မှုတွေနဲ့ တရားစွဲလို့ရတယ်ဆိုတာ မှတ်ထားပါ"

"ကဲပါ ဥက္ကဋ္ဌကြီးရယ် ဖြစ်ချင်တာတစ်ခုတည်း သိနေတဲ့အတွက် ပြောလို့လည်း နားလည်မှာမဟုတ်ဘူး။ ကိုယ်လုပ်ပေးနိုင်တာတစ်ခုကိုပဲ ပြော လိုက်တာ ကောင်းလိမ့်မယ် ထင်ပါတယ်"

"ဒီလို ညီမရယ်၊ လဝန်းကို အစ်မတို့သားနဲ့ လက်ထပ်ပေးလိုက်တဲ့အတွက် လဝန်းကို သမီးချွေးမလေးအဖြစ်နဲ့ အစ်မတို့အိမ်ကို ခေါ်သွားမှာပါ၊ ညီမတို့လည်း နေစရာမဲ့သွားမှာစိုးတဲ့အတွက် ဒီအိမ်မှာ နေခွင့်ပေးဖို့ အစ်မတို့အားလုံး တိုင်ပင်ထားကြပါတယ်၊ ဒါပေမဲ့ လဝန်းမိဘရဲ့အမွေဖြစ်တဲ့အတွက် အိမ်ကိုတော့ ပေါင်လို့ရောင်းလို့မရအောင် အိမ်ဂရန်ကို





လဝန်း ယူထားလိမ့်မယ်၊ ရပ်ရွာလူကြီးတွေကိုလည်း အပ်ထားမယ်"

"လဝန်းကိုခေါ်သွားမယ်၊ ဒါဆို လဝန်းအလုပ်လုပ်လို့ရတဲ့လစာ"

ပေးသင့်သလောက်ပေးတာတောင် တင်းတိမ်ချင်ပုံမပေါ်။ လောဘ မျက်လုံးများဖြင့် အခွင့်အရေးတွေထပ်လိုချင်နေသော ဒေါ်လေးကို လဝန်း နာကြည်းစွာပင်ကြည့်ပစ်လိုက်သည်။

"ဒေါ်လေး မလွန်လွန်းဘူးလား။ လဝန်းကို ဘယ်အချိန်ထိ နိုင်းစားဖို့စဉ်းစားထားတာလဲ၊ လဝန်းအိမ်ထောင်ကျပြီး ကိုယ့်ဘဝအတွက် ကိုယ့်မိသားစုအတွက် လုပ်သင့်တာကို လုပ်ရတော့မှာပေါ့၊ ဒီအချိန်ထိတောင် ဒေါ်လေးတို့တစ်မိသားစုလုံးကို တာဝန်ယူနေရဦးမှာလား"

"ဟဲ့ ညည်းကိုလည်း ငါတို့တာဝန်ယူခဲ့ရတယ်လေ၊ ညည်းအမေသေပြီးကတည်းက ညည်းတာဝန်တွေအားလုံး ငါ့အပေါ်မှာ၊ အဲဒီအချိန်တုန်းက အခုညည်းကိုအားပေးနေတဲ့ ဒီလူတွေက ဘာတာဝန်တွေများ မှုယူခဲ့လို့လဲ ပြောပါဦး"

"မခင်ဝင်း ခင်ဗျားပြောတာတွေက အရမ်းကိုတစ်ဖက်သတ်ဆန်လွန်းနေပြီ ဒီကလေးမလေး ဘယ်အချိန် ဘယ်အရွယ်ကတည်းက ဘယ်လိုတွေလုပ်ကိုင်စားရတယ်၊ ရုန်းကန်ခဲ့ရတယ်ဆိုတာ ကျွန်တော်တို့အသိဆုံး။ ပတ်ဝန်းကျင်ကြားကောင်းအောင် ခင်ဗျားအသံကောင်းဟစ်နေတာလည်း အားလုံးသိတယ်၊ အဲဒီတော့ ခင်ဗျားစကားတွေ ရပ်တန်းကရပ်ပါ၊ အခု လူကြီးမိဘနေရာက မောင်မှတ်သုံ့မိတဲ့တွေပြောမယ့်စကားကို ခင်ဗျား နားထောင်"

လူကြီးကပြောလိုက်၍ မှတ်သုံ့မိတဲ့တွေကို ဒေါ်ခင်ဝင်း မျက်စောင်းထိုးကာ ကြည့်သည်။ မှတ်သုံ့မိတဲ့တွေကတော့ လဝန်းမျက်နှာကြောင့် ခံ



www.burmeseclassic.com

www.burmeseclassic.com



တွေကို လျှော့ချ၍

"ဘာပဲဖြစ်ဖြစ် လဝန်းရဲ့အုပ်ထိန်းသူဒေါ်လေးဖြစ်နေတဲ့အတွက် လဝန်းနဲ့ကျွန်တော်တို့သားကို ဘယ်နေ့ဘယ်ရက်မင်္ဂလာဆောင်ပေးမယ်ဆိုတာ အသိပေးတာပါ၊ အဒေါ်တစ်ယောက်အနေနဲ့ ကန်တော့ခံဖို့အတွက် ဘာတွေများတောင်းဆိုချင်ပါသလဲ"

"ရှင်တို့က ဘာပေးနိုင်လို့လဲ၊ လဝန်းအတွက် ကျွန်မသဘောတူထားတဲ့သူလို တိုက်တို့ကားတို့ ရတနာပစ္စည်းတို့ တင်တောင်းနိုင်လို့လား။ အဆင်မပြေတဲ့မိသားစုအတွက် ကျွန်မတူမကို နိုင်းစားကြမလို့မဟုတ်လား"

"ဒေါ်လေး"

လဝန်းက အားနာစွာ ဝင်ဟန့်လိုက်ပေမယ့် ဒေါ်ခင်ဝင်း စိတ်ခါတ်ကိုသိနေပြီဖြစ်သော မုတ်သုံမိဘတွေက စိတ်ဆိုးမနေတော့ပေ။

"နေပါ သမီး၊ သမီး ဘာမှအားနာမနေနဲ့၊ သူပြောတတ်သလိုပြောပစေ"

"မဟုတ်ဘူး ဒေါ်လေး အရမ်းလွန်နေပြီ"

"လွန်တာကို ဒီမှာရှိတဲ့လူတွေအားလုံး သိနေပြီပဲ သမီးရယ်၊ ကဲ ဒေါ်ခင်ဝင်း ကျွန်တော်တို့လဝန်းကို နိုင်းစားဖို့မဟုတ်ပါဘူး။ ကျွန်တော်တို့ သမီးချွေးမလေးကို တန်ဖိုးထားမှာပါ၊ သူအခုနေ အလုပ်လုပ်ရမယ်ဆိုတာလည်း သူတို့မွေးဖွားလာမယ့် ကလေးလေးတွေ နောင်ရေးအတွက်စုဆောင်းဖို့ပါပဲ၊ သူ့ရင်သွေးလေးလွယ်ရပြီဆိုတာနဲ့ ဘာအလုပ်မှ မလုပ်နိုင်းတော့ဘဲ သားနဲ့မိဘတွေဖြစ်တဲ့ ကျွန်တော်တို့က အားလုံးတာဝန်ယူမှာပါ"

"ဒါကအပြောပဲလေ၊ တကယ်သာ ရှင်တို့နားလည်မယ်ဆိုရင် သူ့ကိုစောင့်ရှောက်ပေးရတဲ့ ကျွန်မတို့အတွက် သူရတဲ့လစာကိုထောက်ပံ့နိုင်းသင့်တယ်"





"ခင်ဗျား တော်တော်ပြောရလက်ပေါက်ကတ်တာပဲ၊ လောဘနဲ့ လိုချင်စိတ်ပဲရှိနေတော့ အဒေါ်တစ်ယောက်မှာရှိသင့်တဲ့မေတ္တာတွေတောင် မတွေ့ရတော့ဘူး။ ကဲ ခင်ဗျားယောက်ျားကော ဒီအချိန်မှာ ခင်ဗျားယောက်ျားပါရှိနေသင့်တယ်"

"သမီးကြီးက မနက်ကတည်းက သူငယ်ချင်းတွေနဲ့ချိန်းထားလို့ဆိုပြီး အိမ်ကထွက်သွားတာ ပြန်ရောက်မလာသေးလို့ သူ့အဖေသွားရှာတယ်၊ သူရှိတော့ကော ဘာလုပ်မှာလဲ၊ သူ့ကိုဘာပြောကြဦးမလို့လဲ"

"ပြောဖို့ဆိုတာထက် ဒီလိုကိစ္စမှာ လူကြီးမိဘနေရာက တိုင်ပင်ဆွေးနွေးတာမျိုး ကန်တော့ခံထိုက်အောင် လဝန်းအပေါ် မေတ္တာလေးပေးတာမျိုးဖြစ်စေချင်တာပါ၊ ဒီအိမ်ကနေ လဝန်းကို အမုန်းတွေနဲ့ ခွဲထုတ်မသွားချင်ဘူးလေ၊ သူ့အဒေါ်မိသားစုကို တသသ တမြေ့မြေ့လွမ်းဆွတ်သတိရနေတော့ မကောင်းဘူးလားဗျာ"

"အပိုတွေမပြောကြပါနဲ့ရှင်၊ လဝန်းကို အခုလိုရှင်တို့ ကျွန်မသဘောမတူ ခွင့်မပြုဘဲ ခွဲထုတ်သွားတာ ကျွန်မတို့မိသားစုကို ဒုက္ခပေးတာနဲ့အတူတူပဲ၊ ကျွန်မသဘောတူတဲ့သူနဲ့သာ ယူလိုက်ရင် သူ့အတွက်ကော ကျွန်မတို့အတွက်ကော အားလုံးအဆင်ပြေမှာ"

"ဒေါ်လေးရယ် စိတ်ညစ်ပါတယ်၊ အခုချိန်ထိ ဒါတွေပြောနေတုန်းပဲ၊ လဝန်းအတွက်နည်းနည်းလေးများ စဉ်းစားပါဦးတော့လား၊ ဒီကလူကြီးတွေကိုကော မုတ်သုံတို့မိသားစုကိုပါ အားနာဖို့ကောင်းပါတယ်"

လဝန်း ငိုချမိတော့မတတ်ပင်။ ဒေါ်လေးအပြုအမူ အပြောအဆိုတွေအတွက် စိတ်ပျက်စိတ်ကုန်နေလေသည်။ ထိုအချိန်မှာ ဒေါ်လေးယောက်ျားက ညှိုးသည်တွေရှိနေတာတောင် သတိမထားနိုင်ဘဲ ဂျိုးသုန်ကား အမောတကောနှင့်အိမ်ထဲကိုပြေးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဝင်း အဝင်း"

"ကိုဝင်းမောင် ရှင်ဘာဖြစ်လာတာလဲ"

"သမီး သမီး"

"သမီး ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ ပြောပါ၊ မြန်မြန်ပြော"

"ဟိုလူကြီး"

"ဟိုလူကြီးဘာဖြစ်လဲ၊ ဟိုလူကြီးက"

"သမီး သမီးကိုခိုးပြေးသွားပြီ"

"ဘာ"

"ငါသမီးကိုလိုက်ရှာတာ အဲဒီလူကြီးရဲ့ကားဒရိုင်ဘာနဲ့ တွေ့ခဲ့တယ်၊ ညကတည်းက သမီးကို ဟိုဟာဝယ်ပေးမယ် ဒီဟာဝယ်ပေးမယ် စည်းရုံးသိမ်းသွင်းနေတာတဲ့၊ အဲဒါ မနက်က အဲဒီလူချိန်းတဲ့နေရာကို သမီး လိုက်သွားတာ"

"ဖြစ်မလား မဖြစ်ဘူး သမီးကိုပြန်ခေါ်၊ သမီးက အသက်မပြည့်သေးဘူး၊ ငယ်ငယ်လေးရှိသေးတယ်၊ အဲဒီလူကြီးနဲ့ မပေးစားနိုင်ဘူး"

"မရတော့ဘူးလေ၊ လေယာဉ်နဲ့ တခြားနိုင်ငံကို ထွက်သွားပြီ"

"ဟင် အဲဒီဒရိုင်ဘာကိုမေးလေ၊ ဘယ်နိုင်ငံကိုသွားတာလဲလို့ အသက်မပြည့်သေးတဲ့သူကို ဒီလိုလုပ်တာ ပြစ်မှုမြောက်တယ်၊ ရဲစခန်းမှာ တိုင်ချက်ဖွင့်ရမယ်၊ ကိုယ့်ဆီက လူကြီးတွေကူညီရင် သူတို့ဘယ်နိုင်ငံမှာ ဖြစ်ဖြစ် ဖမ်းလို့ရတယ်"

"သူ ဘယ်နိုင်ငံခေါ်သွားမှန်း မသိဘူး၊ ငါ အဲဒီကိစ္စလိုက်လုပ်နေတာပဲ၊ သူ့ဒရိုင်ဘာတောင် အမှုပတ်မှာစိုးလို့ ပြေးပြီ"

"အဲဒါဆို ကျွန်မတို့ဘယ်လိုလုပ်မလဲ၊ သမီး သမီးပါသွားတော့





ဘယ်လိုလုပ်ကြမလဲ"

"ဘာလုပ်လို့ရတော့မှာလဲ ဒီလူက မြန်မာနိုင်ငံကို ဘယ်တော့မှ ပြန်လာမှာမဟုတ်တဲ့ မြန်မာနိုင်ငံသားခံယူထားတာ မဟုတ်ဘူး၊ ချမ်းသာတဲ့ လုပ်ငန်းရှင်လို့မှန်းပြပြီး ဂိုဏ်းတစ်ခုခုကလို လူဆိုးခေါင်းဆောင်၊ ဟိုနိုင်ငံ ဒီနိုင်ငံနေသလိုလို အခြေတကျမရှိဘူး၊ သမီးကိုစိတ်ကြိုက်ပေါင်းသင်းပြီး ရောင်းရင်လည်းရောင်းစားနိုင်တယ်တဲ့"

"အမယ်လေး အမယ်လေး ကျွန်မတို့သမီးလေး ဘယ်လိုလုပ်ကြမလဲ၊ ကိုဝင်းမောင် ကျွန်မတို့ဘယ်လိုလုပ်ကြမလဲ သမီး သမီးလေး"

ဒေါ်ခင်ဝင်း အော်ဟစ်ကာ ငိုသည်။ ဦးဝင်းမောင်လည်း ကြိတ်မှိတ်ကာ မျက်ရည်သုတ်နေ၏။ ကျန်တဲ့လူတွေလည်း ဘာပြောလို့ရမှာလဲ။

သူတို့ကတဲ့ဓာတ် သူတို့မနိုင်တာ၊ လူဆိုးမှန်းလူကောင်းမှန်းမသိ လောဘတွေတက်ပြီး လဝန်းနှင့်ပေးစားဖို့လုပ်တာ၊ သူများအပေါ်မကောင်း ကြံလို့ ကိုယ့်ဘေးအထိထိပြီး ဝဋ်လိုက်တာကော ဒေါ်ခင်ဝင်း သိပါ့မလား။

အားလုံးက စိတ်မကောင်းဖြစ်သော်လည်း ဘာမှမပြောတော့ဘဲ ထွက်လာခဲ့ကြသည်။ ကိုယ့်ငါးချဉ်မှကိုယ်ချဉ်။

ကိုယ့်သမီးမှ သိတတ်ရမှန်းသိသလားဟု လဝန်းလည်း မထော့ငေါ့ ချင်တော့။ သွေးသားဆိုတော့လည်း စိတ်ကမကောင်း။ ဒါပေမဲ့ ကိုယ်က ကူလို့ ကယ်လို့ရသည့်ကိစ္စလည်းမဟုတ်။ စေတနာအကျိုးပေးအတိုင်း သူ့ အကြောင်းနှင့်သူပဲမဟုတ်ပါလား။

စိတ်ထားတတ်လျှင် မြတ်ပေမယ့် စိတ်မထားတတ်လျှင် အကျိုး ယုတ်ဖို့သာ ရှိပေလိမ့်မည်။ ကံပေါ့ ဒေါ်လေးရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

## အခန်း (၃၈)

မင်္ဂလာဆွမ်းကျွေးညည်ခံပွဲမှာ သူမဘက်က ဆွေမျိုးတစ်ယောက်သာရှိသော်လည်း ဒေါ်လေးရောက်မလာခဲ့၍ လဝန်း စိတ်မကောင်းပေ။ ညည်ခံပွဲပြီးဆုံးသွားသည့်တိုင် ဒေါ်လေးရောက်မလာတာမို့ တမျှော်မျှော် လုပ်ရင်း လဝန်းမျက်နှာလေး ညှိုးငယ်ညှို့မှိုင်းလာခဲ့သည်။

"လဝန်း"

"ရှင်"

"ဒေါ်လေးမလာလို့ စိတ်မကောင်းဖြစ်နေတာလား၊ ကိုယ်တို့ဖိတ်စာလည်းသွားဖိတ်တယ်၊ လူကိုယ်တိုင်လည်း ကန်တော့ခံကြွဖို့ သွားပြောတယ်၊ လဝန်းလည်း အပြစ်အမှားရှိရင် ခွင့်လွှတ်နားလည်ပေးပါလို့ သွားတောင်းပန်သေးတာပဲ၊ လဝန်းက သူတို့အပေါ် အပြစ်တွေအမှားတွေ မလုပ်ဘဲနဲ့ သဘောထားကြီးကြီးနဲ့ တာဝန်တွေ ဝတ္တရားတွေကျေခဲ့ပါတယ်၊ သူ မလာချင်လို့မလာတာ စိတ်မကောင်းမဖြစ်ပါနဲ့ လဝန်းရယ်"





"လဝန်း စိတ်မကောင်းဖြစ်တာက လဝန်းအတွက် ဆွေမျိုးဆိုလို့ ဒေါ်လေးတစ်ယောက်တည်းရှိတာပါ၊ လဝန်းအပေါ် ဘယ်လိုမကျေနပ်မှုတွေပဲရှိနေနေ မင်္ဂလာညည်ခံပွဲကိုတော့ လူကြီးမိဘနေရာကနေ အဒေါ်နေရာကနေ အားပေးသင့်တယ် ဂုဏ်ပြုသင့်တယ်မဟုတ်လား"

"သူလည်း သမီးအတွက်ပူလောင်နေမှာပေါ့ လဝန်းရယ်၊ အသက်ကြီးတဲ့လူကြီးက ခေါ်သွားတယ်၊ ဘယ်ပေါက်လို့ဘယ်ရောက်မှန်းလည်း မသိဘူး၊ ငွေကြေးတွေ ပိုင်ဆိုင်မှုတွေလည်း မျှော်ကိုးလို့မရဘူး၊ အဲဒါလည်း လဝန်းအပေါ် မတရားမှုတွေလုပ်၊ အနိုင်ကျင့်ခဲ့လို့ ဝဋ်လိုက်တယ်ဆိုတာ သံဝေဂရပါ့မလားမသိဘူး၊ သူ့မှာလောဘဒေါသနဲ့ အတ္တတွေပဲရှိတယ်၊ သူ့မိသားစုအတွက်ပဲ ပူတွေးတယ်၊ သူများကို စာနာရမှန်းငဲ့ညှာထောက်ထားရမှန်း မသိခဲ့ဘူး၊ အဲဒီအတွက် သူအမြဲတမ်း ပူလောင်နေရတော့မှာ လဝန်း"

"လဝန်းအပေါ် ဘယ်လိုတွေပဲလုပ်ခဲ့လုပ်ခဲ့ ဒေါ်လေးကို အဲဒီလိုတွေ မခံစားရစေချင်ပါဘူး မှတ်သုံ့ရယ်၊ စိတ်ထားတွေပြုပြင်ပြီး ဘဝကို ရိုးသားမှုတွေနဲ့ပဲ ရင်ဆိုင်သွားစေချင်တယ်၊ ကျန်တဲ့သက်တမ်းမှာ နာမည်ကောင်းနဲ့ သိက္ခာရှိစေချင်တယ်၊ ပြုပြင်မယ်ဆိုရင် အချိန်တွေရှိပါသေးတယ်"

ဒီစကားကို မှတ်သုံ့ လေးနက်စွာ ခေါင်းညိတ်လက်ခံလိုက်မိသည်။

"ဟုတ်ပါတယ် ကိုယ်လည်း ဘဝကိုမှားယွင်းစွာ ဖြတ်သန်းနေထိုင်ခဲ့ဖူးတယ်၊ အဲဒီအချိန်တုန်းက မာနတွေ ဂုဏ်သိက္ခာတွေလည်း ထိခိုက်ခဲ့ရတယ်၊ အချစ်ဆိုတာကိုလည်း အလေးအနက်ထားရမှန်း မသိခဲ့ဘူး၊ လဝန်းကြောင့်သာ အရာရာကိုပြုပြင်ပြောင်းလဲနိုင်ခဲ့တာ၊ အဲဒါကြောင့် လဝန်းကို ကိုယ်တန်ဖိုးထားပြီး ရိုးမြေကျတစ်သက်လုံး ချစ်မြတ်နိုးသွားမယ် လဝန်း။ ပြီးတော့ လဝန်းမှာကိုယ့်ရဲ့ဖေဖေ မေမေတို့နဲ့မိသားစုဘဝလေးရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ ဘာမှအားငယ်စရာ သိမ်ငယ်စရာမလိုဘူး။ ကိုယ်ပြောတာ နားလည်ပါ တယ်နော် လဝန်း"

"ဟုတ်ကဲ့ နားလည်ပါတယ် မုတ်သုံ၊ အဲဒီအတွက် မုတ်သုံမိဘ တွေနဲ့ မုတ်သုံကိုလဝန်းကျေးဇူးတင်ပါတယ်၊ ဒီမိသားစုရဲ့မေတ္တာတွေ တစ်သက်လုံးရနေဖို့အတွက် လဝန်းဘက်ကလည်း တူညီတဲ့မေတ္တာတွေ ပြန်ပေးနိုင်ဖို့ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

"ကိုယ့်ကိုတစ်သက်လုံးချစ်သွားပါမယ်ဆိုတာကိုပါ ထည့်ပြောလေ လဝန်း"

"ဒါကပြောစရာလိုသေးလို့လား၊ ရှင်နဲ့လက်ထပ်ပြီးနေပြီ၊ ရှင့်ရဲ့ ဇနီးမယားဖြစ်နေပြီလေ မုတ်သုံရဲ့"

"လိုတယ် လိုတယ် လာစမ်း ဒီနားကို"

"ဟိတ် မုတ်သုံ၊ ရှေ့မှာလူကြီးတွေရှိတယ်"

"မရဘူး"

တခဏအတွင်း မိရိုးဖလာမြန်မာဆန်သောအနမ်းများ လဝန်း ပါးပြင်ထက်တွင် ဖူးပွင့်သွားကြသည်။

အားလုံးအတွက်
နတ်သမီး



www.burmeseclassic.com